

PDF Creator - nyeyadhamma@gmail.com

**စာအုပ်ထုတ်ဝေနှစ်**
၁၉၇၈ ခု၊
ဩဂုတ်လ၊

**စာအုပ်ထုတ်ဝေအကြိမ်**
တတိယအကြိမ်

**ရိုက်နှိပ်သောအုပ်ရေ**
သုံးထောင်အုပ်

**စာအုပ်တန်ဖိုး**
တစ်ဆယ့်နှစ်ကျပ်တိတိ

**ဤစာအုပ်ကို**
ဒေါ်စန်းစန်းဝင့် (၀၁၅၄၄)
ရသစာပေ၊ အမှတ် ၆၃၊ ကုန်
ဈေးတန်းလမ်း၊ ရန်ကုန်မှ
ထုတ်ဝေပြီး၊

ဒေါ်စန်း (၀၂၁၇၇)
နီလာပုံနှိပ်တိုက်၊ အမှတ် ၂၉၊
၉၆ လမ်း၊ ကန်တော်ကလေး၊
ရန်ကုန်မှ ပုံနှိပ်ပါသည်။

**စိန်လွှင် ကြီးကြပ်သည်။**

**မောင်သာရ ရေးပြီးစာအုပ်များ**

၁။ မျိုးမမပကာသနီ ပထမ အကြိမ်၊ ၁၉၅၉
ဒုတိယ အကြိမ်၊ ၁၉၅၉
တတိယ အကြိမ်၊ ၁၉၆၅
စတုတ္ထ အကြိမ်၊ ၁၉၇၁

၂။ လမ်း၌တွေ့ခဲ့သော သစ်ပင်တပင်
ပထမ အကြိမ်၊ ၁၉၆၃
ဒုတိယ အကြိမ်၊ ၁၉၇၁

၃။ လှသည်၊လွယ်သည်၊ သို့သော်လည်သည်။
ပထမ အကြိမ်၊ ၁၉၆၃
ဒုတိယ အကြိမ်၊ ၁၉၆၃
တတိယ အကြိမ်၊ ၁၉၇၁

၄။ ချစ်သူကနွေ့၊ ကိုယ်ကညှ ပထမ အကြိမ်၊ ၁၉၆၃
ဒုတိယ အကြိမ်၊ ၁၉၆၃
တတိယ အကြိမ်၊ ၁၉၇၀

၅။ မောင်သိန်းလွင်၏ မစန်းစန်းဝင့်
ပထမ အကြိမ်၊ ၄တွဲ၊ ၁၉၆၄-၆၅
ဒုတိယ အကြိမ်၊ တပေါင်းထဲ၊ ၁၉၇၀

၆။ ထမီကျွတ်၍ လွှတ်လိုက်မည်
ပထမ အကြိမ်၊ ၁၉၆၅
ဒုတိယ အကြိမ်၊ ၁၉၆၉
တတိယ အကြိမ်၊ ၁၉၇၁
စတုတ္ထ အကြိမ်၊ ၁၉၇၃

၇။ တယောက်မျက်နှာ တယောက်ကြည့်ကာ

ပထမ အကြိမ်၊ ၁၉၆၆
ဒုတိယ အကြိမ်၊ ၁၉၆၉
တတိယ အကြိမ်၊ ၁၉၇၄

၈။ မြည်းတကောင်နှင့် သားအဖနှစ်ယောက်

ပထမ အကြိမ်၊ ၁၉၆၆
ဒုတိယ အကြိမ်၊ ၁၉၇၀

၉။ မကူးသောငါး၊ မနားသောငှက်

ပထမ အကြိမ်၊ ၁၉၆၉
ဒုတိယ အကြိမ်၊ ၁၉၇၁
တတိယ အကြိမ်၊ ၁၉၇၄

၁၀။ မတ်တပ်ရပ်လို့ လမ်းမှာငို ပထမ အကြိမ်၊ ၁၉၆၉
ဒုတိယ အကြိမ်၊ ၁၉၇၀
တတိယ အကြိမ်၊ ၁၉၇၀
စတုတ္ထ အကြိမ်၊ ၁၉၇၁

၁၁။ ရွှေစော်နံရင် ပြန်လိုက်အုံး ပထမ အကြိမ်၊ ၁၉၆၉
ဒုတိယ အကြိမ်၊ ၁၉၇၁
တတိယ အကြိမ်၊ ၁၉၇၄

၁၂။ ပြီ တော့ လူကိုပါယူသည် ပထမ အကြိမ်၊ ၁၉၆၉
ဒုတိယ အကြိမ်၊ ၁၉၇၀

၁၃။ ကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်း

ပထမ အကြိမ်၊ ၁၉၆၉
ဒုတိယ အကြိမ်၊ ၁၉၇၀

၁၄။ အရုပ်မျက်နှာ၊ ပန်းမျက်နှာ ပထမ အကြိမ်၊ ၁၉၇၀
ဒုတိယ အကြိမ်၊ ၁၉၇၃

၁၅။ သူ့အရင်ကတယောက်၊ သူကတယောက်
ပထမ အကြိမ်၊ ၁၉၇၀
ဒုတိယ အကြိမ်၊ ၁၉၇၃

၁၆။ ပြန်မပြောရင် ပြောချင်တယ်
ပထမ အကြိမ်၊ ၁၉၇၀
ဒုတိယ အကြိမ်၊ ၁၉၇၃
တတိယ အကြိမ်၊ ၁၉၇၆

၁၇။ အထက်တဝက် အောက်တဝက်
ပထမ အကြိမ်၊ ၁၉၇၀
ဒုတိယ အကြိမ်၊ ၁၉၇၂

၁၈။ စီးပလေ မောင်မသုတ်နဲ့ ပထမ အကြိမ်၊ ၁၉၇၁
ဒုတိယ အကြိမ်၊ ၁၉၇၆

၁၉။ အသနက်မ အောင်လုံကြီးထူ ပထမ အကြိမ်၊ ၁၉၇၁

၂၀။ ကျဉ်တုတ်ခံဝံ့ မခံဝံ့ ပထမ အကြိမ် ၁၉၇၁

၂၁။ အမေက ငယ်သေးတယ်တဲ့ရှင် ပထမ အကြိမ်၊ ၁၉၇၂
ဒုတိယ အကြိမ်၊ ၁၉၇၅

၂၂။ ရင်ခုန်သံ နည်းနည်းမြန်သည်
ပထမတွဲ ပထမအကြိမ်၊ ၁၉၇၂

၂၃။ ရင်ခုန်သံ နည်းနည်းမြန်သည်
ဒုတိယတွဲ၊ ပထမအကြိမ်၊ ၁၉၇၃

၂၄။ တောလယ်၊ မောတယ်၊ အပြောကြွယ်
ပထမ အကြိမ်၊ ၁၉၇၃
၂၅။ ခါးတကယ်မတို့ခင်က၊ ယားတယ်လို့တွန့်
ပထမ အကြိမ်၊ ၁၉၇၄
ဒုတိယ အကြိမ်၊ ၁၉၇၇
၂၆။ ဝင့်လိုက်တတ်တယ် မောင်မောင်သတိထား
ပထမ အကြိမ်၊ ၁၉၇၄
၂၇။ ယုန်နှင့်အတူပြေး၊ ခွေးနှင့်အတူလိုက်
ပထမ အကြိမ် ၁၉၇၅
ဒုတိယ အကြိမ်၊ ၁၉၇၆
၂၈။ ရှင်ဘုရင်နှင့်ညားရင် မိဖုရား ပထမ အကြိမ်၊ ၁၉၇၆
၂၉။ ဂူဘဂူထဲ ခြသေ့်နှစ်ကောင် ပထမ အကြိမ်၊ ၁၉၇၆
၃၀။ ကြောင်ကို ဘယ်သူ ခြူဆွဲပေးမလဲ
ပထမ အကြိမ်၊ ၁၉၇၇
၃၁။ မငိုရဘူး မရယ်ရဘူး ပထမ အကြိမ်၊ ၁၉၇၇

အမှတ်စဉ် ၁၀ သည် အမျိုးသားစာပေဆု ရသည့် စာအုပ်ဖြစ်၍၊ အမှတ်စဉ် ၂၄ သည် ထုတ်ဝေ ဖြန့်ချိခွင့်မပြုသော စာအုပ်ဖြစ်သည်။

**မောင်သာရ၏ အခြားစာအုပ်များ**

၁။ မောမြေမြင့်မှ နမ့်းနွမ်းခမ်းသို့ ၁၉၆၃
၂။ လူထဲက ဝတ္ထု၊ ဝတ္ထုထဲကလူ ၁၉၇၀

မောင်သာရ

# ဓီးပလေဓေ မောင်မသုတ်နှဲ

## ( ၁ )

ငါ့နာမည် ငအိမ်။ ငါ့မိဘက အဘယ့်ကြောင့် ငအိမ်ဟု မှည့်ခဲ့ကြသနည်း။ အဓိပ္ပါယ်ရှိချင်လည်းရှိမည်။မရှိဘဲ နေချင်လည်း နေလိမ့်မည်။

ဘကြီးအိမ်သည် စပါးနယ်ရင်း ကိုယ့်အတွေးနှင့်ကိုယ် ပြုံးလိုက်သည်။

ဘကြီးအိမ်၏ သဘောကတော့ တတ်နိုင်သမျှ ခုခံတိုက်ခိုက်မည်သာတည်း။

သို့သော် ကျေးဇူးတော့ တင်ထိုက်သည် အမှန်ပင်၊ လယ်သမားသည် ရှေးကနှင့်မတူတော့သည်ကိုလည်း ဘကြီးအိမ် သတိပြုမိသည်။

(တတိယအကြိမ်)

## (၁၀) မောင်သာရရဲ့ စီးပလေစေ မောင်မသုတ်နဲ့

သူတို့အတွေးနှင့် သူတို့တော့ မှန်နေ၏။ မေးသည့်ပုဂ္ဂိုလ်ကလည်း သူမို့ ကြံကြံဖန်ဖန် မေးတတ်သည်။ သည်အမေးကို ဖြေနိုင်မည်၊ သို့မဟုတ် အဖြေကို သိထားနိုင်မည်ဆိုလျှင်တော့ ဘကြီးအိမ်တို့အဖို့ တိုင်းနှင့်အလွန်ပင်။ သို့သော် မည်သူမျှ မဖြေနိုင်။

**ဘယ်တုန်းက ဘယ်သူကစပြီး သည်နေရာမှာရွာတည်နေထိုင်လာခဲ့သည်** ဆိုသည်ကိုတော့ ဘကြီးအိမ်လည်း မသိ။ ရွာမှာ ဥက္ကဌလုပ်နေသည့် ချစ်မျှားလည်းမသိ။

ချစ်မျှားကတော့ မပြောနှင့်။ ဥက္ကဌသာ လုပ်နေသည်။ သည်အကောင်က အထုံအအ၊ ပါးစပ်ထဲလက်ညှိုး ထည့်သည့်တိုင်မကိုက်တတ်။

မြေယာကော်မီတီလုပ်နေသည့် ဂျပန်တကောင်လည်း ရှိသေးသည်။ အဲသည်အကောင်လည်းအလကားအကောင်ပင်။ အားအားရှိလျှင် မန္တလေးအထိပင် တက်၍ ဓာတ်ရှင်ကြည့်လားကြည့်တတ်သည်။ မြို့မှာ သတင်းစာထဲက တောက်တိုမယ်ရ ဖတ်လာပြီး သူသာ အတတ်လုပ်တာ ပြောလား ပြောတတ်သည်။ မြေကျေးရှင်းက တယောက်ယောက်နှင့် တွေ့လာခဲ့ပြီဆိုလျှင်လည်း စကားက သိသာသည်။ ဌာနကပြောလိုက်သမျှ ဝါဒဖြန့်လိုက်သမျှကို သူ့ပါးစပ်က မချတော့။ သူ့ကိုယ်ပိုင်အသိ၊ သူ့ကိုယ်ပိုင်အပြောနှယ် ကြီးကြီးကျယ်ကျယ် လျှောက်ပြောသည်။

တခုတော့ ရှိ၏။ အသိအကျွမ်းတော့ ပေါသည်။ မြစ်ငယ်က မီးရထားစာရေးကြီး ဦးငွေသိမ်းဆိုလျှင်လည်း သူ့

အသိအကျွမ်းဖြစ်သဖြင့် ရွာမှ သံပုရာတို့ ရှောက်တို့ တွဲငှား၍ ပို့ရတော့မည်ဆိုလျှင် သူ့ကိုပါ လှည်းပေါ်ချော့တင်ကာ ပင့်သွားရတတ်သည်။ သူပါလျှင် အစခပ်သိမ်း အဆင်ပြေတော့၏။

သို့သော် သည်အကောင် ဂျပန်လည်းမသိ။ မဖြေနိုင်။

လူငယ်လူရွယ်ပိုင်းက မသိ၍ မဖြေနိုင်တော့မှ ဘကြီး အိမ်ကို လာ၍ခေါ်ကြသည်။ ဘကြီးအိမ်ကတော့ **နတက်မှာ** အသက်အကြီးဆုံးလည်း ဖြစ်သည်။ စာလည်း တတ်သည်။ ထို့ကြောင့် ဘကြီးအိမ်တော့ မီးတန်ကောင်းရဲ့ သိတန်ကောင်းရဲ့ အောက်မေ့ကာ လာခေါ်ကြခြင်း ဖြစ်ရသည်။ သို့သော် ခွေးအကြီး လှည်းနင်းသကဲ့သို့ တအိုင်အိုင်နှင့် ဘကြီးအိမ်လည်း မဖြေနိုင်။

နတက် ဆိုသည့်နာမည်ကိုက **နွားတက်လော၊ နောက် တက်လော**၊ ဘကြီးအိမ် မသိ။ ကျောက်ဆည် ခရိုင်ထဲမှာတော့ **နွားတက်**ဆိုသည့်နာမည်နှင့် ဆည်တဆည်ရှိသည်။ ထို့ကြောင့် သည်မှာလည်း **နွားတက်** ဖြစ်နိုင်သည်ဟု သူတို့ဖာသာ သူတို့ ဆင်ခြင်မေး မေးသည်။ သို့သော် ဘကြီးအိမ်တို့ ရွာခံပရိသတ်က တော့ အင်းမလှုပ် အဲမလှုပ်။ ပြုံး၍သာနေကြသည်။

တဖန် အခြားတယောက်က တွေး၍ ပြောပြန်သည်။ သည် **နတက်ရွာ**သည် အမှန်က မြေနုကျွန်း ဖြစ်သည်။ အနေ အထားကိုကလည်း မြစ်ထဲမှာတည်ရှိသည်။ ပြာသိုလပြည့်ကျော် ခန့်ကျမှ မြောက်ဖက်ချောင်းမှာ ရေခန်းသည်။ ကဆုန်နယုန် ဆိုလျှင်ပင် ရေပြန်ဝင်လာပြီ။ သည်တော့ တနှစ်မှာလေးလခန့် သာလျှင် ကျွန်းစွယ်ဖြစ်၍၊ ကျန်လများမှာက ရေပတ်လည်

ဝိုင်းနေသည့် ကျွန်းဖြစ်သည်။ ထို့ကြောင့် နောက်မှပေါ်သည့် မြေနုကျွန်း။နောက်မှတက်သည့်ရွာ။ထို့ကြောင့် နောက်တက်ရွာ ဖြစ်ရမည်။

မြို့ကလာကြသူတို့ အချင်းချင်း မြေပဲကြော်စားရင်း လက်ဖက်ရည်ကြမ်း သောက်ရင်း ငှက်ပျောသီးကြော် စားရင်း ဆွေးနွေးငြင်းခုံကြသည်ကို ရွာခံပရိတ်သတ်ကတော့ ပြုံး၍သာ ကြည့်နေကြရသည်။

ဝင်၍လည်းမငြင်းရဲ။ ငြင်းစရာလည်း စင်စစ်အကြောင်း မရှိ။ သူ့ဖာသာသူ နွားတက်တက်၊ နောက် တက်တက်၊ ပြဿနာမရှိ ပြဿနာမရှာချင်။ အားလည်း မအား။

လာကြသည့်အထဲမှာက နလက ဟုဆိုသည်။ စစ်ဗိုလ် လည်းပါသည်။ ပါတီကလည်း ပါသည်ဟုဆိုသည်။ သည်တခါ လာကြသူ များသည်။ ပေါင်း၍လာကြသည်။ ရွာသို့ မကြာမကြာ ရောက်၍ လာတတ်သည့် ကောင်စီအတွင်းရေးမှူးဆိုသည့် သူငယ်ကိုလည်း တွေ့ရသည်။ သူ့အနားမှာ ချစ်မျှားနှင့်ဂျပန် တို့က ကပ်၍ထိုင်ကြသည်။

သို့သော် သည်ကနေ့လာကြသည့်အထဲမှာ သည်ကောင်စီ အတွင်းရေးမှူးဆိုသည့်သူငယ်က လခအနည်းဆုံး၊ ရာထူးအငယ် ဆုံး ဖြစ်လိမ့်မည် ထင်သည်။ကွပ်ပျစ်၏ရှေ့ပိုင်းမှာပင် ဝင်မထိုင်။ နောက်နားမှထိုင်၍ ခြေတွဲလောင်း ချထားသည်။ သူနှင့်အတူ ပါလာသူများကို ရှိသေနေရသည်လော၊ ကြောက်နေရသည် လော မသိ။ သူ့မျက်နှာ ကြည့်ရသည်မှာ ရေမကူးတတ်သူ လှေစီးနေသည်နှင့် တူသည်။ မျက်လုံးကလေး အဝိုင်းသားနှင့်။

စကားလည်းသိပ်မပြော။ သူများတကာ ရယ်မောကြသည့်တိုင် သူ လိုက်၍ မရယ်မောနိုင်။

ဘကြီးအိမ်ကတော့ ရှိသေသည့်သဘောနှင့် ခေါင်းမှာ ပေါင်းလာသည့်တဘက်ကိုပင် ဖြေ၍ ချလိုက်ပြီ။ ယခုမှ အနေကျလာသည်။ အားလုံးက သူ့ကို ရိုသေလေးစားနေပုံရသည်။ သည်တော့ သူ ရဲသည်။ ဘကြီးအိမ်သည် လွှတ်နေသည့်အကြွမ်းပန်းကန်လုံးတလုံးကို ကောက်ယူကာ လက်ဖက်ရည်ကြမ်း ငှဲ့လိုက်သည်။ သူ့အတွက် တည်ခင်းဧည့်ခံထားသည် မဟုတ်ကြောင်း သိသော်လည်း၊ လက်ဖက်ရည်ကြမ်းမျှကိုမူ သူ ယူ၍ သောက်ရဲသည်။

'ကျွန်တော်တို့ လာကြတာက ဘကြီးတို့ ရွာအတွက် လာကြတာပါ၊ နှစ်စဉ်နှစ်စဉ်ဆိုသလို ရွာမှာက ရေကြီးတယ် မဟုတ်လား၊ သီးနှံတွေလည်းပျက်ရတယ်၊ အချိန်လဲကုန်၊ လူလဲပန်း၊ မျိုးလဲဆုံး၊ လုပ်အားလဲဆုံး မဟုတ်လား၊ ဒါ့ကြောင့် ကျွန်တော်တို့က မြောက်ဖက် ကုန်းပေါ်ကို ရွာ ပြောင်းရရင် ကောင်းမလားလို့ တိုင်ပင်ကြရအောင် လာကြတာပါ၊ အထက်ကလဲ ဘကြီးတို့ကို တကယ်စေတနာ ထားပါတယ်၊ ကျွန်တော်တို့ကို တမင်လွှတ်လိုက်တာကြည့်....'

'ဟယ် ဆင်းရဲသား ဆင်းရဲတာ ဆန်းသမှတ်လို့ ....'

ရယ်စရာ မဟုတ်သော်လည်း အားလုံးက ဘကြီးအိမ်၏ အဖြေကို ရယ်ကြသည်။

'မဟုတ်ပါဘူး ဘကြီးရဲ့၊ ရေကြီးလို့ ဒုက္ခရောက်ရတာကို ပြောတာပါ'

## (၁၄) မောင်သာရရဲ့ စိုးပလေစေ မောင်မသုတ်နဲ့

သည်တခါတော့ ဘကြီးအိမ်တယောက်ထဲက ပြုံးရယ်သည်။

'ကျုပ်အသက် ခုနှစ်ဆယ့်နဲ့တနှစ် ရှိပြီ၊ သည်ရွာမှာ မွေးတာပါဘဲ၊ ကျုပ်သိသလောက်ပြောရရင်ဖြင့် ရေမကြီးတဲ့နှစ် တနှစ်မှမရှိပါဘူး။ ဒါရိုးနေပါပြီ၊ ရေကြီးတာကိုလဲ ကျုပ်တို့က ကြိုက်တာ၊ မကြီးဘဲနေမှာတောင် စိုးပါသေးတယ်၊ ရေကြီး နောက်ကျရင်တောင်မှ ကျုပ်တို့ကမျှော်မိသေး'

သည်တော့လည်း ချစ်မျှားတို့ ဂျပန်တို့ မျက်နှာပျက်ကြသည်။ ဘကြီးအိမ်ကို ပွဲထုတ်လာမိ၍ဖြင့် မှားပြီဟု တွေးမိကြသည်လော မပြောတတ်။ ချစ်မျှားက အိန္ဒြေမရ။ ထိုင်ရာမှ ထသည်။ ဘကြီးအိမ်ကမူ လက်ဖက်ရည်ကြမ်းကိုပင် နောက်ထပ် တပန်းကန် ငှဲ့၍နေပြန်သည်။

ယခုမှ ဘကြီးအိမ် စဉ်းစားကြည့်မိသည်။ သူတို့ဉာဏ် သူတို့အတွေးနှင့် ကျတော့လည်း စဉ်းစားစရာပင်။ ကိုယ့်နာမည် ကိုယ်မသိသကဲ့သို့ ဖြစ်နေ၏။ **နတက် နတက်**။ နွားတက်လော။ **နောက်တက်လော**။

ငါ့နာမည် ငအိမ်။ ငါ့မိဘက အဘယ်ကြောင့် ငအိမ်ဟု မှည့်ခဲ့ကြသနည်း။ အဓိပ္ပါယ် ရှိချင်လည်း ရှိလိမ့်မည်။ မရှိဘဲ နေချင်လည်း နေလိမ့်မည်။

ဘကြီးအိမ်သည် စပါးနယ်ရင်း ကိုယ့်အတွေးနှင့်ကိုယ် ပြုံးလိုက်သည်။

ရွာအတွက် လာကြသည်ဆို၍၊ ရွာ၏ကောင်းကျိုးကို လိုလားသည်ဆို၍၊ ရွာခံလူတို့ကို အသိအမှတ်ပြု မေးမြန်းတိုင်ပင်

ဘော်ရ၍တော့ ကျေးဇူးတင်ထိုက်သည် မှန်သည်။ ရှေးကနှင့် မတူတော့သည့် အဖြစ်ကိုလည်း ဘကြီးအိမ် သတိထားမိသည်။ တောကလူကိုလည်း လူနှယ် သဘောထားလာတတ်ကြပြီ ဆိုရမည်။ လူကြီးကိုလည်း လူကြီးအလျောက် နေရာပေးလာတတ်ကြပြီဆိုရမည်။

သို့သော် သူတို့မှာက စေတနာသာရှိသည်။ ဆန္ဒသာရှိသည်။ သည်တော့ မရောင်ရာ ဆီလူးတတ်ကြသည်။

ဘကြီးအိမ်၏ အဖို့ကတော့ သူများကို အားမကိုးချင်။ ကိုယ့်ရွာကိုယ်ကလွဲ၍ ဘယ်သူ့ကိုမှ အားမကိုး၍ မရနိုင်ကြောင်း ဘဝက အကြိမ်ကြိမ် သင်ခန်းစာပြခဲ့ပြီ။ ယခုဆိုလျှင် အသက်ခုနှစ်ဆယ်ကျော်ခဲ့ပြီ။ သည်အသက်အရွယ်အထိ ဘယ်သူ့ကိုမှလည်း အားမကိုးခဲ့။ ကိုယ့်ရွာကိုယ်ဘဲ အားကိုးသည်၊ ယခုအချိန်ကျခါမှ သူများကိုလည်း အားမကိုးချင်တော့။ တတ်နိုင်သမျှ ကိုယ့်ခြေကိုယ့်လက်နှင့် ကိုယ့်ဘာသာရပ်ချင်သည်။

ရွာကို သူတို့က ငံ့ညှာသည်ဟု ဆိုသည်။ ရွာ၏ ဒုက္ခကို ကိုယ်ချင်းစာသည်ဟု ပြောသည်။ ရွာကိုကူညီပါရစေဟု မေတ္တာရပ်ခံသည်။ ရွာသစ် တည်ပေးပါရစေဟု တိုင်ပင်သည်။ ဘကြီးအိမ် ရယ်ချင်၏။ ဘီလူးရယ် ရယ်ပစ်လိုက်ချင်၏။

နွားတက် လော။ နောက်တက် လော။ ရွာ့နာမည်၏ အကြောင်းကိုသာ ဘကြီးအိမ် မသိသည်။ ရွာ့အကြောင်း၊ ရွာ့စရိုက်၊ ရွာ့စိတ်၊ ရွာ့သဘောတို့ကိုတော့ အူသိမ်အူမကအစ ဘကြီးအိမ်သိသည်။ ရွာသူ ရွာသား တယောက်မကျန် တို့၏ ဘဝကိုလည်း ဘကြီးအိမ် မသိသည် မရှိ။

## (၁၆) မောင်သာရရဲ့ စီးပလေစေ မောင်မသုတ်နဲ့

သည်တော့ စပါးနယ်ရင်း ငယ်စဉ်က ကောက်စိုက်တေး တပိုဒ်ကို ဘကြီးအိမ်ဆိုမိ၏။

ခါးပုံကို မောင်ဖြုတ်လို့၊
ရော့ သုတ်တော့ပေး။
စီးပလေစေ မောင်မသုတ်နဲ့၊
တုတ်တုတ်ကျ ချွေး။

## ( ၂ )

PDF Creator - nyeyadhamma@gmail.com

**ထန်းသီးညို ဝန်ပိုမတင်လေနှင့်**

**ဝန်ပိုတင် ရှာစဉ်မဝေးစေနှင့်**

**ရှာစဉ်ဝေး ကလေးမပါစေနှင့်**

သာရကြွားမည် ဆိုလျှင်လည်း ကြွားစရာ။ သူ့နွားကလည်း နွားမှဟုတ်၏လော မပြောတတ်။ မဟုတ်မှ လွဲရော့။ အများ ယူဆ နေကြသကဲ့သို့၊ သင်းအဖေသေပြီး သားကို တွယ်သည့် ဇောဖြင့် ကိုယ့်အိမ်က နွားမှာ ကိုယ်ပြန်ဝင်စားသည်ဘဲ ဖြစ်လိမ့်မည် ထင်သည်။

## ( ၁၇ ) မောင်သာရရဲ့ စီးပလေစေ မောင့်မသုတ်နဲ့

'ဟေ့ဟေ့၊ အဖေကို သားလို့ခေါ်တဲ့လူ မြင်ဘူးလား၊ မမြင်ဘူးရင် ဟောဟိုမှာကြည့်'

နွားကောက်ပြန်လာလျှင်ဖြစ်စေ၊ ငန်းသိမ်းပြန်လာလျှင် ဖြစ်စေ၊ သူ့နွားများကိုသူ မငေါက်မချောက် မြီးရင်းကိုင်၍ မောင်းဝင်လာသော သာရကို မိပြည့်က မေးထိုး၍ပြသည်။

မိပြည့်ကလည်း သူ့အနားမှာ ဘယ်သူရှိရှိ ရှိသည့်လူကို တော့ သည်စကား မကြားတကြားပြော၍ သာရကို ပြမြဲ၊ သာရကလည်း ကြားသည်သာ။ သို့သော် အစဉ်ပင်မကြားဟန် ဆောင်ရမြဲ။ပြီးတော့ နွားကိုရေတိုက်သည်ဟု အကြောင်းပြကာ ဘယ်ဘက်ကပြန်လာလာ ချောင်းထဲသို့ ပထမဆင်း၍၊ ချောင်း ထဲက ပြန်တက်လျှင် မိပြည့်တို့အိမ်ရှေ့က သာရဖြတ်ပြန်မြဲ။

'သူ့အဖေက နွား၊နွားက သူ့အဖေ၊ ဟုတ်လား'

အကြောင်း သိကြသူတို့က မိပြည့်ရှေ့မှာ သာရကို ပုတ်ခတ်ကြည့်ကြသည်။ သည်တော့လည်း မိပြည့်မခံနိုင်။

'ဟယ် ကောင်မတွေကလဲ၊ အဲလိုတော့ ဒိ့ဒိုးကြီးမပြော ကြပါနဲ့အေ၊ ကြားသွားမှဖြင့်'

မိပြည့်က ပြန်ပြောတော့၊ အချင်းချင်း လက်ကုတ်၍ ပါးစပ်ကို လက်ဝါးနှင့် အုပ်ကြကာ ပြုံးချင်ယောင်ဆောင်ကြ သည်။

'ကြားကြားပေါ့အေ့၊ ညည်းအပူ တရွေးသား မပါ ပါဘူး'

'အပူပါလို့ပြောတာတော့မဟုတ်ဖူးပေါ့အေ့၊ဒါပေသိ ဘယ်ကောင်းပါ့မလဲလို့'

'အော အော ညည်းပြောတော့ ကောင်းသပေါ့လေ၊ ဒို့ပြောတာတော့ မကောင်းဘူးပေါ့၊ ဟုတ်စ'

'ဟဲ့ ငါပြောတာက မကြွားတကြွားရယ်၊ နဲ့ဟာက နင့်အသံခုနစ်သံနဲ့၊ ပြီးတော့ ဒ်ဲ့ဒိုးကြီး'

'အမယ်၊ တော်တော်လဲ အဖြစ်သဲစမ်းပါကောင်မရယ်၊ သည်စကားက တရွာလုံးပြောနေတဲ့စကား၊ လူသိ ခွေးသိ'

မှန်တော့လည်း မှန်သည်။ အများသိကြသည်။

သာရကလည်း သူ့နွားသူ အများတကာနှင့်မတူ ယုယ တတ်လွန်းသည်။ နွားအချင်းချင်းထဲမှာပင် သူ့နွားမှ သူ့နွား။ ပြီးတော့ သူ့နွားထဲမှာပင် သည်ငညိုကိုမှ ငညို။ သည်ငညိုဆိုမှ ငညို။

လက်ချိုးရေကြည့်လျှင် သာရမှာ နွားလေးကောင် ရှိသည်။ ခိုင်းနေသည့်နွားက တရှဉ်း။ ငညိုနှင့် နွားပြာကျား။ ပြီးတော့ နွားမတကောင်နှင့် နွားမော့သင်စ တကောင်။

သည် နောက်မွေးသည့် အငယ်ကောင်ကလေးဆိုလျှင် အမွေးမဆိုး။ နွားပြာနီမှ နွားပြာနီအစစ်။ ခွာလည်းမဲသည်။ အမြီးလည်း မဲသည်။ နှာလည်း မဲသည်။ ဗွေကလည်း ဗွေခနောက်ဆိုင်။

သို့တိုင် သာရက သည်အကောင်ကလေးကျတော့ သိပ် မချစ်။ ကြိုက်စျေးရလျှင် နောင်နှစ်ခါနွားပွဲမှာ ရောင်းမည် ဟုပင် ဖွင့်ပြော၍ နေသည်။

အဲ....သူ့ငညိုကျတော့ မှက်အကိုက်မခံ။ နွားရှက်ထဲမှာ မှွား ရှိမရှိ လှန်ကြည့်ရသည်ကိုက အမော။

## (၂၀) မောင်သာရရဲ့ စီးပလေစေ မောင်မသုတ်နဲ့

'ငါသာ တခြားရှာက ဆိုရင်တော့ မင့်ညီကိုလေ ဝေးသေးသမောင့်၊ မက်ဖို့မပြောနဲ့၊ လှည့်တောင်မကြည့်ဘူး၊ မင့်နွားလဲ့ မင်းကြည့်အုံးလေ၊ ဂျီကစပြောရရင် တယ်လူးတော့ တယ်လူးပါဘဲ၊ ဒါပေသိ ဘယ်ထောင်ညာလဲ ဥစ္စာမြဲ၊ ဘယ်လဲ ညာထောင် ဥစ္စာပြောင်တဲ့၊ မင့်အကောင်က ဘယ်ဂျီက လဲပြီး ညာဂျီက ထောင်နေတာ၊ ပြီးတော့ အရောင်ကလဲ နွားထဲမှာ တော့ အသုံးမကျဆုံး ထန်းသီးညိုရောင်၊ ဘိုကလဲ သည်အရွယ် နဲ့ကို လဲချင်ချင်၊ မွေ့ကိုကော ကြည့်အုံးမလား၊ မင့်နွား သေသေချာချာ ကြည့်စမ်း၊ မွေ့ဆင့်မျက်ခြားလို့ ခေါ်တယ်၊ အထက်က မွေ့က မွေ့မှန်၊ အောက်က မွေ့က မျက်လုံးနှစ်လုံး ကြားမှာ ခြားထားတယ်၊တော်သေးတာပေါ့ကွာ၊ကိုယ့် အိမ်က ခြံပေါက်မို့၊ နို့မဟုတ်ရင်လား၊ စာဆိုတောင်ရှိသေး၊ မွေ့ဆင့် မျက်ခြား အဝယ်မှား အိမ်ကမယားသေလတ္တံ့တဲ့၊ အေးငါလဲ မျက်စိတော့ လည်သွားဟ ဟကောင်ရ၊ သလောက်ကြန်ညံ့တဲ့ အကောင် မင့်လက်ထက်ကျမှ ဘယ့်နှယ်ဘယ့်နှယ်ကောင်းနေ တယ် မသိပေါင်ဘူး၊ ကောင်းတာကလဲ တော်ရုံတန်ရုံဆို ငါ မပြောဘူး၊ မျက်စိအောက်တွင် ကြီးလာတဲ့ အကောင်ဘဲကွ၊ မင်းလဲ သလောက် မသင်ပေါင်ဘူး၊ လိမ္မာလိုက်တာကလဲ လွန်ရောဘဲ၊ သည်လိုနွားမျိုးက ရှားတော့ ရှားတယ်မောင့်၊ ငါ့တသက်တော့ မင့်ညီတကောင်ဘဲ တွေ့ဘူးသေးတာဘဲ၊ သည်မယ်သာရ ငါပြောတာယုံ၊ သည်ကောင်ကိုတော့မရောင်း နဲ့၊ ရောင်းလဲ သိပ်လိုက်ကြမှာ မဟုတ်ဖူး၊ ဆယ်ယောက်မှာ ကိုးယောက်က မလှန်တော့ ငါ့ပြောချင်းတိုင်းပြောကွာ၊ အေး

အဲတော့ ဟိုကောင်အငယ်လေးကို ထမ်းပိုးတကုံးဖြစ်ဖြစ် ကျင့်ထား။ မင်း ငွေလိုရင် နောက်နှစ်ခါကျတော့ရောင်း၊ ငါလိုက်ရောင်းပေးမယ်'

နွားပညာမှာတော့ မစမ်းနှင့်။ ကူမဲ့က နွားပွဲအထိနာမည်ကြီးသော နွားပွဲစား ဦးသူတော်သည် နတက်ရွာဇာတိစစ်စစ်ကြီးဖြစ်ဘိသည်။ သာရတို့ အိမ်နှင့်လည်း ခေါင်းရင်းခြေရင်းနေသည်။ သည်တော့ ဦးသူတော်က သာရကိုပြောပြ၏။

အမှန်တော့လည်း ဦးသူတော်သည် နွားပွဲစားမဟုတ်။ သည်နတက်မှာ ဘယ်သူဘဲဖြစ်ဖြစ် နွားအရောင်းအဝယ် လုပ်ချင်လျှင် ဦးသူတော်ကို ချဉ်းကပ်ကြရစမြဲ။ ဦးသူတော်ကလည်း စေတနာ့ဝန်ထမ်း လိုက်၍ ရောင်းပေး ဝယ်ပေးသည်။ အဖိုးအခလည်း တပြားတချပ်မျှ ယူတတ်သည် မဟုတ်။ သို့သော် ဦးသူတော်က ပင်ကျရည်ကလေးတော့ ကြိုက်တတ်သည်။ တမူနှစ်မူ လုံးလေးမူဆိုလျှင် ဦးသူတော်ကပင် ပြန်၍ ကျေးဇူးစကား ဆိုဦးမည်။

အဲ....နတက်က မဟုတ်လျှင်တော့ ဦးသူတော်ပြတ်သားသည်။ အဖိုးအခကို ပထမ သတ်မှတ်လိုက်သေးသည်။ ပြီးခါမှ ရောင်းပေး ဝယ်ပေးသည်။

သာရကလည်း ဦးသူတော့်စကားကိုတော့ ယုံကြည်သည်။ ဦးသူတော်ပြောသကဲ့သို့ပင် သည်နှစ်ထဲမှာ ထမ်းပိုးစတုံးတော့ ကျင့်ထားမည် ကြံသည်။ နောင်နှစ်ခါ ရောင်းပစ်မည်။ ငွေလိုသည် မဟုတ်လော။

## ( ၂၂ ) မောင်သာရရဲ့ စီးပလေစေ မောင်မသုတ်နဲ့

သို့သော် တထမ်းပိုးမှ မကျင့်ရသေးသည့်တိုင် ကိုယ့်ခြံပေါက်ကို တကယ့်တကယ် ရောင်းရတော့မည် ဆိုတော့လည်း စိတ်ထဲမှာ မကောင်း။ ငယ်ဘဘည်းက၊ ခြေထောက်ကလေး ယိုင်ဖယ်ယိုင်ဖယ်နှင့်ကတည်းက ကိုယ် အရိပ်တကြည့်ကြည့်နှင့် ကျွေးမွေးစောင့်ရှောက်လာခဲ့သည့်အကောင်။အို....တကယ်တမ်း ပြောကြစို့ဆိုလျှင် သည်အကောင် စဖြစ်လာသည်ကိုက သဘာဝ အလျောက်ဖြစ်ချင်၍ ဖြစ်လာသည့်အကောင်မဟုတ်။ သူ့ အမေ မြိုင်ပေါ်သည်ကို နေ့စဉ်သတိထားကြည့်ခဲ့ရသည်ကိုက အမော။ မြိုင်ပေါ်ပြီဆိုတော့လည်းမြိုင်ပေါ်တုန်းတခဏကိုအဓိအရဖမ်း၍ မျိုးရင်းချင်းမဟုတ်သည့် ဘကြီးစံပင့်နွားနှင့် အခပြီးအလွှား သားစပ်ခဲ့ရသည်။ ဘကြီးစံပင်ကလည်း အစိုးရခြံမှ ဝယ်ထားသည့် သူ့ ရွှေနီက မျိုးချပေးရသည့်အတွက် နှမြောမြော။.... 'ငါ့နွားလဲ ပန်းပါအုံးမယ် သာရရာ....' ဟူ၍ပင် မတိုသာ့ တိုသာ တိုပြလိုက်သေးသည်။

နွားမ မြိုင်ပေါ်သည် ဆိုသည်က တခဏ။ တရက်ပင် မကြာတတ်။ ပြီးတော့လည်း သိပ်သိသာလှသည် မဟုတ်။ နွားမဆိုတော့လည်း ဘယ်သူမှသိပ်ပြီးဂရုတစိုက် မကြည့်တတ်။ သာရမို့သာ ဂရုတစိုက် စောင့်ကြည့်သည်။ သည်နေရာမှာတော့ သာရ၏ဆရာက ဂျပန်။

ဂျပန်က ညွှန်ကြားသည်။ သာရက တသဝေမတိမ်း လိုက်လုပ်သည်။သည်အကောင်ဂျပန်သည်သူငယ်ချင်းချင်းတော့ မတော်မတည့် လျှောက်ပြောမည် မထင်။ ပြီးတော့ ဘကြီး စံပင်၏ရွှေနီနှင့် ကြောင်းလမ်းတော့ ဂျပန်က အခရာ။ ဂျပန်က

ဘကြီးစံပင်၏ တူအရင်းခေါက်ခေါက်ကြီး ဖြစ်သည်။ ဂျပန်က လိုက်ပြောပေးခဲ့သည်။ ကျအောင်လည်း ဂျပန်က ပြောတတ်သည်။ သည်တော့ ဘကြီးစံပင် ကိုယ်တိုင်ကလည်း နည်းနည်း စမ်းကြည့်ချင်စိတ် ပေါ်လာပုံရသည်။

နွားသိုးတကောင်သည် နွားမငါးဆယ်ခန့်ကိုပင်ထိန်းနိုင်စွမ်းရှိသည်။ ဤသည်ကိုလည်း ဘကြီးစံပင် မသိသည်မဟုတ်။ ပြီးတော့ သူကိုယ်တိုင်ကလည်း သည်တခါ ဟန်ကျလျှင် နောက်နှစ်ခါ စမ်းမည်ကြံစည်သည်။ သို့စဉ်လျက် ဘကြီးစံပင်သည် သူ့ရွှေနီကိုယ်စား မောချင်သည်။

စခိမှတော့ နောက်ဆုတ်၍ မရ။ တခါနှင့် မသေချာ၍ နှစ်ခါ တင်ရသည်။ တမြိုင်ပြီးတော့ နောက်တမြိုင်အပေါ်ကို ရက်ရှတ်၍ စောင့်ရသည်။ နောက်တခါ တင်ရသည်။ ဘကြီးစံပင်ကတော့ ရင်တထုထု နောက်ထပ်တခါတော့ ခွင့်မပြုတော့ဟူ၍ပင် ကျေညာလိုက်လေပြီ။

တော်တော်ပေသေးတော့၏။ ဇီး အောင်မြင်လာသည်။ သည်နည်းနှင့် သည်အငယ်ကောင်ကို သာရ ရလာခဲ့ရသည်။

နောက်ပိုင်းမှာ ကျတော့လည်း သည်ဇီးကိုစောင့်ရှောက်ခဲ့ရသည်။ နွားမကို အများနည်းတူ မလှန်စံ့။ လွှတ်လည်း တော်တော်နှင့် မလွှတ်စံ့။ ယုတ်စွအဆုံး ဇီးခိုင်ပြီ ဆိုတော့မှ လွှတ်ခကျောင်းစံ့သည်။ ကျွေးလိုက်ရသည့် နှမ်းဖတ်။ ထည့်လိုက်ရသည့် ဖွဲနု။ ရိတ်လိုက်ရသည့်မြက်။ ကောက်ရိုးကတဝက်ခန့်ဘဲ ပါတော့မည် ထင်သည်။ သာရတသက်တွင် နွားမကို သည်ကဲ့သို့ တခါမျှ မသဒ္ဒါဘူးခဲ့။

## (၂၄) မောင်သာရရဲ့ စီးပလေစေ မောင်မသုတ်နဲ့

ရမည့်ရတော့လည်း အထိုးကလေးရလာသည်။ ကျွေးခဲ့ရ မွေးခဲ့ရ ပြုစုခဲ့ရသည့်အကျိုးကိုတော့ သာရ ခံစားရလေပြီ။

ဂျပန်က ပြန်ပြေသည်။ မွေးပြီး ခုနစ်ရက်အတွင်း နွားမကို နို့မညှစ်နှင့်ဟု တဆင့် ညွှန်ကြားလာပြန်သည်။ သာရကလည်း နားထောင်၏။ ဆယ်ရက်ကျော်မှသာနို့ညှစ်၍ရောင်းခဲ့သည်။ ဝယ်မည့်သူ မရှိသည့်နေ့ကျလျှင် နွားနို့ချဉ် ချက်၍ စားလိုက်၏၊သို့နှင့် တဖက်ကလည်း ဟင်းတခွက်တော့ ဖြည့်လာသည်။

သာရ အကျေနပ်ကြီး ကျေနပ်ခဲ့ရ၏။ နွားကလေးကိုလည်း နှစ်လသားခန့်အထိ စားကျက်သို့ လွှတ်၍မကျောင်းခဲ့။ နွားမကိုလည်း ယနေ့ထက်တိုင်ပင် နောက်ထပ် သားမစပ်။ တကောင် မွေးပေးခဲ့သည့် အတွက်ပင်လျှင် သည်နွားမကိုတော့ သာရ ကြည်ဖြူနိုင်လေပြီ။

သို့သော် သည်အမေနှင့်သည်သားကို ခွဲပစ်ရတော့မည် ဆိုတော့ သာရ စိတ်မကောင်းဖြစ်မိသည်။ ငယ်စဉ်က ပွေ့ချီခဲ့ဘူးသည့်နွား၊ကိုယ်ဖန်တီး၍ ဖြစ်လာခဲ့သည့်နွား၊ ကိုယ့်မျက်ရိပ်အောက်မှာပင် ကြီးလာခဲ့သည့်နွား၊ သည်နွားကို နဖားဖောက်မည်ဆိုတော့ သာရကိုယ်တိုင် မကြည့်ရက်။ ခြေတို့လက်တို့ကို တုတ်၍ လှဲချပြီဆိုကတည်းက ယောကျ်ားကြီးတန်မဲ့ တဖက်သို့မျက်နှာလွှဲထားရသည်။ နားထဲမှာ ကြားရသည့်အသံမျှဖြင့်ပင် သာရ စိတ်မချမ်းသာခဲ့။ ယခု သည်နွားကို ရောင်းဘို့ကိုန်းကြုံလေပြီ။

ဖြစ်နိုင်လျှင်တော့မရောင်းချင်။ ကိုယ့်သားကိုယ့် သမီးနှယ် သံယောဇဉ်ကလည်းတွယ်ပြီ။ အို သည်အကောင် ပြေးဆော့နေသည်ကို ကြည့်နေရသည်ကိုက အရသာ။ ဘယ်မျှပင်မောမော တဖူးဖူးမှုတ်၍ ခေါင်းတမော့မော့နှင့် အမြူးမပျက်။ ရွှေစောလူးဘုရားပွဲမှ ဝယ်ထားသည့် ခြူစုံကို တပ်ပေးပြန် တော့လည်းလည်တိုင်က ပိုကြော့ ပိုမော့လာသည် ထင်ရသည်။

ပြီးတော့ သာရတသက်မှာ ဘယ်နွားကိုမှကာကွယ်ဆေး ထိုးမပေးဘူးခဲ့။ ယခု သည်ကောင် ကျခါမှ ကျောက်ရောဂါ ကာကွယ်ဆေးလည်း ထိုးခဲ့သည်။ ဒေါင့်သန်းရောဂါ ကာကွယ်ဆေးလည်း ထိုးခဲ့သည်။

သည်ကောင်သည် အစားကလည်း သန်ပါဘိ။ တခါတရံ တညလုံး မအိပ်ဖွဲ့များ စားချည့်နေသည်လော အောက်မေ့ယူရ၏။ သူ့ခြူသံသည် ညဥ့်သုံးယံမျှမဆိတ်။ ထို့မကြောင့်ပင် ထင်သည်။ ကျစ်လိုက်သည့် အသားကလည်း ဆူးမတိုး။ သူ့ကိုယ်မှာ ရှုရာပေါက်ရာ တခုမျှမရှိ။

'လူလာမှာမို့ နွားသွားတာဘဲ ဟကောင်ရာ၊ ပြီးတော့လဲ တနှစ်လုံးကျန်ပါသေးတယ်ဟ၊ နင် မရောင်းချင်ရင်ကြိုးစားလုပ်၊ သည်နှစ် ပဲဈေးတွေလဲ အစိုးရက တက်ပေးလာပြီဘဲ၊ ရောင်းဘို့ လိုချင်မှလဲ လိုမှာပါဟာ'

သာလှက သာရ၏ စိတ်ကိုသိတော့ နှစ်သိမ့်သည်။

'သည်နွားမ သည်နှစ် သားစပ်အုံးမှဘဲထင်တယ်။ ရွှေနီ နဲ့တော့ ဘကြီးစံပင်ကပေးတော့မှာ မဟုတ်ဖူး၊ ပြောလို့သာ ပြောတာ၊ ဘယ်မလဲ နွားကောင်း'

(တတိယအကြိမ်)

## (၂၆) မောင်သာရရဲ့ စီးပလေဝေ မောင်မသုတ်နဲ့

'ပေါပါတယ်ကွာ'

'ဘယ်မလဲ၊ စာတိုးမှာလား'

'အေး....စာတိုးက ကိုဟန်တင့် နွားတွေကတော့ကော၊ ပြီးတော့ ညောင်နီမင်က ငွေလှိုင့်မှာလဲ နှစ်ကောင် လား သုံးကောင်လားဘဲ မြင်မိတယ်၊ ပြီးတော့....မိကျောင်းတက်က ချက်လဲ နင့်လိုပါပဲဟ၊ နွားရှူး ရှူးနေတာ၊ သူ့ဆီမှာလဲရှိပါ့ မောင်ရာ'

သာရက ခေါင်းကုတ်သည်။

'တင်ပြန်တော့လဲ ဖြစ်ချင်မှ ဖြစ်တာကွ၊ ဖြစ်ပြန်တော့လဲ ထီးပါအုံးမှ၊ မထီးပြန်ရင်လဲ သွားပြန်ရော'

အကိုလုပ်သူက ပြုံးသည်။

'မပူပါနဲ့ကွာ၊ ဟိုကောင် ဂျပန်ဘဲ မေးခိုင်းပေါ့၊နွားထီး မွေးအောင် ဘယ်လို သားစပ်ရသလဲလို့၊ သူတို့မှာတော့ နည်း ရှိချင်ရှိမှာပေါ့'

'ဟာ နင်ကလဲ အပေါ့ဟာ၊ ဘယ်ရှိနိုင်ပါ့မလဲ'

'မရှိလဲ ကမ္ဘာကာပေါ့ဟာ၊ အမမွေးတော့ကော နင် ရှုံးမှာမို့လား'

ညီအကို နှစ်ယောက် ရယ်ကြသည်။

အမှန်တော့ သာရက နွားငယ်ကို မရောင်းလိုက်ချင် သကဲ့သို့၊ သူ့အကိုကလည်း သူ့ကိုအိမ်ထောင်မပြုစေချင်သေး၊ ခြံပေါက်နွားမို့ သံယောဇဉ်ဖြစ်သကဲ့သို့၊ ညီမို့လည်းချစ်သေး သည်။

သာရကလည်း အမှန်တော့ ငယ်သေးသည်။ ယခုမှ နှစ်ဆယ့်တနှစ်ဖဲ ရှိသေးသည်။ သည်အရွယ်အိမ်ထောင်မပြုသင့်သေးဟု အကိုက ယူဆသည်။

သို့သော် တဖက်ကလည်း ငဲ့ရလိမ့်ဦးမည်။ မိပြည့်တို့မှာက မပြည့်စုံ။ သင်းတို့အဖေ ဦးရွှေအုပ်သည် လူကောင်း။ အမေ မရှိတော့သည့် သမီးသုံးယောက်ကို သည်အရွယ်ရောက်ကြသည်အထိ ပြုစု ပျိုးထောင် လာခဲ့သည်။ အလုပ်လည်း အားထုတ်၍ လုပ်ရှာ၏။ သို့သော် တနှစ်က ဆုံးခဲ့သည်။ယခုသူတို့မှာ အားကိုးရာ မရှိ။

သည်အထဲ အကြီးမ ငမိက ရူးပေါပေါ။ အမပင်ဖြစ်ပေမည့် အမနှင့်မတူ။ သူကပင် မိပြည့်ထက် ငယ်ချင်နေသေးသည်။ ပြီးတော့ အငယ်မ ငရှိကလည်း ယခုမှ အပျိုဖြစ်ခါစ။ အလုပ်လုပ်နေပြီ ဆိုပေမည့် တော်တော့်ကို ငယ်သေးသည်။

သည်တော့ မိပြည့်ကအိမ်ထောင်ဦးစီးနှယ်ဖြစ်နေသည်။ အစခပ်သိမ်း တာဝန်ယူနေရသည်။ ခေါင်းဆောင်နေရသည်။

သည်တော့ မိပြည့်တို့မှာက ယောကျ်ားသား လိုအပ်သည်။ ယောကျ်ား တယောက်ကတော့ အစောင့် အရှောက် သဘောဘဲဖြစ်ဖြစ် ရှိကိုရှိအပ်သည်။ ရှိမှလည်း တင့်တယ်မည်။ ရှိမှလည်းဖြစ်မည်။

စင်စစ် မိပြည့် ဆိုသည်တို့ကလည်း လူစိမ်းမဟုတ်။ စပ်ကြည့်လျှင် သားချင်း တော်သေးသည်။ သင်းတို့ အမေ့၏ အမေသည်သာရတို့အမေ့၏အဖေနှင့်မောင်နှမတဝမ်းကွဲလော၊

နှစ်ဝမ်းကွဲလောမသိ၊ တော်သည်ဟုဆိုသည်။ ပြီးတော့ အဖေနှင့် ဦးရွှေအုပ်တို့က ငယ်သူငယ်ချင်း။

သည်တော့ နှစ်ဆွဲအချိန်ဆွဲနေ၍ မကောင်း။ အရပ်မျက်နှာ ရွာမျက်နှာမှာ ကိုယ့်ဘက်က မလိုက်လျောချင်သယောင်ပြုနေ၍မသင့်။ ထို့ကြောင့်လည်း နောင်နှစ်ခါဆိုလျှင် ကေစကြီးတက် လက်ဆက်ကြမည်ဟု ကြောင်းလမ်းကျေညာခဲ့ကြပြီ။

ဘကြီးအိမ်သည် သွေးသား မတော်စပ် သော်လည်း မိပြည့်၏ဘက်မှ မိဘအဖြစ်ဖြင့်ရပ်ခဲ့သည်။ ဘကြီးအိမ်၏အိမ်နှင့် မိပြည့်တို့၏အိမ်သည် စည်းရိုးခြားသည်။ စည်းရိုးဆိုသော်လည်း စင်စစ် စည်းရိုးကားမဟုတ်။ မျောတိုင်ပြတ်မှာ တောင်ပေါ်ထင်းဝါး သုံးတန်းမျှ ပစ်ထားသည့် အခြားသာဖြစ်သည်။ အလယ်တန်းကိုခွ၍ ခါးကိုခေါက်လိုက်လျှင် အပေါ်ဆုံးတန်းနှင့် လွတ်သည်။ တဖက်နှင့်တဖက် သည်သို့ကူးနိုင်သည်။

ဘကြီးအိမ်သည် ဒွေးလေးရေးတို့ အိမ်မှ သရက်ကင်းတတို့စာတောင်း၍ ချိုးလာကာ မယ်သစ်တို့အိမ်ဘေးမှ ဖြတ်၍ပြန်ခဲ့သည်။ သည်ဘေးကမှတဆင့် ရွာလယ်လမ်းကို ဖြတ်မည်။ နောက် ကိုရင်မှန်းတို့ အိမ်ဘေးမှ မိပြည့်တို့အိမ်၊ ထိုမှ တဆင့် အလယ်တန်းကိုကျော်၊ အပေါ်တန်းကို ငုံ့ဝင်ကာ အိမ်သို့ပြန်မည်။ သည်သို့ စိတ်ကူး၍ လျှောက်လာ၏။

သို့သော် ကိုရင်မှန်းတို့ အိမ်ဘေးသို့ ရောက်သောအခါ နွားစာစင်းနေသော သာရကိုလှမ်းမြင်သည်။ သာရကိုလှမ်းမြင်၍ ရပ်ကြည့်ဖြစ်သည်တော့မဟုတ်။ သည်အရွယ်သည် အားခွန်

ဗလ အကောင်းဆုံးအရွယ် ဖြစ်သည်ကို ဘကြီးအိမ် သိသည်။ ကိုယ်ငယ်ငယ်ကလည်း ယခု သာရကဲ့သို့ပင် ရိုက်ဖတ်တထုံးကို အိမ်ဖျားချင်းဆိုင်ထည့်၍ တကြိမ်ထဲ စင်းခဲ့သည်။ အားကလည်း ကောင်း၊ ဒါးကလည်းကောင်း ဆိုတော့ ရိုက်ဖတ်ထုံးတဝက်သည် တချက်ထဲနှင့် တိကနဲ ပြတ်တော့သည်။ တစားကျင်းစာကို ခဏကလေးနှင့် စင်းခဲ့သည်။ မဆန်း။

ဘကြီးအိမ် ရပ်ကြည့်မိသည်က သာရ မဟုတ်။ ဆန်းသည်က သာရ၏ ညီသာဖြစ်ဘိသည်။ ညီကို ဘကြီးအိမ်သည် သဘောကျစွာပင် ရပ်၍ကြည့်မိ၏။

သာလှသည် အိမ်ရှေ့ မီးဖိုချောင်တွင် ဟင်းအိုးတည်နေသည်။ မီးခိုးအူသည်ကို ဝါးမီးပြောင်းနှင့် ကုန်း၍မှုတ်နေ၏။

သို့သော် ညီသည် ကျန်နွားနှစ်ကောင်ကို ဦးဆောင်ကာ စပါးနယ်နေသည်။ ညီသည် တလင်းအစွန့်ဘက်မှနေရင်း သံပတ်ရိုပ်နှယ် လှည့်နေ၏။ ဆုံလည်မှာ မဟုတ်ပါဘဲလျက်။ ဆုံလည်ကဲ့သို့ပင် လူမရှိဘဲ လှည့်နေသည်။

ပြီးတော့ ညီ့နွတ်သီးမှာ ခြင်းစွပ်၍မထား။ စပါးနယ်ရာ၌ ခြင်းစွပ် မထားဘဲ ယခုနှယ် ဖွင့်ထားမည် ဆိုလျှင် နယ်၍ပင် ရတော့မည် မဟုတ်။ ငုံ၍ချည့် စားပစ်ကြပေမည်။ စပါးလည်းကုန်ဦးမည်။ နွားလည်းဥပါဒ်ဖြစ်ဦးမည်၊ထို့ကြောင့် အစဉ်သဖြင့် မစားနိုင်စိမ့်သောငှာ နယ်သည့်နွားတိုင်း၏နွတ်သီးကို ခြင်းစွပ်ထားရသည်။

## (၃၀) မောင်သာရရဲ့ စီးပလေစေမောင်မသုတ်နဲ့

သို့သော် ညို့မှာ ခြင်းမရှိ။ ညို့သည် ငုံ၍လည်းမစား။ ဘေးသို့လည်း ဆွဲမချ၊ အမြီးတရမ်းရမ်းနှင့် ဘက်နွားတို့ကိုပင် တံပြားတို့ပေးသကဲ့သို့ ရှိတော့သည်။

သာရ ကြွားမည် ဆိုလျှင်လည်း ကြွားစရာ။ သူ့နွားကလည်း နွားမှ ဟုတ်၏လော မပြောတတ်။

မှန်သည်။ ထန်းသီးညို ဝန်ပိုမတင်လေနှင့်၊ ဝန်ပိုတင် ရှာစဉ်မဝေးစေနှင့်၊ ရှာစဉ်ဝေး ကလေးမပါစေနှင့် ဟု ဆိုရိုးစကား ရှိခဲ့သည်။ နွားထဲမှာ သည်ထန်းသီးညိုရောင် ရှိသောနွားသည်အသုံးမကျဆုံးနွားအဖြစ် လူတိုင်းလက်ခံထား ကြသည်။ ဝန်လည်း တင်မရချင်။သည်နွားမျိုးနှင့် ထယ်မည်ဆိုလျှင်လည်း ထယ်ရေးသည် မြွေကဲ့သို့ ရှိတတ်သည်။ တောင်ဆွဲ မြောက်ဆွဲ ဆွဲတတ်သည်။

သို့သော် သာရ၏ညိုသည် ထန်းသီးညိုရောင်ပင် ဖြစ်ပေမည့် စရိုက်က ဆန့်ကျင်ဘက် ဖြစ်သည်။ နွားပြာကျားကောင်းလှပြီဆိုသည့်တိုင် သူ့ညိုကိုမမှီချင်။

ဘကြီးအိမ်သည် ညိုကို အတန်ကြာမျှ ငေးကြည့်နေမိ၏။ ထမင်းစားဘို့ပင် မေ့တော့သည်။

'အို့ကိုရင်အိမ်၊ ဘာကြည့်နေတာလဲ'

ကိုရင်မှန်း၏ အမေ အမေကြီးကွန့်က ဘကြီးအိမ်ကို လှမ်း၍မေးလိုက်သည်။

'မဟုတ်ပါဘူး မယ်ကွန့်ရာ၊ ကျုပ် ဟို ဘဂျမ်းရဲ့သား အငယ်ကောင် သဘောကျလို့ပါ၊ သည်ကောင် နွားကိုင်တော့ အတော် တော်ဘဲကို'

'မယ်ဆယ့်ကုသိုလ် ဆိုရမှာပေါ့တော်၊ လင်မရှိတော့ဘူး ဆိုပေမယ့် သားနှစ်ယောက်က မအေကို ကိုယ့်ဆေးလိပ် ကိုယ်တောင် လိပ်မသောက်စေရဘူး၊ အကြီးကောင်က လိပ်ပေး တာ၊ နို့ ချက်တော့ ပြုတ်တော့ကော သည်အကြီးကောင်ဘဲ မဟုတ်လား'

'အင်း ဒါပေါ့လေ၊ ဒါပေါ့ဒါပေါ့၊ ကဲ ကျုပ်သွား အုံးမယ်၊ အိမ်မယ် ထမင်းပွဲတန်းလန်းကြီးနဲ့၊ သရက်ကင်းလေး တို့ချင်တာနဲ့ လာခူးရင်း နွားငေးနေတာ'

'ဘာတွေမျှားချက်သတဲ့တုန်း'

'မမေးနဲ့ မယ်ကွန့်ရေ၊ တော်နေ ကျုပ်ကြွားတယ် ဖြစ်နေအုံးမယ်၊ ပဲအိုးကပ်နဲ့ ပန်ထွေဖျော်လို့တဲ့'

'ကောင်းကိုးတော်ရဲ့'

ဘကြီးအိမ်သည် ပြောပြောဆိုဆို ဆက်၍ထွက်ခဲ့သည်။

သို့သော် မျက်စိထဲမှာတော့ ညိုကိုသာ မြင်၍နေမိ၏။

တခါသော် သာလှက သည်ညိုကို တခြားတကောင်နှင့် အလိုက်ပေး၍ လဲပစ်မည် ကြံစည်ခဲ့ဘူးသည် ထိုစဉ်က ဘကြီး အိမ် မှာကလည်း သည်ညို နှယ် ထန်းသီး ညိုရောင် တကောင်ရှိနေသည်။ဘကြီးအိမ်၏နွားမှာက ကြာအပိုပါသည်။ သည်ဘွင် ဘကြီးအိမ်နှင့်တိုင်ပင်၍နွားပွဲသို့သွားကြမည် စဉ်းစား ခဲ့ကြသည်။

သို့သော် ဘကြီးအိမ်ကသာလျှင် ရောင်းဖြစ်ခဲ့၍ သာလှ ကမူ မရောင်းဖြစ် မလဲဖြစ်ခဲ့။ သည်အငယ်ကောင် သာရက ခြံပေါက်မို့ မရောင်းချင် မလဲချင် မခွဲချင်ဟုဆိုကာ အကိုကို

တားခဲ့သည်။ သူကိုင်မည် သူကျင့်မည်ဟုဆိုကာလည်း အာမခံခဲ့သည်။

ဟော....ယခုတော့ ဟန်ကျ၍ နေပြီ။ သင်းတို့ အဖေဘဂျမ်းများ ရှိနေလျှင် သူ့သားအငယ် နွားကိုင် မည်မျှတော်သည်ကို ချီးမွမ်းမိလိမ့်မည် ထင်သည်။

ဘကြီးအိမ်သည် လွန်ခဲ့သည့် ခြောက်နှစ်ခန့်က သူ့နွားထန်းသီးညိုရောင်တကောင် ရောင်းပစ်ခဲ့သည့်အတွက် မှားပြီထင်လာ၏။ သာရ၏လက်သို့များ အပ်လိုက်ရမည်ဆိုလျှင်........

တားခဲ့သည်။ သူကိုင်မည် သူကျင့်မည်ဟုဆိုကာလည်း အာမခံခဲ့သည်။

ဟော....ယခုတော့ ဟန်ကျ၍ နေပြီ။ သင်းတို့ အဖေ ဘဂျမ်းများ ရှိနေလျှင် သူ့သားအငယ် နွားကိုင် မည်မျှတော်သည်ကို ချီးမွမ်းမိလိမ့်မည် ထင်သည်။

ဘကြီးအိမ်သည် လွန်ခဲ့သည့် ခြောက်နှစ်ခန့်က သူ့နွား ထန်းသီးညိုရောင်တကောင် ရောင်းပစ်ခဲ့သည့်အတွက် မှားပြီ ထင်လာ၏။ သာရ၏လက်သို့များ အပ်လိုက်ရမည်ဆိုလျှင်........

# (၇)

PDF Creator - nyeyadhamma@gmail.com

'ကန်တော့ ပါရဲ့ဗျာ၊ သည်ခွေးမသားတွေ လူပါးကို ဝတယ်'

ခံလာခဲ့ရပပေါ့ ဆိုလျှင်လည်း နတက်။ ကွဲလာခဲ့ရပပေါ့ ဆိုလျှင်လည်း နတက်။

အမှန်တော့ သည်တလင်းကြီး ကျေးရွာအုပ်စုတွင် နတက်သည် အငယ်တကာ့အငယ်ဆုံးရွာသား ဖြစ်ဘိသည်။ အိမ်ခြေက

လည်း တရာတဆယ့်ခြောက်အိမ်သာရှိသည်။ လူဦးရေကလည်း ငါးရာငါးဆယ့် လေးယောက်ဖဲ ရှိသည်။

အမှန်တော့ သည်ဒုဋ္ဌာဝတီ မြစ်ရိုးတလျှောက် ရွာပေါင်း သုံးဆယ့်လေးရွာမျှပင်လျှင် တည်ရှိသည်။ ဖျန်းမျှခြင်း တမိုင် လျှင် တရွာနှုန်းခန့် ရှိသည်ဟုဆိုရမည်။ သို့သော် အများအား ဖြင့် မြစ်သာခြား၍ ရွာနှစ်ရွာ မျက်နှာချင်းဆိုင် တည်ကြလေ့ ရှိသည်။

အမှန်တော့ ဒုဋ္ဌဝတီသည် ရှမ်းကုန်းပြင်မြင့်၌ မြစ်ဖျားခံခဲ့ သည်။ အရှေ့ရိုးမတောင်အထပ်ထပ်ကို ကျော်ဖြတ်၍ စီးဆင်း လာခဲ့သည်။ တောင်ခြေမြေပြန့်သို့ ရောက်သောအခါ မိုင်သုံး ဆယ်ခန့်သာ ရှည်တော့၍၊ အင်းဝတန့်တား၏ အောက်နား၌ ဧရာဝတီမြစ်မထဲသို့ ပေါင်းဝင်သည်။

အမှန်တော့ ဒုဋ္ဌာဝတီသည် ရေစီးသန်သည်။သာမန်အချိန် အခါများမှာပင်လျှင် လှေဖြင့် ကူးသန်းသွားလာ၍ မရတတ်။ သို့သော် ဒုဋ္ဌဝတီမြစ်ရေသည် မြေပြန့်ကိုကောင်းစွာ အကျိုးပြု တတ်သည်။

အမှန်တော့ ဒုဋ္ဌာဝတီသည် နှစ်စဉ်ရေလျှံလေ့ရှိသည်။ပတ် ဝန်းကျင်၌ ဆည်များ အင်းများကို ဖြစ်စေသည်။မြေသြဇာသစ် များ ဖြစ်စေသည်။ မြစ်ရိုးတလျှောက်မှ ကျေးရွာများ အတွက် ငါးပုဇွန်မှအစ သီးနှံစိုက်ပျိုးရေးကိုပါ ဖြစ်ထွန်းရရှိစေခဲ့သည်။

ထိုကြောင့်လည်း သည်ဒုဋ္ဌာဝတီမြစ်ရိုးတလျှောက်မှရွာများ သည် အများအားဖြင့် အိမ်ခြေများ၍ လူနေစည်ကား သိုက် မြိုက်လေ့ရှိသည်။ အထက် ကြွက်နဖား(မြစ်ကွေ့)နှင့် ရွှေစာရံ

ရွာမှသည် အောက်ဖက် ဖရဲကျွန်းနှင့် အိုတုတ်တန်းအထိ ရွာပေါင်းသုံးဆယ့်လေးရွာသည် ယေဘုယျအားဖြင့်ဆိုရလျှင်ဖွံ့ဖြိုးသည်။

နတက်ရွာငယ်သည်လည်း အပါအဝင်တည်း။

သို့သော် နတက်ရွာ၏ဘဝက အခြားအခြားသောသုံးဆယ့်သုံးရွာနှင့် ကွဲပြားသည်။ ရွာ၏ တည်နေပုံကိုကပင်လျှင်လည်း ခြားနားချ်နေသည်။

ဒုဋ္ဌာဝတီသည် မန္တလေးခရိုင်နှင့် ကျောက်ဆည် ခရိုင်ကို ခြားထားသည့် သဘာဝနယ်နိမိတ်ဖြစ်နေ၏။ ဒုဋ္ဌာဝတီလက်ဝဲဘက်ကမ်းသည် ကျောက်ဆည် ခရိုင်သာဖြစ်၍၊ လက်ျာဘက်ကမ်းသည် မန္တလေးခရိုင် ဖြစ်တော့သည်။

နတက်ရွာသည် မြောက်ဖက်နတက်ချောင်းမှာ ရေမရှိသည့်အခါ မန္တလေးခရိုင်နှင့် မြေချင်းဆက်တော့သည်။ ယင်းသို့မြေချင်း ဆက်မိသည့်အခါ နတက်သည် မန္တလေးခရိုင်ဘက်မှ ဒုဋ္ဌာဝတီမြစ်ထဲသို့ ထိုးထွက်နေသောတြိဂံပုံကျွန်းစွယ်သာ ဖြစ်တော့သည်၊ သို့သော် ကျွန်းစွယ်၏ သက်တမ်းကား တနှစ်မှာလေးလခန့်သာလျှင် ဖြစ်ဘိ၏။ ကျန်ကာလတွင်မူ နတက်သည်ဒုဋ္ဌာဝတီမြစ်သယ်မှ သုံးထောင့်ကျွန်းသာလျှင် ဖြစ်ဘိသည်။

ထို့ကြောင့်လည်း နတက်ရွာငယ်သည် မန္တလေးခရိုင်၏သားအရင်း တနည်းဆိုသော်လက်ရင်းရွာ မဟုတ်သကဲ့သို့ အစဉ်ပင်အထင်မြင်ခံရလေ့ရှိသည်။

တောင်ဘက်ကမ်း ဖြစ်လျှင်လည်း ကျောက်ဆည် ခရိုင်၊ မြောက်ဘက်ကမ်းဖြစ်လျှင်လည်း မန္တလေးခရိုင်။ သူ့နေရာနှင့်သူ

ပြတ်ပြတ်သားသားရှိမည်။ ယခုမူ ကျောက်ဆည်ခရိုင်ကလည်း သူနှင့်မဆိုင်။ မန္တလေးခရိုင်ကလည်း ဆိုင်၍သာ ဆိုင်ရသည်။ သိပ်မဆိုင်ချင် သယောင်ယောင်။

ပြီးတော့ တလင်းကြီးကျေးရွာအုပ်စုံတွင်လည်း သည်နတက်ရွာငယ်သည် အစွန်အကျဆုံး။ တနည်းဆိုသော် လက်လှမ်းအဝေးဆုံး။

ထို့ကြောင့်လည်း နတက်သည် အစဉ်ပင် မျက်နှာငယ်ရလေ့ရှိသည်။

ယခုလည်း လယ်ယာနှင့် လုပ်ငန်းပေါင်းစုံ သမဝါယမအသင်းက ခွဲတမ်းချ၍ ဝေရာတွင် အနိုင်ကျင့် ခံခဲ့ရပြန်သည်။ ခက်သည်က အတိုင်နွားချည့် သုံးကောင် ဖြစ်နေပြီး၊အလှည့်နွားက တကောင်ထဲရှိသည်။ သုံးမရသည့် နွားမတကောင်ကလည်း အရေးထဲ ကန့်လန့်ကန့်လန့်၊ တလင်းကြီးနှင့် ညောင်နီပင်နှင့် ညောင်ပင်စောက်တို့ ပေါင်းမိပြီး၊ နတက်က ခံချည့်နေရသည်။မိကျောင်းတက်ကလည်း ဘာတခုမှ ပြန်ပြောဘော်ဆိုဘော်မရ။

ညောင်နီပင်နှင့် ညောင်ပင်စောက်ကျတော့လည်း တလင်းကြီးက ကြောက်သည်။ သည်ရွာနှစ်ရွာတ နီးလည်းနီးကြသည်၊ ကြီးလည်း ကြီးကြသည်၊ ပြီးတော့ မြို့ပေါက် နယ်ပေါက်ချမ်းသာသူ ပညာတတ်သူလည်း များသည်ဆိုတော့ တလင်းကြီးသည် သူတို့နှစ်ရွာ အပေါ်မှာ မလျော်မတရား မပြုဝံ့။ ထိုနှစ်ရွာကလည်း အထိမခံ ရွှေပန်းကန်။ ထစ်ဆိုမြစ်ငယ်ရောက် မန္တလေးရောက်။ ပါတီရောက်၊ နလကရောက်။

နတက်ကျတော့လည်း အာဏာရှိသူတို့က လာခဲ့သည်။ လာခဲ့ရလည်းရင်းနှီးခွင့် မရ။ သည်တော့ သူတို့ကို နတက်က မသိသည့်နည်းတူ၊ သူတို့ကလည်းနတက်ကို မသိကြ။ တခါတခါ ရေမျော သီးနှယ် ပေါ်-ပေါ် လာတတ်သည့် လယ်သမား ကောင်စီအတွင်းရေးမှူးကလေးကျပြန်တော့လည်း သူ့ ခမျာ ရေမျော သီးနှယ်ပင် ရေစီးနှင့် ရောမျောနေရဟန် တူသည်။ အထက်သို့ပြန်၍မဆန်သာ။ ဆန်လာပုံ မရ။

အမှန်တော့ ရယ်ဘို့လည်း ကောင်းသည်။ နတက်တို့ ဆုပ်မိကိုင်မိပြီဆိုလျှင် မျက်စိကိုမှိတ်ထား။ ရေထဲမှာလည်းထုတ်ကြည့်ဘို့မလို။ ငဖျင်းသလက်ပဲ ဖြစ်မည်။ အကောင်းဆုံး ငခုံးမထက်မသာတတ်။ ငရံ့ငခူကို ဘယ်တော့မှ နတက်သားသို့ ဖမ်းမမိ။ ထားပါတော့၊ နတက်သားတို့ ညံ့သေး၍။

ယခုလည်း နတက်အကြောင်းကိုသိသည်၊ နတက်အကြောင်းကို နားလည်သည်၊ နတက်နှင့် ကျွမ်းဝင်သည်၊ နတက်နှင့် [ရင်]းနှီးမိသည် ဆိုသည့် ကောင်စီအတွင်းရေးမှူး ကလေးသည်နတက်ကို မကူညီနိုင်။ သူက ရေမျောသီးဆိုလျှင် နတက်က ရေမျောထင်း။ သူရောကိုယ်ရောမျော၍သာနေသည်။ တောင်မင်းမြောက်မင်း မကယ်နိုင်။

စင်စစ် နတက်သည် ရွာတရွာဖြစ်သည် ဆိုသည်ကို ဘယ်သူမှ ငြင်းဆန်၍မရ။ နတက်ရွာသည် ငယ်သော်လည်း၊ နတက်ရွာမှာ အိမ်ခြေနည်းသော်လည်း၊ နတက်သားတို့ ဆင်းရဲကြသော်လည်း၊ ကိုယ်ပိုင် အသင်းဆိုင်တဆိုင်တော့ တည်နိုင်စွမ်း ရှိသည်ဟု ယုံကြည်သည်။

## (၃၈) မောင်သာရရဲ့ စီးပလေဒေ မောင်မသုတ်နဲ့

နတက်သည် တလင်းကြီးတို့ ညောင်နီပင်တို့ ညောင်ပင်စောက်တို့ကဲ့သို့မူ မများပြား မချမ်းသာသည်မှာကားအမှန်ပင်။ သို့သော် နတက်သည် ထိုရွာတို့ကဲ့သို့မူ ရှိလျက်နှင့် မရှိဘူး မလုပ်ချင်။ အစိုးရသားတို့ မျက်မှောက်မှာ ကြံဖန်၍ ဆင်းရဲဟန်မဆောင်ချင်။ ကိုယ့်မှာ ရှိ၍လည်း အစိုးရတို့မည်သည် လာလုမည် မဟုတ်။ အစိုးရသည် သူပုန်မဟုတ်။

ဒူဌာဝတီ ရေလျှံပြန်ပဟော ဆိုလျှင် ပထမဆုံး ရေအောက်သို့ ရောက်ရသည့်ရွာသည်နတက်။ မြစ်ကူးချောင်းခြားစွန့်စား၍ ပြေးရလွှားရသည်။ ဆုံးရ ရှုံးရသည်။ သို့သော် ပထမဆုံး အကယ်ဆယ် အထောက်အပံ့ ခံရသည်က ညောင်နီပင်နှင့် ညောင်ပင်စောက်။ပြီးတော့ တလင်းကြီး။ပြီးတော့မှမိကျောင်းတက်နှင့် နတက်။

ယာတို့လယ်တို့ ရေအောက်သို့ ရောက်ကုန်၍ ပျက်ရဆုံးရပြီဆိုတော့လည်း၊ ပျိုးတို့ မျိုးတို့က တော်တော်နှင့် မပေါ်လာ။ အဖေသည် သားသမီးတို့ကို ကြီးစဉ်ငယ်လိုက် ပြောင်းဖူးဖုတ်ဝေပေးသကဲ့သို့ဝေလေရာ၊သွားမစုံသေးသည့်အငယ်ဆုံးအတွက်နူသည့်အဖူးကို ရွေးနေသည်ကိုက အကြာကြီး ကြာတော့သည်။ အကြီးတို့အတွက် ကြူရာကောက်ထည့်လိုက်သည့်အဖူးတို့က ကျက်နေပြီ။ အဖေသည် အနုရွေး၍ မရသေး။

အဖေ့မျက်လုံးတို့ကလည်း ဆန်းတော့ဆန်းဘိသည်။အောက်သို့များ ငုံ့မကြည့်တတ်ပြီလော၊ မပြောတတ်။ အရပ်နိမ့်သည့်အကောင်ကို ခလုပ်တိုက်မိတော့မှပင် ဘယ်သူလဲမေးတတ်သည်။ သို့ဘည်းမဟုတ်၊ အဖေသည် အိုမင်းပြီ ထင်သည်။ မျက်စိပင်

မှုန်ပြီလော၊မပြောတတ်။ငယ်သည့်အကောင်ကိုကောင်းကောင်း မမြင်ချင်။

အခုန်တော့ နတက်သည် မငယ်။ နတက်သည် ကိုယ့်ခွန် ကိုယ့်အားကို ယုံကြည်သည်။အသင့်ဆိုင်တဆိုင် ကိုယ်ပိုင် ဖွဲ့စည်း ရမည်လော။ ဖွဲ့နိုင်သည်။

အမှန်တော့ နတက်သည် သတ္တိရှိသည်။ ဇွဲရှိသည်။ လုပ်နိုင် စွမ်းလည်းအပြည့်အဝရှိသည်ပင်။ထို့ကြောင့်လည်း နတက်သည် မြို့နယ်တနယ်လုံးတွင် ဥယျာဉ်ခြံသီးနှံ အထွက်ဆုံး ရွာအဖြစ် ရပ်တည်နိုင်ခဲ့သည်။

နတက်၏မြေသည် ကိုင်းမြေ။ ဘယ်ကဘာမြေဩဇာမှ ထည့် ပေးဘို့ မလိုဘဲ၊ သဘာဝက နှစ်စဉ် ပြင်ပေးသည်။ သို့တိုင် နွားချေး၊ ဗေဒါဆွေး၊ ကိုင်းပြောင်းပြာတို့ကို နတက်သားတို့က ထည့်ကြသည်။ ပြီးတော့ အချို့နေရာတို့မှာ မြေသည် အနည်း ငယ် ဖွယ်သည်ဟုထင်လျှင် ချောင်းကိုဖြတ်၍ မြေကို လှေနှင့် သယ်ကြသည်။ မြေချင်းရော၍ စေးစေ၏။သည်အထိ အားထုတ် လုပ်ကိုင်တတ်ကြသည်။

နတက်သားတို့ လုပ်ကြသည့် ကန်းဘက်မှမြေကလည်း ပိဘိ မြေဆွေးနှယ် မဲနက်လေ့ရှိသည်။ မြေသည် နဘက်အဖို့ဖြစ်သည်။ နုံးမြေပွကို လိုလျှင် နုံးမြေပွရှိသည်။ရွှံ့မြေစေးကို လိုလျှင်ရွှံ့ မြေစေးရှိသည်၊ ယုတ်စွအဆုံး သဲကိုလိုလျှင်လည်း ရနိုင်သည်။ သဲဆပ်ပြာကုန်းသည်ပင်လျှင် ရွာနှင့် တတိုင်ခရီး မရှိ။

ပြီတော့ နတတ်သားတို့သည် မနားကြ။

တော်သလင်းမှာ ဒုဋ္ဌာဝတီ လျှံတက်သည်ကို နတက်သား

တို့လည်း သိသည်ပင်။ တခါ တန်ဆောင်မုန်းမှာလည်း တကျော့ လျှံချင် လျှံတတ်သည်ကို နတက်သားတို့ သတိထားမိသည်။ သို့သော် ဆုံးမှာရှုံးမှာ စိုး၍ဖြင့် နတက်သားတို့သည် အလုပ် ရပ်၍ မစောင့်ကြ။ လုပ်စရာရှိသည်တို့ကို ရေမလျှံတတ်သည့် အရပ်မှာကဲ့သို့ မကြောင့်မကြ လုပ်ကြသည်။

ရေလျှံ၍ ဆုံးရှုံးရမည်ဆိုလျှင်လည်း မစောင့်ဘဲလုပ်ထား နှင့်တတ်သည့် နတက်သားတို့သာ အမှန်ဆုံးရှုံးရသည်။ သူများ တကာနှယ် ထယ်ရုံကလေး ထယ်၊ ထွန်ရုံကလေး ထွန်ထားပြီး အဆုံးရှုံးစာရင်း ပြကြသည်မဟုတ်။

အမှန်တော့လည်း သည်အစိုးရသည် သနားဘို့ကောင်းသည်။ ယခင့်ယခင်က အစိုးရများနှယ် လယ်သမားကို ဘာဖြစ်နေနေ ဂရုမစိုက်ဖဲ သံယောဇဉ်ဖြတ်လျှင်ကားအကြောင်းမဟုတ်။ သည် အစိုးရက လယ်သမားကို ကူညီဘို့ အားထုတ်သည်။ လယ်သမား ကို တကယ်ပြန်ကြည့်သည်။

သည်အစိုးရမျိုးကိုတော့ လယ်သမားသည် ပြန်၍မညာသင့်။

သို့သော် သည်အစိုးရသည်လည်း မညာတတ်သော နတက် ကိုတော့ အကောင်းမမြင်။ နတက် ဘယ်သို့ စည်းရုံးသည်၊ နတက်ဘယ်သို့အားထုတ်သည်၊ နတက်ဘယ်သို့ အလုပ်လုပ်သည် ကို အသိအမှတ်မပြုချင်။

သည်တော့ နတက်သည်လည်း ကိုယ့်ခြေထောက် ပေါ် ကိုယ်ရပ်နိုင်ပါလျက်ကယ်နှင့် တလင်းကြီး၏ လက်ဝေခံ ဖြစ်ရ

သည်။ တလင်းကြီး၊ ညောင်နီပင်၊ ညောင်ပင်စောက် တို့၏ လက်ကြားယိုကိုသာ ရရှိသည်။

ဤသည်ကို ချစ်မျှားက မခံချင်။

ချစ်မျှားသာ မဟုတ်။ နတက်တရွာလုံးကလည်း မခံချင်။

သို့သော် မခံချင်လည်း ဘာမျှမတတ်နိုင်။ ဖွဲ့ထားသည့် ပုံကိုက သည်နှယ်ဖွဲ့ထားတော့ ခက်နေသည်။ ဘယ်သူ့ကိုပြောပြ ရမည်လည်းမသိ။ ဘယ်သူက ပြင်ပေးနိုင်သည် ဆိုသည်ကိုလည်း မသိ။ ဘယ်တော့ပြင်ပေးမည် ဆိုသည်ကိုလည်း မသိ။

ချစ်မျှားသည် နေလုံးပျောက်ခါနီးတော့မှ ရွာသို့ပြန်ရောက် ၍လာသည်။ မနက်ဆွမ်းခံပြန်ချိန်ကတည်းက လှည်းက၍ ထွက် သွားခြင်းဖြစ်၏။ ချစ်မျှားလည်းပါသည်။ ဘိုးလည်းပါသည်။ ကိုရင်အောင်ဘလည်း လိုက်သွားသည်။

သိပ်တော့မဆန်း။ ဘာမှ မယ်မယ်ရရ ရလာမည်မဟုတ် ကြောင်း အစကတည်းက သိထားကြ၍လည်း သူတို့ကိုဘယ်သူ ကမှ မမျှော်ကြ။ တခုတော့ရှိသည်။ သည်နှစ်အစိုးရ၏ စပါး အဝယ်ဒိုင်များမှာ ကုန်သွယ်ရေးက ဆိုင်ဖွင့် မရောင်းတော့။ ထို့ကြောင့် ကောက်ကြီးတက် ဝယ်ဘို့ခြမ်းဘို့အတွက် အသင်း ဆိုင်များသို့ ချပေးလေမည်လောဟု ချစ်မျှားတို့ မျှော်လင့်ခဲ့ကြ သည်။ ပုဆိုးကလေးများ၊ တဘက်ကလေးများလည်း ပါလာ တန်ကောင်းရဲ့ အောက်မေ့ခဲ့ကြသည်။ မိန်းမသုံးအထည်ကလေး ကအစ အပ်ချည်လုံးကလေး အဆုံး မရသည်မှာ ကြာပြီဖြစ်၍ လည်း ရချင်မိကြသည်။

(တတိယအကြိမ်)

## (၄၂) မောင်သာရရဲ့ စီးပလေစေ မောင်မသုတ်နဲ့.

သို့သော် စကား များခဲ့ကြရသည်ကတော့ ရေနံဆီမီးအိမ်ကိုစွတည်း။

ဖလ်မီးအိမ် အကြီးက အလုံးခြောက်ဆယ် ရထားသည်၊ အငယ်က နှစ်ဆယ့်လေးလုံးပါသည်ဟု ဆိုသည်။ ခွဲတမ်းချလိုက်တော့ နတက်အတွက် အကြီးရှစ်လုံးနှင့် အငယ်နှစ်လုံးဘဲရသည်ဟု ဆိုသည်။ အိမ်ထောင်စုနှင့်စား၍ အချိုးကျ ဝေသည်ဟု ပြောသည်။ တွက်လိုက်သည့် ဂဏန်းကလည်း ခဲတံသမားပင် နှစ်ကြိမ် ချွန်၍ယူရသည်၊ ချစ်မျှားနားမလည်။ လူလည်ဆိုပြီး ထည့်လိုက်သည့် ငဘိုကလည်း သူတို့တွက်ပြသည်ကို ခေါင်းတညိတ်ညိတ်။ ကိုရင်အောင်ဘ တယောက်ကဘဲ လူကြီးနေရာက နေ၍ မျှမျှတတ ဝေကြခြမ်းကြဘို့ သတိပေးဖြစ်သည်။

မကျေနပ်။ သူတို့ကဲ့သို့ ဂဏန်းလည်း တွက်မပြတတ်၊ ပြောလည်း မပြောတတ်၍သာ လက်ခံလိုက်ရသည်။ စိုးစဉ်းမျှ မကျေနပ်။

ချစ်မျှားသည် ပြန်ခါနီးတော့ အသင်းဥက္ကဋ္ဌလုပ်သူကိုမကျေနပ်ကြောင်း ဒ့်ဒိုးကြီးဖွင့်ပြောသည်။ သည်တော့ တလင်းကြီးသားတိုက....'မီးခွက်ဆယ်လုံးဆို မင်းတို့နတက်တရွာလုံးလင်းပါပြီကွာ'....ဟု မခံချိမခံသာ ပြန်ဖြေသည်။ပြီးတော့ရယ်ကြသည်။

ချစ်မျှားသည် လူကြီးလည်း မလုပ်ချင်တော့။ လူကြီးလုပ်နေရသည့်အတွက် အင်မတန် ပင်ပန်းသည်။ လူပင်ပန်းသည်က အကြောင်းမဟုတ်။ စိတ်ပင်ပန်းရသည်။ သည်အချိန်မှာလူကြီးတယောက်သာ မဟုတ်လျှင် တလင်းကြီးသားထဲက အနည်းဆုံး နှစ်ယောက်တော့ သေလိမ့်မည် ထင်သည်။

ခပ်ငယ်ငယ်က စိတ်မျိုးနှင့်သာ ဆိုလျှင်တော့ သည်နေရာမှာ ဒုတ်တပြက်ဒါးတပြက်ဖြစ်ကြမည်။

ယခုတော့ အသက်ကလည်း လေးဆယ်ချဉ်းလာပြီ။သားနှင့်မယားနှင့်လည်းဖြစ်နေပြီ။ သည်အထဲမှာ ကျေးရွာကော်မီတီဥက္ကဋ္ဌကလည်းဖြစ်နေသည်။ သည်တော့ တတ်နိုင်သမျှ စိတ်ကိုထိန်းရသည်။ စိတ်ကိုချုပ်ရသည်။ လူကြီးတယောက်လုပ်နေပြီးနေရာတကာရန်ချည့်ဖြစ်နေ၍မသင့်။ ကိစ္စခပ်သိမ်း ဒေါသရှေ့ထားပြီး ဖြေရှင်းခြင်းငှာမထိုက်။

အမှန်ပြောရလျှင် ချစ်မျှားလူကြီးမလုပ်ချင်။ စင်စစ်လူကြီးလည်း မလုပ်တတ်။ လူကြီးတယောက်၏ ကြန့်အင်လက္ခဏာမျိုး အရည်အချင်းမျိုးလည်း ချစ်မျှား၌ ရှိလိမ့်အံ့မထင်။သို့စဉ်လျက် ချစ်မျှားသည် လူကြီးဖြစ်၍နေရသည်။ အကြောင်းတော့ရှိ၏။ ချစ်မျှားသည် သတ္တိလည်း ရှိသည်။ ဘယ်သူ့ မျက်နှာကိုမှ မထောက်ဖဲလည်း မှန်သည်ထင်လျှင် ပြောရဲဆိုရဲသည်။ လုပ်ရဲကိုင်ရဲသည်။ပြီးတော့ ချစ်မျှားမှာ နတက်စိတ်ရှိသည်။နတက်ကို ထိလာလျှင် မခံတတ်။ နတက်အတွက်ဆိုလျှင် ဘာမဆိုလုပ်ရဲသည်။ နောက် နတက်တရွာလုံး၊ အရှေ့ခြမ်းကရော အနောက်ခြမ်းကပါ ချစ်မျှားကို ယုံကြည်သည်။

ချစ်မျှားမှာ ရာဇဝင်ကလည်း ရှိခဲ့သည်။ ငယ်ကတည်းက ချစ်မျှားသည် ပေါ့ပေါ့ဆဆ မနေခဲ့။ ပြက်ပြက် ချော်ချော် မပြောမဆိုခဲ့။ ငယ်စဉ်က ချစ်မျှားသည် တည်သည်။မိုက်သည်။ ချစ်မျှား၏ မိဘကိုယ်တိုင်က သူတို့သားသည် ကြီးလာလျှင်

ဘုန်းကြီးသော်၎င်း၊ လူဆိုးသော်၎င်း ဖြစ်လိမ့်မည်ဟု နိမိတ်ဖတ်ခဲ့သည်။

ထုံးစံ အတိုင်း တယောက်ထဲသောသား မောင်ချစ်မျှားကလေးကိုလည်း သူ့မိဘကရွာ့တောင်ဘက်ကျောင်းမှာလှူခဲ့သည်။ သင်္ကန်းဝတ်၍ပေးခဲ့သည်။ထိုစဉ်က ဆရာတော် ဦးစန္ဒောဘာသသည် ရွာ၏တပါးထဲသော ကိုးကွယ်ရာဖြစ်ခဲ့၏။ ထိုဆရာတော်က ချစ်မျှားကို လက်ဖျားခါခဲ့သည်။ သင်္ကန်းတောင်းမှအစ မင်္ဂလသုတ်အထိ အသင်ရတတ်လွယ်၍ ကျေနပ်သည်ကတဖက်၊မျောက်ကဲ့သို့ ဆော့လွန်း၍ပညာမရသည်က တဖက်နှင့်၊နောက်ဆုံးမှာတော့ ကိုရင်ကောသလ္လသာ သည်နှစ်ဝါဆိုမည်ဆိုလျှင် သူတောထွက်မည်ဟု ညည်းယူရသည်အထိ ဖြစ်ခဲ့သည်။

သို့သော် ထိုချစ်မျှားသည် ကြီးပြင်းလာခဲ့သော အခါ၌ဘုန်းကြီးလည်းဖြစ်မလာ။ လူဆိုးသူခိုးလည်း ဖြစ်မသွား။ရပ်ရွာအကျိုးကို သယ်ပိုးသည့် ဥက္ကဋ္ဌပင်လျှင် ဖြစ်လာခဲ့လေပြီ။

တွေးမိပြန်တော့လည်း သည်သို့ လူကြီးမဖြစ်နိုင်ဟု အယူဆခံထားရသူက လူကြီးဖြစ်လာရသည့်အတွက် ချစ်မျှားကျေနပ်သည်။လူမိုက်မဖြစ်ဖဲ လူလိမ္မာ ဖြစ်လာခဲ့သည့်အတွက် ချစ်မျှာဂုဏ်ယူသည်။

သို့သော် ရပ်ကိစ္စ ရွာ့ကိစ္စကိုဆောင်ရွက်ရာ၌ သည်သို့အနိုင်ကျင့်ခံရပြီ ဆိုတော့လည်း ငယ်စိတ်ငယ်ဉာဉ်က ပြန်၍ပေါ်ချ

သည်။ နွတ်နှင့် ဖြေရှင်းနေရသည်ကို အားမရ။ လက်နှင့်ပါ ဖြေရှင်းပစ်လိုက်ချင်မိသည်။

ချစ်မျှားသည် ကိုရင်အောင်ဘ၏ မျက်နှာကိုကြည့်၍၊စိတ်ကို ထိန်းပြန်ခဲ့ရသည်။ လမ်းမှာလည်း တောက်တခေါက်ခေါက်နှင့် ဒေါသအိုး ပေါက်ကွဲလာခဲ့သည်။

ရွာသို့ ပြန်ရောက်တော့ လူကြီးပိုင်းက မေးကြမြန်းကြသည်။ ဝမ်းသာစရာ ရှိလျှင်လည်း ဝမ်းသာချင်ကြ၏။ ကိုယ်ရသည် မရသည် အပထား၊ ကိုယ့်ရွာက ဘာများရလာခဲ့ပါလိမ့်ဆိုသည် ကို သိချင်ကြည့်ချင်တတ်ကြသည်။

သည်တွင် မျိုသိပ်ထားခဲ့သရမျှ ချစ်မျှား ပေါက်ကွဲရတော့ သည်။

'ကန်တော့ ပါရဲ့ဗျာ၊ သည်×ခွေးမသားတွေ လူပါးကို ဝတယ်'

ချစ်မျှား စတော့သည်။ ချစ်မျှားက အကျိုး အကြောင်းကို ပြောပြ၏။ အဖြစ်အပျက်ကို ရှင်းပြသည်။

သည်တော့လည်း မီးလောင်ရာလေပင့်၊ချစ်မျှားနှင့် သဘော မတူသူ တယောက်မျှ မရှိ။ တစိတ်ထဲတဝမ်းထဲ ရှိကြသည်။

'ပြီးတော့ ကျုပ်တို့ကို ပြောလိုက်သေး၊ မီးအိမ်ဆယ်လုံးဆို ကျုပ်တို့တရွာလုံး လင်းသတဲ့၊ အဲဒါကြောင့် ကျုပ် ခဏခဏ ပြောတာ၊ ကြိုးစားကြစမ်းပါလို့၊ ရွာကို ပိုပြီး စည်ပင်အောင် လုပ်ကြစမ်းပါလို့'

(၄၆) မောင်သာရရဲ့ စီးပလေ့စေ မောင်မသုတ်နဲ့

'ချစ်မျှား၊ မင်းကိုတခုတော့ ငါသတိပေးအုံးမယ်၊ ခု မင်း ပြောတဲ့စကားတွေကိုတော့ လူငယ်ပိုင်း မပေါက်ကြားလိုက်ပါနဲ့ ကွာ၊နော်၊နော့မို့ဆို အကုန်ဒုက္ခရောက်ကုန်မယ်၊ လူငယ်ပိုင်းက စိတ်ကလဲထက်ပါတိသနဲ့၊မတော် ရှာချင်းရိုက်နေရရင်မကောင်း ဘူးဟ'

'အို ဘကြီးသက်ကလဲ ကြောက်တတ်ရန်ကောဗျာ၊ ရိုက်ရ ရိုက်ရစမ်းပါစေ၊ နတက်အကြောင်း သိသွားမယ်'

'မင့်မအေကလွှား ကြောက်လို့ ပြောရမှာလားကွ၊ ငါက မဖြစ်သင့်တာတွေ မဖြစ်အောင် သတိုထားဘို့ ပြောတာ၊တရွာနဲ့ တရွာဆိုတာ မချစ်တောင် လူချင်း ကြည့်မရအောင် မမုန်း ကောင်-ဘူး ငဘို'

'ဘကြီးသက်ပြောတာလဲ ဟုတ်တော့ဟုတ်ပါရဲ့၊ ဒါပေမယ့် ကျုပ်တို့အနေနဲ့ လူငယ်ပိုင်းကိုအကုန်အသိမပေးဘူးဆိုတာတော့ မဟုတ်ဖူး ထင်တယ်'

'ဟုတ်တယ် ချစ်မျှား၊ မင်းတို့ငါတို့အနေနဲ့ကတော့ လူငယ် ပိုင်းကိုလဲပြောတော့ ပြောပြထားရမှာဘဲကွ၊ အရေးအကြောင်း ကျတော့မှသူတို့ကိုဖွင့်ပြောရင် အစတုန်းက ဘာဖြစ်လို့ ဖုံးထား ကြတာလဲဆိုရင် ဒို့မှာကအခက်၊ ပြီးတော့ လူငယ်ပိုင်းဆိုတာက တလင်းကြီးဘက်လဲ့ ရောက်နေကြတာ မဟုတ်လား'

'ငါပြောတာ အဲဒါပေါ့ ငဘိုရ၊ တရွာနဲ့တရွာက ကင်းလဲ့ ကင်းနိုင်ကြတာ မဟုတ်ဖူးလေကွာ၊ ချစ်မျှားဘဲ ကြည့်လေ၊ သည်ကောင့်မိန်းမ ဘယ်ကလဲ၊ ဒို့ရွာကမှ မဟုတ်ဖဲ'

'ဟာ ဒါလောက်လဲ မဟုတ်သေးပါဘူး၊ မင်းတို့ ဥစ္စာက အမှိုက်ကစ ပြသာဒ်မီးလောင် လုပ်မနေကြစမ်းပါနဲ့'

'မဟုတ်ဖူး ကိုရွှေအို၊ သည်ကောင်တွေမှာက ရှာကြီးသား ဆိုပြီး အနိုင်ကျင့်ချင်တဲ့စိတ်ကို ရှိနေတာ၊အဲဒါကိုတော့ကျုပ်တို့ ဆက်သည်းခံနေမယ်ဆိုရင် ကြာလေ ရောင့်တက်လာလေဖြစ်မှာ ဘဲ၊ ကျုပ်ကတောင် လမ်းတုန်းက စဉ်းစားမိသေးတယ်၊ ကျုပ် ထက် သတ္တိရှိတဲ့လူ ပြောနိုင်ဆိုနိုင်တဲ့လူ ဆိုပါတော့ တယောက် ယောက်ကိုများ ဥက္ကဋ္ဌပြောင်းလုပ်ခိုင်းရရင်ကောင်းမလားလို့'

'အေးအေးနေစမ်းပါ ချစ်မျှားရာ၊ပြီးတော့ဘဲ မင်းတို့မြို့လေး ဘာလေး ရောက်တဲ့အခါကျရင် နလကတို့ အစိုးရပိုင်းတို့ကိုလဲ စုံစမ်းကြည့်ပါအုံး၊ ပြောလဲပြမှပေါ့၊ ငါ့အထင်တော့ သူတို့ အထက်က သည်ကိစ္စတွေကို သိပ်သိပုံမရဘူး။အဲဒါ....'

'အရင်တခေါက်က ကျုပ် ပါတီဆိုတာကို ရောက်လို့ တောင် ပြောပြသေးတာဘဲ၊ သူတို့ကိုယ်တိုင်က သူတို့မပိုင်ဘူးပြောလိုက် တာဘဲ၊ နလက-ကမှ ပိုင်တာတဲ့၊ နလက ကျတော့လဲ ကျုပ်တို့ မဝင်ရဲဘူးဗျ၊ မေးလို့မရ မြန်းလို့မရနဲ့ဟာ'

'ဟိုကောင် ဂျပန်ကော၊ သည်ကောင် ရှစ်စပ်ကလည်နေတဲ့ ကောင်ဘဲ'

'အိုး ကျုပ်ကတော့ ဘာမို့လဲ ဘကြီးသက်ရ'

'သိဘူးလေကွာ၊ မင်းများ ဝင်ဘူးထွက်ဖူး ရှိသလားလို့ ပြောရတာ'

အဲဒါ ဘကြီးသက်တို့ ခေတ်မမှီဘူးပြောတာပေါ့၊ ပါတီဆိုတာက ကျုပ်တို့သွားရင် ကြိုက်တယ်ဗျ၊ အရေးစာယူလဲရှိတယ်ဗျ၊ နလက ဆိုတာကျတော့ လူကြီးလုပ်တဲ့လူနဲ့ မတွေ့ရခင်ကို ဟိုကဟောက် သည်ကဟောက်နဲ့'

'ဟုတ်တယ်၊ ဂျပန်ပြောတာ အမှန်တရားဘဲ'

## ( ၄ )

ဆံပင်ကလည်း ရှည် မရှည်နိုင်။

ကြေိုန်သည် စိတ်မရှည်တော့သည်နှင့် ဝါးဘီးကျိုးကိုဆောင့်၍ ပေါက်လိုက်သည်။ တော် တော်ပေသေးတော့၏။ နောက်ထပ် ထပ်မကျိုး။

မှန်သည်။ ကြေိုန် စိတ်ပျက်မည် ဆိုလျှင်လည်း ပျက်ထိုက်သည်။ ကြေိုန် အုပ်လုံးသိမ်းခဲ့သည်မှာ သည်နှစ်ပျိုးကြဲခါစကဖြစ်သည်။ ယခုဆိုလျှင် ကောက်ကြီးပင်တက်ပြီ။ သို့တိုင်ဆံရစ်ဝိုင်းရာသည် ကောင်းစွာ မပျောက်ချင်သေး။ ဖိုး၍ဖုံးသော်လည်း မရချင်သေး။ ပြီးတော့ ဆံပင်သည် နောက်သို့ ချရာ၌ကောင်းစွာ မချပ်ချင်သေး။

## (၅၀) မောင်သာရရဲ့ စီးပလေစေ မောင်မသုတ်နဲ့

ဆံတောက်တို့သည် နားအောက်သို့မျှ ရောက်ကြပြီ။ ပခုံးသို့လည်း ထောက်မိကြလုပြီ။ နား၏နောက်မှ သွယ်လျောက် ဖြေချ၍ လှပြီဟုလည်းဆိုနိုင်ပြီ။သို့တိုင် ငယ်ထိပ်တည့်တည့်မှ ဆံရစ်ဝိုင်းရာသည် ဘီးငယ်စိုက်ထားသကဲ့သို့ အရာကလေးရေးရေးမျှ ထင်ဆဲ။

အုန်းဆီ လိမ်းပေးမှ ဆံပင်သန်မည်၊ ဆံပင်သန်မှဆံရစ်ဝိုင်းရာ ပျောက်မည်ဟု ပြောကြသဖြင့်လည်း ကြေိုန်သည် အုန်းဆီကို ရွှဲနေအောင် လိမ်းလေ့ရှိခဲ့သည်။ သည်ယနေ့လည်း နေပူလှမ်းထားရာမှ မပျော့တပျော့ကို အခဲလိုက် လက်ညှိုးနှင့်ကလော် ယူလိုက်သည်။ အုန်းဆီ ပုလင်းထဲ ထည့်ထားသည့် လက်ချုပ်တွင်တို့ မစူးမိစိမ့်သော်ငှာလည်း သတိနှင့် နှိုက်ရသည်။ ကြေိုန်သည် အုန်းဆီခဲဖြူဖြူကို လက်ဝါးတဖက်ပေါ်သို့ ပထမတင်လိုက်သည်။ များပြီဆိုမှ လက်ဝါးချင်းအပ်၍ ပွတ်ချေကာ ဆံပင်အနှံ့လျှောက်သပ်သည်။ ဆံပင်တို့သည် ဆီဝ၍ တောက်ပလာကြ၏။

ဆံပင်တို့က နက်လည်း နက်ဘိသည်။နက်သည်မှကျီးတောင်တမျှ ပြောင်ပြီးတော့ နက်ကြ၏။သို့သော် သန်ကားမသန်လှ။ ဆံရစ်ဝိုင်းရာလည်း မပျောက်။ ဦးရေခွ ညိုညိုသည် ဆီရွှဲရွှဲနှင့် ဆိုတော့ ငချိတ်ပေါင်းထဲက စပါးလုံးကဲ့သို့ ထင်းနေသည်။

ဤသည်က မလှ။ မလှ၍လည်း ကြေိုန်သည် ကြိုးစား၍ ဖုံး၏။ ကြိုးစား၍ ဖိ၏။ ကြိုးစား၍ ဖျောက်၏။

သို့သော် မအောင်မြင်။

ကြေိုန်သည် မှန်ရှေ့၌ ထမီရင်လျားနှင့် ထိုင်ပြင်နေမိ သည်မှာပင် အတန်မျှကြာပြီ။ အထဲမှာ ချွေးခံအင်္ကျီ ဝတ်ထား သေးပေမည့်၊ လွတ်နေသည် ပခုံးသားတို့မှာ အေးလာသည်။ ကျောထဲက တစိမ့်စိမ့်ဖြစ်လာသည်။ထို့ကြောင့်လည်းကြေိုန်စိတ် မရှည်ချင်တော့။ စိတ်ပျက်မိသည်နှင့် ဘီးကိုဆောင့်၍ ပေါက် ချပစ်လိုက်သည်။

သနပ်ခါး လိမ်းရသည်ကတော့ အဆင်ပြေသည်။ အနည်း ငယ် ဝါစိမ့်သောင်္ဂါလည်း သီးခေါက်ကိုပင် တမင် သုံးလေး ငါးချက် ရေ၍သွေးခဲ့၏။ ပြီး မျက်နှာကို အညီပွတ်လိုက် သည်။

နောက် အဆင့်သင့်ခူးထားသည့် ဩဇာရွက်ငယ်ငယ် နှစ် ရွက်၏ ကျောဘက်မှာလည်း သနပ်ခါးကို ပေထူထူလိမ်း၍ တင်လိုက်သည်။ ပြီး ချောက်စပြုနေသော ပါးနှစ်ဖက်ပေါ်သို့ ဩဇာရွက် တရွက်စီကို သနပ်ခါးဘက်မှ ဖိ၍ကပ်လိုက်၏။ ပါးနှစ်ဖက်ကို လက်ဝါးနှစ်ဖက်နှင့် အတန်ကြာမျှ ဖိထား၍ လည်း၊ မှန်ထဲမှ ကိုယ့်မျက်နှာကို ကိုယ်ပြန်၍ပြောင်ပြသည်။

ပသို့ဆိုစေ မဆိုး။ အရုပ်မဆိုး။ သည်မျက်နှာကို အရုပ်ဆိုး သည်ဟု မဆိုသာ။

ကိုယ့်ဖာသာကိုယ် လှသည်ဟု ပြန်မှတ်ချက်ချ၍၊ ကြေိုန် သည် ပြုံးသည်။ ထို့နောက် ဖိထားသော လက်ဝါးနှစ်ဖက်ကို လွှတ်လိုက်သည်။ ဩဇာရွက်တို့သည် ကပ်မြဲကပ်နေရစ်ကြသည်။

သည်အချိန်တွင် လည်ပင်းနှင့် လက်တို့ကို ကြေိုန်လိမ်းပြန် သည်။

## (၅၂) မောင်သာရရဲ့ စီးပလေစေ မောင်မသုတ်နဲ့

ပြီးတော့မှ ကပ်နေသည့် သြဇာရွက်တို့ကို အသာ ရွရွ ကလေးပြန်ဆွဲ၍ ခွာလိုက်သည်။ ပါးနှစ်ဖက်ပေါ်၌ သြဇာရွက်အရာ သနပ်ခါးတူထူသည် တင်၍ ကျန်ရစ်ခဲ့တော့၏။ သြဇာရွက်၏ အကြောရာတို့သည်လည်း အထင်သား ကျန်ရစ်သည်။

ပါးကွက်ကို ရိုးရိုးပါးကွက် တင်၊ ပြီးတော့မှ ဘီးနှင့် ဆွဲ၍ အရာပေး၊ သည်ပါးကွက်မျိုးက ကြောင်နဲ့တို့ ခေတ်မှာတော့ ရိုးပြီ။ ကိုယ်ကြိုက်သည့်ပုံ ကိုယ်လုပ်သည့်ခေတ်သို့ ရောက်လာပြီ။ သြဇာရွက်ပုံကို ကြိုက်လျှင် သြဇာရွက်ကို ယူနိုင်သည်။ မန်းသုံးခွရွက်ကို ပုံယူ၍ ပါးကွက်တင်လိုကလည်း တင်နိုင်သည်၊ ကြံကြံဖန်ဖန် ချဉ်ပေါင် လက်ခြားကိုမှ ပုံယူ၍ တင်ကြသူတို့လည်း ရှိတတ်သည်။ အများကတော့ ခပ်စိုင်းစိုင်း ချဉ်ပေါင်ခါးရွက်ကို ကြိုက်ကြသည်။ ပုံက ဝိုင်းသည်ဆိုတော့ ယခင်ကနှင့်လည်း သိပ်မကွာ။ ဆန်းရာ၌ ခေတ်ရှေ့သို့လည်း သိပ်မပြေး၊ အနားကပ်မှာသာ အတွန့်ပါ၍ ရှေးကပါးကွက်နှင့် သိပ်မခြားနား၊ ထို့ကြောင့်လည်း ဟိုင်းပြီ ဆိုနိုင်သည့် မခင်ငြိမ့်တို့၊ သားသည်အမေ မချိချိတို့၊ အိမ်ထောင်သည် မကံရှိတို့သည် ပင်လျှင် ချဉ်ပေါင်ခါးရွက် ပါးကွက်ကိုတော့ လုပ်လာဝံ့ကြသည်။

ကြောင်အဖို့ရာကတော့ သြဇာရွက်ကို ပိုကြိုက်သည်။ သြဇာရွက်ပုံကမှ ကြောင်၏ မျက်နှာနှင့် ပိုလိုက်သည်။ ကြောင်က သူများနှင့်မတူ။ ပါးစို့ကလေးနှစ်ဖက်က အလိုလို့ကို ဖောင်း

နေသည်။ သည်တော့ နည်းနည်းလျှော့သည့် အရွက်နှင့် ပုံယူမှ တော့ကာကျတော့သည်။

ဩဇာရွက် ဆိုပေမည့်လည်း ရှိရှိသမျှ ဩဇာရွက်တိုင်းကို တော့ ကြိုက်သဘောမကျ။ နည်းနည်းငယ်သည့်အရွက်၊ အဖြန့် ရလွယ်သည့် အရွက်နု၊ သည်အရွက်မျိုးကိုမှ ကြိုက်ကြိုက်တတ် သည်။

စင်စစ် ဩဇာရွက်သည် ကြိုက်အကြိုက်ဆုံး အရွက်ဖြစ်လာခဲ့ သည်မှာပင် ကြာပြီ။ ထို့ကြောင့်လည်း ဩဇာရွက် ပါး ကွက်တင်ရာ ပြင်ရာ၌ ကြိုက်အဖို့ မပင်ပန်းတော့။ အရွက်၏ အနေအထားချင်း မတူသဖြင့်လည်း မျက်နှာပြန်သစ်၊ပြန်လိမ်း၊ ပြန်တင်ရသည် မရှိတော့၊ ခူးထားကတည်းကလည်း ဩဇာရွက် ချင်းက ရွယ်တူသည်။ ပါး၌ ကပ်ပြန်တော့လည်း လက်ဝဲနှင့် လက်ျာ အချချင်းအကျချင်း ညီညာသည်။ တကြိမ်ထဲနှင့်ပင် အပြီးသပ်တော့သည်။

သို့သော် ဆံပင်ကမူစိတ်မရှည်နိုင်တော့။ ဘယ်သို့ပင် ဖ ီးဖ ီး စိတ်တိုင်းကျ မဖြစ်လှာ။

ထုံးပြန်တော့လည်း ဗျာပါဆံက သိမ်းမမိ။ ထုံး၍ရသည့် ဆံပင်တို့ချည့်ကလည်း အထုံးမလှ။ မနည်းတော့ဘူးဆိုသည့်တိုင် နည်းသေးသည်။ မကြာမကြာ ပြေတတ်သည်။

ကြိုက်သည် ဆံပင်အမြန်သန်ဆေး၊ ဆံပင်အမြန်ရှည်ဆေး စသည်တို့များ အလွယ်တကူ ဝယ်ယူ၍ရမည် ဆိုလျှင်တော့ ဘယ်မျှ ပေးရပေးရ ဝယ်သောက်ပစ်လိုက်ချင်မိသည်။ အပင် သန်ဘို့ နွားချေးတို့ မြေဆွေးတို့ ပြာတို့ချရသည်၊ နောက်ဆုံး

ခါတ်မြေသြဇာ ထည့်ရသည်ဟုဆို၏။ ဆံပင်သန်ဘို့ အတွက်မူ ဘာချ၍ ဘာထည့်ရမည်နည်း။

ဦးရေခွံကို ဆန်ဆေးရည် ဒုတိယရေနှင့် ဆွတ်ရသည်ဟု ဆိုကြသဖြင့်လည်း ဆောင်းရက်များမှအပ နေ့စဉ် ဆွတ်ခဲ့ပြီ၊ ထောရပတ်ရွက်နှင့် တရော်ကိုရော၍ ခေါင်းလျှော်ရသည်ဟု ပြောကြသဖြင့်လည်း တပတ်တခါခန့် လျှော်ခဲ့ပြီ၊ သို့သော် ထူးထူးခြားခြားကား သန်မလာ၊ ရံဖန်ရံခါ နှာစေးရသည်၊ ရံဖန်ရံခါ အင်ပြင်ထလာရသည်သာ အဖတ်တင်တတ်သည်။

သည်တော့လည်း ကြိန်စိတ်ပျက်ရတော့သည်။

ကြိန်သည် ဘီးကို ပြန်၍ကောက်ပြန်သည်။

မဖြစ်၊ သည့်အတိုင်း ဆံပင်ဖားလျားနှင့် သွား၍လည်း မဖြစ်၊ မိရှိတို့က ဖနောင့်က မြေမှုန့်ကိုယူ၍ နဖူးမှာ ကပ်ပြကြတော့မည်၊ သရဲဆိုပြီး နောက်ပြောင်ကြရော့မည်။

ပြီးတော့ ဘကြီးအိမ်က အကြောင်းမဟုတ်၊ သူ့မြေးချွေးမ မကံရှိက အယူသည်းပါဘိသနှင့်၊ သူ့အိမ်သို့ ဆံပင်ဖားလျားနှင့် လာသည်ကို ကြိုက်လိမ့်မည် မထင်။

မကံရှိ အယူသည်းသည် ကလည်း စင်စစ် သည်းထိုက်သည်။ သူ့မှာ ကလေးသုံးယောက်မျှပင်လျှင် မွေးခဲ့သည်။ ပင်ပင်ပန်းပန်း ကိုယ်ဝန်လည်း သုံးခါဆောင်ခဲ့သည်။ သို့တိုင် ကလေးတယောက်မျှ အသက်မတင်ခဲ့၊ မမွေးခင်ကမူ မပျက်ဘဲ၊ မွေးပြီးမှချည့် ဆုံးခဲ့သည်။ ဘီလူးက စားပစ်သည်ဟု သူထင်၏။

ထို့ကြောင့်လည်း မကံရှိ ကိုယ်ဝန်တကြိမ် ရှိလာပြီဆိုလျှင် ကြိုကြိုတင်တင် ခေါစာပစ်ရ၊ ယတြာချေရသည်ကိုက

အမော၊ ရွာမှာ ဘုန်းကြီး မရှိတော့၍၊ နောက်ဆုံးမွေးသည့် ကလေးမှာကျတော့ အိမ်သို့ ဆွမ်းစားပင့်ပြီး ပရိမရွတ်နိုင်တော့ ထို့ကြောင့်လည်း သည်နောက်ဆုံးကလေးသည်သူ့ရှေ့က နှစ်ယောက်ထက်ပို၍အသေစောရသည်ဟု မကံရှိယုံပြန်သည်။

သည်ကနေ့ မကံရှိတို့အိမ်မှာ အလုပ်လုပ်ရမည်၊ ရိုက်ဖတ်ရိုက် ငှားထားဘည်။

သည်နှစ်သည် ကြိုန်အဖို့ အလုပ် စလုပ်သောနှစ်ဖြစ်သည်၊ သည့်အရင်မှာတော့ ပဲရိတ်ပဲနုတ်၊ ပဲသင်ပဲခွာ၊ နှမ်းခါဝါဆွတ်၊ဆန်ဖွတ်ဆန်ပြာ စသည်ဖြင့် တောက်တိုမယ်ရသာ လုပ်ကိုင်ခဲ့ရသည်။ သူများအလုပ်ထက် ကိုယ့်အိမ်က အလုပ်ကိုသာ များသောအားဖြင့် လုပ်ခွင့်ရခဲ့သည်။ သို့သော် သည်နှစ်မှာ ကြိုန်ကောက်စိုက်လည်းလိုက်ခဲ့သည်။

အမှန်တော့ သည်နှစ်မှ ကြိုန်လူရာဝင်သည်။

လူကောင်ကလည်း မနည်းထွားလာသည်၊ ခေါင်းစွပ်ရှင်မြီး အင်္ကျီနှင့်ချည့် နေ၍ မသင့်လျော်တော့ သဖြင့်လည်း အပေါ်ကတထပ် ထပ်ဝတ်ခဲ့ရပြီ၊ အရပ်ကလည်း ယောကျ်ားနှမ်း၊ မိန်းမထန်းဆိုသကဲ့သို့ ရွယ်တူ ကစားဘော် ကစားဘက် ယောကျ်ား ကလေးများထက်ပင် ရှည်ထွက်၍လာပြီ၊ ထို့ပြင် ကြိုန် ကိုယ်တိုင်ကလည်း သူ့စိတ်နှင့်သူ အကစားလျော့လာသည်။

သည်နှစ် ကြိုန်သည် နေ့ခင်းဆိုလျှင် မဆော့တော့၊ လသာသည့်ညများမှာသာ ကြိုန်ဆင်းဆော့ချင် ဆော့တတ်သည်။ များသောအားဖြင့်လည်း ကြိုန်သည် ကိုယ့်ထက်ငယ်

သော ကလေးများကို ခပ်ခွာခွာနေလာသည်။ကိုယ့်ထက် ကြီး
သော မိန်းမပျိုများနှင့်သာ ရောရှက်နေတတ်သည်။

သည်တွင် ကောက်စိုက်သမခေါင်း မပန်းအိက ကြိန်
ကို စာရင်းမှတ်လိုက်သည်။

ရွာမှာတွင် မွေး၍။ ရွာမှာတွင် ကြီးပြင်းလာခဲ့သည် ဆို
တော့လည်း ကြိန်အဖို့ ကောက်စိုက် အလုပ်သည် မခက်ခဲ
အထူးတလည်လည်း သင်မနေခဲ့ရ၊ ဆင်းစိုက်လိုက်သည် ဆိုလျှင်
ပင် ဖြစ်တော့သည်။ နည်းနည်းပါးပါးမူ ဘေးမှနေ၍ မပန်းအိ
တို့က ထိန်းပေးခဲ့ရ၏။ ငယ်သူဆိုတော့လည်း စိတ်နှင့်မာန်နှင့်
သက်လုံနှင့် အပြည့်ရှိဘိသည်။ ထို့ကြောင့်လည်း မပန်းအိတို့
အနေနှင့်ပင်လျှင် သိသိသာသာ စောင့်မစိုက်ခဲ့ရ၊မပန်းအိတို့နှင့်
အလှမ်းညီ ဆုတ်စိုက်နိုင်ခဲ့သည်။

ကြိန် အဖို့လည်း ကောက်စိုက်ရသည်မှာ မပင်ပန်း
တကယ့်လက်တွေ့ သူများလယ်မှာ စိုက်ခနှင့်တာဝန်နှင့်စိုက်ရ
ဆိုတော့လည်း သက်သာသည်မဟုတ်၊ တနေ့တာလယ်တကော
လူလေးယောက်သည် ခါးချိရမတတ်စိုက်ရသည်။သို့သော်ကြိ
သည် မမှု။

ကြိန်ရှုတ်တရက် မခံနိုင်သည်ကတော့ နေပူသည့်ဒ
သာလျှင် ဖြစ်ဘိသည်။

အညာနေကတော့ ထုံးစံ မတရား ပူတတ်မြဲ။

မိုးဦးသို့ ဝင်လာပြီဆိုပေမည့် အညာမှာက မိုးရွာသည်
မဟုတ်၊ ရွာလျှင်လည်း အပူပြန်ရှဲ ဖုတ်သိပ်မိုးမျှသာ ဖြစ်တ
သည်။ ထို့ကြောင့်လည်း များသောအားဖြင့် ခြေထောက်

အောက်မှ ရေတို့သည်ပင်လျှင် ကြွက်သီးနွေး နွေး၍ နေတတ်သည်။

ခေါင်းကိုတော့တဘက်တထည် ပေါင်းပါ၏၊ထို့အထက်မှလည်း ခမောက်တလုံး ထပ်၍ ဆောင်းပါ၏။ သို့သော် ကုန်းလိုက်တော့ ကျောကုန်းကို နေပူသည်။ ကျောကုန်းကို နေလှန်းရသကဲ့သို့ ရှိတော့သည်။

ကြိုန်သည် သူ့အဘ မကြာခဏ ပြောတတ်သည့် 'ကျောပူမှ ဝမ်းအေးသည်' ဟူသော စကား၏ အနက်ကိုလည်း ယခု ပို၍သဘောပေါက်လာသည်။

ပသို့ဆိုစေ၊ အပူဒဏ်ကို ခံနိုင်ရည်ရှိဘို့အတွက် ကြိုန်လည်း ကြံဖန်အားထုတ်ရတော့သည်။ ကြိုန်သည် အဘ၏ ပုဆိုးဟောင်းတထည်ကို သုံးထောင့်ခေါက်၍ ကျောမှာခြုံလိုက်သည်။ ပုဆိုးစနှစ်ခုကို ရင်ညွန့်မှာ စလွယ်သိုင်း၍ ချည်လိုက်၏။ အဝတ်ထူလာ၍ ပိုပြီး အိုက်ပေမည့် ကျောအစပ်တော့ ဘာဘဲပြောပြော သက်သာသည်။

အဲ့ မျက်နှာမှာတော့ နေပူလောင်သက်သာစိမ့်သောငှာ သနပ်ခါးကို ထူထူလိမ်းရသည်။ ပါးကွက်ကို ထူထူကွက်ရသည်။ သို့မှသာ အသားမပပ်ဖဲ ချောမွေ့ပေလိမ့်မည်။

သည်ကနေ့အဖို့တော တနေကုန် ကိုင်ရမည်။ ကျောပူ အနည်းငယ်သက်သာပေမည့် နေပူအောက်မှာ ငုတ်တုတ်အပူခံရမည်။

(တတိယအကြိမ်)

## (၅၈) မော်သာရရဲ့ စီးပလေစေ မောင်မသုတ်နဲ့

ကောက်စိုက်ရာ၌မူ စိုက်ကွက်ကို ကြည့်၍ နေကို ကျောပေးတန် ကျောပေး၍ရသည်။ ကျနေကို ကျောပေးနိုင်ဘို့ အတွက် နံနက်နေကို မျက်နှာပြု၍ စိုက်ရသည်။

ရိုက်ဖတ်ရိုက်ရာ၌မူကား ကျရာမှာ နေရမည်။ နေရာ ရွေး၍ မရ။ တနေရာထဲမှာချည့်လည်း ထိုင်လုပ်၍မရ။ပြီးတော့ လယ်ထဲမှာကဲ့သို့ ရေခေါတ်လည်းမရှိ။ အဆိုးဆုံးကမူ ကောက် ရိုးက နေပူပူ ချွေးစိုစိုမှာ လူကိုရှဦးမည်။ ယားစေ စပ်စေ လိမ့်ဦးမည်။

အလုပ် လုပ်ရမည့်နေရာကလည်း ရွာထဲမှာ ဖြစ်သည်။ ရွာထဲမှာဆိုတော့ ကောက်စိုက်ထွက်သကဲ့သို့ ကိုယ့်ကိုယ်ကို ဗရုသုကွ ခြုံထားဝတ်ထား၍ မဖြစ်။ အလှအပ မဟုတ်သည့် တိုင် ကြည့်ကောင်းရုံမျှမူ ဝတ်ရပေဦးမည်။

ကြိန်သည် စပါးဒိုင်ပြည်သူ့ဆိုင်မှ တနှစ်ကဝယ်လာ သည့်နှစ် ခြောက်ဆယ့်လေး မန်ကျည်းစေ့ကွက်စိပ်လုံချည်စနှင့် ချုပ်ထားသည့် ရင်စေ့အင်္ကျီကို လိုက်ရှာ၍ ဝတ်လိုက်သည်။ အင်္ကျီက ထူသည်ဆိုတော့ အပူတော့ သက်သာမည်။ပြီးတော့ ချည်လုံးကျဲသဖြင့်လည်း လေရ၍ အအိုက် သက်သာမည်။ ချွေးကိုလည်း စုပ်မည်။ ကိုယ့်ချွေးနှင့်ကိုယ် ပြန်၍လည်း အေးနိုင်သည်။

ထမိကတော့ ကြုံရာပင် ဝတ်တော့မည်။ ထိုင်ရမည် ကလည်း မြေကြီးပေါ်ဆိုတော့အကွက်မပေါ်လည်းအကြောင်း မဟုတ်။ ကောက်လှိုင်းပုံကြားမှာ ထိုင်ရမည်ဆိုတော့လည်း အောက်ပိုင်းကို ဘယ်သူမှမြင်နိုင်မည် မဟုတ်။ အရေးမကြီး။

ကြေိုန်သည် နောက်ဆုံးမှာတော့ ဆံပင်ကို အတတ်နိုင်ဆုံးလွန်းကျစ်သည်။ ပြီး အထက်သို့ပြန်လှန်၍ ကလစ်နှင့် ဖမ်းတွယ်ထားလိုက်သည်။ ပြီးတော့မှ တဘက်တထည်နှင့် ဖုံး၍ ပေါင်းလိုက်သည်။ ကြေိုန်သည် သူ့ကိုယ်သူ ရောမ မိန်းမကြီး သဏ္ဍာန် ဆောင်လိုက်သည်။ မှန်ထဲမှ ကိုယ့်ကိုယ် ကိုလည်း နှုတ်ဆက်ကြည့် ကြည့်ရင်း တကြိမ် လျှာထုတ်ပြ၍ ပြောင်လိုက်သည်။

'အမရေ၊ ကျုပ် သွားနှင့်မနော်'

ကြေိုန်သည် ယက်မတွင် ထိုးထားသည့် တံပြာတချောင်းကို ဆွဲယူရင်း၊ မီးဖိုဘေး၌ ထိုင်နေသည့် သူ့အမေကို လှမ်း၍ ပြောလိုက်သည်။

'အေး အေး ငါ့သည်အိုးကျက်လောက်မှ လိုက်လာခဲ့မယ်ပြော'

ကြေိုန်သည် အလုပ်လုပ်မည့်သာ လုပ်ရသည်။ စင်စစ်ကလေးစိတ်ကလည်း ကုန်သေးသည် မဟုတ်။ ယူလာသည့် တံပြာကို လေမှာလွှဲ၍လွှဲ၍ ဝှေ့ရမ်းရင်း မီးဖိုနားသို့ ရောက်လာသည်။

'ဟဲ့ အော နင့် အဲဒါမှ ကံရှိက ဆီးသတ်မှာ၊ဘယ်နှယ်တော် မိန်းမက ပေါ့တီးပေါ့ဆနဲ့၊ နင့်လက်က တံပြာလဲ နင်ပြန်ကြည့်စမ်းအုံး ကြေိုန်'

သည်တော့ ကြေိုန်လည်း ပြန်၍ ကြည့်မိသည်။

မှန်သည်။ ဆွဲယူလာမိသည့် တံပြာက ကြိမ်ဖြစ်သည်။ သည်ကြိမ်နှင့်သာ ရိုက်ဖတ်ရိုက်မည်ဆိုလျှင်တော့ ကျန်နေသည့်

## (၆၀) မောင်သာရရဲ့ စီးပလေစေ မောင်မသုတ်နဲ့

စပါးစေ့တို့သာမက အနှံ့ရိုးတို့လည်း ကျိုးပြတ်၍ ကျမည်
သပ်၍ရိုက်သည့်တိုင် ကြိမ်ဆိုသည်က ခုန်တတ်သည်။ တုန်တ
သည်။ သည်တော့ စပါးစေ့တို့ကိုလည်း တည့်တည့်ရှက်မိဘူ
ရှိသည်။ သည်အခါ ဆန်နာမည်။

'မမှီ့တမှီနဲ့ ဆွဲလာသာ ဘာပါလို့ပါလာမှန်းတော
မသိဘူး၊ ခု အမပြောမှ'

ကြိမ်သည် တံပြာကို လေမှာလွဲ၍လွဲ၍ ဝှေ့ရမ်းရ
ပြန်ပြေးသည်၊

သည်တခါတော့ အမြစ်ကို မီးသင်းထားပြီး ဖြစ်သ
ဝါးတံပြာကို ကြိမ်ရွေးယူသည်။ ပြီးတော့ တခါထဲ ထွက်
သည်။

အမှန်တော့ ကြိမ် သည်နံနက် ဘာမျှ မစာ
မသောက်ခဲ့ရသေး။ ယုတ်စွအဆုံး အကြမ်းကလေး ပင်လျ
မကျိုက်ခဲ့မိသေး။ ထို့ကြောင့်လည်း ဝမ်းထဲက ဆာသည်
ကြိမ်သတိပြုမိသည်။

မကံရှိက စေတနာ တော့ ကောင်း တတ် သည်
ဘယ်တော့မှ မကျွေးမမွေး နေစိမ့်တတ်သည် မဟုတ်။ မြ
ကလေး ဖြစ်ဖြစ်တော့ ကြော်ကျွေး ပေလိမ့်မည်။ အကြ
တပန်းကန် နှစ်ပန်းကန်ဖြင့် မျှောချလိုက်လျှင်ပင် ပိုးမ
တရာ့ရှစ်ဆယ်အတွက် ခေတ္တခဏတော့ အငြိမ်ခိုင်းနိုင်ပေလ
မည်။

သို့သော် သည်သို့လည်း အသေတော့ တွက်ထား
မဖြစ်။ အနောက်ခြမ်းမှ ဘယ်သူ ဘယ်ဝါပါ ပါလာဦးမ

မသိရ။ အနောက်ခြမ်းမှပါ ပါလာမည် ဆိုလျှင်တော့ မကံရှိ ကလည်း အရှေ့တိုက်ကောင်း တိုက်လိမ့်မည်။ မကျွေးမမွေးဘဲ မျက်နှာပြောင်တိုက်၍ နေကောင်း နေလိမ့်မည်။ထိုအခါ ကိုယ်က ကြားထဲက ငတ်ပေါက်တိုးဦးမည်။

ဟယ် ကံပေါ့။ကြိန်သည် ကံကိုယုံ၍ ဆူးပုံနင်းလိုက်သည်။ လမ်းသို့ ရောက်ခါမှ အိမ်သို့ပြန်၍ ဝမ်းဖြည့်ရန် အတွက်မူ ကြိန် စိတ်မပါနိုင်တော့။ သည် ရိုက်ဖတ်ရိုက်ရသည့် အလုပ် ကလည်း စင်စစ် နေမရင့်ခင် လုပ်နိုင်မှ ကောင်းသည်။ နေမ ရင့်ခင် အထုံးငါးဆယ် တရာသာ ပြီးထားမည်ဆိုလျှင် ဘာဘဲ ပြောပြော နေကွယ်လည်း ရမည်။ ရာဖရေနှင့် လုပ်ရသည့် အမျိုးဖြစ်သဖြင့်လည်း အရေအတွက်သည် စကားပြောသည်။ သည်တော့ စောစော ဆင်းလိုက်သည်က အကောင်းဆုံး ဖြစ် သည်။ ကျွေးလျှင်လည်း စားမည်။ မကျွေးလျှင်လည်း မစားဘဲ နေရုံသာ ရှိသည်။

အမှန်တော့ ကြိန်သည်လည်း အဆာခံနိုင်သည်။မခံနိုင် လျှင်လည်း အကြောင်းမဟုတ်။ သူတို့အိမ်မှာ ကာလသား ယောကျာ်းရှိသည်မဟုတ်။အိမ်ထဲအထိလည်း ကြိန်ဝင်စံ့သည်။ နောက်ဆုံး မီးဖိုထဲအထိပင်လျှင် ကြိန်ဝင်ရဲသည်။ ဆာသည် ဟု ဖွင့်ပြောကာ တောင်း၍လည်း စားရဲသည်။ ကိုယ်နှင့်က ရင်းနှီးသည်။

တွေး၍သာ တွေးရသည်။ အရှေ့ခြမ်းနှင့် အနောက် ခြမ်း စိတ်သဘောချင်း မညီညွတ်နိုင်၍၊ဝမ်းထဲက မသင့်မြတ်ကြ

ပေမည့်၊ လက်တွေ့အမြင်မှာက အနေစိမ်းကြသည် မဟုတ်။ လိုအပ်သည် ဆိုလျှင်တော့ အနောက်ခြမ်းက အလုပ်ကိုလည်း ကြိန်တို့ အရှေ့ခြမ်းက ဝင်ရောက်ရှုကူသည်သာ။ အလားတ စွာ အရှေ့ခြမ်းက အလုပ်ကိုလည်း အနောက်ခြမ်းက လက်ပိုက် ၍ ကြည့်မနေတတ်။ လိုအပ်၍ အကူခေါ်လျှင် ဘယ်သူဘယ်က မို့ဟုဆိုကာ ငြင်းဆန်လေ့မရှိ။

တခုတော့ရှိသည်။ လုပ်ခနှင့်ပတ်သက်လျှင်တော့ သည်း မခံတတ်ကြ၊ သူ့တန်ရာ တန်ဆိုးကို မဆုတ်မဆိုင်း ပေးရမြ ဖြစ်သည်။

သည်တော့ များသော အားဖြင့် ကိုယ့်တခြမ်းထဲနှင့် ပြီးနိုင်ပြတ်နိုင်သည့် အလုပ်မျိုးဆိုလျှင် တခြမ်းနှင့်တခြမ်း သိပ် ပတ်သက်လေ့မရှိတတ်။ သည်နေ့ သည်အလုပ်မျိုးကလည်း သိပ် လိုအပ်လှသည်မဟုတ်။လူအင်အားလည်းသိပ်မလို၊ ကောက်လှိုင်း ထောင့်နှစ်ရာကို အလွန်ဆုံးရိုက်ရလှ လေးယောက်၊ တနေ့နှင့် ပြီးနိုင်သည်။ မိုးမိမှာ စိုးရိမ်စရာလည်း မရှိ၊ မိုးသည် ဘယ်နေ မှန်းပင်မသိ။

ကြိန်သည် မပြည့်တို့အိမ်ရှေ့သို့ အရောက်တွင် သူငယ် ချင်း မိရှိကို သတိရလာသည်။ ထို့ကြောင့်လည်း အိမ်ထဲသို့ ဝင်လိုက်သည်။

မိရှိတို့ညီအမနှင့် ဘကြီးအိမ်တို့ အိမ်က စင်စစ် နှစ်အိမ် တအိမ်နှယ် နေကြသည်။ ထို့ကြောင့်လည်း ဘကြီးအိမ်တို့၏ အလုပ်ကို မိရှိတို့ မလုပ်ဖွဲ့ရှိလိမ့်မည် မဟုတ်။ သည်တော့ သည် ကနေ့ ရိုက်ဖတ်ရိုက်ရန် အတွက် မိရှိတို့လည်း မုချပါပေမည်။

မိရှိကို အဖော်ခေါ်မည်။ လှမ်း၍ပင် မြင်နေရပြီ ဖြစ်သည့် ဘကြီးအိမ်တို့၏ တလင်းတွင် ဘယ်သူမှ မရောက်လာကြသေး၊ ကိုယ်တယောက်ထဲ စောနေ၍လည်း မကောင်း၊ ကိုယ့်လောဘကို လူသိမည်။သည်တော့ မဝိတို့ မပြည့်တို့မလိုက်သေးသည့်တိုင် မိရှိကိုတော့ အဖော်ခေါ်ရမည်။ ပြီးတော့ စည်းရိုးကသဲ ကျော်လိုက်မည်၊

'မိရှိရေး၊ ကောင်မ မမြင်ပါလား'

'ဟဲ့ ဘသူတုန်း၊ ငရှိ မရှိဘူးဟဲ့'

'ကျုပ်ပါ အမေပြေ့ရဲ၊ သူ ဘယ်သွားတုန်း'

'အခင်းကြီးသွားချင်လို့ ဆိုပြီး ထွက်သွားတာဘဲ၊ရွာ့ပြင်နေမှာပေါ့'

'သည်နေ့ ဟိုဘက်တလင်းမှာ သူရိုက်ဖတ်မရိုက်ဖူးလားမေးမလို့'

'ညည်းကလဲအေ၊ မရိုက် ရှိပါ့မလား'

'ဒါဖြင့်လဲ ပြီးတာပါဘဲ၊ ကျုပ်စောင့်အုံးမယ်'

'အေး အေး စောင့်စောင့်၊ ခုတင် ပြန်လာမှာပါ၊ ထွက်သွားတာ ကြာမှဘဲဟာ'

'ဟော အကျင့်က ယုတ်ပြီ၊ သူများ ပါတယ်ဆိုမှ ပါချင်လာတယ်၊ အမေပြေ့ရေး ကျုပ်လဲ လိုက်သွားအုံးမယ်၊ သူ ဘယ်ဘက် သွားတတ်တုန်း'

'ဒိုငှက်ပျောခြုံထဲဘဲ နေမှာပေါ့'

## (၆၄) မောင်သာရရဲ့ စီးပလေစေ မောင်မသုတ်နဲ့

ကြေိုန်သည် ဖင်ကိုလိမ်၍ သုတ်ခြေတင်ခဲ့သည်။ လ
တလျှောက်လုံးမှာလည်း ဒုတ်ခနောင်းလုပ်ရန်အတွက် မျက်
တို့က ကြည့်လာခဲ့ရ၏။ တော်နေ ဟိုရောက်မှ ဒုတ် မရလျှ
အခက်။ ငှက်ပျောခြံထဲမှာက ဒုတ်ရဘို့မလွယ်။

ကြေိုန်သည် ရွာထိပ်သို့ ရောက်သည်တွင် တောင်ကြ
မြောက်ကြည့် ကြည့်လိုက်၏။ ထို့နောက် ဘယ်သူမှ မြင်ပ
မရှိသည်နှင့် အရိုးလေးသစ်တို့ ခြံစည်းရိုးမှ ဝါးခက်တလက်
ခိုး၍ ချိုးလိုက်သည်။ ပြီး လျှောက်ချင်းပင် သုံးခေါက်ချိုး
လေးချောင်းလုပ်လိုက်၏။

## ( ၅ )

PDF Creator - nyeyadhamma@gmail.com

'ဟဲ့ လာလေ၊ ဝင် စားပါအုံးတော့ကော'

'တော်ပြီ အရီးထို၊ စားတော့'

'အိမ်လိုက်မစားပါဘူး အကိုထိန်ရဲ့၊ သည်က စေတနာနဲ့ ကျွေးတာပါ'

'ဟ မှီမှီတို့ကလဲ ဘယ်ဆိုးတုန်း၊ ငဒိုအိမ်တော့ နင် တယ်လိုက်စားလို့ ရမလဲဟ။ မတော် လျှာပြတ်သေနေရင် မခက်ပါလား'

'တကယ်ဘဲ တော်၊ ဟောသည် အကိုထိန်တယောက် တော့ ခက်မင့်ဘဲ၊ ခုထိ စွဲလန်းတုန်းကိုး၊ ဟိုကဖြင့် ကလေး တယောက်ရလို့ တောက်တောက်တောက်တောက် ပြေးပြီ'

'အလကားပြောတာပါဟာ၊ ငါအောက်မေ့လို့ ပြောတာ မဟုတ်ပါဘူး၊ ဒါနဲ့ အရီးထိုတို့ ထမင်းဝိုင်းကလဲ ဘယ့်နှယ့်ဟာလဲ၊ သားအမိ နှစ်ယောက်ထဲပါလား၊ ကျန်တဲ့ လူတွေက ဘယ်ရောက်ကုန်ကြတုန်း'

'ဖာမယ့် ဖာလဲ လုံအောင်ဖာပါ ထိန်ရယ်၊လယ်သမားတွေဘဲဟာ သည်အချိန် လယ်ထဲဘဲ ရှိတော့မပေါ့ဟဲ့၊ဒါအဆန်းလုပ်ပြီး မေးနေပြန်ပြီ'

သည်တော့လည်း ထိန် ရယ်ရသည်။

မှန်သည်။ ထိန်သည် မမေ့နိုင်လျက် မေ့ဟန်ဆောင်ခဲ့သည်။အောက်မေ့လျက်နှင့်မအောက်မေ့တော့ဟု လိမ်ခဲ့သည်။ မှိုမှိုက သူ့စိတ်ကို ဖွင့်ပြောလိုက်သောအခါ၊ ထိန်သည် ပြောလက်စ စကားကြောင်းကို ပြောင်းပစ်သည်။ စကားမရှိ စကားရှာပြီ အရီးရာထိုတို့ အိမ်သားများကို မေးမိသည်။ သည်တွင် ဗူးကဲ့သို့ပေါ်တော့သည်။ သိသင့်လျက်နှင့်မေးလိုက်သော မေးခွန်းဖြစ်သဖြင့်လည်း၊ အရီးရာထိုက သရော်သည်။

မှန်သည်။ မှိုမှို၏အမ ချိချိသည် ထိန့်ကို မုန်းခဲ့သည်။ နတက်သူ ချိချိသည် နတက်သား ထိန့်ကိုတော့ မယူဘဲ၊ ညောင်နီပင်က တင့်ထူးနှင့် အကြောင်းပါခဲ့သည်။ ထိန်က ချိချိ့ကို ကြိုက်နေကြောင်း၊ ချိချိ့ကို ပိုးနေကြောင်း တရွာလုံး သိကြသည်။ချိချိကလည်း ထိန့်ကိုတော့ ဘယ်ဘဝက ရေစက်ရယ်မသိ။ကြည့်၍ပင်မရ။

မှန်သည်။ ထိန်ကလည်း ထိန်ပင်၊ အလိုက် နှံလိုက်သည့်ဘဝ၊ ကမ်းကုန်သည်။

အများကတော့ ငထိန်ကို ရိုးအ၍ ချစ်ကြခင်ကြသည်။ ငထိန်သည် လူကောင်သာ ကြီးပေမည့် စိတ်ကမဖွံ့ဖြိုး၊ သူ့ကို စ၍လည်း စမှန်းမသိတတ်။ နောက်ပြောင်ကြံ ပေမည့်လည်း အဟုတ်ထင်တတ်သည်။

အရီးရာထိုမှာက ငဘို၊ငချို၊ငပိုဟူ၍ သားသုံးယောက် ရှိသည်။ တယောက်မျှ အိမ်ထောင်မကျသေး၊ မုဆိုးမ အမေကို လုပ်ကိုင် ကျွေးနေကြတုန်းဖြစ်သည်။ ပြီးတော့ အရီးရာထိုမှာ သမီးနှစ်ယောက်လည်း ရှိသေး၏။ အငယ်မှိုမှိုက ယခုမှအသက် နှစ်ဆယ်ဘဲ ရှိသေးသည်။ အကြီးမ ချီချီကမူ နှစ်ဆယ့်နှစ်နှစ်နှင့် လင့်နောက်လိုက်၍ ပြေးခဲ့သည်။

တရွာသား တင့်ထွေးနှင့်လိုက်ပြေး၍၊အရီးရာထိုကလည်း အစက စိတ်ဆိုးသည်။အကိုတို့ မောင်တို့ကလည်း မခေါ်မပြော မပတ်သက်ခဲ့ကြ၊ မှိုမှိုပင်လျှင် သူ့အမနှင့် မပတ်သက်မဆက်ဆံ ရဟု ပညတ်ထားသဖြင့် ညီအမချင်းမတွေ့ရ၊ စကားပြောခွင့် လည်း မကြုံရ။

ငထိန်သည် ငချိုနှင့်ရွယ်တူ၊ငချိုနှင့် တွဲလည်းတွဲမိသည်။ သူတို့ကို ကိုရင်ဝတ်စဉ်က တွဲလွန်းသည်နှင့် ဆရာတော်ဦးစန္ဒော ဘာသကိုယ်တိုင်က တရှဉ်းဟု ခေါ်ခဲ့သည်။

ငပိုကတော့ ငယ်သေး၍ ထားခါတော့၊ အကြီး နှစ်ယောက်အနက် ငဘိုက တည်သမျှ၊ ငချိုက အသည်။ သည်တော့ ငချိုနှင့် ငထိန်တို့ချင်း ပေါင်းမိကြသည်မှာ စင်စစ် မဆန်း။

## (၆၈) မောင်သာရရဲ့ စီးပလေစေ မောင်မသုတ်နဲ့

ပသို့ဆိုစေ၊ ငထိန်သည် ငချီနှင့်တွဲရင်းက ငချီကို ခွာလာသည်။ ခွာလာသည်ဆိုရာ၌ သိသိသာသာ ခွာလာသည်။ ငချီက သူ့ထံ လာလျှင်တော့လည်း ဘာမျှ မဖြစ်သကဲ့သို့ ဆက်ဆံသည်။ ငယ်စဉ်ကနှင့် စိုးစဉ်းမျှမပြောင်းလဲ၊ ရယ်လိုက် မောလိုက် ပခုံးဖက်လိုက်နေကြသည်။ သို့သော် ငချီတို့ အိမ်ကို တော့ ငထိန်မသွားတော့၊ မသွားတော့ဆိုရာ၌ အိမ်ရှေ့မှကို ဖြတ်မသွားတော့ခြင်း ဖြစ်သည်။

ငချီတို့အိမ်သည် ရွာလယ်လမ်းမပေါ်မှာ တည်ရှိသည်။ ဖြတ်မသွားချင် ဖြတ်မလာချင်၍ မရ၊ ရွာမှာက လမ်းဆို၍ သည်တလမ်းထဲသာ ရှိသည်။ သို့စဉ်လျက် လူချည့်လည်း ဖြတ်မသွား၊ နွားနှင့်လည်း ဖြတ်မသွား၊ အလည်လည်း ဖြတ်မသွား၊ အလုပ်နှင့်လည်း ဖြတ်မသွား။

သည်နှယ် ငထိန် စိတ်ပြောင်းနေသည်ကို ငချီကတော့ လုံးဝမရိပ်မိ၊ ပထမဆုံးရိပ်မိ၍ ဖွင့်မေးသူကတော့ အရီးရာထိုသာ ဖြစ်သည်။

'ငချီ၊ နင့်ငထိန်တယောက်လဲ ဒို့အိမ်ဘက် ဘာလို့ မလာပါလိမ့်မလဲ၊ နင်နဲ့များ ရန်တွေ့ဘာတွေ့ ဖြစ်ကရော့လား ဟယ်'

'မဟုတ်ပါဘူးအမရဲ့၊ မနက်ကတောင် ကျုပ်နဲ့ ထွန်ချင်း စပ်တိုက်ကြသေးတာဘဲ'

ညှိမျှသာ ငချီဖြေတတ်သည်။

'ဟုက်ပါ့ကော၊ ခု အမပြောမှ ကျုပ် တွေးမိတယ်။ သည်ကောင် ဘာလို့ မလာပါလိမ့်မလဲ'

ငဘိုကပါ ဝင်တွေးသည်။

'အို သူ့ဟာသူ မလာတာ၊ မလာချင်လို့ ဖြစ်မှာပေါ့၊ ဘာကောက်မှန်းမှ မသိဘဲ'

ချီချီက ဝင်ဖြေသည်။

'ဟာ သည်ကောင် သည်လို ကောက်တတ်တဲ့အကောင် မဟုတ်ပါဘူး။ စောက်ပေါဟာကဘဲ၊ အင်း ဟုတ်တယ်၊ သည် ရှေ့ကကို ဖြတ်တာ မမြင်တော့တာနော် အမ'

ငဘိုက မှတ်ချက်ချပြန်သည်။

သို့သော် အကြောင်းရင်းကိုကား ဘယ်သူမှ မသိကြ၊ ဘယ်သို့မျှလည်း အဖြေရှာမရ။

မှန်သည်။ ငထိန်စိတ်ပြောင်းသည်ကို ငထိန်ဘဲသိသည်။ အစကတော့ ငထိန်ကိုယ်တိုင်ပင် မသိ၊ တနေ့ကမှ ငထိန်လည်း သိရသည်။

တနေ့က ငချီတို့အိမ်သို့အရောက် ချီချီ့ကိုသူမြင်သည်။ ချီချီ့ကိုမြင်နေကျ၊တွေ့နေကျ၊ဘာမျှမဆန်း၊သို့သော် ထိုနေ့က မြင်ရသည့် ချီချီသည် ထမိရင်လျားနှင့်ဖြစ်သည်။ ချီချီ၏ပခုံးမှ အစ လက်ဖျားအထိ ပကတိအတိုင်း မြင်ရသည်။

ချီချီသည် အစဉ် လက်ရှည်အင်္ကျီကိုမှ ဝတ်လေ့ရှိသည်။ သူများတကာနှယ် ကောက်စိုက်မှ၊ ယာလိုက်မှ၊ ပေါင်းသင်မှ၊ ပဲနုတ်မှ လက်ရှည်ကို ဝတ်တတ်သည် မဟုတ်၊အိမ်မှာနေတော့ လည်း လက်ရှည်ပင်၊ ရွာထဲမှ အလုပ်ကို လုပ်နေတော့လည်း လက်ရှည်ပင်၊သည်တော့ ချီချီ၏ လက်မောင်းလက်ဖျံကို မြင်ရ ခဲဘိုသည်။

မြင်ရခဲ၍ပင်လော၊ မကြည်မိ၍ပင်လော၊ အမှန်တော့ မသိ၊ သို့သော် ထိုနေ့ကမှ ချီချီ၏ လက်မောင်းသားတို့ကို မြင် ဘူး ရသည်ကတော့ အမှန်ပင်။

ချီချီ၏ လက်မောင်း သားကလေး တို့သည် ချီချီ၏ မျက်နှာပြင်ထက်ပင် ပို၍ဝါဝင်းစိုပြေသည်ဟု ငထိန် အောက် မေ့သည်။ ပြီးတော့ သနပ်ခါးသွေးနေသော ချီချီ၏လက်တို့ သည် ကြွက်သားဆိုင် ကလေးများဖြင့်လည်း ပို၍ပြေပြစ်သည် ထင်မိသည်။ မြို့သားယောကျ်ားတယောက်၏ လက်သည်ပင်လျှင် သည်မျှအကြောမထ၊ သည်မျှကြွက်သားမရှိ၊ သည်မျှမပြေပြစ်၊ ကွေးလိုက်သည်တွင် လက်မောင်း ကြွက်သားကလေး တို့သည် ဂုံညင်းလုံးအရွယ်မက ဖောင်း၍ ကြွကြွသည်။

ဤသည်ဆီ ငထိန်က ချစ်မိသည်။

ချီချီသည် လှလည်း လှဘိသည်။ လှ၍လည်း အလှ နှင့်သာ ယုယနေကာ အချိန်ကုန် မခံတတ်၊ အကိုနှစ်ယောက် မောင်တယောက်ရှိလျက်နှင့် ရေသာမခို၊ ကိုယ့်အလုပ်ကိုယ်လုပ် သည်။ ကိုယ်လုပ်နိုင်သည့်အလုပ် ကိုယ်လုပ်သည်။ အားထုတ်၍ လုပ်သည်။ အပင်ပန်းခံ၍ လုပ်သည်။ သက်သေကား သည် လက်မောင်း ကြွက်သားတို့ ပင်တည်း။

ငထိန်သည် ချီချီ လုပ်သဲ ကောင်းသည်ကို သည်လက် မောင်းမြင်ရမှ ယုံကြည်သည်။ ထို့ကြောင့်လည်း ချီချီ့ကို မြတ်နိုးလာမိ၏။

ရွာမှာ ချီချီကဲ့သို့မျှ မလှသူ မိနော်တို့ ကြည်သဲတို့ကဖြင့် ကဲကို ကဲကြသည်။ မိစုံဖစုံရှိကြ၍ ကွမ်းတောင်ကိုင် ပန်းတောင်

ကိုင် ဖြစ်နေကြရသည်ကိုပင် သူတို့မှာ အဟုတ်ကြီးထင်နေသည်။ အကယ်၍သာ ချိချို့မှာလည်း အဖေရှိနေမည် ဆိုလျှင် သည်ရွာမှာ ချိချိမလုပ်ချင်မှ သူတို့ ကွမ်းတောင် ပန်းတောင် ကိုင်ကြရမည်ကို သူတို့မစဉ်းစားမိကြ။ သူတို့ကိုယ်သူတို့ အလှကြီးလှကြပြီထင်နေသည်။ အလှမာန်လည်း တက်တတ်ကြပါဘိသနှင့်။ အလှမှာ ယစ်မူး၍၊ ပြင်လိုက်ရသည့် အလှကလည်း ပြက္ခဒိန်အဖုံးမှ ရုပ်ရှင်မင်းသမီး ရှုံးတော့သည်။

ရိုးသည် အသည်ဆိုပေမည့် မျက်နှာအလှနှင့် ပြ၍ စားရသည့် အလုပ်မျိုးကိုတော့ ငထိန်မကြိုက်။ သူတို့ကို ဘယ်ယောကျ်ားက ဖြစ်ဖြစ် မြင်လျှင် ကြိုက်ကြသည်။ မကြိုက်ဖူးဆိုသည့်ယောကျ်ားသည်မရနိုင်၍ ပြောခြင်းသော်လည်းကောင်းဖြစ်မည်။ နွားသော်လည်းကောင်းဖြစ်မည်။ သည်သို့ သူတို့ထင်ကြသည်။

ချိချိကမူ သည်သို့ မဟုတ်တန်ရာ။

ချိချိသည် တောသူ။ဆင်းရဲသား။ သူ့ကိုယ်သူ တောသူမှန်း၊ ဆင်းရဲသားမှန်းလည်း သိတတ်သည်။ ထို့ကြောင့်သာ အလုပ်ကို ကြိုးစားလုပ်နေခြင်း ဖြစ်ရာသည်။

သည်တော့ ငထိန့်စိတ်မှာ ချိချိသည် နကိုယ်ကထက်ပင် ပို၍လှလာသည်။ နကိုယ်ကထက်ပင် ပို၍ မြတ်နိုးဘွယ် ဖြစ်လာသည်။

ပြီးတော ချိချိသည် ကိုယ်နှင့်အခင်ဆုံး အရင်းဆုံးသူငယ်ချင်း ချေါ်၏နှမ။ ငယ်ကတည်းက သိလာခဲ့ကြသည်။

ငယ်ကတည်းက တွေ့လာခဲ့ကြသည်။ငယ်ကတည်းက ပေါင်းလာခဲ့ကြသည်။ သည်တော့ ချိုချို၏အကြောင်းကို အူသိမ်အူမကအစ သိထားသည်။ ကိုယ့်အကြောင်းကိုလည်း အူသိမ်အူမက အစ ချိုချိုသိလိမ့်မည်။ တယောက်နှင့် တယောက် ဘာမျှသဘော မကျစရာမရှိ။ ငယ်ပေါင်းဆိုတော့လည်း တယောက်မှာ အမှား ရှိလျှင်ပင် တယောက်က ခွင့်လွှတ်နိုင်လိမ့်မည်။ ချိုချိုက ခွင့် မလွှတ်နိုင်သည်ထားဦး။ ကိုယ့်ဘက်က ခွင့်လွှတ်မည်။

ငထိန်သည် ချိုချို့ကိုတော့ ချစ်မိသည်။

ချစ်မိပြီဆိုတော့လည်း ရဲတ်ခြည်းပင် ချိုချို့ကို မကြည့်ရဲ တော့။ ချိုချိုနှင့် စကားပြောနေကျ၊ နောက်နေ ပြောင်နေကျ ဖြစ်လျက်နှင့်လည်း စကားမပြောရဲတော့။ ဘယ့်နှယ်ဘယ့်နှယ် စိတ်ရယ်တော့ မသိ။ ချိုချိုကို ချစ်ပါသည် ဆိုခါ ကြောက်ရွံ့ ဖြစ်လာသည်။

သည်ကတည်းက ငထိန် သည်အိမ်ကို ရှောင်တော့သည်။

ဘယ်သူကမှ မသိ၊ ဘယ်သူကမှ မရိပ်မိပေမည့် ငထိန် ကတော့ သည်အိမ်သို့ သွားခြင်းသည် ချိုချို့ကို ကြိုက်၍ သွား ခြင်းသာ ဖြစ်သည်ဟု အများက ထင်ကြမှာစိုးသည်။သည်အိမ် ရှေ့မှ ဖြတ်ခြင်းသည်လည်း ချိုချို့ကို လာရစ်ခြင်း ဖြစ်သည်ဟု ယူဆမှာ စိုးရိမ်သည်။ ထို့ကြောင့်ပင် သည်အိမ်ကို ရှောင်၍ နေလိုက်သည်။

ချိုကိုတော့ ခင်ပါ၏။အရီးရာထိုကိုလည်း သံယောဇဉ် ရှိပါ၏။ ကိုဘိုကိုလည်း အားကိုးမိပါ၏။ သို့သော် အိမ်ရှေ့မှ မဖြတ်ရဲ၊အိမ်ထဲလည်း မဝင်ရဲ။

သို့သော် ကိုယ့်အပူကို ဘယ်သူမှ မသိ။ ကိုယ့်အဖြစ်ကို ဘယ်သူမှ မမေး။ ကိုယ့်ဝမ်းနာ ကိုယ်သာသိကာ တိတ်တခိုး ချစ်ခဲ့သည်။

နောက်ဆုံးတနေ့ ကျတော့လည်း ငထိန် မြို့မနေနိုင်တော့။ ဖွင့်ပြောရတော့သည်။

ပြောမည့်ပြောတော့လည်း ငထိန်သည် လူပုံအလယ်မှာ ဖွင့်၍ပြောခဲ့သည်၊ ထိုနေ့က ရွှေစောလူးဘုရားပွဲ အကြပ်နေ့ ဖြစ်သည်။ ဘုရားပွဲတော်ကို သုံးရက်ကျင်းပရာ အလယ်ရက်ဖြစ်သည်။ အကြိုနေ့ကတည်းက ဘုရားပွဲသို့ ရွာလုံးကျွတ်တမျှ ရောက်လာခဲ့ကြ၏။ အကြိုနေ့ညမှာ မန္တလေးမှ ငှားလာသည့် ရွှေနန်းတင်ဇာတ် ကသည်။ ပွဲခင်းထဲသို့မူ ငထိန် ဝင်မကြည့်။ အပြင်မှသာ ရပ်၍ကြည့်ဖြစ်သည်။ သည်တွင် အရီးရာထိုတို့ ရောက်လာသည်။ အရီးရာထိုနှင့်အတူ မှိုမှိုလည်း ပါသည်။ မှိုမှိုက သူ့အကို ငချိုကိုရော ငထိန့်ကိုပါ ပွဲခင်းထဲလိုက်ကြည့်ရန် ဆွဲခေါ်သည်။ နေရာလည်း ချောင်သည်။ ယောကျ်ားလည်း တယောက်မျှ အဖော်မရှိ။ ထို့ကြောင့် ရန်ဖြစ်လျှင်ပင် အစောင့်အရှောက် အကူအညီ လိုအပ်သည်။ထို့ကြောင့်လိုက်ခဲ့ ပါရန် အတင်းအဓမ္မ ပူဆာသည်။

သည်တွင် ငထိန်လည်း ကိုယ်လိမ်ဖယ် လိမ်ဖယ်နှင့် ဟန်လုပ်၍ငြင်းဆန်ရင်း လိုက်ပါခဲ့ရသည်။ ချိချိလည်း ပွဲခင်းထဲမှာ မုချရှိလိမ့်မည် ဆိုသည်ကို ငထိန် သိနှင့်သည်။ ချိချိ့ ကိုလည်း စင်စစ် ကိုယ့်အပြစ်နှင့်ကိုယ် မမြင်မတွေ့ရ သည်မှာ ကြာပြီ။ သည်တော့ တွေ့ချင်မြင်ချင်သည်။

(တတိယအကြိမ်)

## (၇၄) မောင်သာရရဲ့ စီးပလေစေ မောင်မသုတ်နဲ့

စင်စစ် အခြေအနေ ကလည်း ဘာတခုမျှ ပြောင်း
သေးသည် မဟုတ်ဘဲ။ ကိုယ့်ဝမ်းထဲ စိတ်ထဲကသာ ကြိုက်နေခြ
ဖြစ်၍ ဘယ်သူမှသိသေးသည်မဟုတ်။ ချိချိပင်လျှင် သိသေးသ
မဟုတ်။ သည်တော့ ကိုယ်ဟန်ဆောင်နိုင်လျှင် ပြီးသည်ပင်
ငထိန်တွက်လိုက်သည်။

ကုသိုလ်ကံ မချမျှား နောက်ထပ်တကြိမ် အပြင်
ထွက်ကြဦးမည်ဆိုလျှင် ကိုယ့်ကိုအဖော်အဖြစ် ခေါ်ကော
ခေါ်ကြမည်။ ချိချိနှင့် နှစ်ယောက်ထဲ တွေ့ခွင့်ရတန်လျှ
ရဦးမည်။ အို ယုတ်စွအဆုံး သူ့နောက်ကနေ ကြည့်ရဦးတေ
သူ့လည်တိုင်ကလေး၊ သူ့ဆံပင်ကလေး၊ သူ့လက်ပြင်ကလေ
စသည် စသည်တို့ကို ပွဲနှင့်ရော၍ ကြည့်နိုင်ခွင့်ရမည်။

ပွဲကြည့်ရင်း အရီးရာထိုက ငထိန့်ကို အပြစ်တင်သည
လာနေကျ မလာတော့သည့် အတွက် စိက်မကောင်း ဖြစ်
ကြောင်းလည်း ပြောပြသည်။ သို့သော် ငထိန် မဖြေတ
မဖြေနိုင်။

ကံကောင်း ထောက်မချင်တော့ ငထိန် အဖြေရ ခ
နေစဉ်မှာပင် အိုးစော်က နံလာသည်။ အိုးသူခိုး။ ဘယ်
ယုတ်လိုက်သည် မသိ။ ယုတ်သည်တော့ မဟုတ်။ ပွဲခင်းထဲမှ
ဆိုတော့လည်း အထရ အရှောင်ရ ခက်ပေမည်။ အန္တရာယ်
လွယ်ထား၍လည်း မဖြစ် ချုပ်ထား၍လည်း မဖြစ်။ သည်တေ
သူလိုလို ကိုယ်လိုလို ခိုးထုတ်လိုက်ပေမည်။

သည်နေရာ သည်အခါမျိုးမှာ တရားခံ ရှာ၍ရကောင်းသည်မဟုတ်။ လူကြီးပိုင်းကတော့ နံသည့်တိုင် မပြောသာ၍ဖွင့်မပြောကြ။ သည်တွင် မှီမှီကစ၍ နှာခေါင်းရှုံ့တော့သည်။

'ဟင်း နံလိုက်ထာတော်၊ မသေခင်က ပုပ်နေကြတယ်ဟင်း....'

မှန်သည်။ အီးကလည်း ဝမ်းပုပ်အီး။ ချဉ်၍ စုံတ်နေသည်။

ပသို့ဆိုစေ၊ မှီမှီကစ၍ ဖွင့်ပြောလိုက်တော့ အားလုံးကပါ နံကြောင်း လိုက်၍ပြောကြသည်။လက်နှင့် ယပ်သူကယပ်၊ ယပ်နှင့် ခတ်သူက ခတ်နှင့်လည်း တဟင်းဟင်း နှာခေါင်းရှုံ့ကြသည်။ သည်တွင် ရယ်ကြဲမောကြသည်။

ပသို့ဆိုစေ၊ စကားစကတော့ ပြတ်သွားသည်။ ငထိန့်အဖို့ သက်သာရာ ရတော့သည်။

သုံးည ကရာတွင် သည်ညက ပွဲဦးညဖြစ်သည်။ နက်ဖန်နံနက် အရုဏ်တက်လျှင် ဆွမ်းတော်ကြီးကပ်ရမည်။ ထို့ကြောင့်ပွဲဦးညမှာ ပွဲထွက်စောခဲ့သည်။ ဘုရားလူကြီးများက စောစောထွက် စောစောသိမ်းခိုင်းထားခြင်း ဖြစ်ရသည်။

တသန်းသန်းတဝေဝေနှင့် ဆွမ်းတော် ကပ်ကြသည်။ တန်ဆောင်းထဲတွင် နေရာပင် မရ။ မှီမှီက အိပ်ချင်လှပြီဟုဆိုကာ လှည်းချွတ်ထားရာသို့ ပြန်နှင့်သည်။ ငပိုကို ချိုကထမ်း၍ ခေါ်သွားသည်။ ဘုရားသို့ အရီးရာထိုနှင့် ချိချိနှင့်ငထိန်၊ သည်သုံးယောက်ထဲ လာကြသည်။ လမ်းတွင် ချိချိကညကကျန်သည့် ဇီးဖြူသီးဆားရေစိမ်တို့ကို ဝေပေးသည်။

(၇၆) မောင်သာရရဲ့ စီးပလေစေ မောင်မသုတ်နဲ့

ငထိန်သည် တလုံးထဲ လှမ်းယူကာ ပါးစပ်ထဲ ပစ်၍ထည့်လိုက်သည်။ ချဉ်ချဉ်ဖန့်ဖန့်ငန်ငန်သည် အိပ်ချင်စိတ်ကို ရုတ်ခြည်းနုတ်ယူပစ်လိုက်သည်။

တန်ဆောင်းထဲမှာ နေရာမရ၍၊ အပြင်ဇရပ် တဆော မှပင် ဝတ်ပြုကြရသည်။

အရီးရာထိုသည် တခြားရွာများမှ လာကြသူများ နှုတ်ဆက်ရင်း၊ ဘာစိတ်ကူးမိသည် မသိ။ ရုတ်တရက် ငထိန့် လှည့်ကြည့်သည်။

'ဟုတ်ပါ့တော် ငထိန်ဟာဘဲ၊ ငါစိတ်ထဲ ငဘိုဘဲ ထင် တာ'

မီးရောင်ကလည်း သည်နေရာမှာမှ လင်းထိန်သည် သည်တော့ ငထိန်ကို ခုမှကြည့်မိ၍၊ အရီးရာထို ပြောလိုက်ခြ ဖြစ်ရာသည်။ စင်စစ် ကိုဘို ပွဲသို့ လိုက်မလာ။ အိမ်စောင့်မ ဆိုပြီး ရွာမှာ ကျန်ရစ်သည်။ မကျန်ရစ်၍လည်း မဖြစ် တနှစ် ထင်ပါ့ ရွာလုံးကျွတ် ပွဲကြည့်သွားကြသည်ကို အခွင့်ကော ယူကာ နွားခိုးခံရသည်။ အရီးလေးသစ်၏ နွားတရှဉ်း အစ ရှာ၍ မရတော့၊ မြစ်ငယ်မှ ရဲအဖွဲ့သို့ သွားတိုင်ခဲ့သော်လ တိုင်တလုံး သုံးမတ်ပင်။ ပြန်မရ။

ကိုဘို အိမ်စောင့်ကျန်ရစ်ခဲ့သည်ကို အရီးရာထိုလ အသိပင်။ သို့စဉ်လျက် သူ့အနားမှာ ကိုဘိုပါသည်ဟု ထင် ခြင်းသည် စင်စစ် မဖြစ်နိုင်တန်ရာ။ အရီးရာထိုသည် ငါ့ကိုလ သူ့သားအဖြစ်မြင်နေ၍ ပြောခြင်းသာ ဖြစ်ရာသည်။ အရီးရ သည် ငါ့အကြောင်းကို သိရော့မည်။ ငါ့စိတ် ငါ့သဘော

လည်း ရိပ်မိနေရော့မည်။ သူ့သမီးချီချီကို ငါကြိုက်နေကြောင်း သူနားလည်နေရော့မည်။ ထို့ကြောင့်သာ သွယ်ဝိုက်၍ပြောလိုက်ခြင်း ဖြစ်ရာသည်။ ငထိန် သည်သို့တွေးမိ၏။

သည်တော့လည်း မထူးတော့ပြီ သိနေမှတော့ ဖွင့်ပြောလိုက်သည်ဘဲ အကောင်းဆုံး ဖြစ်လိမ့်မည်။

'မထူးပါဘူး အရီးထိုရယ်၊ ကျုပ်လဲဘဲ သားပေါ့ တနေ့ကျ ဖြစ်ရမှာပေါ့'

ငထိန်တို့ လုပ်လိုက်မှဖြင့် အရမ်းချည့်ပင်။

လူပုံလယ် ချပြောလိုက်သဖြင့် အရီးရာထိုပင် မင်သက်မိသွား၏။ ချီချီသည် စိတ်ဆိုးလှသည်နှင့် ရုတ်တရက် ထရပ်သည်။ ပတ်ဝန်းကျင်ကလည်း ငထိန့်စကားကို အံ့သြနေကြသည်။

သို့သော် အရီးရာထိုက စိတ်ကောင်း နှလုံးကောင်းရှိသည်။ အနည်းငယ်မျှ စိတ်ဆိုးသည့် အရိပ်လက္ခဏာ မပြ။ ကုန်းတော်မှ ပြန်ထွက်လာကြတော့လည်း ငထိန့်လက်ကိုပင် ဆွဲ၍ တွဲသေးသည်။

'နင်တို့ နေလဲ နေနိုင်ကြတယ်ဟယ်၊ ပိုလဲပိုရိကြပါပေ့။ ငါလဲ အစကထင်တော့ အထင်သားဟဲ့၊ ဟောသည် ချေီကလဲ နည်းနည်းမှ အရိပ်မထွက်ဖူး'

အေးအေးလူလူပင် လမ်းလျှောက်ရင်း ပြောလာသည်။

'ကြံကြီးစည့်ရာ အမရယ်၊ ကျုပ်ကလား သူ့လိုလူမျိုး စိတ်ကူးထဲထည့်မှာ'

ချီချီကမူ ရေငုံမနေ။ ရုတ်ချည်းပင် ဖြေရှင်းပစ်လိုက်သည်။

(၇၈) မောင်သာရရဲ့ စီးပလေ့စေ မောင်မသုတ်နဲ့

'နို့ ငထိန်၊ နင့်ဟာက ဘယ်လိုတုန်းဟဲ့'

'ဟုတ် ဟုတ်တယ် အရီးထို၊ကျုပ်ပြောတာကလဲ ကျုပ်စိတ်ထဲ ရှိတာကို အရီးထို သိသမှတ်လို့ ပြောလိုက်တာပါ၊ ချီချီ့ကို ကျုပ် ဘာမှ မပြောရသေးပါဘူး'

'အေးကောင်းတယ်၊ နင့်ဟာက သမီးမပြောဘဲနဲ့ အမေ ပြောရရောပေါ့ဟယ်'

သည်တော့လည်း အရီးရာထိုနှင့်ရော၍ ငထိန်ပါ ရယ်ဖြစ် ရတော့သည်။

ရယ်ရသည်က သည်တခါ။ ရယ်နိုင်သည်ကလည်း သည်တခါသာ ဖြစ်တော့သည်။ ချီချီသည် နောက်ပိုင်းမှာ ကျတော့ ငထိန့်ကို မခေါ်မပြောတော့။ သည်နောက်ပိုင်းမှာ တော့ ရှောင်သူက ချီချီသာ ဖြစ်တော့သည်။

ပသို့ဆိုစေ၊ ငထိန့်ကို ဘယ်သူကမှ စိတ်မဆိုးကြ။ ကိုယ့် ကလည်း ရအောင်သာယူ၊ သဘောတူသည်ဟုပင် ဖွင့်၍ပြော လာသည်။ ငချီဆိုသည်ကတော့မပြောနှင့်။ သူ့ နှမကို အခြား မည်သူနှင့်မျှ သဘောမတူ။ ငထိန်နှင့်သာ ကြည်ဖြူသည်ဟု ကတိပြုထားသည်။ ပြီးတော့ ချီချီတယောက်ထဲ ရှိပြီဆိုလျှင် မျက်စိတဖက်ပင် မှိတ်ပြ၍၊ ရှိနေသည့်နေရာကို မေးထိုးပြတတ် သည်။ အရီးရာထိုကိုယ်တိုင်ကလည်း ဖွင့်၍သာ မပြောသည်။ ရှေးကထက် ခင်ခင်မင်မင် ပြောဆို ဆက်ဆံ၍ လာ၏။ 'အရင်တခါလိုတော့ နင့်ဟာနင် ကျိတ်ပြီး မလာမပြု မရှိပါနဲ့ ငထိန်ရာ၊ ငချီနဲ့ အဆင်မပြေလဲ ဘာဖြစ်လဲ၊ ခါတိုင်းလိုဘဲ

ဝင်ဝင်ထွက်ထွက်နဲ့ နေပေါ့....'ဟူ၍ ပင်လျှင်လည်း တံခါးဖွင့်ထားသည်။

အငယ်တို့ကမူ ဂရုစိုက်စရာမလို။ သို့တိုင် မှိုမှိုက ဆိုလျှင် ငထိန့်ကို ကူညီသည် သူ့အမကိုသူ တဖက် တလှမ်းမှ နားချသည်။ ငထိန်ပြောလိုသည့် စကားတို့ကိုလည်း တဆင့်ပြောပေးသည်။

သို့နှင့်တနေ့တော့ သားအမိတသိုက် ထမင်းစားနေခိုက် ငထိန်ရောက်လာသည် ငထိန့်ကို ဝင်းစားအုံး ခေါ်ကြသည် ထိုစဉ်ကလည်း ငထိန်သည် စားခဲ့ပြီဖြစ်၍ ငြင်းမိ၏။ သည်တွင် ငချိုက စသည်.

'ဒို့က ခေါ်လို့တော့ ငထိန် ဘယ်စားလိမ့်မှာတုန်း'

စင်စစ် ချိုကလည်း အကိုတယောက်အနေနှင့် ပြောသင့်သည့်စကားကို ပြောသည်။

'ကိုချိုနေ....နင့်ကို မျက်နှာကြောမတည့်ဘူး၊ မျက်နှာကိုက....'

'ချီချီကလဲဟာ၊ကိုယ်မောင်နှမတွေလို နေလာခဲ့ကြတာဘဲဟာ၊ချီချီကို စေတနာမရှိလို့ မခေါ်ပေမယ့် ငဒို့ကတော့ စေတနာရှိပါတယ်၊ ချီချီက မခေါ်လို့ ခေါ်စေချင်လို့ ငချိုပြောတာဖြစ်မှာပါ၊ ဒါစိတ်တိုစရာ မဟုတ်ပါဘူးဟယ်'

ငထိန်က ဝင်၍ ဖြန်ဖြေသည်။

'မရှိပါဘူး၊ တော်ကလဲ မရှိပါနဲ့၊ တော်ကျွေးလဲ လျှာပြတ်သေပလေစေ၊ တသက်မစားဘူးမှတ်'

ငထိန်နှုတ်ပိတ်ရတော့သည်

## (၈၀) မောင်သာရရဲ့ စီးပလေစေ မောင်မသုဇင်နဲ့

သည်အဖြစ်ကို ငထိန်မမေ့။ မေ့လည်းမမေ့နိုင်။

အမေကရော၊ အကိုတို့ကပါ ငထိန်နှင့်သဘောတူခဲ့သည် ကူညီခဲ့ကြသည်။ သို့တိုင် ချီချီနှင့်မနီးခဲ့ရ ဝေးသည်ထက်သာ ဝေးကွာခဲ့ရသည် နောက်ဆုံး တရွာသား တင့်ထူးနှင့် လိုက်ပြေးခဲ့သည်။

အစကတော့ အရီးရာထိုကလည်း သမီးကိုစိတ်ဆိုးသည်။ တဖက်က လာအပ်၍တောင်းပန်ကြပေမည့် ပြေရာပြေကြောင်း မပြောခဲ့။ ဥပေက္ခာပြုလိုက်သည်။

သူတို့လက်မထပ် မင်္ဂလာလည်းမဆောင်။ သူတို့ဖာသာ သူတို့ အိုးသစ်အိမ်သစ် ထူထောင်၍၊ တင့်ထူးမိဘ၏ လယ်ကို လုပ်ကြသည်။

သို့သော် မြေးဦးရပြီဆိုတော့လည်းစိတ်ပြေရတော့သည်။ မနှစ်က ဝါကျွတ်မှာ ဖရောင်းတိုင်နှင့် အမွေးဆပ်ပြာခဲနှင့် တဘက်တထည်နှင့် လာ၍ ကန်တော့ကြသည်ကို အရီးရာထို လက်ခံလိုက်ရသည်။ မြေးကိုပင်ယူ၍ ချီကြည့်လိုက်ဖြစ်သေး၏။

ချီချီရွာသို့ အလည်လာသည်ဆိုတော့ ရွာထဲမှာ သူပြော ငါပြောနှင့် ငထိန့်နားသို့ ရောက်လာသည်။ ငထိန် သည်လည်း ချီချီတို့ကိုလာတွေ့၍ နှုတ်ဆက်ဖြစ်လိုက်သည်။

ချီချီသည် ရွာကိုတော့ ခင်တွယ်သည်။ ရွာကိုမမေ့။ အမုန်းကိုသာမေ့သည်။ ငထိန့်ကိုမမေ့။ ငထိန့်ကို ကော်င်းစွာ မွန်စွာ စကားလက်ခံပြန်ပြောသည်။

( ၆ )

လယ်သမား ဆိုသည်ကလည်း စင်စစ် တီကဲ့သို့သော အမျိုး၊ မြေကြီးစိုစိုကိုမြင်လျှင် စိတ်ကိုက အလိုလိုရွလာသည်။ ဆွချင်၍လာသည်။ စိုက်ချင်၍လာသည်။

သူများတကာ ရေသွင်းပြီ၊ သူများတကာ ထယ်ထိုးပြီ၊ သူများတကာ ထွန်တိုက်ပြီ၊ သူများတကာ မြောင်းဆွဲပြီဆိုတော့လည်း ရှုံးခါမှ ရှုံးရော့။ သူများနည်းတူတော့ လိုက်လုပ်လိုက်ချင်သည်။

စင်စစ် မလုပ်၍လည်းမဖြစ်။ သည်အလုပ်ကိုမှ မလုပ်လျှင်လည်း အခြားလုပ်စရာမရှိ။ မွေးကတည်းက သည်အလုပ်ကိုသာ လုပ်လာခဲ့ကြသည်။ အမိအဖ ဘိုးစဉ်ဘောင်ဆက်လည်း

## (၈၂) မောင်သာရရဲ့ စီးပလေစေ မောင်မသုတ်နဲ့

သည့် အလုပ်ကိုသာ လုပ်လာခဲ့ကြသည်။ သည်အလုပ်ကိုသ လုပ် တတ် **သ**ည်။ **သ**ည် အ လုပ် ကို ဘဲ ကျွမ်းကျင်သည်။ သည်အလုပ်မှတပါးလည်း အခြားနည်းဖြင့် အသက်မမွေးတတ်။

မနှစ်က ထွန်းအုံ အကြီးအကျယ်ရှုံးခဲ့သည်။ တက်လက် ကြွေးကို ဆပ်နိုင်ဘို့ နေနေသာသာ၊ နောက်ထပ် ထပ်၍ဆွဲခဲ့ရ သဖြင့်လည်း ကြွေးလည်ပင်းခိုက်တော့သည်။ ထို့ကြောင့်လည်း သည်နှစ် ထွန်းအုံ သိပ်စိတ်မပါချင်တော့။

'မင်းတယောက်ထဲ မဟုတ်ပါဘူး ထွန်းအုံရာ၊ အများ ရှုံးကြရတာဟာကဘဲကွ၊ သည်လိုဘဲပေါ့၊ ရှုံးတဲ့နှစ်လဲ ရှုံး၊ ရတဲ့နှစ်လဲရ၊ လယ်သမားကြွေးတင်တာ ဆန်းသမှတ်လို့ကွာ၊ ပြီးတော့ လယ်သမားကြွေးမဆပ်နိုင်တာကကော ဆန်းသလား'

ဘကြီးအိမ်က တကြိမ်အားပေးခဲ့ဘူးသည်။ ဘကြီးအိမ်၏ အားပေး နှစ်သိမ့်စကားကို ကြားမိပြန်တော့လည်း ထွန်းအုံ စိတ်သက်သာရသည်။

ထို့ကြောင့်လည်း အအားတော့ မနေခဲ့။ အရှေ့ တောင်ရိုးတက်၍လည်း တမိုးစာ ထင်းခွေဖြစ်ခဲ့သည်။ ထွန်သွား အသစ်များလည်း အဆင်သင့် ခုတ်ထားသည်။ ယုတ်စွအဆုံး ကိုယ်ကျွမ်းကျင်သည့် ထန်းလျှော်နဖားကြိုး ကျစ်သောအလုပ်ကို ပင်လျှင်လည်း အချိန်ရသမျှ လုပ်ခဲ့သည်။ ယခုဆိုလျှင် အပင် နှစ်ဆယ်ခန့်တော့ ရရော့မည် ထင်သည်။ ဝယ်သူရှိလာ လျှင်လည်း ရောင်းရမည်။ တောင်းသူ ပေါ်လာလျှင်လည်း ပေးရမည်။

အမှန်တော့ စိတ်မပါသည်ဖြစ်စေ၊ စိတ်ပါသည်ဖြစ်စေ၊ လယ်ထဲယာထဲကိုတော့ ဆင်းရပေလိမ့်မည်။ မဆင်း၍ မဆင်းချင်၍ကား မဖြစ်။ သည်နှစ် မလုပ်လျှင် သည်နှစ် စားစရာမရှိနိုင်။ မလုပ်လျှင် ဘယ်သူကမှ ပေးကြကမ်းကြ ချေးကြငှားကြလိမ့်မည် မဟုတ်။ အလုပ် လုပ်နေပါမှ ပေးသူကမ်းသူ ချေးသူငှားသူတို့ကလည်း ယုံကြည်စိတ်ချပေလိမ့်မည်။ သူ တို့မှာ ပြန်ရစရာ မျှော်လင့်ချက် ရှိမှလည်း၊ ပေးကမ်း ချေးငှားပေလိမ့်မည်။

အမှန်တော့ သည်အချိန်သည် ကောက်ကြီးတက်ချိန်။ တလင်းတို့လည်း ပိတ်ကြပြီ။ လယ်သမား ယာသမားမှာ ငွေစအရှင်ဆုံးကာလ။

သို့သော် ထွန်းအို့မှာတော့ တပြားမှမရှိ။ ရသမျှတို့သည် ချေးထား ငှားထားသူတို့ကို ပေး၍ ကမ်း၍ပင် မလောက်ငမစုံစေ။ မနည်းကြီး တောင်းပန်၍ ဆိုင်းခိုင်းထားရသည်။ ကိုယ့်မျက်နှာနှင့်ချည့်ဆိုလျှင် မယုံမည်ဆိုး၍၊ မယုံ၍ နောက်ထပ်မချေးငှားလျှင် စားဘို့ပင် အခက်ကြုံရမည်ဖြစ်၍၊ ကိုယ့်ဘက်မှလိုက်တောင်းပန်ရာတွင် ချစ်မျှားကိုပါ အဖော်ခေါ်ရသည်။ မပြေလည်လျှင် ချစ်မျှားကိုပါ အာမခံခိုင်းရသည်။

ပြောလျှင်တော့ ယုံချင်မှယုံလိမ့်မည်။ ဘယ်သူကမှလည်း သိလျက်နှင့် ယုံကြမည်မဟုတ်၊ ဝမ်းစာချန်ပြီးမှ အကြွေးဆပ်ကြမြဲ ဖြစ်သည်ကို တရားသေမှတ်ထားကာ၊ ထွန်းအို့၌ မရှိဘူးဆိုသည်ကို ဘယ်သူကမှ ယုံကြည်မည် မဟုတ်။ သို့သော် တကယ့်အဖြစ်မှန်မှာက ထွန်းအို့တွင် ဝမ်းစာပင် မကျန်။

## (၈၄) မောင်သာရရဲ့ စီးပလေစေ မောင်မသုတ်နဲ့.

တောင်က တတင်းဆွဲ၊ မြောက်က တခဲ့ကဲ့နှ
တနှစ်တော့ ငတ်သေမည်မဟုတ်။ အလုပ် လုပ်သည်ဆိုလ
အနည်းဆုံး ချေးငှားမည့်သူတော့ ရှိဦးမည် ဖြစ်သ
သည့်အတွက်တော့ ထွန်းအို့ တွေးမပူ။

ထွန်းအို့၏စိတ်ကလည်း ဖြောင့်မတ်သည်။ ကျော
ခံနိုင်သည်။ ဝမ်းပူကိုလည်း မခံနိုင်သည့်တိုင် ခံရမည်ဆိုလ
ခံလိုက်ချင်သေးသည်။ သို့သော် နားပူကိုတော့ မခံချင်။ မခံနိ
ထို့ကြောင့်လည်း ပုတ်သွန်အိတ်မှောက် ရှိသမျှကိုတော့ အ
ဆပ်လိုက်သည်။

စင်စစ် သူတို့ မတွေးကြ၍သာ ဖြစ်သည်။

ထွန်းအို့းမှာ လုပ်ကွက်ဆယ်ကေပင် ပြည့်သည်မဟု
အတိအကျပြောရလျှင် ကိုးသဒမ ခြောက်ကေသာ ရှိသ
သည်အထဲမှာ ကိုယ်ပိုင်မဟုတ်သည့် ဦးကြီး စံဘ၏ လယ်
နှစ်ကေ တကွက်ပါသေးသည်။

အရေးအကြီးဆုံးက ထွန်းအို့းမှာ ကိုယ်ပိုင်နွားမ
နွားမတကောင်သာ ရှိသည်။ သည်နွားမပင်လျှင် တနှစ်က မြ
ဈေးကောင်းမိလိုက်၍၊ အဖတ်တင်ခဲ့ခြင်းဖြစ်သည်။ သည်နွားမ
မွေးထားရသည်ကလည်း အကြောင်းရှိ၏။ မွေးချင်၍မွေးထ
သည်တော့ မဟုတ်။ ကိုယ် ငွေပိုရှိသည့်နှစ်မှာ အမဖြစ်သူ
ငွေလို၍ လာရောင်းသဖြင့် ဝယ်ထားလိုက်ရခြင်း ဖြစ်သ
ယခုတော့လည်း သည်နွားမကို မရောင်းရက်။ နွားမမှာ
ဗိုက်ရှိ၍နေပြီ။

ထွန်းအုံသည် နွားမရှိတော့ နွားရှိသည့် ကြီးဒေါ်မထံမှ ငှားရသည်။ နွားတရှဉ်းကို ထွန်တုံးတပိုတ်အတွက် ကိုယ့်စရိတ်နှင့်ကိုယ် စပါးငါးဆယ်ပေးရသည်။ သူ့ထံမှာ သူရင်းငှားလုပ်မည်ဆိုလျှင်တော့ လေးဆယ့်ငါးနှင့် ဖြတ်မည်ဟုဆိုသည်။ သို့သော်သူ့လယ်က ရွာနှင့်လည်း ဝေးဘိုခြင်း။ မြေကလည်း မြေညံ့။ ကုန်းကျ၍ ကြပ်သည်။

လုပ်မည့်လုပ်တော့ ကိုယ့်လယ်ကိုယ်ဘဲ လုပ်တော့မည်ဟု ပိုင်းဖြတ်ကာ စပါးငါးဆယ်နှင့် သဘောတူခဲ့သည်။ သည့်အတွက် သည်နှစ် ရသည့်အထဲမှ စပါးငါးဆယ် ပဲ့ပြီ။

မနှစ်က ဘယ့်နှယ်ဖြစ်လိုက်သည် မသိ။ ဥတုလည်း သိပ်ဖောက်ပြန်လှသည် မဆိုသာ။ ဖုံးချိန်တွင် မိုးပြင်းအနည်းငယ်မိသည် ဟူ၍တော့ ပြောမည်ဆိုလျှင် ပြောနိုင်သည်။ သို့သော်သည်မျှ မိုးကိုတော့ ဥတုဆိုးမခေါ်သာ။ ပသို့ဆိုစေ၊ အထွက်မှာကျတော့ သိသိသာသာကို ကျသွားသည်။

ထွန်းအုံ၏ လယ်တို့သည် သည်နား တ စိုက် တွင် တော့ပထမတန်းစားထဲမှာ ပါဝင်သည်။ မထွက်ဖူးဆိုသည့်နှစ်မှာပင် အနည်းဆုံး သုံးဆယ် သုံးဆယ့်ငါးခတော့ထွက်ခဲ့သည်။ ရံဖန်ရံခါ ငွေမနိုင်တော့၍ စရိတ်ကုန် သက်သာမှ သက်သာစေတော့ သဘောဖြင့် မစိုက်ဖဲ ကြဲပစ်လိုက်သည့် နှစ်မှာပင်လျှင်လည်း သုံးဆယ်လျော့လျော့တော့ ထောင်ပြီး ထွက်ခဲ့သည်။

သို့သော် မနှစ်ကတော့ ခါတိုင်း နှစ် များ မှာ ကဲ့ သို့ ရေအောက်သို့လည်း သိပ်ကြာကြာ မရောက်လိုက်ရ။ ပင်ခြေမှာလည်း ပြောပလောက်အောင် ပေါင်းမရှိ။ ဥတုကလည်း

ဆိုးသည် မဆိုသာ။ သို့တိုင် တလင်းပိုတ် ပေါင်းကြည့်တော့ နှစ်ရာ့လေးဆယ်ဘဲထွက်သည်။

သည်နှစ်ရာ့လေးဆယ်ထဲက ကြီးဒေါ်မကို ငါးဆယ် ပေးရသည်။

စိုက်စရိတ်မရှိ၍ စပါးပေးဖြင့် ငွေတရာ ဆွဲထားသည် ကလည်း ရှိသေး၏။ သည့်အတွက် စပါးလေးဆယ်ကလည်း နုတ်ရလိမ့်ဦးမည်။ ထွန်းအုံသည် ပေးရတော့မည် ဆိုခါ ဈေးဆစ်မနေချင်တော့။ နားပူလည်း မခံချင်။ ထို့ကြော သည်လေးဆယ်ကိုလည်း ပေးလိုက်သည်။

ဦးကြီးစံဘ၏ လယ်တကွက်ကလည်း ဘာဘဲပြောပြော မပေး၍မဖြစ်။ အထွက်ညံ့သည် ဆိုသည့်တိုင် ငါးဆယ်တော့ ပေးဦးမှ ကောင်းမည်။ သူ ကောင်း ထား သည် ကလည် ကိုယ့်အပေါ်မှာ အများကြီးရှိသည်။ တ သီး အ တွက် သ သူ ယူမည်ပြောထားသည်။ ထပ်သီးအတွက်က သူတတော တစေ့မျှ ယူ တော့ မည် မဟုတ်။ ပြီးတော့ တဆယ်မျ နှစ်ဆယ်မျိုး ငွေလိုသည့်အခါ အားမနာတမ်း သွားတောင်း ရတာဘ်သည်။ စားစရာမရှိ ပေးပါအုံးတတင်း၊ ချေးပါအုံးတ ဆိုလျှင်လည်း ဦးကြီးစံဘသည် ဘယ်တော့မှ လက်ချ ပြန်မလွှတ်။ ပြောပြောဆိုဆိုနှင့်အနည်းအကျဉ်းတော့ပေးလိုက် ဖြစ်သည်။ သည်တော့ ဦးကြီးစံဘကိုလည်း စေတနာအပြည့် ပေးလိုက်သည်။

စာရင်းအရဆိုလျှင်တော့ လက်ထဲမှာ စပါးတရာ ကျန်ရမည်။ သို့သော် တနှစ်ပတ်လုံးကိုယ့်အိမ်ကထမင်းအိုးသ

အလို အလျောက် ပြည့်နေသည် မဟုတ်။ စားစရာ မရှိ၍ ဆွဲလိုက်၊ ဝတ်စရာအတွက် ဝယ်ဘို့မရှိ၍ ဆွဲလိုက်၊ ပျိုးအတွက် မျိုးအတွက် ဆွဲလိုက်၊ တောင်ဆွဲလိုက် မြောက်ဆွဲလိုက်နှင့် ဆွဲလာခဲ့သမျှကို စာရင်းချ၍ တွက်လိုက်တော့ စပါးလည်း လက်ကျန်တစေ့မျှမရှိ။ ဝမ်းစာအတွက် ဆန့်ကွဲပင် ကျန်နိုင်ဘွယ် မရှိ။

သို့တိုင် ကြွေးက ငွေနှစ်ရာကျော်ကျန်ရစ်သည်။

စင်စစ် စပါးတရာ ဆိုသည်က အပုံသာ ကြီးကောင်း ကြီးလိမ့်မည်။ အစိုးရဒိုင်က ပေးသည့်ဈေးသည် စပါးတရာမှ သုံးပိဿာ့ခြောက်ဆယ်ပင် မပြည့်။ သုံးပိဿာ့ခြောက်ဆယ်ဘဲ ထားပါတော့။ တနေ့တကျပ်နှင့် မိသားစု ငါးယောက်ရှိသည့် ထွန်းအုံ့တို့ အိမ်ထောင် စား၍ ဝနိုင်ပါ့မည်လော။

အရှည်ကြီးလည်း ထွန်းအုံ့မတွေးချင်။ အလုပ်လုပ်ဖို့ မဟုတ်ဖဲ့ စားဘို့ ဝတ်ဖို့ ဆိုသည်မှာ တွေးကောင်း သည်လည်း မဟုတ်။ လယ်သမားသည် စားဘို့ ဝတ်ဖို့ကို တွေးမိလျှင် အရှင် လတ်လတ် ငရဲကျရသည်သို့သာရှိမည်။ ကိုယ့်ဒုက္ခ ကိုယ်ရှာ သကဲ့သို့သာ ဖြစ်မည်။

အလုပ် လုပ်ဖို့ တွေးရပြီဆိုတော့လည်း၊ လယ်ကတော့ ဘာမျှ ထူးထူးထွေထွေ တွေးနေစရာမလို။ သူ့အချိန်နှင့်သူ ထလုပ်လိုက်ရုံဘဲ ရှိသည်။ ဟာလုပ်တော့မည် ဆိုလျှင်သာ ဘာကိုစိုက်မည် ရွေးရ တွေးရမည်။ မနှစ်က ဘယ်သီးနှံ ဈေးကောင်းရခဲ့သည်ဆိုသည်ကို သိရမှတ်ရမည်။မသိလျှင် မေးရ မြန်းရမည်။

## (၈၈) မောင်သာရရဲ့ စီးပလေစေ မောင်မသုတ်နဲ့

ခက်သည်က ဘာဖြစ်ဖြစ် ဈေးနှစ်ဈေး ဖြစ်နေခြင်း
တည်း။

ခက်သည်က အစိုးရက မကိုင်လျှင် ဘယ်သီးနှံ ဖြစ်
ဈေးကောင်းမရ။ ထို့ကြောင့် သီးနှံတိုင်းကိုအစိုးရကိုင်ပါစေ
ဆုတောင်းရမည်ကဲ့သို့ ဖြစ်နေသည်။ သို့သော် အစိုးရအနေ
ဘယ်သီးနှံကိုမျှလည်း မကိုင်စေချင်။ အစိုးရက ကိုင်လိုက်ပြ
လျှင် ဈေးကွက်ပါ ပျောက်ရတတ်တော့သည်။ ဈေးကော
တော့ ပေါက်ပါ၏။ သို့သော် ရောင်းကွက်ပါ ပျောက်ရပြ
တော့လည်း အချည်းနှီးပင် ဖြစ်တော့သည်။

အစိုးရက ကိုင်လိုက်ပြီဆိုလျှင် ပထမဆုံးရင်ဆိုင်ရသည်
စီမံကိန်းဖြစ်သည်။ စီမံကိန်း ဆိုဆိုပြီး မစိုက်မနေရ စိုက်ရသ
ကျွမ်းကျင်သူသည်း စိုက်။ မကျွမ်းကျင်သူလည်း စိုက်။ ဆင်
သူလည်းစိုက်။ မဆင်းရဲသူလည်းစိုက်။ ပြီးတော့ အစ
အဝယ်ဒိုင်မှတပါး အခြားသို့ မရောင်းရ။

အစိုးရ ကိုင်ထားသည့် သီးနှံသည် အစိုးရဒိုင်မှာ
ဈေးကောင်းမရတတ်။ စပါးကလွဲလျှင်၊ စွန်တာနီစွန်တာပြာ
ထောပတ်ပဲတို့ကလွဲလျှင် အခြားသီးနှံ ဟူသမျှကို အစိုးရက
ကိုင်လိုက်။ အပြင်ဈေးသည် ကောက်ရိုးမီးနှယ် ရှတ်ခြ
တက်သွားသည်။ အစိုးရကပေးသည့် ဈေးထက် အပြင်ဈေး
တဆနီးပါး ပိုလာတတ်သည်။

သည်အခါမျိုးမှာ ထွန်းအုံတို့အဖို့က အခက်။ အစ
ကိုလည်း ရောင်းချင်သည်။ သို့သော် ကြွေးကလေး ပြေ
ကျေချင်သည့်စိတ်၊ လှူချင်တမ်းချင်သည့် စိတ်တို့က အ

ဈေးကွက်သို့ တွန်းပို့သည်။ ကိုယ့်ပစ္စည်းနှင့်ကိုယ် ရာဇဝတ်မှု ဖြစ်ရတော့မည့်ကိန်း။

သည်တော့ ထွက်ပေါက်ရှာရသည်။ သည်နေရာမျိုးမှာ ကျတော့လည်း ချစ်များတို့ ငဘိုတို့ ဂျပန်တို့က တအား ကိုးရသည်။ မြေယာကော်မီတီလုပ်နေသည့် ကိုရင်အောင်ဘနှင့် ကိုရွှေအိုတို့ကလည်း သည်နေရာမျိုးမှာကျတော့ ကိုယ့်ရွာကိုယ် ပြန်ကြည့်သည်။တနည်းဆိုသော် တော်ကြသည်။ အစိုးရကလည်း မငြင်ငြို စေရ။ ရွာမှလည်း ကာရန်ပြေစေသည်။ သူတို့မို့လည်း လှည့်နိုင်ပဲ့နိုင်၏။ ဘယ်သူက ဘာကို ဘယ်မျှစိုက်၊ ဘယ်သူ ကတော့ ဧကဘယ်မျှမှာ ဘာသီးနှံ စိုက်စသည်ဖြင့် သူတို့ကြည့်၍ စီစဉ်သည်။

တကယ့်တကယ်တော့ ဘယ်မြို့ကလူကမှ အသေအချာ လာပြီးကြည့်ကြသည် မဟုတ်။ မြေပဲ စီမံကိန်း တုန်းကဆိုလျှင် စီမံကိန်းအချိုးကျအဖြစ်ဖြင့်နတက်က ဧကရှစ်ဆယ်ကျခဲ့သည်။ သို့သော်ဧကနှစ်ရာကျော် စိုက်ပစ်လိုက်ကြ၏။အစိုးရဒိုင်သို့လည်း သူ့အချိုးကျနှင့်သူ တွက်၍ ရောင်းလိုက်သည်။ အထွက်နှုန်း ကောင်းသည် ဟူ၍ပင် အချီးမွမ်း ခံလိုက်ကြရလေသေး၏။ ပြီးတော့ တရွာလုံးလည်း မြိုင်လိုက်သည့် အဖြစ်၊ လှူသူလှူကြ၊ အိမ်ပြင်သူ ပြင်ကြနှင့် ပျော်လိုက်ကြသည့် အဖြစ်။

မြို့ကလူတို့သည် သူတို့တာဝန်အရ မရမှာသာပူကြသည်။ မစိုက်မှာသာ ပူကြသည်။ စိုက်ကြသည်ဆိုတော့ စိတ်အေး၍ သွားကြ၏။ ရွာကလည်း ကြည့်၍ ပြောလိုက်သည်။ ကြည့်၍ ပေါင်းလိုက်သည်။

(တတိယအကြိမ်)

## (၉၀) မောင်သာရရဲ့ စီးပလေစေ မောင်မသုတ်နဲ့.

ပြီးတော့ ပိုသမျှကို အပြင်ဈေးသို့ ပို့လိုက်သည်။ မြိုင်ကြ
သည်။ ပျော်ကြသည်။

အမှန်တော့ စီမံကိန်းသီးနှံကိုစိုက်ခြင်းထက် ဇိမ်ကျသော
အလုပ်သည် လောကမှာ မရှိ။ ကိုယ့်အပင် ကိုယ့်အခင်းကိုကိုယ်
ပြန်မကြည့်ချင်လျှင်ပင် ဖြစ်နိုင်သည်။ ပိုးဖျက်မှာ စိုး၍ဟု ဆိုကာ
ကောင်စီ အတွင်းရေးမှူး ကလေးမှ တဆင့် မြေကျေးရှင်းကို
အကြောင်းကြားလိုက်သည်။ ပိုးသတ်ဆေး အမျိုးမျိုးရွာသို့
ရောက်လာသည်။ သုံးနည်း သုံးပုံ သင်ပြသည်။ ဗဟုသုတလည်း
ရလိုက်ကြရသည်။ သုံးသင့်သမျှလည်း သုံးပစ်လိုက်ကြသည်။
သို့သော် နွားကစားမိလျှင် နွားသေတတ်သည်။ လူကစားမိလျှင်
လူသေတတ်သည် ဆိုသဖြင့် ဒုဋ္ဌာဝတီထဲ မျှောပစ်လိုက်ကြသည်။
မတရား ပိုနေတော့လည်း ကြည့်မကောင်း။ နောင်ဘဝ
အထက်က သိသွားလျှင် ပေးသည့်သူ အပြစ်ရောက်ဦးမည်။
သည်တော့ ရွာ့အပေါ် စေတနာထား၍ အများကြီးပေးသူ
ရွာက ပြန်၍ မသတ်ကောင်း။

သို့သော်စီမံကိန်းသီးနှံကို အမှန်ပြောရလျှင်မစိုက်ချင်
ကိုယ်စိုက်ချင်သည့် သီးနှံ ဆိုသည်မှာ မနှစ်က ဈေးကောင်းရ
သည့် သီးနှံသာဖြစ်သည်။ သည်နှစ်လည်း ဈေးကောင်းရဦးမည်
အထင်နှင့် ကြို့တွက်၍ စိုက်လိုခြင်း ဖြစ်သည်။ သည်သီးနှံနှ
စီမံကိန်းကတ်တထပ်တည်းကျသည် ဆိုလျှင်တော့ ဘာမှပြောစ
မရှိ။ က၍ပင် စိုက်ကြမည် ဖြစ်သည်။

သို့သော် သည်သို့ တထပ်တည်း ကျဘို့ရာ ဆိုသည်က မလွယ်။ အလွန့်အလွန် ဖြစ်ခဲသည်။ ဖြစ်ခဲသည် ဆိုပေမည့် မြေပဲတုန်းကတော့ တခါကြုံလိုက်သည်။

ပသို့ဆိုစေ၊ မြေပဲကအပြင်မှာ ဝယ်သူက အလုအယက်။

စွန်တာနီတို့ စွန်တာပြာတို့ ထောပတ်ပဲတို့ ကျတော့ အပြင်ဈေးကွက်က နည်းသည်။ သည်နှစ်မှာတော့ အစိုးရက ဈေးပို၍ ပေးလာသည်။ ကျေးဇူးတင်ရပေလိမ့်မည်။

သို့သော် ထွန်းအုံ၏ သဘောကတော့ ပဲဆို မြေပဲက လွဲ၍ ဘာပဲမှမစိုက်ချင်။ မြေပဲကလျှာတွေ့နေ၍ တော့မဟုတ်။ စိုက်နေကျ၊ စိုက်မိလက်စနှင့်မို့သာဖြစ်သည်။

တောင်သူ လုပ်သည်ဆိုတော့လည်း စိုက်စရာတို့က မြောက်မြားလှဘိသည်၊ တောင်သူမှာ အစွဲ အလန်းလည်း ရှိသည်။ ကိုယ့်နေ့နှင့်ကိုယ့်နာမ်နှင့် သင့်မသင့်ကလည်း ရှိသေးသည်။လူသူတကာ မြေပဲနှင့် အလုပ်ဖြစ်ကြသည့်နှစ်က အနောက်ခြမ်းမှ ကိုညိုအိ နွားမတကောင် ရောင်းရသည်။ အရင်းအနှီးကြီးသည့်မြေပဲကိုအားခဲ၍ စိုက်ခဲ့သည်။သို့သော် တန်ဆောင်မုန်းရေကျော်တော့ မြေကြပ်ပြီး အသီးမတွယ်နိုင်ခဲ့။ လိုက်လိုက်သည့်ပေါင်း၊ သုံးလိုက်သည့်စရိတ်၊လုပ်ရင်းလုပ်ရင်းနှင့် ကိုညိုအိလော်ရင်းနစ်ခဲ့သည်။

မှန်သည်။ ကိုယ်နှင့်အကျိုးပေးသည့်သီးနှံမှအကျိုးပေးသည်။ကိုယ်နှင့် ဘယ်သို့မျှ သဟဇာတမဖြစ်သည့် သီးနှံဆိုလျှင် စိုက်လည်းရှုံးဘို့ဘဲများသည်။ ရှုံးတော့ ဘယ်သူကမှလာပေးသည်မဟုတ်။ ဘယ်သူကမှလည်းလျှော့ယူသည်မဟုတ်။

## (၉၂) မောင်သာရရဲ့ စီးပလေစေ မောင်မသုတ်နဲ့

ပြီးတော့ တနှစ်တခါ တသီးနှံ ပြောင်းစိုက်နေ၍သ
မဖြစ်နိုင်။ သီးနှံ တခုနှင့်တခုက သဘာဝချင်း တူတတ်သ
မဟုတ်။ စရိုက်ချင်းတူတတ်သည်မဟုတ်။ သီးနှံတခု၏ စ
သဘာဝကို ရေရေလည်လည် သိနိုင်ဘို့သည်ပင်လျှင်အနည်း
ရာသီတပတ်လေးနှစ်တော့စိုက်ရမည်။ လေးနှစ်တိုင်တိုင်မပြေ
မလှဲဘဲစိုက်၍၊အသေအချာ လေ့လာမှသာလျှင်လည်း စ
သဘာဝကို သိနိုင်မည်ဖြစ်သည်။ သည်တော့ သည်နှစ်ပဲစိ
သည်နှစ် နှမ်းစိုက်၊ သည်နှစ်ဝါစိုက်၊ သည်နှစ် ဆေးစိ
စသည်ဖြင့် ပြောင်းချင်တိုင်း ပြောင်းစိုက်၍ မရ
တောင်သူသည် သင်ခန်းစာယူရင်းယူရင်းနှင့်ပင်သူ့သက်တ
ကုန်မည်။ သေသည်အထိ ဘာသီးနှံကိုမှ ကောင်းကော
ဖြစ်ထွန်းအောင် စိုက်တတ်သွားလိမ့်မည်မဟုတ်။

စီမံကိန်းဆိုသည်က ကန်သင်းရိုးကို ပေတံနှင့်
အကွက်ချချင်သည့် သဘောမျိုး ဖြစ်နေတော့လည်းထွန်း
အဖို့က ခက်ဘိသည်။

စီမံကိန်းသီးနှံမစိုက်ချင်ဘူး ပြောင် ဖွင့် ပြော
တော့လည်းမကောင်း။ အစိုးရကို ဆန့်ကျင်ရာ ရောက်ဦးမ
ဆိုရှယ်လစ်စနစ်ကို တိုက်ခိုက်ရာ ရောက်ဦးမည်။ တိုင်းပြ
မချစ်ရာ ရောက်ဦးမည်။

အမှန်တော့ ထွန်းအုံသည် အစိုးရကို မဆန့်ကျင်
အလားတူစွာ ဆိုရှယ်လစ် စံနစ်ဆိုသည်ကိုလည်း ဘာမှန်
ပေမည့် အစိုးရလုပ်နေသည့်အလုပ်မို့မဆန့်ကျင်ချင်။ ပြီး
တိုင်းပြည်ကို မချစ်သူဟုလည်း အပြောမခံချင်။ တိုင်းပြ

ဘယ်သို့နေပြမှ ချစ်ရာရောက်မည်ဆိုသည်ကို ထွန်းအုံ အမှန်ပင် မသိ။ ချစ်နည်းကိုမသိရ၍ ချစ်လည်းမချစ်တတ်ရိုး အမှန့်ပင်။ သို့သော်ရွာကိုတော့ ထွန်းအုံ ချစ်တတ်သည်။ ရွာကိုသေတပန် သက်ဆုံး ဘယ်တော့မှ မစွန့်ခွာဟူ၍လည်း ထွန်းအုံ ပိုင်းဖြတ် ထားခဲ့သည်။ ရွာမှာ ဒုက္ခရောက်ကြသည်။ ထွန်းအုံ ရွာမှာ ရှိနေသည်။ ရွာမှာ နစ်နာနေရသည်။ ထွန်းအုံ မကျေနပ်။ လွန်ခဲ့သည့် ဆယ်နှစ်ခန့်က ရွှေစောလူး ဘုရားပွဲမှာ နတက်သား တို့နှင့် တခရိုင်သားတို့ ရိုက်ပွဲဖြစ်ကြသည်။ ထွန်းအုံ ရှေ့ဆုံးက။

ပသို့ဆိုစေ၊ ထွန်းအုံ စကားမတတ်။ မတတ်၍လည်း ပြောရမည့်နေရာမှာ ထွန်းအုံ ဘယ်တော့မှ မနေ။ ချစ်မျှား ရှိသည်။ ဂျပန် ရှိသည်။ ငဘိုရှိသည်။ ကိုရင်အောင်ဘရှိသည်။ ကိုရွှေအို ရှိသည်။ သူတို့ကြည့်၍ပြောကြပေလိမ့်မည်။

တခုတော့ ရှိသည်။ ကိုယ့်ရွာက ကော်မီတီကိုတော့ ပြော၍ထားရမည်။ သည်နှစ်တော့ငါ့ကို ခွင့်လွှတ်။ မရှိမဲ့ ရှိမဲ့ မြေကလေး ခုနှစ်ကေသာသာမှာ ဘာစီမံကိန်းမျှ မစိုက်ချင်။ လုပ်ကော မျှားသူတို့ကိုသာ ကြည့်၍ချ။

အမှန်တော့မနှစ်က ဘယ်သီးနှံ ဘယ်ဈေး ပေါက်ခဲ့ သည်ကိုထွန်းအုံ မသိ။ မေးလည်းမမေးထားရသေး။ ထို့ကြောင့် လည်းထွန်းအုံ လက်မှာ ဘာမျိုးမှမရှိ။

ပြောမည့်သာပြောနေသည်။ သူများပြင်၍ လိုက်ပြင် မည့်သာ ပြင်နေသည်။ မြေကြီးစိုစိုကို မြင်ရ၍ ထယ်ချင်ထွန်ချင် စိတ်သာပေါ်နေသည်။ ဘာကိုဘယ်မျှစိုက်မည်ဟု ထွန်းအုံ မရွေးချယ် မဆုံးဖြတ်ရသေး။

## (၉၄) မောင်သာရရဲ့ စီးပလေစေ မောင်မသုတ်နဲ့

ယုတ်စွအဆုံး တောင်တောင်ဤဤ စဉ်းစား၍ လျှင်တော့ စိုက်နေကျမြေပဲဘဲ စိုက်လိုက်မည်ကြံသည်။ သို့သော် အချိန်တော့ အနည်းအကျဉ်း ရသေးသည်။ စောင့်ကြည့် သေးသည်။

မြေပဲမြေပဲနှင့် ပြော၍သာ နေရသည်။ မြေပဲကလည်း ငွေခဲ့။ငွေမရှိဘဲ မြေပဲမစိုက်နိုင်၊ ထွန်အုံ့မှာက မျိုးဘိုးပင်မ

အဲ သူက မျိုးစိုက်နွားစိုက်၊ ကိုယ်က မြေစိုက် လူစိုက် ရသမျှကိုတယောက်တဝက်ခွဲယူကြမည်ဆိုလျှင်တော့ ပြဿနာ ပြေလည်လာနိုင်သည်။

သို့သော် သည်ကနေ့ ဆီဈေးက ကျနေသည် ကိုယ်ကဲ့သို့သော အကြံအစည်ကလည်း တောင်သူတိုင်း မှာ ရှိတော့သည် ထင်သည်။ နောင်နှစ် ကိုက်မှ ကိုက်ပါတော့ မည်လော။

ထွန်းအုံ့ အစဉ်းစားရကြပ်လာသည်။ သို့နှင့်အိမ် ခပြင်တွင် အင်္ကျီကျွတ်ကြီးနှင့် ထိုင်နေရာမှ ဖွာလက် ပြောင်းဖူးဖက်လိပ်ကိုဆက်၍ဆက်၍ဖွာလိုက်သည်။ ပြီးအား ဆိုမှပြာခံခွက်လုပ်ထားသည့်မြေစလောင်းပဲ့ထဲသို့ ခေါင်းမ အောင် အသာချလိုက်သည်။

'ရှင်မရေ၊ ငါ့တဘက် ပေးလိုက်စမ်းဟာ။ ရှာ လျှောက်လိုက်အုံးမှဘဲ....'

တဘက်ကို ပေါင်းရင်းနှင့်မျောလုံးလှေကားမှ ထွန်း ဆင်းခဲ့သည်။ ပြီးတော့ နွားမ၏ အမြီးမှာ ကပ်နေသ

နောက်ပိုးသီးတို့ကို လမ်းကြုံခိုက် ဖြုတ်၍ ပေးလိုက်သည်။ ထို့နောက် ရွာထိပ်ဖက်သို့ ဆက်၍ထွက်ခဲ့သည်။

'ဟဲ့ ကောင်သာရ၊ ဒါက ဘယ်တုန်း၊ သုတ်သုတ် သုတ်သုတ်နဲ့....'

လမ်းမှာတွေ့သည့်သာရကို သိလျက်နှင့် မေးလိုက်သည်။

'ဘယ်ရှိအုံးမှာတုန်း ဘဒွေးထွန်းအုံရာ၊ မိပြည့်တို့ အိမ်ပေါ့....'

'နေစမ်းပါအုံးဟကောင်ရာ၊ ငါ မေးစရာရှိလို့....'

'အရေးထဲဗျာ....'

'မင်းတို့ သည်နှစ် ဘာစိုက်ကြမယ် စိတ်ကူးတုန်းလို့ ပါဟ....'

'ဆေးစမ်းစိုက်မလို့....'

'ဘာကွ....'

'ဗာဂျီးနီးယားဆေးရွက်လေဗျာ၊ စီမံကိန်းပေါ....'

'မင်းတို့စိုက်ဖူးလို့လား....'

'အသိသားနဲ့ ဘဒွေးထွန်အုံရာ၊ ဘယ် စိုက် ဖူး လိမ့် မှာတုန်း....'

'ဟ မစိုက်ဖူးဘဲနဲ့၊ ဖြစ်ပါ့မလားဟ သာရရ....'

'သူများစိုက်လို့ ဖြစ်မှတော့ ကိုယ် ဘာလို့ မဖြစ်ရမှာ တုန်းဗျ....'

'အေး အေး မင်းတို့ကတော့ ငယ်တုန်း ဆိုတော့ သင်ကြအုံး ထွင်ကြအုံးပေါ့ကွာ....'

‘အို ဘဒ္ဒေးထွန်းအုံကလဲဗျာ၊ ကြားတဲ မကြားမိဘူး ထင်ပါ့၊ တောင်မြို့ဘက်က ရွာတွေလေ၊ သည်ဆေးခင်းတွေနဲ့ ကြီးပွားတာ၊ ဆေးပေါင်းရုံတွေတောင် တည်လို့ဗျ....’

‘ဟော ဟုတ်ကဲ့လား၊ မင်းကိုယ်တိုင်ရောက်ခဲ့လို့ မြင်ခဲ့ရ တာကော ဟုတ်ရဲ့လားသာရရာ၊ ဝါဒဖြန့်တာလဲ ဖြစ်နေပါ အုံးမယ်....’

‘တောင်မြို့ လောက်တော့ ကျုပ်လဲ ရောက်ဖူးပါ တယ်ဗျာ....’

‘ဒါဖြင့်လဲ ငါ့ပါ ကြည့်လုပ်ပေးကွာ....’

‘ဟာ ဘဒ္ဒေးထွန်းအုံ့မြေတွေနဲ့တော့ ဖြစ်မှ ဖြစ်ပါ့ မလားဘဲ....’

‘ဟင် သူက ဘယ်မြေနဲ့မှ ဖြစ်တာတဲ့တုန်း....’

‘သဲနုံးမှဖြစ်တယ်ပြောတာဘဲ၊ ကျုပ်လဲအတိအကျတော့ မသိသေးဘူး၊ ကြားတာ ပြောတာ....’

‘ဟော့ကောင်၊ ဖြစ်သာ ဖြစ်ပေ့စေ၊ သဲတိုက်ပြီး ရောပစ် လိုက်မယ်....’

‘နေပါအုံးလေ၊ ကဲ နောက်မှ ဆက်ပြောဗျာ၊ ကျုပ် ချိန်းထားတာဗျ....’

‘မင်းတို့မလဲ စောက်ရေးထဲ....’

‘အိုး ကျုပ်တို့က လူပျိုဗျ....’

# (၇)

ကန့်သင်းကို နွားဦးခိုက်သည်တွင် စံပြသည် နေကိုမော့၍ ကြည့်လိုက်၏။

'အကိုရေး ငဒိုလဲ ဖြုတ်မှုထင်ရဲ့'

နေရင့်ပြီမို့ အကိုကံရကို လှမ်းတိုင်ပင်လိုက်သည်။

'နည်းနည်း စောပါသေးတယ်ကွာ၊ သည်တစပ် ပြီးအောင်တော့ တိုက်လိုက်ကြသေးတာပေါ့၊ ဟိုမှာ ငဘိုတို့ ငချိုတို့လဲ အဖော်ရှိပါသေးတယ်ကွ၊ ဟို့မှာကော သာရ မဟုတ်လားလို့၊ မင်းကလဲ'

မှန်သည်။ လုပ်သဲကောင်းနေကြသူတို့အထဲတွင် လူငယ် ပိုင်းသာ ကျန်တော့သည်။ ကပ်လျက် အကွက်များမှ

## (၉၇) မောင်သာရရဲ့ စီးပလေစေ မောင်မသုတ်နဲ့

ဘဒွေးထွန်းအုံတို့ ဦးလေးရွှေအိုတို့ဆိုလျှင် စောစောကတည်းက ထွန်ဖြုတ်၍ ပြန်ကြပြီ။ လှည်းလမ်းဘေးမှ မန်ကျည်းပင် အောက်တွင်မူ ကိုစောရွှေတို့လင်မယား ထွန်နား၍ ထမင်းစား နေကြသည်။ ကန်သင်းဆုံမှ ဘကြီးလူအေး၏ တဖက်ရပ် တဲရိပ်တွင်မူ လူ တယောက်အိပ်နေ၏။ ဘကြီး လူအေးပင် ပန်းပန်းနှင့် အိပ်နေပြီ ထင်သည်။

မှန်သည်။ စံပြသည် အလုပ်မှာ ဇွဲမရှိ။ ခါးချိုး၍ အလုပ်မလုပ်ချင်တတ်။ ဘဝကသာ လယ်သမား၊ စိတ်ထားက ဝတိံသာ။ တောင်ယာလယ်လုပ် မခုတ်အလုပ်ကိုလည်း စံပြ မနှစ်ခြိုက်။ စံပြကြိုက်သည်က မြို့မှာနေရသည့် လခစားဘဝ။

မှန်သည်။ စံပြ၏အဖေ ဦးအောင်ဖေကလည်း အစတုန်း ကတော့ သူ့သားထွေးကလေးကို နွားနှင့် ဖက်ရုန်းရသည့် တောင်သူလယ်လုပ်ဘဝမှ လွတ်မြောက်စေချင်သည့် ရည်ရွယ် ချက် ရှိခဲ့သည်။ ငယ်ငယ်တုန်းကတော့လည်း စံပြသည် ကျောင်းစာဖတ်ရာမှာ ဟုတ်တုတ်တုတ် ရေးတေးတေး ရှိခဲ့သည်။ နတက်မှာတော့ ထိုစဉ်က ကျောင်းမရှိ။နတက်နှင့်ခြောက်မိုင်ခန့် ဝေးသည့် စာတိုးရွာမှာသာ မူလတန်းကျောင်း တကျောင်း ရှိသည်။ ထိုကျောင်းသို့ ဦးအောင်ဖေကိုယ်တိုင် နေ့စဉ် စက်ဘီးနှင့် လိုက်၍ ပို့ခဲ့၏။ အပြန်ကျတော့ ယောက်ဖ ကိုမြခက်က သွား၍ ကြိုရသည်။

သို့သော် လေးတန်းအစိုးရစစ် စာမေးပွဲကျတော့ အတန်းထဲတွင် အစဉ် ပထမ၊ ဒုတိယ၊ တတိယ စသည်ဖြင့်သာ ရတတ်သော စံပြသည် ဒလိမ့်ခေါက်ကွေး ကျခဲ့သည်။

ဆရာလုပ်သူတို့ ကတော့ မအံ့သြကြ။ ကျောင်းနေဘက် အချင်းချင်းကသာ အအံ့သြကြီး အံ့သြကြရသည်။ စံပြသည် လွယ်လွယ်နှင့်တော့ မလျှော့။ နောက်တနှစ် ဆက်၍ နေခဲ့ ပြန်ခဲ့သည်။ သို့သော် မအောင်။ သုံးနှစ်နှင့်လည်း မအောင်ပြန်။ လေးနှစ်နှင့်လည်း မအောင်ခဲ့။

သည်တော့မှ လူပျိုပေါက်လည်း ဖြစ်၊ အသံလည်း သြလာ၊ အရပ်ကလည်း မိုးထိုး၊ ရွယ်တူကလည်း တယောက်မျှ မရှိတော့၊ ကိုယ့်ကိုယ်ကိုလည်း ဘာမျှ ဟုတ္တိပတ္တိ မတတ်မှန်း ရိပ်မိလာသည်နှင့် ရှက်ပြီး ကျောင်းမှ ထွက်လိုက်သည်။

ဦးအောင်ဖေကတော့ သားထွေးကလေးကို ဖြစ်ပြီဟဲ့ ဆိုပြီး အားပေးခဲ့ရှာသည်။ မပြောသင့် မပြောထိုက်မှန်း သိလျက်နှင့်ပင် တောင်သူလယ်လုပ်အလုပ်ကို ရှုတ်ချ၍ ပြောပြခဲ့ ဖြစ်သည်။ အလကားအလုပ်၊ နွားအလုပ်၊ ကျောကုန်း ကျွဲပခုံး ထမှ ထမင်းနပ်မှန်ရုံစားရသည့် အလုပ်....စသည်....စသည်ဖြင့် လည်း ရိုးရာအလုပ်ကို ပုတ်ခတ်၍ ပြောပြခဲ့ ဖြစ်သည်။ ပညာသည်သာ ကုန်ဆုံးရာ၊ ပညာဟူသည် မြတ်ရွှေအိုး၊ ပညာ ရှိရင့် ပွဲလယ်တင့်....ဟူ၍လည်း ပညာရေး ရကြောင်းကိုသာ နားလျှံအောင် ပြောပြဖြစ်ခဲ့သည်။

စံပြသည် အဖေ့စကားတို့ကိုမူ နားဝင်ခဲ့လေပြီ။

စာ မတတ်ခဲ့လျှင်သာ ရှိမည်။ မညာ၏ တန်ဘိုးကို မသိခဲ့လျှင်သာ ရှိမည်။ လယ်သမား ယာသမား ကိုင်းသမား ခြံသမားအလုပ်ကိုတော့ စက်ဆုတ်တတ်လေပြီ။

# (၁၀၀) မောင်သာရရဲ့ စီးပလေစော် မောင်မသုတ်နဲ့

စံပြသည် တလွဲမှာတော့ ဆံပင်ကောင်းခဲ့၍။ လွယ်လွယ်နှင့်ကား လက်မလျှော့ခဲ့။ အဖေ့ကို ကပ်ခွဲ၍ မြင်းလှည်းအထောင်ခိုင်းခဲ့ လေသေးသည်။ မြို့သို့တက်၍ မြင်းလှည်းမောင်းစားမည် ကြံသေးသည်။

ထိုစဉ်ကတော့ အဖေလုပ်သူ ကလည်း ရွာသူကြီး။ ရွာကငယ်၍ သိပ်သြဇာမရှိလှပေမည့် သူကြီးကတော့သူကြီးပင်။ နတက်မှာတော့ အထက်ဆုံး ပုဂ္ဂိုလ်။ အထွန်းဆုံး ပုဂ္ဂိုလ်။ အကောင်းဆုံး ပုဂ္ဂိုလ်။

ယခုလိုတိုင်ပင်လျှင်ဦးအောင်ဖေပိုင်သည့် သံပုရာခြံသည် အပင်နှစ်ထောင်ခန့် ရှိလိမ့်မည် ထင်သည်။ ရွာ့တောင်ဘက်ထွက်လိုက်သည်ဆိုလျှင်ဦးအောင်ဖေ့ခြံနှင့် ပြေးမလွတ်။ပြီးတော့ လယ်ချည့်က ကေနှစ်ဆယ်ကျော် ရှိသေးသည်။ ယောက်ဖကို တအိမ်ထောင်လုပ်၍ ခွဲပေးထားခဲ့သည့် မြေဆယ်ကေသာသာကလည်း စင်စစ်မှာတော့ သူ့မြေပင်။

ပသို့ဆိုစေ။ ယခုတော့လည်း ဦးအောင်ဖေ မာန်စွယ်ကျိုးလေပြီ။နှစ်လုံးပြူးသေနတ်အရှိန်နှင့်စိန်နားကပ်တလက်လက်အောက်လူတို့အပေါ် အပြောရက်စက်ခဲ့သော သူကြီးကတော်ဒေါ်သီလှသည်လည်း၊ ယခုတော့ မျက်စိကွယ်၍ လူတွဲရလေပြီ။ တမြန်နှစ်အရင်တနှစ်က ထင်ပါ့။ နတက်တရွာလုံး ခေါင်းမိုးပါရေမြုပ်ရသည့်နှစ်က ကမ်းပါးပြို၍ သူ့အိမ်ရေထဲ ကျွတ်ပါသွားခဲ့သည်။

သစ်တော့လည်း ဦးအောင်ဖေကို သနားမိကြသည်။ မြစ်ငယ်တန်တားထိပ် ကယ်ဆယ်ရေး စခန်းက ပေးသည့်

အကူအညီနှင့် ဦးအောင်ဖေ့ အိမ်ကို စိုင်းဆောက်ပေးကြသည်။ ဆင်ပိန်သည့်တိုင်၊ ကျွဲမျှမူ ရှိလိမ့်ဦးမည်ဟု သိနေကြသော်လည်း ရွာသားအများကမူ ဥပက္ခာ မပြုကြ။

ဦးအောင်ဖေ ကိုယ်တိုင်ကလည်း ယခုတော့ တရားရပါပြီ။ ရွာနှင့်လည်း စိတ်ဝမ်း မကွဲတော့။ အရှေ့ခြမ်း အနောက်ခြမ်းဆိုပြီး ဘုန်းကြီးကိစ္စနှင့် မသင့်မမြတ်ဖြစ်ကြသည့် အရေး အခင်းမှာပင် ဦးအောင်ဖေသည် ကြားနေသည်။ သူကြီးလည်း မဟုတ်တော့သည့်အတွက် ဦးအောင်ဖေသည် လူကြီးလည်း မလုပ်တော့။

စင်စစ် ဦးအောင်ဖေသည် သူကိုယ်တိုင် လယ်မလုပ်။ ယနေ့ထက်တိုင်လည်း မလုပ်။ သားနှစ်ယောက်ကသာ လုပ်ကြသည်။ သားအကြီး ကံရသည် အိမ်ထောင်နှင့်။ စံပြမှာသာ ယူမည့် မိန်းမမိုက် မမွေးသေး၍ လွတ်နေသည်။

ဦးအောင်ဖေ့ မိန်းမမှာက အမျိုး များဘိသည်။ မောင်တယောက်ကတော့ သူတို့ အိမ်ထောင်ကျစ ကတည်းက သူတို့နှင့်အတူ လာနေသည်။ သည်ဘက်ပိုင်းမှာ ကျတော့သည်း သူရင်းငှားမဟုတ်ဖဲ အမျိုးဟုဆိုကာ လာလုပ်ပေးနေကြသူတို့ နှစ်ယောက်မျှရှိသည်။ မိန်းမ၏နယ်က လာ၍ ကူကြသည်ဟု ဆိုသည်။ ပုသိမ်ကြီးအပိုင် ချောင်းဝင်းရွာမှ လာကြသည်။

ကံရယူထားသည့် မိန်းမလည်း ချောင်းဝင်းမှဖြစ်သည်။ အမျိုးစပ်မည် ဆိုရင် ကံ့ရထက်ငယ်ပေမည့် ကံရ၏ အဒေါ်

တော်သည်ဟု ဆိုသည်။ ချောတော့ မချော။ သဘောတော့ ကောင်းသည်။ ရှာနှင့်လည်း ပေါင်းတတ်သည်။

သို့သော် သည်ချေးမ တရွာသူသည် သူတို့ သားအဖ သားအဖ တသိုက်ကို ထမင်း ချက်ကျွေးဘို့နှင့် ယောက္ခမ မျက်မမြင်ကို တွဲဘို့သာဖြစ်သည်။ နတက်နှင့် တည့်ပေမည့်လည်း ချေးမကို လူရာ မသွင်း။ အမျိုးချင်းဖြစ်သည်ဟု ဆိုသည့်တိုင် နားပွင့်ကလေး တပွင့်မဆင်။ နားပေါက်ကြီး ဟောင်းလောင်း နှင့် ကြည့်မကောင်းသည်ကို တမာရိုးဘဲ အထိုးခိုင်းထားသည်။ ယခုတော့ သည်ချေးမလည်း မွေးခါနီးလေပြီ။

ဦးအောင်ဖေသည် အမှန်တော့ နတက်ကို အားမကိုး၊ အားမကိုးဘူးဆိုသည်ကို သိတော့ သိနေကြသော်လည်း၊ စင်စစ် ပြောစရာ လိုအံ့မထင်။ သူ့ခြံကို လှည့်ရှုလှည့်ကြည်ရန်အတွက် ပင်လျှင် သူကိုယ်တိုင်ခြေလျင်လျှောက် လှည့်မကြည့်နိုင်တော့။ မြင်းနှင့် လှည့်ကြည့်နေရသည်။ သူ့မှာ ထူးထူးထွေထွေရောဂါ တော့ ရှိပုံ မရ။ လူကလည်း တနေ့တခြား ဝလေတော့၊ အပျင်းကြီးသည့် ဇိမ်ရောဂါဘဲ ရှိလိမ့်မည် ထင်သည်။ သို့သော် နတက်သားတယောက်ကိုမျှ သူ မငှား။ မယားကို ကြောက်ရ သူလည်း မဟုတ်ပါဘဲလျက်၊ မယားဘက်က လူများကိုသာ ခေါ်ထားသည်။

သူ့မှာ ခြံကလည်းရှိသည်။ လယ်ကလည်း ရှိသည်။ ယာကလည်း လုပ်သေးသည်။ နွားကလည်း အထီးအမအငယ် စုစုပေါင်းဆယ့်ရှစ်ကောင်ရှိသည်။ မြင်းကလည်းနှစ်ကောင်နှင့်။

လှေတစင်း။ စက်ဘီးတစင်း။သည်နှစ်ထဲမှာမှ အသစ်ပြန်ဆောက်သည့်အိမ်။ အိမ့်နောက်ဖေးမှာက သုံးခန်းကျယ် ကျီတဆောင်။

သည်ခေတ်သို့ရောက်သည့်တိုင် သည် အခြေအနေနှင့် ရှိသေးသည်ဆိုတော့၊ ထိုစဉ်က စံပြပူဆာသည့် မြင်းလှည်းကို ထောင်ပေးမည်ဆိုလျှင် ထောင်ပေးနိုင်သည်ပင်။

သို့သော် ဦးအောင်ဖေသည် သားချစ်မညီ၊သားချီမမျှခဲ့။ ကံရကိုလည်း မချစ်ဖူးတော့ မဟုတ်။ ချစ်တော့ ချစ်သည်ပင်။ သို့ပေမည့် စံပြတဝက် မချစ်ခဲ့။ စံပြကိုသာ ပုံသွန်၍ ချစ်ခဲ့သည်။

ထို့ကြောင့် စံပြကို မြင်းလှည်းသမားလည်း အဖြစ်မခံနိုင်။ ကိုယ်နှင့်လည်း ခွဲမထားရက်။ မြို့သို့တက်၍ မြင်းလှည်းမောင်းသည် ဆိုသည်က စင်စစ် မလွယ်။ လည်ဦးမှ ဖြစ်မည်။ တောသားဆိုသည်က ဘာဘဲပြောပြော၊ မြို့သားနှင့် ယှဉ်လိုက်တော့ နောက်ပိတ်ခွေး။ မြို့သား မစားချင်တော့မှ စားရမည်။ သည်တော့ သားကလေး လူမမယ် မြို့တက်ပြီး ငတ်နေမှာ ပူပန်သည်။

ပြီးတော့ မြို့မှာ နေစရာကလည်း ရှိဦးမှ ဖြစ်မည်။ လူနေစရာနှင့်၊ မြင်းထားစရာနှင့်၊ လှည်းထားစရာနှင့်၊ သည်မျှနေရာကို ရဘို့ဆိုသည်က မလွယ်။ တန်ဘိုးထက် လက်ခ ကြီးဦးလေ။ မြင်းလှည်းဘိုးထက် အိမ်ဘိုးက ကြီးးဦးမည်။

ပသို့ဆိုစေ၊ ယခုထက်တိုင် ရှိနေသည့် ဘာဘာသည် စံပြအတွက် ကုလားလက်မှ ဝယ်ပေးထားသည့်မြင်း ဖြစ်သည်။

## (၁၀၄) မောင်သာရရဲ့ စီးပလေစေ မောင်မသုတ်နဲ့

ယခုတော့မြင်းရှိနေပေမည့်လည်း စံပြမှာက မြင်းစီး... မရှိတော့။ ငယ်စဉ်ကနှယ် မြင်းလှည်းလည်း မောင်းချင်စိ... မရှိတော့။

ရှိသည့်စိတ်က မြို့မှာနေချင်သည်။ ရွာသို့ မကြာခ... လာတတ်သည့် ကောင်စီအတွင်းရေးမှူး ဖြစ်ချင်သည်။ ရွာ... လည်း မကြာခဏပြန်၍ လာချင်သည်။ ပြန်၍ ဩဇာပေး... သည်။ သူကြီးပုံစံနှင့် မဟုတ်တော့ဘဲ၊ အတွင်းရေးမှူးပုံစံ... အာဏာပြချင်သည်။ လက်မ ထောင်ချင်သည်။

သို့သော် သည်အစိုးရမျိုးနှင့် သည်တသက်မှာတေ... ဖြစ်လိမ့်မည် မထင်တော့၊ စံပြသည် လက်လျှော့လိုက်ပြန်သည်... ပြီးတော့ စိတ်မပါဘဲ အကိုနှင့်တွဲ၍ လယ်ထဲဆင်းခဲ့သည်။

ဆင်းမည့်သာ ဆင်းသည်။ ထွန်မည့်သာ ထွန်သည်... စိုက်မည့်သာ စိုက်မည်။ စိတ်ကတော့ လယ်ထဲယာထဲမှ... ဘယ်ခါမျှမရှိ။

ယခုလည်း နေကလေး ရင့်လာသည်နှင့် ထွန်ဖြုတ်... လာပြီ။ အကိုကံရကမူ မယားရပြီဆိုတော့ လောဘဓ... တက်လေပြီ။ ထပ်သီးဆိုတော့လည်း ရက်ဆွဲ၍ မဖြစ်ပြီ။

အမှန်ပြောကြစတမ်း ဆိုပါကလည်း ယခုရက်သ... ပင်လျှင် နောက်ကျနေလေပြီ။ ပဲသည် အချိန်ကြာသည့်အပ... မဟုတ်ဖူးဆိုသည့်တိုင် မိုးဦးစိုက်ပဲကမူ အချိန်အတန်င... ကြာတတ်သည်။

သည်နှစ်မှာတော့ ဘယ်သူဘာပြောပြော ပဲထောပ... ကိုမူ မစိုက်ချင်တော့။

တောင်သူ ဆိုသည်က မျိုးကို အစိုးရဌာနကဲ့သို့ တယုတယ မထားနိုင်။ မျိုးကိုပင်လျှင်လည်း ရွေးထုတ်၍မထားနိုင်။မျိုးထားမည်ဆိုလျှင်လည်း ပိုးလွတ်သမျှတို့သည် အကောင်းချည့်ပင် ဟု ယူဆ၍ အိုးနှင့်သော်လည်းကောင်း၊ အိတ်နှင့်သော်လည်းကောင်း ခွဲထားလိုက်ရမည်သာ ဖြစ်သည်။ ရွေးထားနိုင်လိမ့်မည် မဟုတ်။

အချို့သော ပဲမျိုးတို့သည် မျိုးအဖြစ် ထားတော့မည်ဆိုလျှင် လေလုံရမည်၊ ရေဓာတ်မရှိသည့်နေရာ ဖြစ်ရမည်စသည်ဖြင့် ထားရမည့် နေရာမှအစ စကားပြောလာသည်။ တောင်သူ့မှာက သည်မျှ ဂရုမစိုက်နိုင်။ သည်မျှ မယုယနိုင်။ ပြီးတော့ နတက်သည် အခြားအခြားသောဒေသမှ ရွာများနှယ် မဟုတ်။ ရေပတ်လည် ဝိုင်းနေသည်။ နှစ်စဉ် ရေကြီးသည်။ ရေလျှံသည်။ရေလျှံလာပဟော့ဆိုလျှင်လည်း ပြေးလိုက်လွှားလိုက်ရမှုဖြင့် အူလျားဖားလျား။ သည်တော့ ဘယ်ကမျိုးကိုမှလည်း ကိုယ်နှင့် အပါမခေါ်နိုင်။ သစ်ကိုင်းမှာ ဝါးလုံးတန်းမှာ တံစက်မြိတ်မှာ တနှစ်ပတ်လုံး အခြောက်ခံ၍ ချိတ်ထားသော ဖူးပြောင်းမျိုးတို့သည်ပင်လျှင် ရံဖန်ရံခါ နွားဆွဲစားလိုက်၍ ကုန်တတ်သည်။ ဟင်းမရှိလိုက်၊ မျိုးကို ပြုတ်စားလိုက်နှင့်လည်း ရံဖန်ရံခါ ချန်ကား ချန်၏။မကျန်ဖြစ်ရသည်။

သည်တော့ မျိုးကောင်း မျိုးသန့်ဟု တဖွဖွ ပြောတတ်သည့် အစိုးရဌာနကိုပင် မျိုးအတွက် အားကိုးရတော့သည်။ စိုက်တော့မည် ပျိုးတော့မည်ဆိုလျှင် မျိုးအတွက် ချဉ်းကပ်ပူဆာရတော့သည်။

(တတိယအကြိမ်)

အစိုးရဌာနကလည်း တနှစ်မနှစ်က ဘယ့်နှယ် ဖြစ်လ
သည် မသိ။ ကျားကြောက်လို့ ။ရှင်ကြီးကိုး၊ ရှင်ကြီး ကျား
ဆိုးတော့သည်။ အစိုးရဌာနမှ မျိုးကောင်းမျိုးသန့်ကို ပ
ကြည်ကြည် မျှော်လင့်မိပါမှ ပေးသည့်မျိုးဟိုသည် အဆိုး
ဆိုးတော့သည်။

တနှစ်မနှစ်မှ စ၍လည်း အစိုးရဌာနမှ ရသည့်မျိုးတို့သ
ရွေးကနှယ် မကောင်းတတ်တော့ပြီ။ အနံ့ အတာလ
သိပ်မခံတော့။ အရွယ်လည်းတိမ်လာ၍၊ အထွက်ကျတော့လ
ရုတ်တော့သည်။

ပြီးတော့ ရိတ်လည်း ရိတ်တတ်ပါဦးမှ၊ နယ်လ
နယ်တတ်ပါဦးမှ။ ရွေးကနှယ် ထုံးတမ်းစဉ်လာ အတိုင်း
လုပ်လိုက်လျှင်တော့ မွဲဘို့သာ ဖန်တော့မည်၊ ရိတ်လျှင်လ
စိုစိုကလေးမှာ ရိတ်ပါမှ။ နယ်လျှင်လည်း မခြောက်
နယ်ပါမှ။ တလင်းထဲမှာ ကြာကြာထားမိပြန်လျှင်လည်း
ကုန့်တတ်သည်။ ပိုးလည်း ထိုးလွယ်သည်။

ထို့ကြောင့် သည်နှစ်မှာတော့ ရာသီဒဏ်ခံနိုင်ရည်ရှိသ
ဘိုကိတ်ပဲဘဲ စိုက်လိုက်လျှင် ကောင်းလိမ့်မည် ထင်သ
ကန်သင်းတလျှောက်မှာတော့ ပဲတောင့်ရှည် စိုက်လိုက်မည်။

ကံ့ရအနေနှင့်မူ စွန်တာနီတို့ စွန်တာပြာတို့ကို နှုတ်ဆ
ပြီးပြီ။ ယခုနှစ်မှာတော့ ပဲထောပတ်ကိုပါ ပေါင်း၍ နှုတ်ဆ
ပြန်ပြီ။

လာမည့်နှစ်သည် အညာမှ မိုးခေါင်မည့်နှစ် ဖြစ်သည
ကံ့ရ သည်တို့ပင် ထင်၏။ ထို့ကြောင့်လည်း နောက်တ

အတွက်က သိပ်မျှော်လင့်ချက် ထား၍မရ။ ဆောက်ဖြစ်မှ ကျောင်းတကာဖြစ်မည်။ ယခု ရသည့်အချိန်ကလေးမှာ ရသမျှ ကလေးကို စိုက်ထားမှ ဖြစ်မည်။သို့မှသာ ခုသာ ခံသာလည်း ရှိမည်။

တဖက်မှာလည်း ကြက်သွန်ခင်းအတွက်ကတော့ ပျိုး၍ ထားပြီးပြီ။ ကြက်သွန်ကိုလည်း နှစ်ကွက်စာ၊လေးကေခန့်တော့ စိုက်ဦးမည်ကြံမည်။

အဘ၏ သံပုရာခြံကိုတော့ ကံရ ပြန်လှန်၍ မကြည့် နိုင်တော့။ သူ့ လူနှင့်သူ ပစ်၍ပင် ထားရသည်။ အဘကိုယ်တိုင် ကြပ်မတ်၍ ခိုင်းနိုင်လျှင်တော့ မလေမလွင့်ရှိမည်။ သို့မဟုတ် လျှင်တော့ အထက်တစက် အောက်တဝက်ပင် ဖြစ်လိမ့်မည်။

သည်ဘက်မှာလည်းပြောတော့သာညီအကိုနှစ်ယောက်။ အများအမြင်မှာကတော့ ညီအကိုနှစ်ယောက် လုပ်ကြသည် မှန်သည်။ သို့သော်စံပြက ထွန်ကို စီး၍သာ လိုက်နေသည်။ ထွန်သွား ကျိုးနေသည်ဆိုလျှင်ပင်သူသိမည်မဟုတ်။ နောက်သို့ ပြန်မကြည့်။ ခါးကလေးကို ချိုး၍ ပြောင်းရိုးမှုိက်ကလေး ပေါင်းမြက်ကလေးကိုပင်လျှင် ကောက်မပစ်။ သူ့ကိုယ်သူ ထွန်စက်မောင်းနေသည်ဟုများ အောက်မေ့နေသလား မသိ။

သို့သော် ငယ်ကတည်းက ချော့လာခဲ့ရသည့်ညီ၊ အဘက ပစားပေးထား၍ အစဉ်အရှူးပေးလာခဲ့ရသည်ညီ။ သည်ညီကို မည်တွန့်တောက်တီး၍ ရမည်မဟုတ်။ ထွန်တန်းလန်းကြီးနှင့် ပစ်၍ထွက်သွားလျှင် ကိုယ်သာ အလုပ်ဖင့်နွှေးမည်။သူ့မှာတော့ ဘာပူစရာမျှမရှိ။ အနားပေးလိုက်သကဲ့သို့သာရှိချိမ့်မည်။

သည်တော့လည်း ချော့၍ ပြောရသည်။ ချော့၍ ခိုင်းရသည်။

ယခုသူက နေကလေး ရင့်လာသည်နှင့် ထွန်ဖြုတ်ချ လာပြီ။

အမှန်က သည်မနက်လည်း အလုပ်ခွင်တွင်။ အိမ်မှာ ကတည်းက သူ့ကိုစောင့်ရသည်နှင့် အချိန်အ တန် ငယ် လင့်ခဲ့သည်။ သူများတကာ ချွေးစို့၍ ပေါင်းထားသည့် တဘက်ကို နားရွက်အထက် ပြင်ပေါင်းမှ သူတို့ညီအကိုကွင်းထဲ ရောက်ခဲ့သည်။

အေးသည်ကို ကွေးနေ၍မနွေး။ ထ၍ လုပ်လိုက် ကိုင်လိုက်မှ နွေးသည်။ ဤသည်ကို သူလည်း သိပါလျက် အိပ်ရာထဲမှ တော်တော်နှင့် ထမလာ။ လုပ်တော့လည်း သူများနောက်။ ပြီးချင်တော့လည်းသူများအရင်။

ကံရသည် သူ့ညီကို ဝမ်းထဲကမျက်စောင်းခဲလိုက်သည်။ တသက်လုံးလည်း သည်သို့သာ ပုဆိုးခြုံထဲက လက်သီးပြရသည်။ ဖွင့်၍မူ မကျေမနပ်မဆိုရဲ။

အဘသည် စင်စစ်မတရားသူကြီး။သားချင်း တူပါလျက် စံပြကိုသာ သားဟု သတ်မှတ်ချင်တတ်သည်။ စံပြသည် သည်ကနေ့ထက်ထိ အဘအတွက်ဘာမျှကောင်းကျိုးမပြုသေး။ သူကသာ အိမ်ထောင်မကျမီကရော၊ အိမ်ထောင်ကျပြီးတော့ပါ ကျွန်ကြီးငွား လုပ်ကိုင်ခဲ့ရသည်။ အဘ၏ လယ်ဟူသမျှကို သူနှင့်ဦးလေးမြတ်ခက်တို့သာဦးစီးလုပ်ခဲ့သည်။ ယနေ့အထိလည်း

လုပ်နေသည်။ ထွက်သမျှကိုလည်း စိုးစဉ်းမျှ ကိုယ့်ဘို့ကိုယ် ခွဲခွဲခြမ်းခြမ်း ယူခဲ့သည်မဟုတ်။

အမှန်တော့ ပောဝ့်ဟိုရှေ့က နှစ်ကောင်သည်လည်းနွား။ သည်ကောင်သည်လည်းနွား။

ဟယ် ဘာဘဲဖြစ်ဖြစ်၊ ငါက သား။သားသည် သား၊ အဘသည် အဘ၊ အဘကို အဖေ မတော်ချင်၍ မရ။ သည်အဖေကမွေးလိုက်သည့်သား ဆိုသည်ကို ဘယ်သူကမှ ငြင်း၍မရ။ ကောင်းသည်ဘဲဖြစ်ဖြစ်။ ဆိုးသည်ဘဲ ဖြစ်ဖြစ် မတရားသည်ဘဲဖြစ်ဖြစ်၊ အဘသည် အဘသာဖြစ်သည်။

( ၈

ကိုရင်သော်တယောက်လည်း ရှိသေးသည်။ သူ့သားကို
အင်မတင် စာတတ်စေ့ချင်သည်။ သူ့သားကို ပညာတတ်
ဖြစ်လာစေ့ချင်သည်။

သည်ဆန္ဒမျိုးမရှိရဘူး၊ သည်စေတနာမျိုးမထား
တော့ မဟုတ်။ ဘယ်မိဘဘဲဖြစ်ဖြစ်၊ ကိုယ့်သားကိုယ့်သ
တော့ လူမွေးလူတောင်ပြောင်စေချင်သည်ချည့်ပင်။ ကိုယ့်
ကိုယ့်သမီး ပညာတတ်သည်၊ ဖြစ်ထွန်းသည်၊ ဆင်စီး၍မြ
သည်ကို] ဘယ်မိဘဖြစ်ဖြစ် ကြည့်ချင် မြင်ချင် သည်ချည့်ပင်။

သို့သော် ဖြစ်နိုင်၏ မဖြစ်နိုင်၏ကိုတော့ စဉ်းစာ
ကောင်းသည်။

နတက်မှာက ပြောပြီကော။ နှစ်ခရိုင်ကိုခြားထားသည့် ဒုဋ္ဌာဝတီ။သည်ဒုဋ္ဌာဝတီ၏ အလယ်ကောင်က ကျွန်း တနှစ်မှာ ရှစ်လခန့်က ကျွန်း။ ကျန်လေးလခန့်မှာသာ မန္တလေးခရိုင်နှင့် မြေချင်းဆက်မိသည့်ကျွန်းစွယ်။သည်တော့အခါတရံ နတက်ကို မေ့နေတတ်ကြသည်။ နတက်သည် နှစ်ခရိုင်ကြားမှာ လွတ်၍ နေတတ်သည်။

အရှေ့အနောက် တောင်မြောက်ပတ်လည်မှာ ရွာငယ် များရှိသည်ဆိုလျှင်တော့ အလယ်ရွာသည် ဗဟိုကျ၍ ဆုံစည်းရာ ဖြစ်ရသည်။ တလင်းကြီးရွာသည် သည်နည်းနှင့် ဗဟိုကျ၍ တွင်ကျယ်နိုင်ခဲ့သည်။ သို့သော်နတက်မှာတော့သူ့ဟိုဘက်မှာ ဘာမျှမရှိတော့။

ကျွန်းသည် ရွာနှင့် ပြည့်သည်တော့မဟုတ်။ သုံးမိုင် ပတ်လည်ခန့်တော့ ကျယ်လိမ့်မည် ထင်သည်။ ရွာကမူ မြောက်ဖက်အစွန်၊ မန္တလေးခရိုင်ဘက်ကမ်းနှင့် ကပ်လျက် တည်ရှိသည်။ ရွာ့တောင်ဘက်၌ကားသံပုရာခြံတို့၄က်ပြောခြံတို့ လည်းရှိသည်။ ပြီးတော့ ဘုန်းကြီးကျောင်းရှိသည်။ သည့်ဟို ဘက်မှာတော့လယ်ကွက်အနည်းငယ်သာရှိတော့သည်ရွာ့အရှေ့ ဘက်မှာလည်း ခြံများရှိသေးသည်။ သို့သော်ကျွန်းသည်အရှေ့ နှင့်အနောက် သိပ်မရှိ။ တောင်နှင့်မြောက်သာရှည်လျားသည်။ အတိအကျ ပြောရမည်ဆိုလျှင်တော့ နတက်သည် ကျွန်း၏ရာဟု ထောင့်တွင် တည်ရှိသည်။ ရွာ့အနောက်ဖက်သည်ဒုဋ္ဌာဝတီမြစ် ဖြစ်သည်။ နတက်ချောင်းသည် ရွာ့မြောက်ဖက်မှ ကပ်လျက်

## (၁၁၂) မောင်သာရရဲ့ စီးပလေစေ မောင်မသုဏ်နဲ့

စီးဆင်းကာ ရွာ၏ရှာဟု ထောင့်၌ ဒုဋ္ဌာဝတီနှင့် ပြန်လည်ပေါင်းဆုံသည်။

အမှန်တော့ နတက်ချောင်းသည်လည်း ချောင်းမဟုတ်။ ဒုဋ္ဌာဝတီမှ ခွဲထွက်လာသည့် မြစ်အမွှာကလေးသာ ဖြစ်သည်။ ချောင်းက တိမ်သဖြင့် နွေခါမှာ ရေခန်းသည်။ သဲသောင်ပြင်အဖြစ် ပေါ်လာသည်။ ရံဖန်ရံခါ တနှစ်ပတ်လုံးရေစပ်စပ်ကလေးစီးဆင်းနေသည်လည်းရှိတတ်သည်။

သည်အချိန်မျိုးမှာတော့ မြောက်ဖက်ကုန်းနှင့် နတက်ရွာသည် ကုန်းလမ်းပေါက်တော့သည်။ လှည်းတို့စက်ဘီးတို့မြင်းတို့နှင့် နတက်အထိ အရောက်လာနိုင်သည်။ ကျန်အချိန်နတက်ချောင်းမှာ ရေရှိနေသည်ဆိုလျှင်တော့ မြောက်ဖက် ကုန်းနှင့် နတက်သည် လှေဖြင့်သာကူးနိုင်သည်။

ဆယ့်နှစ်တောင်ခန့်ရှည်သည့် ပိန်းကောလှေတစင်းသည် ကူးတို့အဖြစ်ဖြင့် ကမ်းတဖက်ဖက်မှာ ဆိုက်၍ နေတတ်သည်။ သို့သော် ကူးတို့သမားကားမရှိ။

သည်လှေသည် အများပိုင်လှေဖြစ်သည်။

ပြီးတော့ သည်လှေမှာက လှော်စရာ တက်များလည်း မရှိ။

မြောက်ဖက် မန္တလေးခရိုင်ဘက်ကမ်းနှင့် နတက်ကမ်းသည် ရေရှိသည့်အခါ အတန်ငယ်ကျယ်သည်။ ယောကျ်ားကြီးခဲတပစ်မက ကျယ်သည်။ ကမ်းတဖက်နှင့်တဖက် လှမ်း၍ အော်လျှင်တော့ကောင်းကောင်းကြားနိုင်သည်။ နတက်ချောင်း

သည် ရေစီးသန်သော်လည်း တိတ်ဆိတ်သည်။ အောက်က သဲဖြစ်သဖြင့်လည်း ရေစီးသံကို မကြားရ။

ထို့ကြောင့် တဖက်နှင့်တဖက် အော်ပြောလျှင် ကြားရသည်။လှေသည် တဖက်ကမ်းသို့ ရောက်နေလျှင် လှမ်း၍အော်ရသည်။ ကြားသူက လာရသည်။ လှမ်း၍ မြင်နေရလျှင်လည်း မြင်ရသူကို နာမည်နှင့်ခေါ်၍ လှေယူလာရန် တောင်းရသည်။ လာ၍ပို့ရသည်။ တွက်ကပ်ရိုး မရှိ။ မကြားဟန် ဆောင်ကြရိုး မရှိ။ မုန်းသူချစ်သူ မရှိ။

စင်စစ် သက်သက်မဲ့ လာပို့ရသည် ထားဦးတော့။ ပင်ပန်းသည် မဟုတ်။ ရေစီးသန်ပေမည့် လှော်ရခတ်ရခဲသည် မဟုတ်။

မြောက်ဖက်ကမ်းမှ လက်ပံပင်ကြီးတပင်နှင့် နတက်ကမ်းမှ တမာပင်ကို ငါးမူးလုံးခန့်ရှိသည့်သံမဏိကြိုးကြီးတချောင်းဖြင့် အသေသွယ်၍ တန်းထားသည်။ ရေကျလျှင် ကြိုးကိုနည်းနည်း အိုက်ပေးသည်။ ရေတက်လျှင် ကြိုးကိုပြန်၍ တင်းလိုက်သည်။ သည်ကြိုးကို ကိုင်၍ ဆွဲသွားလိုက်ရုံဖြင့် ခြေထောက်အောက်မှ လှေသည် တဖက်ကမ်းသို့ ရောက်တော့သည်။ ဘာမျှအားမစိုက်လိုက်ရ။ ဘာမျှ မပင်ပန်းလိုက်ရ။

အမှန်တော့ သည်လှေသည် နတက်အဖွဲ့ ဘုံကူးတို့ဖြစ်သည်။

နတက်နွားတို့အဖွဲ့မူ အခြားခြားသော နွားများထက်ပို၍ ရေကူးကျင်လည်ရချေသည်။ လူသည် လှေပေါ်မှလာလျှင် နွားသည် ရေထဲမှ လိုက်ရသည်။

## (၁၁၄) မောင်သာရရဲ့ စီးပလေစေ မောင်မသုတ်နဲ့

သို့သော် များသောအားဖြင့် နွားတို့သည် နေ့စဉ် ရေကူးကြရသည် မဟုတ်။ လူတို့သာ သည်ချောင်းကို နေ့စဉ် ဖြတ်ကောင်း ဖြတ်လိမ့်မည်။ နွားကမူ မဖြတ်။

စင်စစ် နတက်ရွာသားတို့၏ လုပ်ကွင်းလုပ်သက်ကလည်း ကျွန်းပေါ်မှာ သိရှိသည် မဟုတ်။ ကျွန်းပေါ်မှာက ခြံမြေသာ များသည်။ လယ်ကွက်ယာကွက် အနည်းငယ်မျှသာ ရှိသည်။ အများစုသော စိုက်ခင်းစိုက်ကွက်တို့က မြောက်ဖက်ကုန်းပေါ် မှာ ဖြစ်သည်။ မန္တလေးခရိုင်ဘက်ကမ်းပေါ်မှာသာ ဖြစ်သည်။

ထို့ကြောင့်လည်းနတက်သားတို့အနေနှင့်နေ့စဉ်နှင့်အမျ အလုပ်ရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ နတက်ချောင်းကိုမှ ဖြတ်ရသည်။ အလုပ်မရှိဘူးဆိုသည့်တိုင် နွားကြည့်၊ နွားစာကျွ စသည်တို့အတွက်တော့ ဖြတ်ရမည်။

နွားတို့အဖို့မူ ထွန်ထုံးတပိုင်တမိုးဦးတော့မြောက်ဖက် ကုန်းပေါ်မှာဘဲနေရသည်။ ကိုယ့်နွားစားကျင်းနှင့်ကိုယ်၊ ကိုယ် ကောက်ရိုးစင်နှင့် ကိုယ်၊ ကိုယ့်တင်းကုတ်နှင့် ကိုယ်၊ နွားကြ အိပ်ကြသည်။ အချို့ကလည်း ကိုယ့်နွားကိုယ်စောင့်၍ကျွေးကြ စောင့်၍အိပ်ကြသည်။ အချို့ကျတော့လည်း ပေါင်း၍ စောင့်ကြ သည်။ ရံဖန်ရံခါတော့ နတက်အင်းကို ပြုဘက်မရှိ၊ အခွန်အ မဆောင်ရ၊ ဘိုးဘွားပိုင်ကဲ့သို့ ရထားသော အင်းသူကြီး ဦးကြီးမြဲထံ အပ်ထားခဲ့ကြသည်။ မည်သူမျှ မစောင့်။ ဦးကြီးမြဲ သည် မြောက်ဖက်ကမ်းထိပ်မှာ တဲထိုး၍ နေသည့် ကယောင် ထည်းသော နတက်သား ဖြစ်သည်။ ဦးကြီးမြဲသည် သူ့ လယ်ကလေးကို သူ့တူ ဖိုးထောင်အား အလုပ်ခိုင်းထား၏

သူကတော့ ငါးနှင့်ပင် အသက်မွေးတော့သည်။ ထောင်သည့်အခါ ထောင်လိုက်။မြှားသည့်အခါမြှားလိုက်။ ပက်သည့်အခါ ပက်လိုက်။ ဤသည်ကလည်း သူ့ တဝမ်း တခါးတော့ စားလောက်သည် အမှန်ပင်။

နတက်အင်းသည် နတက်ချောင်းထဲသို့ ပြန်၍ စီးဝင်သည်။ နတက်အင်းသည် စင်စစ် သိပ်မကျယ်။သို့သော် အကွေ့အကောက်များ၍လော၊ မပြောတတ်။ ရေဝင်သည်။ ရေဝင်များ၍လည်း နွေသို့ ရောက်သည့်တိုင် နတက်အင်းသည် တော်တော်နှင့် ရေမခန်း။ အင်း၏ ရေထွက်ပေါက် ကလည်း နတက်ရွာနှင့် မျက်နှာချင်းဆိုင်။ သည်တော့ ဦးကြီးမြဲ၏ တဲကလေးသည် မြောက်ဖက် ကမ်းထိပ်မှ လက်ပံပင်ကြီး၏ အောက်မှာ အေးအေးမြမြ ရှိတော့သည်။

သည်တဲကလေးသည် အမှန်တော့ နတက်ရွာ၏ မြောက်ဖက်ကင်းဖြစ်သည်။တဲကလေး၏ မျက်နှာစာမှ အပေါ်ထုတ်တန်းတွင် မီးရထားသံလမ်းပြတ် တခုကို သွပ်နန်းကြိုးဖြင့် ချိတ်၍ ဆွဲထားသည်။ အရေးအကြောင်းဆိုလျှင် သည်သံချောင်းကို ခေါက်ရမြဲ။ ရွာကို သတိပေးရမြဲ။

ရွာ့အနောက်မှာတော့ ဒုဋ္ဌာဝတီက စောင့်နေသည်။

ရွာ့အနောက်ထိပ်မှ ဒုဋ္ဌာဝတီသည် ရိုးရိုး ဒုဋ္ဌာဝတီ မဟုတ်။ သာမန် ရေစီးသန်ရုံမျှ သန်သည့် ဒုဋ္ဌာဝတီမဟုတ်။ နတက်ချောင်းထဲမှ စီးဝင်လာသော ရေနှင့် ဆုံမိသော အခါ၊ ရေဆိုင်ဝဲကြီး ဖြစ်၍လာတော့သည်။ မြစ်နှစ်မြစ် ပေါင်းမိသည့် ရေဆိုင်ဝဲ။ မြစ်တမြစ်ထဲသို့ အခြားတမြစ်က ကန့်လန့်ကြီး

ဝင်လာခြင်းမဟုတ်။လှည်းဦးထောက်နှယ် နှစ်မြစ် ဆုံမိသည့် ဝဲ
သည်ဝဲသည် ကြီးသည်။ ကြောက်ဖို့လည်း ကောင်းသည်
သည်ဝဲကို ဖြတ်၍၊ သည်ဝဲကို လွတ်အောင်ဆန်၍ နတက်
အနောက်ဖက်ကမ်းကိုတော့ ဘယ်သူမျှ တက်နိုင်လိမ့်မည်မဟုတ်။

အဲ ရွာတောင်ဘက်ကတော့ ဘုန်းကြီးကျောင်း။ အရေ
အကြောင်းဆိုလျှင် ဘုန်းကြီးက တုံးခေါက်မည့် ဘုန်းကြီးလည်
တပါးမျှ မရှိပြီ။

ဘုန်းကြီးတို့ကလည်း ဘုန်းကြီးတို့၊ လူတို့ကလည်
လူတို့ပင်။

သည်အစိုးရခေတ်သို့ ရောက်လာမှ ဘုန်းကြီးတို့ သင်ပေး
နေသည့် စာသင်ကျောင်းလည်း မူလတန်းကျောင်းအဖြစ် အသ
အမှတ်ပြု ခံရသည်။ မူလတန်းကျောင်းဖြစ်လာပြီ ဆိုတော့လည်
နတက်မှာ တအားတက်ရသည်။ နတက်မှာလည်း အစိုးရ
မူလတန်းကျောင်း ရှိသည် ဟူသော ဂုဏ်က တဖက်။နတက်
ရွာသားတို့ ပညာကို ဘယ်မျှလိုလားကြသည် ဆိုသည်ကိုလည်
အများသိလာကြ၍ ဂုဏ်တက်သည် တဖက်။

အစကတော့ ဘုန်းကြီး ကျောင်းသည် ဘုန်းကြီး
ကျောင်းဘဲ ဖြစ်ခဲ့သည်။ သင်ပြသည့်သူများကလည်း ဦးပဥ္စင်
ဦးသီလာစာရနှင့် ဦးပဥ္စင်း ဦးစက္ကိန္ဒတို့ ဖြစ်ကြသည်။
သည်ဦးပဥ္စင်းကလေး နှစ်ပါးကလည်း စင်စစ် သူစိမ်းမျာ
မဟုတ်။ နတက်ရွာသား မောင်သိုက်နှင့်စံရွှေတို့သာဖြစ်ကြသည်။
မောင်သိုက်ရော စံရွှေပါ ငယ်ဖြူမဟုတ်ကြ၊ မောင်သိုက်က

အိပ်မက်အရ ဒုလ္လဘ ရဟန်းခံရင်းနှင့် ရဟန်းဘောင်မှာ မြဲသွားခြင်းဖြစ်သည်။ စံရွှေကတော့ သိပ်ပြီးတော့ ဝါမရသေး။ ဆယ်ဝါခန့်သာ ရဦးမည် ထင်သည်။

ပသို့ဆိုစေ၊ သူတို့ကိုယ်တိုင်ကလည်း ပညာကို လိုလားကြသည်။ မန္တလေးအနောက်ပြင်မှ ခင်မကန်ကျောင်းတိုက်တွင် သွားရောက်စာသင်ခဲ့ကြသည်။ ဆရာတော် ဦးစန္ဒောဘာသကလည်း တပည့်နှစ်ပါးကို တပါးတလှည့် ပို့လွှတ် သင်ကြားစေခဲ့သည်။ နောက်ဆုံး ရွာမှကလေးငယ်များကို စာသင်ပေးချင်သည်ဟု အဆိုပြုလာသော အခါ၌လည်း တပည့်နှစ်ပါးနှင့် ပေါင်း၍ ဆရာတော်ကပါ သင်ပြပေးခဲ့သည်။

သည်အထိကား ဘာမျှ မဖြစ်။ ကလေးများလည်း မလေလွင့်။ ငါးနိုက် ငှက်ပစ်နှင့် အကုသိုလ် လျှောက်လုပ်နေမည့်အစား၊ စာလည်းတတ်ကြသည်၊ ငြိမ်လည်းငြိမ်ကြသည် ဆိုတော့ မိဘတို့ကလည်း ကျေနပ်သည်။ ကျေနပ်သည့်အလျောက်လည်း ဝိုင်းဝန်းခဲ့ကြသည်။ ထူထောင် ထိန်းသိမ်းခဲ့ကြသည်။

သည်သို့နှင့် စာသင်ကျောင်းတည်ရာ ဘုန်းကြီးကျောင်း အဆောက်အဦလည်း ကျောင်းသစ်ကြီး ဖြစ်၍လာခဲ့သည်။

အမှန်တော့ နတက်သည် သည်တော်လှန်ရေး အစိုးရ လက်ထက်ကျခါမှ ရွာတရွာအဖြစ် ထင်လျှား၍ လာရသည်။ ရွာတရွာအဖြစ် အသိအမှတ်ပြုခံရသည်။ ပြီးတော့ အပြုအစု အယုအယ ခံရသည်။ အကြည်အရှု အစောင့် အရှောက် ခံရသည်။

## (၁၁၈) မောင်သာရရဲ့ စီးပလေစေ မောင်မသုတ်နဲ့.

အစတုန်းကတော့ နတက်သည် မိဘမဲ့ရွာငယ်ကလေး ကဲ့သို့သာ ရပ်တည်ခဲ့ရသည်။ နတက် ရှိရှိ၊ မရှိရှိ။ ဘယ်သူမှ မသိ။ ဘယ်သူကမှလည်း အရေးမစိုက်။ နတက်ဖာသာ နတက် သေလိုသေ၊ ရှင်လိုရှင်။ ဘယ်သူကမှလည်း လာကြည့်ရှုိး ထုံးစံ မရှိ။

ဒုဋ္ဌာဝတီသည် ယခုမှ ရေးကြီးတတ်သည် မဟုတ်၊ ဟို အနော်ရထာ့ခေတ်ကတည်းကပင် နှစ်စဉ် တောင်ကျရေဖြင့် လျှံခဲ့မြဲဖြစ်ရာသည်။သည်ကနေ့ အသက်ထင်လျှားရှိနေကြသည့် သက်ကြီးရွယ်အိုတို့၏ ကိုယ်တွေ့အရလည်း၊ သည်ဒုဋ္ဌာဝတီသည် နှစ်စဉ်ရေကြီးသည်။ မကြီးသည့်နှစ်ဟူ၍ တနှစ်မျှ မရှိခဲ့။

သို့သော် ဘယ်အစိုးရ လက်ထက်မှ ဒုဋ္ဌာဝတီရေလျှံ သည်ကို အသိအမှတ် မပြုကြ။ အရေးတယူမရှိကြ။ပေးရကမ်းရ ကူရညီရမည် စိုး၍ပင်လော။ မပြောတတ်။ ဘယ်အစိုးရမှ မပေါ်လာ။ ဘယ်သတင်းစာကမှ မဖော်ပြ။

သည်ပတ်ဝန်းကျင်မှ ရွာများသည် နှစ်စဉ်ရေဘေးဒုက္ခ ကြုံတွေ့ခဲ့ရသည်။နတက်အနေနှင့်မူ နတက်၏ စိုက်ခင်းစိုက်ကွက် တို့သာ ပျက်စီး ဆုံးရှုံးရတတ်သည် မဟုတ်။ ရွာသည်လည်း နှစ်စဉ် ရေမြုပ်ခဲ့ရသည်။

သို့သော် ဘယ်ကမောင်မင်းကြီးသားမှ ပေါ်မလာ၊ အကျိုးအကြောင်းကလေးမျှပင် လာမမေး။ နှုတ်ကလေးမျှဖြင့် ပင်လျှင် ကြေကွဲစကား စာနာစကား လာမပြော။

သည် တော်လှန်ရေး အစိုးရခေတ်သို့ ရောက်လာ သက်တမ်းသုံးနှစ်ခန့် ရလာတော့ ဒုဋ္ဌာဝတီသည် မကြုံစဖူး

ထူဘူးကဲကဲ ရေကြီးလေတော့ပြီ။ သတင်းစာကြီးများမှာလည်း ရောမစာလုံးမဲကြီးများဖြင့် ဒုဌာဝတီရေကြီးသည့် သတင်းကို ဖော်ပြလေတော့ပြီ။

အမှန်တော့ ဘယ်ကလာ ဟုတ်ပါလိမ့်မည်နည်း။ ရယ်ပင် ရယ်ဘို့ ကောင်းလိုက်လေသေး၏။ နှစ်စဉ် ကြီးသည့်ရေ၊ ယခုမှသိပြီး ယခုမှ ကြီးကြီးကျယ်ကျယ် ဖော်ပြနေကြသည်။

အမှန်တော့ သတင်းစာတို့၏ အပြစ်တော့လည်းမဟုတ်။ အရှေ့ဖရဲကျွန်းရွာမှ အသက်ရှစ်ဆယ်ကျော်ပြီဆိုသည့် ဘိုးစံမြတ် ကိုယ်တိုင်ကပင်လျှင် သတင်းထောက်များ၊ အစိုးရအရာရှိများနှင့်တွေ့ရာ၌.... 'ကျုပ်တသက်မတွေ့ဘူးဘူး၊သည်နှစ်လောက် ရေကြီးတာကို....' ဟု သံယောင်လိုက်၍ ပြောခဲ့လေသေးသည်။ ကုံသြနေကြသူတို့ကို ရှက်သွားမည် စိုး၍ပင်လော၊ အစိုးရထံမှ အကူအညီရလို၍ အကျယ်ချဲ့သည်လော၊ သို့တည်းမဟုတ် သူငယ်ပြန်၍ပင်လော၊ မသိ။ ဘိုးစံမြတ်ဆိုသူကတော့ အမှန်ပင် လိမ်လည်၍ ပြောလိုက်သည်။ သူ့ဓာတ်ပုံကြီးသည်ပင်လျှင် သတင်းစာတစောင်၌ ပါသာခဲ့သေးသည်။

အမှန်တော့ နတ်ကတော်တော်၊နတ်ကတော် ကိုယ်ယိမ်း လွန်လွန်းသည် ထင်သည်။ ဖရဲကျွန်းတို့သည် မြစ်မဘက်က ရွာ။ ဘယ်နှစ်မှာဖြစ်ဖြစ်၊ ဘယ်မျှပင် ရေလျှံလျှံ၊ ဘယ်တော့မှ ဖရဲကျွန်းတို့ ရေအောက်မရောက်။ ဒုဌာဝတီကိုခွ၍ ဖရဲကျွန်း အရှေ့ရွာ၊ ဖရဲကျွန်း အနောက်ရွာဟု ရွာနှစ်ရွာ ရှိခဲ့သည်။ ဒုဌာဝတီသည် ထိုရွာတို့အနားသို့ရောက်သောအခါ၌ ဧရာဝတီ မြစ်မကြီးနှင့်လည်း နီးပြီမို့၊ မြစ်ပြင် ကျယ်လာသည်။ ပြီးတော့

ဖရဲကျွန်းတို့သည် ကုန်းမြင့်။ ကမ်းပါးသည် သာမန်အချိန်ဆိုလျှ ဝါးတရိုက်ခန့်အထိ မြင့်တတ်သည်။ ဘယ့်နှယ်လုပ်၍ ရေလျှ နိုင်ပါမည်နည်း။

သို့သော် ရေစီးသန်လွန်းသဖြင့် ကမ်းပါးတို့ ပြိုက ကြရသည်။ ကမ်းပါးတို့ ပြိုကျကြရာ၌ ကမ်းနားအိမ်တို့ပ ပါမသွားရန်အတွက်မူ သတိဝီရိယ ရှိကြရပေမည်။

ရေကြီးပြီဆိုလျှင်တော့၊ သို့မဟုတ် နှစ်ရက်သုံးရ ဆက်၍ မိုးကောင်းပြီဆိုလျှင်တော့၊ ဒုဋ္ဌာဝတီမြစ်ရိုးတလျှောက်မှ ရွာတို့သည် သတိနှင့် နေကြရသည်ပင်။ ဆန်းသည်တော့မဟုတ် ရံဖန်ရံခါ လိုအပ်လျှင် ရေကင်းပင် ခေစာင့်ကြရသည်ပင်။

သို့သော် ထိုနှစ်ကတော့ ဖရဲကျွန်းတို့သည် ကမ်းပါး ကြမ်းသည်ကိုအကြောင်းပြု၍၊ကမ်းနားအိမ်များကိုရွှေ့ကြသ ရွှေ့ကြရာ၌ အချို့ကလည်း အကြောက်လွန်၍ ရိုးရိုးသားသ ရွှေ့ကြသည်။ အချို့ကျတော့လည်း ကိုယ့်အိမ်က အိမ်ကြ အိမ်ကောင်းမို့ မဆုံးမရှုံးချင်၍ ရွှေ့ကြသည်။ သို့သေ အချို့ကတော့မူ အိမ်ရွှေ့ရာ၌ပင် မရိုးသားကြ။ ကိုယ့်အိမ် တဲသာသာ။မျောတိုင်ရှစ်တိုင်ခန့်။ ရိုင်ပဘ်နှင့် ကာသည့်အကာ ပြတင်းကဲလားပင် မရှိ။ မြေစိုက်။ အမိုးကလည်း သက်ငယ်မို အချို့နေရာတို့မှာ ကောက်ရိုးနှင့် ဖာ၍ ထားသေးသည် သည်အိမ်မျိုးကိုရေးကြီးခွင့်ကျယ်လုပ်၍ရွှေ့ကြပြောင်းကြသည် ကိုယ့်အိမ် ကိုယ်ဆိုတော့ အဖိုးတန်သည်ဖြစ်စေ၊ မတန်သည် ဖြစ်စေ၊ လူဆိုသည်မှာ နှမြောကြမည်ပင် ဟုကား ပြောစရ ရှိပါ၏။ သို့သော် ထိုသို့ကား မဟုတ်။ မြွေ မြွေချင်းတော

မြေမြင်သည်။ သူတို့သည် အကောင်း ရွေ့ကြခြင်း မဟုတ်။ ရိုးရိုးသားသား ရွေ့ကြခြင်းမဟုတ်။ ရွေ့ကြရသည့် အိမ်စာရင်း ထဲမှာ ပါချင်သည်။ ကျေးရွာ ကော်မီတီနှင့် ပေါင်း၍ စာရင်းတင်ချင်သည်။ သို့မှသာ ရေဘေးဒုက္ခသည် စာရင်းတွင် ပါမည်။ သို့မှသာ သသုံးလုံး ရမည်။ သသုံးလုံးဆိုသည်က သံ၊ သွပ်၊ သစ်။

အဲ နတက်ကတော့ သည်သို့သော ရွာမဟုတ်။

နတက်သည် ဘယ်တော့မှ မလိမ်။ သူများထံမှဘာအကူ အညီကိုမှလည်း အလကား မလိုချင်။ မတရား မလိုချင်။ နတက်ကို မာနကြီးသည်ဟု ပြောကြခါမှ ပြောကြရော။ နတက် အနေနှင့်ကတော့ သူများ အထောက်ပံ့ခံလည်း မဖြစ်ချင်။ အစိုးရ၏ အထောက်အပံ့ခံလည်း မဖြစ်ချင်။

ပြောကြစတန်းဆိုလျှင် ဒုဋ္ဌဝတီရေလျှံပယော့ဆိုသည်နှင့် တပြိုင်နက် နတက်သာလျှင် အခံရဆုံး ဖြစ်တော့သည်။ နတက်သည် ရေအောက်သို့ မရောက်ရသည့်နှစ် မရှိ။ သည်နှစ် ဒါးအထိ ရေမြုပ်သည်ဆိုလျှင်၊နောက်တနှစ် လူတရပ်၊သည်နှစ် ကောက်ရိုးစင်မှ ကောက်လှိုင်းတုံးများအထိ ရေတက်သည် ဆိုလျှင်၊ နောက်တနှစ် ထွားစားခွက် မြုပ်ရုံ မြုပ်သည်။ အမြုပ် ကြီးနှင့် အမြုပ်ကလေးသာလျှင် ခြားနားသည် မမြုပ်ဖဲကား မနေလေ။

ထို့ကြောင့်လည်း အစိုးရဌာနတို့၊ နလကတို့၊ ပါတီတို့၊ ကုန်သွယ်ရေးတို့၊ စိုက်ပျိုးရေးတို့သည် နတက်ကို အံ့ဩလာကြ

သည်။ နတက်သည်သာလျှင် ဒုဋ္ဌာဝတိရေဘေးကို အခံရ
ဖြစ်သည်ဟု သိ၍ လာကြသည်။

အစိုးရသည် နတက်အတွက်နှင့် သောက ရောက်ရ
တော့သည်။

မြစ်ငယ်တန်တားမှ စိုးရိမ်ရေမှတ်ကိုကြည့်၍ နလကသ
နတက်သတင်းကို တဆင့်တဆင့် လှမ်း၍မေးတတ်သည်။စိမ်ကိ
သီးနှံကို တာဝန်မပျက် စိုက်ခဲ့သော နတက်အတွက် စိုက်ပျိုးရေ
ဘက်ကလည်း လှမ်း၍ ပူတတ်သည်။ ကောင်စီကတော့ ညအိ
မလာစံ့သည့်တိုင် ရောက်၍လာတတ်သည်။

နောက်ဆုံးတော့ ဘာအကူအညီကိုမျှလည်း မယူခဲ့သေ
မယူတတ်သော၊ မယူချင်သော နတက်သည် သက်ဆိုင်ရာမျ
ဆို၍ရောက်လာခိုက် မူလတန်းကျောင်းတကျောင်းတော့ လို
သည်ဟု တင်ပြခဲ့ကြသည်။ လက်ရှိဘုန်းကြီးကျောင်းကိုပ
အသိအမှတ်ပြုပေးဘို့ကိုလည်း ပြော၍ပြကြသည်။

မကြာမီမှာပင် ရွာကျောင်းမှ ဦးပဥ္ဇင်း နှစ်ပါး
ချစ်များတို့ ကိုရင်အောင်ဘတို့ကို သက်ဆိုင်ရာမှ ခေါ်တေ
သည်။ မူလတန်းကျောင်း ဖြစ်စေသတည်း ဟူ၍လည်း အမိ
ချလိုက်သည်။

ဘာဘဲပြောပြော နတက်မှာတော့ ပျော်ကြသည်
အောင်ပွဲကြီးတမျှ ခြိမ့်ခြိမ့်သဲသဲ မကျင်းပနိုင်ကြသည့်တို
ကျောင်းဖွင့်ပွဲကလေးတခုကိုတော့ နတက်သည် စုပေါင်း
ကျင်းပခဲ့ကြသည်။ မြို့ပေါ်မှ အစိုးရဌာနတို့ကိုလည်း ဖိတ်
သည်။ ပတ်ဝန်းကျင်မှ ကျေးရွာများကိုလည်း ဖိတ်ခဲ့သည်

နတက်၏ ဘယ်အလွှာမှာမှ မကျွေးမွေးခဲ့သည့် ဝက်သားနီချက် ကွန်းရှပ်ပြုတ်ထောင်းကြော်၊ သရက်ချဉ်သုပ်၊ မှန်ရောင်ဟင်းချို တို့နှင့်ကျွေးမွေးခဲ့သည်။ တလင်းကြီးသားတို့များ ခုနစ်ရက်စာ တခါထဲစားကြသလားအောက်မေ့ယူရသည်။ လိုက်ပွဲလိုက်၍ပင် မဆုံး။

သို့သော် သည်သို့ အောင်မြင်လာခဲ့ပေမည့်လည်း ပြဿနာက ပေါ်ခဲ့သည်။

ဦးသီလာစာရတို့ ဦးစက္ကိန္ဒတို့ဆိုသည်က မြန်မာစာသာ သင်ပြနိုင်ကြသည်။ အတန်းကျောင်းဟူ၍ ဖြစ်လာပြန်တော့ လည်း အတန်း ခွဲရသည်။ အခါတိုင်းနှယ် စုပြုံသင်ပြ၍ မဖြစ်တော့။ သို့သော်ဘယ်သူ့ကို ဘယ်အတန်း ထားရမည် မဝေခွဲတတ်။ အသက်ကိုလိုက်၍ ခွဲထားပြန်သော်လည်း မဖြစ်။ ပြီးတော့ မြန်မာစာတတ်နေရုံနှင့်လည်း မပြီးသေး။ သင်္ချာက ရှိသေးသည်။ ပတ်ဝန်းကျင် လေ့ကျင့်မှုတို့၊ သိပ္ပံတို့၊ ပထဝီ တို့ကလည်း ရှိသေးသည်။ သမိုင်းကိုတော့ ဦးပဥ္စင်းတို့ ဖတ်၍ သင်မည်ဆိုလျှင် သင်နိုင်မည်ယူဆသည်။ သို့သော် ဆရာလိုလာ သည်ကတော့အမှန်ပင်။

အရေးအကြီးဆုံးက ကျောင်းအလုပ်ဖြစ်သည်။ အစိုးရ ကျောင်းဖြစ်၍လာတော့လည်း အစိုးရထံမှာ အစီရင် ခံရမည်။ ပညာအုပ်ရုံးနှင့်ဆက်သွယ်၍ အလုပ်လုပ်ရမည်။ မှတ်ပုံတင်တို့၊ ကျောင်းခေါ်စာရင်းတို့၊ အချိန်ဇယားတို့ ဆိုသည်တို့ကိုလည်း လုပ်ရလိမ့်ဦးမည်။ သည်တော့ နတက်မှာ မျောက်အုန်းသီး ရသကဲ့သို့ မလုပ်တတ်မကိုင်တတ်။ အခက်တွေ့ရလေတော့သည်။

## (၁၂၄) မောင်သာရရဲ့ စီးပလေစေ မောင်မသုတ်နဲ့

သည်တွင် ဦးပဥ္စင်းကလေးတို့က ရွာထဲမှ လူကြီးလုပ်နေ သူများနှင့် တိုင်ပင်သည်။ ဖြစ်နိုင်လျှင် ရံပုံငွေ စုရမည်၊ ကျောင်းသားမိဘအသင်း ထောင်ရမည်။ ပြီးကျောင်းဆရာ တယောက်ကို ရံပုံငွေဖြင့် လခပေး၍ငှားရမည်။နောင်ခါကျမှ သည်ဆရာကို တရားဝင် လုပ်၍ယူရမည်၊ သည်သို့ တင်ပြ လာကြသည်။

ခက်သည်က နတက်မှာ ခုနစ်တန်း ရှစ်တန်းမျှ သင်ခဲ့ ဘူးသူပင် တယောက်မျှမရှိ။ နှစ်ယောက်ပေါင်း သုံးယောက် ပေါင်းမျှသာလျှင် ခုနစ်တန်း ရှစ်တန်း ရှိကြမည်။ တယောက် ထဲတော့ ထိုမျှတတ်ထားသူမရှိ။

သည်တော့လည်း ရွာ့ပြင်ပကို လှမ်း၍ ကြည့်ရသည်။ မြို့ကဆိုတော့လည်း သည်မျှချောင်ကျသည့်နေရာသို့ ဘယ်သူမှ လာချင်ကြလိမ့်မည် မဟုတ်။ လာချင်သည် ဆိုလျှင်လည်း ယုံနိုင်စရာမရှိ။ နတက်သည် မြစ်ငယ်မြို့ကလေးနှင့် ပင်လျှင် ဆယ့်နှစ်မိုင်ခွဲခန့် ဝေးလိမ့်မည်။ တခုထဲသော ဆက်သွယ် ဖြစ်သည့် လှည်းလမ်းသည်လည်း နတက်ရွာအထိ မပေါက်။ ပေါက်သမျှ လှည်းလမ်းကလည်း မိုးတွင်းဆိုလျှင် စက်ဘီး စီး၍ပင်မဖြစ်။

သည်တော့ ပတ်ဝန်းကျင် ကျေးရွာများမှ တယောက်ယောက်ကိုတော့ တယောက်ယောက်မှတဆင့် အကူ အညီတောင်းရပေတော့မည်။

ကိုရင်သော်သည် သည်ကတည်းက သူ့သား ပညာတတ်တယောက်ဖြစ်လာစေ ချင်သည်။ သူ့သားသာတ

ပညာတတ်လာမည်ဆိုလျှင် သည်ရွာကကျောင်းမှာတော့ မုချ ကျောင်းအုပ်ဆရာ ဖြစ်လိမ့်မည်ဟုများ တွေးမိလေသလော မပြောတတ်။

ကိုရင်သော် ့ စိ ာ်သဘောကတော့ ဘယ်ရွာကဘယ်သူ့ ကိုမှ အကူအညီတောင်းချင်ပုံမရ။ သို့သော် သူ့သားဆိုသူက ယခုမှ ပုဆိုးကွင်းသိုင်းတုန်း ရှိသေးသည်။ ဦးပဥ္စင်းကလေး တို့၏ အဆိုအရ စာတော်သည် မှန်ပေမည့်၊ ယခုမှထွေပစ် ကစားတုန်းရှိသေးသည်။

ပတ်ဝန်းကျင် ရွာများမှ တယောက်ယောက်ကို ခေါ်မည်ဟု ဆိုပြန်တော့လည်း၊ လက်တွေ့က ခက်သည်။ ရွာချင်းတူတူ အနီးအနားရွာက ဆရာလာလုပ်သည်ကို နတက်သားတို့ မခံချင်။ ပြီးတော့ ဘယ်သို့ လခပေးမည်နည်း။ ဘယ်မျှပေးမည်နည်း။ ထိုမျှငွေကို လစဉ်ရနိုင်ဘို့ ဆိုသည်မှာ ဘယ်သို့ကြံမည်နည်း။

ရွာမှာ အစည်းအဝေး ပြုလုပ်သည်။

ကျောင်းသားမိဘတိုင်းက ရ ံပုံငွေ ထည့်ကြဘို့ကိုတော့ သဘောတူကြသည်။ သို့သော် တတ်နိုင်သူက ပိုထည့်ဘို့နှင့်၊ မတတ်နိုင်သူက အထည့်နည်းနေလျှင် ခွင့်လွှတ်ကြဘို့ တချို့က ပြောကြသည်။ တချို့ကမူ လစဉ်မှန်မှန် ရ ံပုံငွေ ကောက်ခံဘို့ အဆိုပြုကြသည်။ လယ်သမားသည် လခစားမဟုတ်၍ လစဉ် မှန်မှန်ငွေကောက်ခံရေးကို အတိုက်အခံ ငြင်းကြသူတို့ကလည်း ငြင်းလာကြပြန်သည်။ သည်တော့ ယခု သွေးပူနေခိုက်မှာသာ

ကောက်ခံရရှိနိုင်ဘွယ်ရှိ၍၊ နောင်အခါ ပျက်ကွက်ကြမ
အရေးကို တွေးကာ ဆွေးနွေးသူတို့က ဆွေးနွေးသည်။

သည်တွင် အချိန်သာ ကုန်၍၊ အဖြေကား ထွက်မလာ
ပြီးတော့ ခေါ်ရမည့်ဆရာနှင့် ပတ်သက်၍ လည်း
ခေါ်ထိုက်သည်၊ မခေါ်ထိုက်ဖူး ငြင်းခုန် ကြပြန်သည်
ဦးပဥ္စင်းကလေးနှစ်ပါးကမူ 'ပညာရှာပမာသူဖုန်းစား' ဆိုသ
စကားပုံဖြင့် ဆုံးမ၍ နားချသည်။ သို့သော် စိတ်ထဲ၌က
မခံချင်ကြ။ သည်တွင် ဆရာတော့်နားသို့ ပေါက်သောအ
ဆရာတော် ကြံဆရတော့သည်။

ဆရာတော်ဦးစန္ဒောဘာသသည် လူမှုရေးတို့၌ဝင်ရော
ဆောင်ရွက်သည့် အလေ့အထ မရှိ တတ်နိုင်သမျှလည်
ရှောင်ခဲ့ဟန် တူသည်။ သို့သော် သည်ကိစ္စ၌မူ ဆရာတော
မကြံဆလျှင် ပြီးတော့မည် မဟုတ်။ ထို့ကြောင့်လည်
ဆရာတော်၏ ငယ်ဆရာဖြစ်ခဲ့သည့် ကျောက်ဆည်ခရိုင်
ကံကြီးကျောင်း ဆရာတော့်ထံ လူလွှတ်၍ အကူအ
တောင်းခံခဲ့ရသည်။

ကံကြီးကျောင်းဆရာတော်သည်တပည့်သံဃာတပါး
ထည့်လိုက်၏။ ပထမကြီး အောင်ပြီးလည်း ဖြစ်သည်
ခေတ်ပညာမှာလည်း ကျောင်းထွက်လက်မှတ်ရ စာပေ
အောင်ထားသည်။ ကိုယ်တော် ဦးနန္ဒိယသည်သိက္ခာလည်
ဆယ့်ငါးဝါရှိပြီး။ ဥပဓိရုပ်ကလည်း ကြည်ညိုဘွယ် ဖြစ်သည်
သည်ကိုယ်တော်သည်နတက်ရွာကျောင်းသို့ လိုက်ပါလာခဲ့သည်

အစခပ်သိမ်း အဆင်ပြေခဲ့၏။ အဖိုးအခလည်း တပြား တချပ်မျှ မပေးရ။ ပစ္စည်းလေးပါးအတွက်မူ ရွာက တညီတညွတ်တည်း တာဝန်ယူကြသည်။

အစိုးရသို့ တင်ပြစဉ်က အခြေအနေအရ ဝါပင်ငယ်သော်လည်း၊ ပညာပင် နုသော်လည်း၊ ရွာခံဦးပဉ္စင်း ဦးသီလာစာရသည် ကျောင်းအုပ်ဖြစ်ရသည်။

သို့သော် သည်သို့ အစခပ်သိမ်း ပြေငြိမ်းခဲ့သမျှတို့သည် မကြာမီမှာပင် ပျက်ပြားရတော့သည်။ နတက်ရွာကျောင်း ဆရာတော် ဦးစန္ဒောဘာသသည် ကျိန်းစက်နေစဉ်မှာပင် ပိုးထိ၍ ရုတ်တရက် ပျံလွန်တော်မူခဲ့ရလေသည်။

ဆရာတော် ပျံလွန်တော်မူသည်ကိုပင် စင်စစ် ဘယ်သူမျှ မသိ။ အချိန်တန်၍ ထနေကျ မထဘဲ ကျိန်းနေသည်ကို မသက်သာသဖြင့် သွားရောက်ကြည့်တော့မှ အသက်မရှိတော့သည်ကို သိကြရလေသည်။

သည်တွင် ကျောင်းပြဿနာက စတော့သည်။

ဆရာတော်၏အရိုးပြာ မြေကျသည်နှင့်တပြိုင်နက်မှာပင် သည်ကျောင်းကို သူထိုင်ထိုက်သည် ငါထိုင်ထိုက်သည် ဖြစ်၍ လာတော့၏။ သံဃာ သုံးပါးသာ ရှိသည့်အထဲမှာပင် နှစ်ဂိုဏ်း ကွဲရလေတော့သည်။

ပညာအရ၊ သိက္ခာအရ ဆိုပြန်တော့လည်း အာဂန္တုဦးပဉ္စင်း ဦးနန္ဒိယသာလျှင် ကျောင်းထိုင် ကိုယ်တော် ဖြစ်ထိုက်သည်အမှန်ပင်။ သို့သော် ဦးပဉ္စင်းကလေးနှစ်ပါး

(၁၂၈) မောင်သာရရဲ့ စီးပလေစေ မောင်မသုတ်နဲ့

ကလည်းရှာခံ။ သည်နတက်ရှာဇာတိ ဖြစ်ကြတော့ အပြောရခက်ပြန်သည်။

ဘာဘဲပြောပြော၊ သည်ကျောင်းသစ် ဖြစ်လာရာ၌လည်းကောင်း၊ အစိုးရ မူလတန်းကျောင်း ဖြစ်လာရာ၌လည်းကောင်း၊ ရှာခံဦးပဥ္စင်းကလေးနှစ်ပါး၏ စေတနာနှင့် ဝိရိယကိုလည်း မည်သည့်နည်းနှင့်မျှ ပစ်ပယ်၍ မရ။ ကိုယ်တော်လေးတို့ ကျေးဇူးကို မုချ အသိအမှတ်ပြုရမည်။

သို့သော် ရှာနားမြက် ရှာနားမစား ဆိုသော စကားပုံကလည်း ရှိခဲ့သည်။ ရှာခံဦးပဥ္စင်းကလေးတို့၏ ပညာအခြေခံနည်းမှုကို အားမရနိုင်သူတို့ကလည်း ရှိကြသည်။ တချို့ကကျတော့လည်း ကိုယ်က ရှာခံ၊ ကိုယ်က အနစ်နာခံရမည်....ဟု တရားစကား ပြောကြသည်။ တချို့ကမူ မနေ့တနေ့ကမှ ရောက်လာသည့် ကိုယ်တော်ကို စိတ်မချ။ ပညာတတ်ပေမည့် လူမထွက်ဦး မပြောနိုင်။ ထို့ကြောင့် ဖွတ်ထွက်မှ တောင်ပို့မှန်း မသိချင်။ ကိုယ့်ချေးခွဲဘဲ ကိုယ်ချဥ်ချင်သည်။

အခြေအနေက ရှေ့တိုးတော့လည်း ထမ်းပိုး။ နောက်ဆုတ်တော့လည်း လှည်းထုတ်။ မတိုးသာ မဆုတ်သာ။

ရှာထဲမှာလည်း သည်အကြောင်းဘဲ ပြောနေကြရသည်။ သည်ပြဿနာကို ကော်မီတီချည့်လည်း ဆွေးနွေး၍ ပြီးပြီ။ မြေယာကော်မတီတို့ သမဝါယမအသင်း ကိုယ်စားလှယ်တို့နှင့် ပေါင်း၍လည်း စည်းဝေးကြပြီးပြီ။ အဖြေကား မပြတ်။ ဆုံးဖြတ်၍ မရ။

တခါတခါတော့လည်း နတက်မှာသည်နှယ်အဆုံးဖြတ်ရခက်သည့် ပြဿနာမျိုးနှင့် ကြုံကြိုက်ရဘူးပါ၏။ သို့သော် လူကြီးလုပ်သူတို့နှင့်ချည့် ဆုံးဖြတ်၍မဖြစ်လျှင် ရွာလုံးကျွတ် မောင်းခတ်၍ စည်းဝေးခဲ့ကြသည်။ တယောက်တပေါက် ပြောကြ၍၊ မိုးလင်းပါမှ လင်းရော့။ အဖြေကတော့ ထွက်လာခဲ့သည်သာ။

ရံဖန်ရံခါတော့လည်း လူကြီးပိုင်းနှင့် လူငယ်ပိုင်း သဘောထားချင်း ကွဲကြသည်။ ညှိနှိုင်း၍မရ ဖြစ်ကြသည်။ သို့သော် လူငယ်ပိုင်းကိုလည်း သူ့သက်ဆိုင်ရာမိဘက ထိန်းခဲ့သည်။ လူကြီးပိုင်းကိုလည်း သူ့သက်ဆိုင်ရာလူငယ်ပိုင်းက မေတ္တာရပ်ခဲ့သည်။ သည်သို့နှင့် ပြေလည်ခဲ့ကြသည်။ ညီညွတ်ခဲ့ကြသည်။

ယခုပြဿနာ၌မူ လူကြီးပိုင်းနှင့် လူငယ်ပိုင်းဟူ၍လည်း ကွဲကြသည် မဟုတ်။ ရွာလုံးကျွတ် ညလုံးပေါက် အစည်းအဝေး၊ ဆွေးနွေးပွဲ ဆိုသည်တို့ကလည်း ထပ်ကုန်ပြီ။

လူငယ်အချင်းချင်းထဲမှာလည်း အယူအဆကနှစ်မျိုး။လူကြီးပိုင်းထဲမှာကလည်း နှစ်ခြမ်း။ ညှိ၍လည်းမရ။ စေ့၍လည်း မရ။

အရေးထဲမှာ ကိုယ့်ဆန္ဒ ကိုယ့်သဘောထားကို ကိုယ့်ဝမ်းထဲ ကိုယ့်စိတ်ထဲမှာပင် အေးအေး သိမ်းဆည်း၍ မထားကြ။ ရွာရိုးလျှောက်၍ ပြောကြသည်။ စိတ်တူသူချင်း ပေါင်းကြသည်။ ကိုယ့်အုပ်စုနှင့်ကိုယ် စုစည်းလာကြသည်။ တဖက်အုပ်စုကို ပုတ်ခတ်လာကြသည်။ ကိုယ့်ဘက်က မဟုတ်လျှင်....တရားသဘောဘုရားဟောကို မသိနားမလည်သူ၊ ဩကာသကိုပင် အစအဆုံးအတိုင်လွတ် မရွတ်ဆိုနိုင်သူ.... စသည် စသည်ဖြင့်လည်း မို့ချိုးမျှစ်ချိုး ပြောဆိုလာကြသည်။

ပြီးတော့ ကိုယ့်ဘက်က ဘုန်းကြီးကို ကိုယ်သွေးထိုးသည်။.... ‘ကိုယ်တော် မလျှော့နဲ့၊ ကိုယ်တော့နောက်မှာ အများကြီး။ အိမ်ပေါင်း ရှစ်ဆယ်ကျော် ရှိတယ်’....ဟု လျှောက်ကြသည်။

အမှန်တော့ ဘုန်းကြီးတို့ကလည်း ဘုန်းကြီးတို့၊ လူတို့က လည်း လူတို့ပင်။

ရွာသည်လည်း တနေ့တခြား အစည်းပြေ၍ ပြေ၍သာ လာ တော့သည်။

ကျောင်းမှာလည်း ဘယ်ကိုယ်တော်မှ မကျိန်းရဲတော့သည် အထိ ဖြစ်၍လာတော့သည်။

သည်တွင် နတက်ရွာသည်လည်း အရှေ့ခြမ်းနှင့် အနောက် ခြမ်းဟူ၍ မသင့်မမြတ် ဖြစ်ရလေတော့သည်။

အနောက်ခြမ်းသည် အိမ်ခြေများသည်။ လူများသည်။ ရွာ ဦးပဥ္စင်းကလေးနှစ်ပါးဘက်မှ ထောက်ခံသည်။

အရှေ့ခြမ်း၏ အယူအဆကမူ ဘယ်သူ့ကိုမှ ရန်မမူလို။ တရား တော်သည် တရားတော်သာလျှင် ဖြစ်ဘိသည်။ ဝိနည်းတော် သည် ဝိနည်းတော်သာလျှင် ဖြစ်ဘိသည်။ ပူဇော်ထိုက်သောသူကို ပူဇော်ရခြင်းသည်မြတ်သည်။ အပူဇော်ခံယူသူ၏ သန့်စင်မှန်ကန် ခြင်းသည် ပူဇော်ခြင်းကို ပို၍မြတ်စေသည်။ သည်သို့ ယူဆသည်။

အရှေ့ခြမ်းသည် သံဃာသုံးပါး သင့်မြတ်ရေးကို အားထုတ် သည်။ ဘယ်ကိုယ်တော်က ကျောင်းထိုင်ပုဂ္ဂိုလ် ဖြစ်ရမည်ဟု ဘွဲ့ဖော်၍ မတင်ပြ။ ဖြစ်နိုင်လျှင် နိုင်ငံလုံးဆိုင်ရာ ကျောင်းထိုင် ဆရာတော်များအဖွဲ့ချုပ်သို့ တင်ပြအစီရင်ခံ၍ အဆုံးအဖြတ်

ယူသင့်သည်။ ဆရာတော်တို့၏ အဆုံးအဖြတ်ကိုလည်း နာခံသင့်သည်။ သည်သို့ တင်ပြသည်။

သို့သော် အနောက်ခြမ်းက သည်အယူအဆကိုပင်လျှင် လက်မခံနိုင်။ ပျော့ပျော့ ပျော့ပျော့နှင့် အတော်နံသည့်ကြောင်ချေးဆိုသည့် အယူအဆမျိုး ဖြစ်သည်ဟု ဆိုသည်။

ညှိ၍လည်းမရ။ စေ့၍လည်းမရ။

ယခုသော် ဘယ်သံဃာ့အဖွဲ့အစည်းသို့မျှလည်း မတင်ပြဖြစ်ကြ။ မတင်ပြနိုင်ကြ။ ကျောင်းကိုလည်း မြစ်ငယ်ပြည်သူ့ ရဲတပ်ဖွဲ့၏လက်သို့သာ အပ်နှံထားရသည်။ မြစ်ငယ်ရဲစခန်းမှ ရဲအဖွဲ့ဝင်နှစ်ယောက်သည် တာဝန်အရ နေ့ညမပြတ် လာရောက်စောင့်ရှောက်နေရသည်။ ကျောင်းကြီး၏အပေါ်ထပ်ကိုမူ ချိတ်ပိတ်၍ထားကြသည်။

ရဲအဖွဲ့ဝင်တို့သည် တလတ္တင်တကြိမ် လူလဲသည်။ အစကမူ ရွာက အလှည့်နှင့် ထမင်းထုပ်ပို့ရသည်။ ယခုတော့ သူတို့လည်း သူတို့ရိက္ခာနှင့် သူတို့ချက်ပြုတ်စားသောက်သည်။ ကျောင်းအောက်တွင်နေကြသည်။ရံဖန်ရံခါ သားမယားများပင် အလည်အပတ်လိုက်၍လာကြသည်။ သူတို့လည်း ယခုဆိုလျှင် နတက်သားတပိုင်း ဖြစ်နေကြလေပြီ။

ကြာတော့လည်း ရွာ၏ညီညွတ်မှုကို ထောက်ရှု၍ သံဃာတို့စွန့်ခွာကြကုန်သည်။

ဦးနန္ဒိယကိုယ်တော်သည် နေချပ်ဇာတိသို့ခေတ္တပြန်ဦးမည်ဆိုကာ ပြန်လည်ကြွမြန်းသွားခဲ့သည်။ ယနေ့တိုင် နတက်သို့မူကား ပြန်မရောက်လာတော့။

## (၁၃၂) မောင်သာရ၏ စီးပလေဇော် မောင်မသုတ်နဲ့

ရွာခံဦးပဥ္စင်းကလေးနှစ်ပါးသည်လည်း မန္တလေးအနောက်ပြင်မှ မူလခင်မကန်ကျောင်းတိုက်တွင် သီတင်းသုံး၍နေကြသည်။ စာပြန်ပွဲ ဝင်ကြမည်ဟုဆိုကာ အားထုတ်လေ့လာနေကြသည်။

ရွာ၏အဆုံးအရှုံးကား မူလတန်းကျောင်းကလေးကို ရက်အကန့်အသတ်မရှိ ပိတ်ထားရခြင်းပင်တည်း။

တနှစ်ခန့် ကြာခဲ့ပြီ။

ယခုသော် သည်အကြောင်းကို ဘယ်သူကမှ အစဖော်၍ ပြောဆိုဆွေးနွေးမနေတော့။ ပြောဆိုဆွေးနွေးနေတို့လည်းအချိန်မဟုတ်ပြီ။ ကိုယ့်အလုပ်နှင့်ကိုယ်ပင်လျှင်လည်း စင်စစ် အားကြရလှသည်မဟုတ်။

သို့သော် ကိုရင်သော်တယောက်ကတော့ အားအားရှိလျှင် အနာဂတ်ကို ဆွချင်သည်။ ရွာမှာ ကျောင်းပြန်ထောင်နိုင်ရေးအတွက် လိုက်လံပြောဆိုဆွေးနွေးသည်။ သူ့သား ဘယ်မျှစာတော်သည်၊ ဦးပဥ္စင်းဆရာတို့က ဘယ်သို့ချီးမွမ်းသည်ဟူ၍ တတွတ်တွတ် လိုက်ပြောနေတတ်သည်။ သူ့သားစာမတက်မှာကို ကိုရင်သော် တရားလွန်ပူပန်သည်။

အရှုံးဆိုရလည်းအခက်။ အကောင်းဆိုရလည်း အခက်။

## ( ၉ )

PDF Creator - nyeyadhamma@gmail.com

ညက ညဦးပိုင်းမှာသာ လသာသည်။ သန်းကောင် မတိုင်မီ လကွယ်၏။

ကြည်သွဲသည်ခေါင်းအုံးကို ရင်ညွန့်အောက်တွင် ခု၍ မှောက်နေသည်။ ခေါင်းအုံးပေါ်မှာ ခေါင်းမချ။ ခေါင်းချလိုက်လျှင် အိပ်ပျော်သွားလိမ့်မည်။ အိပ်ပျော်သွားမှာကိုလည်း ကြည်သွဲ

စိုးရိမ်သည်။ ပြီးတော့ ထုံးထားသည့်ဆံပင်တို့ ပြေပျက်ကုန်မှာ လည်း ကြည်သဲပူပန်သည်။

ညဘက်မှာက အေးသည်။ ထို့ကြောင့်လည်း အခါတိုင်းမှာ တော့ ကြည်သဲသည် ခေါင်းရင်းကဲလားကို ပိတ်အိပ်မြဲ။

ပြီးတော့ ကြည်သဲက ကြောက်တတ်သည်။ ရွာထဲမှာအသုဘ ရှိသည်ဆိုလျှင်ပင် ကြည်သဲအိပ်မရချင်တော့။ သေသူကို မြင် ယောင်၍ချည့်နေတတ်သည်။ အသုဘအိမ်ကိုလည်း ဘယ်တော့မှ မသွား။ အိမ်ရှေ့ကပင် မဖြတ်။ တတ်နိုင်သမျှ ရှောင်နေသည်။ အလောင်းကိုမပြောနှင့်၊ အခေါင်းကိုပင် ကြည်သဲမကြည့်ဝံ့။

ရွာ့ထိပ် အရီးလေးသစ်တို့အိမ် စည်းရိုးမှ မန်ကျည်းပင်ကြီးမှာ လည်းသူရဲရှိသည်ဟု ပြောကြသည်။ ဘယ်သူ့ကို ချောက်ဖူးသည်၊ ဘယ်သို့ချောက်ဖူးသည်တော့ ကြည်သဲမသိ။ သို့သော် ကြားရ သည့်နေ့ကစ၍ ယနေ့အထိ ထိုသစ်ပင်ကြီးအောက်သို့ ကြည်သဲ တယောက်ထဲ ဘယ်တော့မှ မသွား။ လေတိုက်၍ မန်ကျည်းသီး မှည့်များကြွေသည်ကို ကောက်ကြရာ၌လည်း ကြည်သဲ ဘယ် တုန်းကမှ မပါခဲ့။ တနှစ်ပတ်လုံး ချဉ်ရေဟင်းချက်မစားရလျှင် လည်း ကြည်သဲအကြောင်းမဟုတ်။ မန်ကျည်းရွက်နုချိန်မှာကျ တော့လည်း သည်အပင်သာဆိုလျှင်တော့ ကြည်သဲ ဘယ်တော့မှ မတက်။ ငယ်ငယ်တုန်းကလည်း တက်မခူး။ သည်ဘက်ပိုင်းမှာကျ တော့လည်း တက်မခူး။

တခါတရံ အခါကြီးရက်ကြီးများမှာ လူကြီးပိုင်းနှင့်လိုက်၍ ဥပုသ်စောင့်သွားရပြီဆိုလျှင်လည်း ကြည်သဲသည် ကျောင်း၏ အနောက်ဖက်သို့ ဘယ်တော့မှ လှည့်မကြည့်။ ကျောင်း၏ အ

နောက်ဖက်မှ သုသာန်ကို မြင်နေရသည့် စိုက်ခင်းများသို့ ဆိုလျှင်လည်း ကြည်သဲ့ဘယ်တုန်းကမှလိုက်၍ အလုပ်မလုပ်ခဲ့။

သည်အထိ ကြည်သဲကြောက်တတ်သည်။

ထို့ကြောင့်လည်း ခေါင်းရင်းကဲလားကိုကြည်သဲ အစဉ်ပိတ်အိပ်မြဲ။ ကဲလားကိုချ၍၊ ကဲလားရွက်အလယ်မှ ကြိုးကွင်းတွင် ကဲလားထောက်ဝါးနှင့်လျှိုကာ၊ သေချာပြီဆိုမှ ကြည်သဲစိတ်ချလက်ချ အိပ်တတ်မြဲ။

အမှန်စင်စစ် ကြည်သဲတို့အိမ်သည် မြေကြီးမှလည်းသိပ်မမြင့်တော့။ ဆောက်စတုန်းကတော့ အောက်ထပ်သည် လက်ခုပ်တဖောင်ခန့်အထိမြင့်ခဲ့သည်။ သို့သော် ခဏခဏရေကြီးရသည်နှင့် နှံးတို့သည် တနှစ်ထက်တနှစ် ပို့၍ပို့၍လာကြရာ၊ယခုတော့ ကြည်သဲတရပ်ပင် ကောင်းကောင်းမလွတ်ချင်တော့။ ကြည်သဲ၏ အဘနှင့် ကြည်သဲ၏မောင် ငွေဆောင်တို့ဆိုလျှင် ခေါင်းငုံ့၍ ဝင်ရသည်။

ပြီးတော့ ကဲလားပြတင်းဆိုသည်ကလည်း အိမ်ကြီးရခိုင်များမှာကဲ့သို့ နှစ်ပေါက်ဆင့်ပြတင်းမဟုတ်။ နင်းကြမ်းနှင့် တပြေးညီမှာနံရံ ကိုပေါင်းမိုးပေါက်ဖောက်ထားခြင်းမျှသာ ဖြစ်ဘိသည်။ ထို့ကြောင့်လည်း အောက်မှနေ၍ ကဲလားရွက်ကို ဆွဲဟကာ လက်နှင့်လှမ်းနှိုက်မည်ဆိုလျှင် ကြည်သဲ၏ခေါင်းကိုပင် စမ်းမိနိုင်ဘွယ်ရာရှိချေသည်။

သည်တော့ကြည်သဲ အသေအချာမပိတ်ဖဲမနေသာ။

သို့သော် သည်ညအဖို့ရာမှာတော့သည်ကဲလားကိုပိတ်ထား၍ မဖြစ်ပြီ။မပိတ်ဖဲမင်းတုန်းဝါးနှင့်ထောက်၍ ဖွင့်ထားပြန်တော့

လည်း၊ ကြည်သဲ မေ့နေသည်အထင်နှင့် အမေက လှမ်းသတိပေးခဲ့သည်။ ထို့ကြောင့် အိပ်ရာဝင်စကတည်းက ကဲလားရွက်ကိုတော့ ထောက်ဖြုတ်၍ ချထားလိုက်ရသည်။ သို့သော်မင်းတုန်းဝါးကိုမူ မလျှော်ထားသည်။ အပြင် မြေကြီးပေါ်မှာဖြာကျနေသည့်လရောင်ရိပ်လဲ့လဲ့ကိုမြင်နေရစိမ့်သောငှာလည်းကြည်သဲသည် ကဲလားရွက်ကို ဆေးလိပ်အစီခံကလေးနှင့် မသိမသာထောက်၍ဟထားသည်။

သည်ည သူနှင့် ချိန်းထားသည်။

သူလာချိန်တွင် ကိုယ်က အိပ်ပျော်နေ၍ မဖြစ်။ ပြီးတော့သည်ပြတင်းမှပင် အောက်သို့ ခုန်ချ၍ ဆင်းရမည်။

ငယ်စဉ်အခါ ဆီမီးခွက်ပြောင်းပြန်တို့၊ ထုတ်စည်းတမ်းတို့၊ တွတ်ထိုးတမ်းတို့ ကစားခိုက်ကတော့ လသည် ညဦးပိုင်းမှာသာခဲ့သည်။ သာသည့်လကလည်း ကွယ်လွယ်ပါဘိသနှင့်။ ယခုတော့မလိုချင်မှ သာလိုက်သည့်လ။ကြာလိုက်သည့်ည။

ကြည်သဲသည် ဟနေသည့် ကဲလားရွက်ကြားမှ အပြင်မြေကြီးကို မှောက်လျက် စောင့်ကြည့်သည်။ ဟော....လရောင်ရိပ်မှိန်ပြယ်စပြုပြီ။ သူလာတော့မည်။

မှန်သည်။ ရွှေထွန်းမောင်ကလည်း လဝင်မှ လာခဲ့မည်ဟုမှာထားသည်။

ပြတင်းနှင့် တည့်တည့် အိမ်ခေါင်းရင်းမှာက ခတက်ပင်ရှိသည်။ ခတက်ပင်ကတော့ သူ့ထုံးစံ ဟိုလူလာ အရွက်ခူး၊ သည်လူလာ အရွက်ခူးနှင့်မို့ ဆယ့်နှစ်ရာသီ အရွက်သိပ်မရှိ။

သည်တော့ လရောင်ရိပ်မှာ ခတက်ကိုင်း အပြိုင်းပြိုင်းကိုရေးရေးမြင်ရသည်။

ဟော....ယခုတော့ မမြင်ရတော့ပြီ။

ရွှေထွန်းမောင်ကလည်း ရောက်လာခဲ့ဘီသည်။ သည်ကိုလာတဲ့အရေး တောင်စဉ်ခုနစ်ခရိုင်ကို ဖြတ်နေရသော်လည်းမဟုတ်။ တအိမ်ကျော်က ထလာလိုက်ရုံသာ ဖြစ်ပါလျက် ဘယ့်အတွက်သည်မျှကြာနေရပါဘီသနည်း။

ကြည်သဲ့ စိတ်ကောက်ချင်လာမိသည်။သူများကဖြင့် မအိပ်ဖဲ့စောင့်၍နေရသည်။ သူက မေ့ပြီးတော့များ အိပ်ပျော်နေပြီလောမသိ။ လာစမ်းပလေ့စေ။ရင်အုပ်ကြီးကို ဆီး၍ လက်သီးနှင့်ထုပစ်လိုက်ဦးမည်။

ဟော...သက်ကြီးခေါင်းချထင့်။ ကြက်တို့ တကြော့တွန်ပြန်ပြီ။

သူ မလာတော့ဘူးထင်ပါ့။ မလာဘဲများ နေလျှင်တော့သိမည်။ ဘယ်သို့ပြောပြော၊ ဘယ်သို့ ဖြေရှင်းဖြေရှင်း၊ မယုံချင်ယောင်ကို ဆောင်နေလိုက်ဦးမည်။ နှစ်ရက်သုံးရက်တော့စကား မပြောဘဲကို နေပစ်လိုက်ဦးမည်။ သို့မှ သူသိမည်။ တဖက်သား ဘယ်မျှပင်ပန်းစွာ ချစ်ရသည်ကို သူနားလည်မည်။ တန်ဘိုးလည်းပိုလာမည်။

ကြည်သဲသည် ပင့်သက်ကို ရှတ်တရက် ချလိုက်မိပြီးမှ သတိရကာ ဖြေးဖြေးချင်းဆွဲချသည်။ ပင့်သက်သံ ဆိုသည်ကလည်း

## (၁၃၈) မောင်သာရရဲ့ စီးပလေစေ မောင်မသုတ်နဲ့

ညမှာတွေ့ကြားရသည်။ အမေသည် ဟိုဘက်မှာအိပ်နေ၏။ နံရံတလွှာခြားသည်။ အိပ်ရာချင်းကပ်နေသည်။

ကြည်သဲစိတ်ပျက်ပြီ။ လက်လျှော့ချင်လာ၏။ အိပ်ကလည်း အိပ်ချင်ပြီ။

သို့သော် ခုထားသည့်ရင်မှာ အောင့်၍မျှ ကိုယ်ကိုမလှည့်မစောင်းသာ။ ကြမ်းခင်းက ဝါးကြမ်းဆိုတော့လည်း လူးလိုက်လွန့်လိုက်လျှင်ပင် အသံမြည်တော့သည်။ သည်တော့လည်း ကြည်သဲငြိမ်၍သာ နေရ၏။

ထိုအခိုက်အိမ်ခေါင်မိုးသက်ငယ်ပေါ်သို့ခဲတလုံးကျလာသည် မှန်သည်၊ ခဲလုံးဘဲဖြစ်ရမည်။ကျသည်။ ပြီးတော့ လိမ့်၍ဆင်းသွားသည်။မြေသို့ ကျတော့လည်းအသံအနည်းငယ်ထွက်သည်။ ငှက်တကောင်ကောင်ကပျံရင်းသန်းရင်းနှင့်အစာလွတ်ကျသည်။ သို့မဟုတ် ချေးပါချသည်ဆိုလျှင် သည်သို့ မြေကြီးအထိလိမ့်မဆင်းတန်ရာ။ မြေနှင့်ထိတော့လည်း အသံမထွက်တန်ရာ။

ထို့ကြောင့်သူဘဲဖြစ်ရမည်။ သူလာပြီ။ သူအချက်ပေးပြီ။ ကြည်သဲသည် ပျော်သွား၏။ နားကိုလည်း ခွေးကဲ့သို့ စွင့်လိုက်သည်။

သို့သော် ဘာသံမျှဆက်၍မကြားရ။ ခြေသံလည်း ပေါ်မလာ။ခဲလည်းနောက်ထပ်မကျ။ ယုတ်စွအဆုံး အိမ့်အောက်မှာ စောင့်အိပ်တာ်သည့် ညိုတုတ်နှင့် ဂုတ်ကျားတို့ကပင်လျှင်လည်း ထမဟောင်။

ကြည်သဲ စိတ်ပျက်ရပြန်သည်။

တန်တော့၊သူမဟုတ်။ ခေါင်မိုးပေါ် ကျသည်မှာ အခြား
ခုသာ ဖြစ်လိမ့်မည်။ ကြည်သဲသည် ပင့်သက်ကို မျှင်းမျှင်း
လေးဆွဲ၍ ချလိုက်သည်။

ဟော....အရိပ်၊ အရိပ်၊ အရိပ်ကို မြင်ရသည်။အိမ်နားအထိ
း ရောက်လာသည်။ ဘုရား....ဘုရား။

အခါတိုင်းသာဆိုလျှင်တော့ သည်အရိပ်မျိုး မြင်ရလျှင်
သဲမှုချလန့်အောင်ဖြစ်လိမ့်မည်။ ပြီးတော့ အိမ်သားများရှိ
ပြေး၍ကပ်ဖြစ်မည်။ ယခုသော် သူ့လူ ဖြစ်မည်အထင်နှင့်
ာက်သည့်တိုင်မအောင်ဖြစ်။ တထိပ်ထိပ်နှင့် စောင့်ကြည့်နေရ
။

ဟုတ်ပြီ။ရွှေထွန်းမောင်ပင် ဖြစ်တော့သည်။

ရွှေထွန်းမောင်သည် ကဲလားကို အသာကလေး ပုတ်လိုက်
။ ကြည်သဲကလည်း စိတ်ထဲမှာ အေးရပြီမို့၊ကဲလားကိုတွန်း
အနည်းငယ်ဖွင့်လိုက်သည်။

ရွှေထွန်းမောင်က မ၍ဖွင့်ထားသည်။ကြည်သဲက ထိုပြတင်းမှ
ချလိုက်သည်။ပြီးတော့ ကုန်းကုန်းကုန်းကုန်းနှင့် ခပ်သုတ်
လှမ်းထွက်ခဲ့ကြသည်။

ူကတော့ကွာ၊စောစောကတည်းက ဖနပ်ကလေးဘာလေး
နားယူထားတာ မဟုတ်ဖူး၊ ရော့ သည်ဖနပ်စီး’

‘အို မစီးချင်ပါဘူး’

‘စီးမှာသာ မြန်မြန်စီးစမ်းပါ’

‘မစီးချင်ပါဘူးဆိုနေမှတော်’

‘ဟိုဘက်ကျ ဆူးတွေ စူးမှာဗျ၊ သိလား’

‘စူးပလေစေ၊ စူးတော့ သူနုတ်ပေးလိမ့်မယ်’

‘ဘယ်က သူလဲ၊ ဘယ်သူ့ကို ပြောတာလဲ’

‘သိဘူး’

‘အော် သိပြီ၊သိပြီ၊ သူဆိုတာ သည်ကကို ပြောတာမဟုတ်လား’

‘သိဘူး’

‘ဒါဖြင့် ငချိုကို ပြောတာထင်ပါရဲ့’

‘သူများကိုတော့ အဲလိုမပြောနဲ့တော်၊ နေတော့....သူများ မလိုက်တော့ဘူး’

‘အော် အော်အော်၊မလုပ်လိုက်ပါနဲ့အမိရယ်၊သည်က ရင်ကွဲရပါအုံးမယ်၊ သည်က ချစ်လို့စတာကိုဟာ’

‘ပြီးတော့ သူ ဘာလုပ်နေတယ်လဲ မသိဘူး၊ သူများကို မေ့ပြီး အိပ်ပျော်နေသလားမှ မသိတာ’

‘အိပ်ပျော်နေတာတော့ မှန်တယ်၊ မေ့တော့ မမေ့ဘူး၊ အိပ်ပျော်တုန်းမှာတောင် သတိရသေးတယ်’

‘တော်ပါ၊ ပိုကိုပိုတယ်’

‘မပိုရပါဘူးဗျာ၊ မှန်မှန်စစ်ပြောတာပါ၊ အိပ်မက်ထဲမှာလေ ဟောသည် မကြည်သဲဆိုတဲ့ မေတ္တာအိုးကလေးနဲ့ကို အတူတွေ့နေကြတာ’

‘နေပါအုံး၊ သည်ဘက်ကို ဘာလုပ်မလို့တုန်း၊ဘယ်သွားမှာမို့တုန်း’

'ရောက်ပါပြီ၊ ဟောဟိုမိုးနှုံခြုံအောက်တင်ရယ်'

'အမယ်လေး၊ မြွေပါးကင်းပါး သူမို့မကြောက်ကယ်'

'မြွေတွေကင်းတွေ မပြောနဲ့၊ ပုရွက်ဆိတ်တောင် မရှိဘူး၊ သည်က နေ့ခင်းကတည်းက အသေအချာ ဝင်ရှင်းထားတာ၊ ဇီးဖြူသီးတောင်မှ ဆယ်လုံးဆယ့်ငါးလုံး ပစ်ထည့်ထားခဲ့သေးတယ်'

မှန်သည်။ ဇီးဖြူသီးကို မြွေကြောက်သည်။ ဘာကြောင့်ဟူ၍တော့ မသိ။ ဇီးဖြူသီးရှိနေလျှင် မြွေမလာတတ်။ ထို့ကြောင့်လည်း ရွှေထွန်းမောင်သည် ကြိုတင်၍ပြင်ခဲ့ဆင်ခဲ့သည်။

အမှန်တော့ ရွှေထွန်းမောင်သည် မြွေ၏ရန်ကိုသာ ကာကွယ်ခဲ့သည် မဟုတ်။ ကြည်သဲတို့ အိမ်မှ ညိုတုတ်နှင့် ဂုတ်ကျားတို့၏ရန်ကိုလည်း ကြိုတင်ကာကွယ်ခဲ့ရသည်။ ညိုတုတ်တို့ ဂုတ်ကျားတို့ကိုမူ ရွှေထွန်းမောင်သည် သုံးရက်ခန့်ကတည်းက ကြိုတင်၍စည်းရုံးခဲ့ရသည်။ သည်နှစ်ကောင်ကို သေသေချာချာ မှတ်ထား၍၊ တွေ့တိုင်းမှာလည်း ထန်းလျက်ခဲ ပစ်ကျွေးခဲ့ရသည်။ မျက်ရိပ်မျက်ခြည်ဖြင့် လှမ်းခေါ်၍ရလာသည်အထိလည်း မပြတ်ကျွေးနေခဲ့ရသည်။ နောက်ဆုံးတော့ သခင်ရင်းချာနှယ် ပဒုပ်မရပ်သေးသည့်တိုင် လှမ်း၍ မြင်လျှင်တော့ အမြီးနှန့်၍ ပြေးလာဘော် ရတော့သည်။ ထန်းလျက်လည်း ပန်တော်ကျင်းဆယ်ခဲခန့်တော့ ကုန်ရော့မည့်ထင်သည်။

ရွှေထွန်းမောင်သည် မိုးနှုံခြုံကလေးသို့ ရောက်သည်နှင့်တပြိုင်နက်၊သူဆောက်ထားသည့် ဘုံဗိမာန်ကဲ့သို့ ဝင့်ကြွားစွာ ပြလိုက်

သည်။ မှန်တော့လည်းမှန်သည်။ အရွက်ရင့်တို့ မကြွေမီ အရွက်နုတို့က ထပ်၍ ထွက်နေကြပြီမို့၊ မိုးနှံခြုံသည် လုံခြုံသည်။ပင်ခြေမှာလည်း ပွဲခင်းဖျာတချပ်စာခန့်မျှ ကျယ်ဝန်းသည်။ဝင်ပေါက်ကလေးကလည်း အဆင်သင့်ရှိနှင့်သည်။ အောက်ခံမြေကလည်း ညီညာသည်။ ညမှာ မဆိုထားနှင့်။ နေ့ခင်းကြီးမှာပင် အသေအချာမကြည့်လျှင် ခြုံထဲမှလူကို မြင်နိုင်မည် မဟုတ်။

သို့သော် ကြည်သဲ ရှေ့က မဝင်ရဲ။

'ဝင်လေ'

မဝင်ရဲသဖြင့် ရွှေထွန်းမောင်ကို အရင်အဝင်ခိုင်းလိုက်သည်။

ရွှေထွန်းမောင်မှာက အိမ်ချတ်ထားသည့် ဒါးရှည်တလက်ပါလာသည်။ယောကျ်ားသည် ရှေ့က သွားရပေလိမ့်မည်။

ရွှေထွန်းမောင်သည် ဝင်မည်ဟု ခေါင်းငုံ့၍ ခြုံထဲသို့ ကြည့်လိုက်သည်။

'ဟော့ ဘယ်သူတွေလဲ'

ရွှေထွန်းမောင်ရော ကြည်သဲပါ လန့်၍ သွားကြသည်။ ကြည်သဲဆိုလျှင် ရွှေထွန်းမောင့် ရင်ခွင်ထဲသို့ပင် ကိုယ်တခြမ်းဝင်မိလျက် ဖြစ်သွားသည်။

ရွှေထွန်းမောင်လည်း ကြည်သဲ၏ကိုယ်ကလေးကိုဖက်၍ထားလိုက်သည်။ ကျန်လက်တဖက်ကလည်း ဒါးကိုကျစ်ကျစ်ပိုင်ပိုင်ဆုပ်ကိုင်၍ထားသည်။ နှစ်ယောက်ပြိုင်တူလည်း အသံလာရာသို့ လှမ်းကြည့်လိုက်ကြသည်။

မဲမဲ မဲမဲနှင့် လူနှစ်ယောက်သည် သူတို့ရှိရာသို့ ဦးတည်၍ လျှောက်လာနေကြသည်။ သူတို့မှာလည်း ဒါးတယောက်တလက်

နှင့်ဖြစ်သည်။ တယောက်၏လက်ထဲ၌မူ တုတ်မီးတခု ပါလာ၏။ ခုတ်ခဲ့ရှားပါး၍လော မပြောတတ်။ တုတ်မီးပါပါလျက်နှင့် သူတို့သည် တဆက်ထဲ ဖွင့်၍မလာကြ။ ခဏသာဖွင့်၍ လမ်းကို ကြည့်ကြသည်။ ပြီးတော့ ဆက်လျှောက်လာကြသည်။

'ဘယ်သူတွေတုန်း၊ အနားမကပ်နဲ့နော် စလွယ်သိုင်း ပိုင်း လိုက်မယ်'

'ဟာ ဒို့ပါဟ၊ သာရအသံနဲ့တူမှတ်တယ်၊ သာရလား'

နှစ်ယောက်တွဲတွေ့ပြီဆိုတော့လည်း သာရချည့်ထင်ကြသည်။ သည်ရွာမှာ သာရတယောက်ဖဲ့ သည်အလုပ်မျိုးကို လုပ်တတ် လေခရာ့သလား မသိ။

'မဟုတ်ဖူး၊ ကျုပ် ရွှေထွန်းမောင်'

နာမည်ပြောလိုက်တော့မှပင် စောစောက ရပ်ခိုင်း၍ ရပ်နေရသော သူတို့သည် အနားသို့ တိုးလာရန် ခြေလှမ်းပြင်ကြသည်။

'ဟ ရွှေထွန်းမောင်၊ မင်း အချိန်မတော်ကြီးမှာ၊ ဟို တယောက်ကကော ဘယ်သူလဲ'

ပြောပြောဆိုဆို အနားသို့ ရောက်၍ လာကြသည်။

'အော မိကြည်သဲပါကော၊ အေး ကောင်းကွာ၊ကောင်း၊ မင်းတို့တော့ ဒုက္ခရောက်ကုန်ကြတော့မှာပါဘဲကွာ'

ဘကြီးစံပင်သည် ကြည်သဲ၏ မျက်နှာကို တုတ်မီးနှင့် ထိုး ကြည့်ရင်း မှတ်ချက်ချလိုက်သည်။

'ကဲ ကဲ ရွှေထွန်းမောင်၊ မင်းသဲ အိမ်ပြန်ကွာ၊နော်၊ကြည် သဲတော့ ဒို့လိုက်ပို့လိုက်မယ်၊ မိုက်လိုက်ကြပါပေ့ကွယ်'

ချစ်များကလည်း ဝင်ရောက်မှတ်ချက်ချပြန်သည်။

'ဘကြီးစံရွှေ ဦးလေးချစ်များရော ကျုပ် အသနားခံပါတယ်ဗျာ၊ ကျုပ်တို့ချင်း မေတ္တာမျှနေကြတာပါ၊ ကျုပ်တို့ခဲရာခဲဆစ် ခိုးတွေ့ကြရတာပါဗျာ၊ ခဏကလေးတော့ တွေ့ပါရစေ အုံးဗျာ၊ ပြီးတော့ အိမ်ပြန်ကြမှာပါ၊ သည်လိုတွေ့တယ်ဆိုတာ ကိုလဲ ဘယ်သူ့မှ မတိုင်ကြပါနဲ့နော်၊ ကျုပ်တို့ ထိုင်ရှိခိုးဆို ခိုးပါမယ်ဗျာ၊ တကယ့်ကို ရှိခိုးပါမယ်ဗျာ'

ပြောပြောဆိုဆို ရွှေထွန်းမောင်သည် ထိုင်ချ၍ ရှိခိုးမည့်ဟန် ပြင်သည်။

မှန်သည်။ ရွှေထွန်းမောင်၏မိဘသည် အနောက်ခြမ်းထဲမှာ နေပေမည့် အရှေ့ခြမ်းနှင့် အယူအဆချင်း တူညီသည်။ ကျောင်းလုသည့်ပြဿနာနှင့် ပတ်သက်၍ အရှေ့ခြမ်း၏ သဘောထားကို နှစ်သက်သည်ဟု ဆိုတော့၊ အနောက်ခြမ်းက သူတို့ တအိမ်ကို မျက်မုန်းကျိုးကြသည်။

ကြည်သဲ၏ မိဘတို့ကတော့အနောက်ခြမ်းမှအနောက်ခြမ်း၊ အနောက်ခြမ်း၏အယူအဆကို ခေါင်းဆောင်ကြသည့် အထဲတွင် ကြည်သဲ၏မိဘတို့က အယူအသန်ဆုံး။ ပြီးတော့ ရွှေထွန်းမောင်တို့က ချောင်လည်သည်။ ကြည်သဲတို့က ကြပ်တည်းသည်။ သည်တွင် မတူဘူး မတန်ဘူးကလည်း ရှိကြလိမ့်ဦးမည်။ အမုန်းခံတွင် အမျက်မာန်ဖွဲ့ကြလိမ့်ဦးမည်။

'ကဲပါ ရွှေထွန်းမောင်ရာ၊ မင်းတို့ဒုက္ခရောက်မှာစိုးလို့ ဒို့က ပြောတာပါဟ'

'ဟုတ်ပါတယ် ဦးလေးချစ်မျှားရဲ့၊ ဦးလေးချစ်မျှားတို့စေတနာကိုလဲ ကျုပ်တို့သဘောပေါက်ပါတယ်၊ ကျုပ်တို့ မလိမ်ပါဘူးဗျာ၊ အိမ်ပြန်ကြမှာပါ၊ သည်မှာ ခဏချိန်းတွေ့ကြမလို့ထင်ပါ၊ ခဏလေးပါ ဦးလေးချစ်မျှားရာ'

ရွှေထွန်းမောင်ကလည်း လူနာ ငရုံ့ခြောက်ဖုတ် တောင်းသကဲ့တို့ တွင်တွင်သာ ပူဆာနေတော့သည်။

'ပြောစရာရှိမှဖြင့် နေ့လည်နေ့ခင်းပြောပါလားဟကောင်ရ၊ ကိုယ် တရွာထဲ နေတာဘဲဟာ၊ ရွာထဲမှာ မလွတ်လပ်ဖူး ဆိုရင် တောင် လယ်ထဲယာထဲမှာ တွေ့ပါလေ့ကွာ'

ချစ်မျှားကလည်း တာဝန်အရ အလျှော့မပေးနိုင်။ ကိုယ်ကသူတို့ကို သနားငဲ့ညှာစိတ်ဖြင့် လိုက်လျောလိုက်မည် ဆိုပါက ကိုယ်ပါရော၍ တရားခံဖြစ်နိုင်သည်။ ရွာမှာ ဥက္ကဋ္ဌ တယောက် လုပ်နေပါလျက် အလိုတူ အလိုပါ ဖြစ်ဦးမည်။ ဆုံးမသင့်ပါလျက် မဆုံးမကောင့်းလောဟု ပြောလာကြဦးမည်။ သည်တော့ မတတ်နိုင်။ မငဲ့ညှာနိုင်။

'ကဲ လာဟေ့ မိကြည်သဲ၊ ပြန်မယ်'

ဘကြီးစံပင်က ကြည်သဲ၏ လက်ကိုပါ ဆွဲ၍ ခေါ်လိုက်သည်။

'မင်းတို့ကို တိုင်တော့ ငါမတိုင်ချင်ပါဘူး၊ မင်းတို့ကိုယ်တိုင်ကလဲ ဘာမှ မဖြစ်သလို နေကြပေါ့ကွာ၊ ဟုတ်ဖူးလား'

'တကယ်က ဘာမှလဲ မဖြစ်ပါဘူးဗျာ'

'ဟုတ်ပါပြီ၊ မင်းလဲ ယုံပါတယ်ဟ ရွှေထွန်းမောင်ရ'

'ဘယ်သူ့ကိုမှလဲ မဟလိုက်ပါနဲ့နော် ဦးလေးချစ်မျှား'

'စိတ်ချ စိတ်ချ'

ရွာထဲသို့ လေးယောက် အတူပြန်ဝင်လာကြသည်။ ကြည်သဲ့ကမူ ခေါင်းကို မဖော်တော့။ စကားလည်း တခွန်းမျှ မပြောတော့။ ဆွဲလာသည့်နွားကဲ့သို့သာ နောက်နားမှလိုက်လာသည်။

'နေပါအုံး၊ ဘကြီးစံတို့ကကော အချိန်မတော်ကြီး ဘယ်ကပြန်လာကြတာတုန်း'

ရွှေထွန်းမောင်က ပြန်၍ မေးလိုက်သည်။

'ကြက်သွန်ပျိုးတွေ ပျောက်ပျောက်နေတယ်ကွ၊ အဲဒါတရားခံ လိုက်ဖမ်းမလားလို့ ထွက်လာခဲ့ကြတာ၊ ခုလဲ ငဘိုတို့ ဂျပန်တို့တော့ စောင့်ချောင်းနေကြလေရဲ့'

'နွားထင်ပါ့ဗျာ၊ ဥစ္စာပျောက် ငရဲရောက်ဆိုတာမျိုးတွေလဲ ဖြစ်နေပါအုံးမယ်'

'မင်း အဲဒါ ခက်တာပေါ့၊ မင်းပြောလိုက်မှဖြင့် အလွယ်တကူချည့်ဘဲ၊ အေးအေးနေချည်စမ်းပါ ရွှေထွန်းမောင်ရာ၊ ဒို့အလုပ် ဒို့လုပ်စမ်းပါရစေ'

'ဆန်ခိုးမမိ ဖွဲခိုးမိ ဆိုတာသာ ကြားဘူးပါ့၊ ဘယ့်နှယ်ခုတော့ ပျိုးခိုးမမိ လူခိုးမိနေတယ် မသိပါဘူး'

သည်တော့လည်း သူတို့ပြုံင်တူ ရယ်မောမိကြသည်။

ခွေးတို့ကလည်း ပြိုင်တူ လှမ်း၍ ဟောင်ကြသည်။

## ( ၁၀ )

ငွေဆယ်သည် ပျို၍ပျို၍ တက်လာသည်တို့ကို မောင်းလက်တံ မြောက်တိုင်းမြောက်တိုင်းမှာ ဆုံထဲသို့ ပြန်သပ်၍ ချနေသည်။ စင်စစ် မောင်းလက်တံ အမြောက်အကျတို့သည် မြန်ဘိသည်။ တဖက်မှ စည်းချက်မှန်မှန်နှင့် ထောင်းပေးနေသည့် ငွေဆယ့် ယောကျ်ား ကိုဖေကြီး၏ဗလကိုလည်းကြည့်ဦးလေ။ ကျားကိုးစီး စား၍မကုန်နိုင်။

'ရှင်ငွေပြောတယ်၊ ဒို့ဘာချက်သတုန်းလို့'

'ကိုရင်ဖေကလဲတော်၊ ဆာလှပလားလို့ တကတဲ'

'နင့် ဘာချက်သတုန်းလို့ မေးတာဘဲဟာ၊ဘသူကဆာတယ်ပြောလို့လဲ'

'စွန်တာနီ ပြုတ်ထားလေရဲ့၊စားခါနီးမှ ဆီသပ်မလားလို့'

'နင့်ဟာကလဲ တနေ့လာ စွန်တာနီ၊တနေ့လာ ပဲတောပတ်၊ တနေ့လာ ကုလားပဲ၊ ပဲကကို မတက်တော့ပါလားဟ'

'ပဲ မစားလို့ တော်က ဘာစားချင်သေးတာတုန်း၊ ဝက်သား ကြက်သား ကျုပ်က ဝယ်ချက်ကျွေးရအုံးမှာလား'

'သည်လိုတော့လဲ ဘယ်ဟုတ်မလဲဟာ၊ ဟင်းရွက် ဟင်းသီးလေးလဲ တလှဲတလေ ကြည့်လုပ်အုံးမှပေါ့၊ ကြက်မတကောင်ကလဲ ဥပြန်ပြီမဟုတ်လားလို့'

'အော....တော်က ကြက်ဥကို မျက်စပစ်နေတာကိုး၊ စားရမယ် အားကြီး၊စောင့်နေ'

သည်တော့လည်း ကိုဖေကြီး ရယ်သည်။

ကိုဖေကြီးသည် တဖက်က ထောက်စိမ့်သောငှာ ရည်ရွယ်၍၊ အိမ်၌ ကြက်မခုနစ်ကောင်နှင့် ကြက်ဖတကောင် ဝယ်ထားသည်။ ကြက်မသုံးကောင်သည် ယခု သားပေါက်ကုန်ကြ၍၊ သူ့အုပ်နှင့်သူ ဖြစ်ကြပြီ။ ကြက်မတကောင်ကလည်း ဝပ်နေပြီ။ ကျန်သုံးကောင်ကမူ မဥသေး။သည်ကနေ့မှ တကောင်က စဥသည်။

ဤသည်ကို ရည်ရွယ်၍ စကားစလိုက်ခြင်း ဖြစ်သည်။

ကိုဖေကြီးသိ၏။ ငွေဆယ်သည် သနားသည်ဟုဆိုကာ ကြက်ဥတလုံးကိုမှ မစားခဲ့။ မရောင်းခဲ့။ ဥကျင်းများကိုသာ တကျင်း

ပြီးတကျင်း လုပ်ပေးသည်။ ယခုလည်း ကိုဖေကြီးသည် စားချင်၍မဟုတ်။ စားရလိမ့်မည်မဟုတ်ကြောင်းကိုလည်း ကြို၍သိထားသည်။ သို့သော် ငွေဆယ့်ကို စလို၍စမ်းကြည့်ခြင်း ဖြစ်သည်။

သည်ကနေ့ ငွေဆယ်သည် သူ့ကို ညာ၍ ခိုင်းနေသည်။ ဖက်ပျော့ခိုင် ချိုင်စရာရှိသည်ကိုလည်း ငွေဆယ်အသိ၊ ရှိသည့်စဉ့်အိုးနှစ်အိုးနှင့်ပင် လောက်မည်မထင်၍၊ စဉ့်အိုးနှစ်လုံးနောက်ထပ်ဝယ်ထားသည်ကိုလည်း ငွေဆယ်အမြင်။သည် နောက်ဝယ်သည့်စဉ့်အိုးတို့ကို မြေကြီးထဲ တူး၍ မြှုပ်ရလိမ့်ဦးမည်။ရာဝင်အိုးမြှုပ်ဖို့ မြေတူးရန်သည် နည်းသည့်အလုပ် မဟုတ်။ မြေပေါ်မှာပေါ်သည်ဆိုရုံ ဖော်၍မြှုပ်ရမည်။ အနက်ကြီး တူးရမည်။ ငွေဆယ် သိပါသည့်လေ။

သို့စဉ်လျက် သက်သက်မဲ့ အချိန်ဆွဲထားသည်။ သူ့လင်ကိုဖေကြီးကို သူ့အနားမှ မခွာစေလိုဟန်ဖြင့် ချော့၍ဆွဲထားသည်။ ကိုဖေကြီးကလည်း နေလိုက်သည်။

အမှန်တော့ ငွေဆယ်နှင့် ကိုဖေကြီးတို့သည် ညားခါစလည်း မဟုတ်တော့။ ငယ်ရွယ်သူများလည်း မဟုတ်ကြတော့။ သူတို့ပေါင်းခဲ့ကြသည်မှာလည်း ဆယ်နှစ်ဆယ့်ငါးနှစ်ရှိခဲ့ပြီ။

သို့သော် သူတို့မှာ သားထောက်သမီးခံ တယောက်မျှမထွန်းကားခဲ့။ ထို့ကြောင့်လည်း သူတို့လင်မယားသည် အိမ်ထောင်ပြုပြီဆိုကတည်းက တက်ညီလက်ညီ လုပ်နိုင်ခဲ့ကြသည်။ ငွေဆယ်သည် နာမည်နှင့် လိုက်လျောစွာ ငွေအရှာ ကောင်းခဲ့သည်။ နောက်ဆုံး ဘယ်ကမှ ရစရာမရှိလျှင် ကလေးများနှင့် ရော၍ကောက်သင်းမင် လိုက်ကောက်လိုက်သေးသည်။

## (၁၅၀) မောင်သာရ၏ စီးပလေစေ မောင်မသုတ်နဲ့

ကိုဖေကြီးသည် လက်ရင်းလက်ငုတ် မြေကလေးခြောက်ကေ ခန့်ကို ဘယ်တော့မှ အအားမထား။ သည်ခေတ်မှာမှ မဟုတ်။ ခေတ်အဆက်ဆက် ကတည်းကပင် နှစ်သီးတော့ စိုက်ခဲ့သည်။ ယုတ်စွအဆုံး ဘာကိုမှ မစိုက်နိုင်တော့ဘူးဆိုလျှင်ပင် နွားစား ပြောင်းကိုတော့ ကြဲဖြစ်အောင် ကြဲပစ်လိုက်သေးသည်။ လူစာ မရနိုင်လျှင် နွားစာတော့ ရရမည်ဟု သူဆိုသည်။

ဖူးပြောင်းများစိုက်ဖြစ်သည့်နှစ်ဆိုလျှင်လည်း ပြောင်းကြား မြေကိုပင် အလဟဿမဖြစ်စေခဲ့။ ပဲတမျိုးမျိုးကိုတော့ လိုက်စိုက် ပစ်တတ်သည်။ မအောင်ခါမှ မအောင်၊ အရှုံးတော့မရှိ။

သို့သော် ဟိုအရင်ခေတ်တို့မှာတော့ ကိုဖေကြီး ပဲကို စိုက်ခဲ့ သည်။ ဝါဆိုသည်တို့၊ မြေပဲဆိုသည်တို့၊ နှမ်းဆိုသည်တို့၊ ပဲဆိုသည် တို့ကို ကိုဖေကြီးစိတ်ကူးထဲပင် မထည့်ခဲ့။ ကိုဖေကြီးသည် ဝမ်းစာ အတွက် မဲလိပ်စပါးကို စိုက်သည်။ ရောင်းဘို့အတွက် ရွှေဘို ခွ နိုကို စိုက်သည်။ စပါးချည်း နှစ်သီး စိုက်ခဲ့သည်။

ယခုတော့ ကိုဖေကြီးသည်လည်း လည်လေပြီ။ ရွာသူရွာသား တို့ထံမှ အတွေ့အကြုံကို ယူ၍၊ သူများသွားရာကို လိုက်သွားတတ် လေပြီ။

ယခုတော့ ကိုဖေကြီးသည် စပါးကို တသီးဘဲ စိုက်တော့ပြီ။ ကျန်တသီးအတွက်မူ သူရွေးတော့ပြီ။

ကိုဖေကြီးမှာက ငှက်ပျောခြံ တခြံလည်း ရှိသေးသည်။ ငှက်ပျောခြံကလည်း ဖြိုးဖြိုးဖျောက်ဖျောက်နှင့် ဆယ်နှစ်ရာသီ ဝင်ငွေရတတ်သည်။

ထို့ကြောင့်လည်း နတက်ရွာတွင် ရေဒီယို ခြောက်လုံးမျှ
သည့်အနက် တလုံးကို ကိုဖေကြီးပိုင်သည်။ ကိုဖေကြီး၏အိမ်
ည် သက်ငယ်မိုးပေမည့် ပျဉ်ထောင် ပျဉ်ခင်းနှင့် ဖြစ်သည်။
ိမ်အောက်မှာ ပျဉ်ရာဇမတ်ကွက် ရိုက်ထားသည့် သုံးပင်ခန်း
ခန်းလည်း ရှိသည်။ ထိုအခန်းထဲတွင် ပိုးသတ်ဆေးဖျန်းကရိ
ကလည်းရှိသည်။ လက်တွန်း ပေါင်းသင် စက်ကလေးလည်း
သည်။ ရိုင်လိပ်ပိုများ၊ ထယ်သွားများ၊ ငန်းပြား၊ ပေါက်ပြား၊
ည်းယာဉ်အိမ် စသည်ဖြင့် သောင်းပြောင်းထွေလာ သိမ်း၍
ည့်ထားသည်။
အိမ်၏အနောက်ဖက် တမာပင်ပုကလေး၏အောက်မှာတော့
ကျောက်ဆုံနှင့် မောင်းဆင်၍ထားသည်။
ငွေသယ်သည် အားလျှင် ဆန်ဖွပ်သည်။ အခြားအလုပ်မရှိ
င် ဆန်အငှား ဖွပ်သည်။
သည်လင်မယားသည် သူတို့၏ နွားပြာတရှဉ်းကဲ့သို့ ဘက်ညီ
ည်။ အဟိုင်နှင့်အလှည့် တွဲလည်း တွဲမိသည်။ လင်ကလည်း
လုပ်ကို ရှာလုပ်သည်။ မယားကလည်း အလုပ်ကို ရှာလုပ်
ည်။
နောက်ဆုံး ဘာတခုမှ လုပ်စရာမရှိလျှင် ရက်ဆက်တက်၍
းခွေသည်။ ရလာသည့်ထင်းတို့ကို ကမ်းတဖက်မှာ ယာယီပုံ
းသည်။ပြီးတော့ မြစ်ငယ်သို့တက်၍ မြို့ထဲ လှည့်ရောင်းသည်။
သို့တိုင် ကိုဖေကြီးသည်လည်း အခြားအခြားသော နတက်
းတို့ကဲ့သို့ပင် စွပ်ကျယ်အင်္ကျီ ဝယ်၍မဝတ်နိုင်။ ခွဲတမ်း
ည့်စွပ်ကျယ်တို့ကလည်း ကိုဖေကြီး၏ကြီးမားသော ကိုယ်

ခန္ဓာနှင့်မဆံ့။ သည်တော့ များသောအားဖြင့် နေ့ခါဆိုလျှင် တုံးလုံး။ ဆောင်းဆိုလျှင် စစ်သက္ကလပ် အင်္ကျီစုပ်ကြီးကို တဆောင်းလုံး မချွတ်တမ်း ဝတ်တတ်သည်။ သန်းကြီးမတွင်း ဖြစ်၍ ဝတ်မရနိုင်တော့သည်အထိ ယားလာမှ နေပူလှန်း၍ သန်းအတုတ်ခိုင်းရသည်။

သို့တိုင် ကိုဖေကြီးသည်လည်း အခြားအခြားသော နတက်သားတို့ကဲ့သို့ပင် ပိုလှလျှံလှသည်မရှိ။ ကိုယ်ပိုင်လယ်လုပ်လည်း ဖြစ်ပါလျက်၊ ငှက်ပျောခြံလည်းရှိပါလျက်၊ ကိုယ်ပိုင်နွားတရှဉ်း လည်း ရှိပါလျက်၊ လင်စုံမယားစုံလည်း မနားတမ်း လုပ်ပါလျက်၊ စားအိုးလည်း ကျဉ်းပါလျက်၊ ဘယ့်အတွက်ကြောင့် ကိုဖေကြီး အစားကောင်း မစားနိုင်ရလေသနည်း။

ရသည်ကိုသာ အများက သိကြသည်။ ကုန်သည်ကို ဘယ်သူမျှ မသိကြ။

ကိုဖေကြီး လည်တတ်သည်ကိုလည်း ရှီးရှီးလည်သည်ဟုပင် အများက ထင်ကြသည်။

ရံဖန်ရံခါ ကိုဖေကြီးသည် ရွာမှ နှစ်ရက်သုံးရက်မျှအထိ ပျောက်၍ပျောက်၍ သွားတတ်သည်။ ရံဖန်ရံခါ ကိုဖေကြီးသည် မြို့က အမဲပစ်လာသူတို့နှင့် လိုက်၍သွားဦးမည်ဟုဆိုကာ ရွာမှ ထွက်၍သွားတတ်သည်။ ရံဖန်ရံခါ ထုံးဘိုဘက်ကျောက်ခွဲလိုက်ဦးမည်ဟုဆိုကာ ရွာမှပျောက်၍သွားတတ်သည်။

အမှန်မှာတော့ ကိုဖေကြီးသည် ရွာကို အသိမပေးဘဲ၊ ကစားပွဲရှိရာသို့ လိုက်နေခြင်းသာ ဖြစ်ဘိသည်။ ကိုဖေကြီးသည်

ကြွေပစ်သည်။ ကြွေပွဲဟော့ဆိုလျှင် ကိုဖေကြီးသည် ရွာကိုလည်း မေ့ချင်သည်။ ငွေဆယ်ကိုပင်လျှင်လည်း မေ့ချင်သည်။

သည်သို့ တဖက်က ကုန်သည်ကို လူမသိ။

တခုတော့ ရှိသည်။ ကိုဖေကြီးသည် ကြွေပွဲတကာကို လှည့်ပမည့်၊ ကြွေပွဲမှာတော့ ဘယ်ခါမျှ သူ့ဇာတိကို ထုတ်မပြော။ ဗူနတက်ကဖြစ်သည်ဆိုသည်ကိုရ ဖန်ရ ခါမူးသည့်တိုင်ကိုဖေကြီး တ်လုံသည်။

'ငွေသီးတဲ့ဖေကြီးကွနော်'ဟူ၍သာ သူဟစ်၍ ပစ်လေသည်။ လူများတကာနှယ် ကိုယ့်ရွာ၏အမည်ကို ကိုယ်ထုတ်ဖေါ်၍ ပစ်။ သူ့နှယ် ကြွေသမားဖြစ်သည့် ကိုထွန်းခကမူ သူသွား ခါသည်ကို အကြောင်းပြု၍ ကြွေပစ်သည့်အခါတိုင်း 'ကျောက် ရှာက ပေါက်ခေါတဲ့ဟော့၊ ဘာတဲ့တုန်း' ဟု သူ့ဇာတိကို ၅ ကတပ်၍ ဟစ်တတ်သည်။ 'ကြွက်နဖါးက ငှက်ကုလားကွ' ဟစ်၍ ပစ်တတ်သည့် ကိုလုံဘားတယောက်လည်း ရှိသေး ည်။

ပသို့ဆိုစေ၊ ငွေကုန်မှ ကိုဖေကြီး ရွာသို့ပြန်လာသည်။

ရွာသို့ပြန်ရောက်တော့ သူနောင်တရသည်။ နောင် ဘယ် ာ့မှ မကစားတော့ပါဘူးဟူ၍လည်း ငွေဆယ့်ကို ဝန်ချ ာင်းပန်သည်။ ထို့နောက် ကျုံး၍လုပ်ပြန်သည်။

သို့သော် လက်ထဲမှာ ငွေယားကလေးရှိလာပြီဆိုလျှင်တော့ ဖေကြီးထွက်ပြန်သည်။

ယခုလည်း ကိုဖေကြီးသည် ထွက်ချင်လှုပြန်လေပြီ။

**(တတိယအကြိမ်)**

ဤသည်ကို ဆယ်နှစ်ဆယ်ငါးနှစ် ပေါင်းလာခဲ့သည့်မိန်းမက ရိပ်မိသည်။ ထို့ကြောင့် ငှက်ပျောခိုင် ချိုင်မည်ဟု အကြောင်းပြသည်ကို ငွေဆယ်က တယ်မယုံကြည်ချင်။ ထို့ကြောင့်လည်း ကိုဖေကြီးကို ရွာပြင်သို့ တယောက်ထဲ မလွှတ်လိုက်ချင်။ မျက်ရိပ်အောက်က အပျောက်မခံချင်။ ထို့ကြောင့်လည်း တဆုံနှစ်ဆုံတော့ ကူထောင်ပေးခဲ့ဘို့ ငွေဆယ်က ချော့၍ဆွဲထားသည်။

ငွေဆယ် ပရိယာယ် သုံးနေသည်ဆိုသည်ကိုလည်း ကိုဖေကြီးရိပ်မိသည်။ သည်တွင် ကိုဖေကြီးက စျေးကိုင်သည်။ သူ့ကို ကြက်ဥများ ကျွေးမည်လော ဟူ၍၊ သွေးတိုးစမ်းကြည့်သည်။

သို့သော် လယ်သမားယာသမားသည် စွန်တာနီ ထောပတ်ပဲ၊ ကုလားပဲ၊ ပဲလွန်းစသည်ဖြင့် ပဲထဲက ဘယ်လိုမျှ ထွက်ပြေး၍မရ။

PDF Creator - nyeyadhamma@gmail.com

# (၁၁)

“နေရာတကာအစိုးရကိုချည့်အားကိုးချင်လို့တော့ ဘယ်ကောင်းမလဲကွ၊ကိုယ့်အားကိုယ်ကိုးကိုယ့်လူမျိုးကိုယ်ထားဆိုတဲ့စကားလဲအရှိသားဟာကွာ၊တခါ ငါယူလာပြီးပြတဲ့ ဟိုဘုတ်အုပ်ကလေးထဲမှာလဲ ပါတယ်မဟုတ်လား၊ပြီးတော့ မင်းအိမ်မှာ လေဒီယိုနဲ့၊လေဒီယိုကလဲ ခဏ ခဏ ပြောနေတာ မင်းအကြား၊ သည်အထဲက ခုစိုက်တော့မယ်ဆိုမှ မျိုးလိုချင်တယ်ဆိုတော့ မခက်ဖူးလားကွ၊ မင့်ဥစ္စာက ချေးယိုခါနီးမှ ချေးခံတွင်းပေါက်ရှာဆိုတာလို၊ငါလဲ ဘယ်တတ်နိုင်ပါ့မတုန်း”

‘သည်မယ်ဟော့ကောင်၊ သိပ်တော့ကြီးကျယ်မနေနဲ့၊မင်းက လူကြီးလုပ်နေလို့မို့ ငါလာပြောနေတာကွ၊ မင်းနဲ့ ငါတရွာထဲသားချင်း၊လုပ်ပေးမလား လုပ်မပေးဘူးလား၊ ဒါဘဲပြော’

‘ကြပ်ပါကော ချယ်ရာ၊ မင်းသိထားဘို့က ငါကကော ဘာကောင်မို့တုန်း၊ မင်းတို့လိုချင်တဲ့အချိန့်မှာ လိုချင်တာကို ရအောင်လုပ်ပေးနိုင်ရအောင်ကငါကဘာမို့တုန်းလို့၊ ပြီးတော့ မြို့တက်ပြီး ပြောရဆိုရတာလွယ်မှတ်လို့ကွာ၊ တခါတခါကိုယ်က အဝေးကြီးကလာခဲ့တာ ဟိုရောက်တော့မှ မတွေ့ရရင်မောရော၊ ပြီးတော့ ပြောတိုင်းကောင်းတာမဟုတ်ဖူးကွ၊ ဆိုင်းဘုတ်ကသာ ကူညီပါရစေ လို့ ရေးထားတာ၊ လူကဆိုင်းဘုတ် မဟုတ်ဖူး၊ ဟာ ဒါတွေပြောနေရင် ရှည်တယ်၊မင်းက ဝါးလုံးခေါင်းထဲ အောင်းနေတဲ့အကောင်၊ပြောလဲနားလည်မဲ့အကောင်မဟုတ်ဖူး၊

‘ဟာအလကားတောင်းတာမှ မဟုတ်ဖဲဘဲ၊ သူ့တန်ရာတန့်ဘိုး ပေးဝယ်မှာဘဲဥစ္စာ၊ ဘာခက်ခဲစရာရှိသလဲ’

‘အေးမခက်ခဲဘူး၊ မခက်ခဲ့ဘူး၊ ဟုတ်စ၊ မခက်ခဲ့ရင်လဲဘာ ပြောနေစရာလိုသေးသလဲကွဲ၊ တကယ်ဘဲ၊ ချယ်ဆိုတဲ့ကောင် အတော်အပြောလွယ်တဲ့အကောင်’

‘သည်မယ်ဂျပန်၊ ငါတို့ကို မရောင်းခင်တုန်းက ဘာပြောသလဲ၊ အစိုးရဒိုင်ကိုဘဲရောင်းပါတဲ့၊ သည်လိုပြောခဲ့တယ်မဟုတ်လား၊ ငါတို့ကလဲ သစ္စာရှိရှိနဲ့ အစိုးရကိုဘဲ ရောင်းခဲ့တယ်မဟုတ်လား၊ ခုစိုက်ဖို့မျိုးလိုတယ်၊ မျိုးမရှိဘူး၊ အစိုးရကိုဘဲ ပြောရမှာပေါ့ကွ၊ ဘယ်သူ့သွားအဖေခေါ်ရအုံးမှာတုန်း’

'အဲဒါခက်တာပေါ့၊ မင်းတို့ကို အစကထဲက ငါပြောတယ်၊ ပြောတုန်းတတော့ နားမထောင်ဘူး၊ ကိုယ်လုပ်ချင်ရာ လုပ်ပစ်တယ်၊ ကိုယ်လိုတဲ့အချိန်မှာ ဝယ်မရရင် အချိန်နောက်ကျမယ်၊ အနားကပ်ပြီးတော့မှဝယ်ရင် ဈေးကြီးပေးရမယ်၊ ရှာရတဲ့ဒုက္ခကလဲ ရှိသေးတယ်၊ ငါ့ခုလို တဖွဖွပြောခဲ့တယ် မဟုတ်လား၊ ဒါတော့ မင်းတို့က ခေါင်းထဲမထည့်ဘူး'

'ခက်တာက ငါမဟုတ်ဖူး ဂျပန်၊ မင်း မင်း၊မင်းက မြို့ကို ခဏခဏတက်၊ တောင်လူနဲ့တွေ့၊ မြောက်လူနဲ့တွေ့၊ သူတို့ပြောတာတွေ နားထောင်၊ပြီးတော့ သူတို့လေသံအတိုင်းလိုက်ပြော၊ မင်းကိုယ်မင်းလဲ ပြန်ကြည့်စမ်းပါအုံးဂျပန်ရာ၊ မင်းလဲတောင်သူလယ်လုပ်ပါ၊မင်းပြောပြောနေတဲ့စကားက တောင်သူ့စကား လယ်သမားစကားမှ မဟုတ်တော့ဘဲ၊ မင်းသိဘို့ ကောင်းပါတယ်ကွာ'

'အိုဒါကတော့ မင်းကပ်ပြီးပြောတာဘဲကွ၊ ငါကတောင်သူလယ်လုပ်စကား မပြောလို့ ဘာစကား ပြောနေတာတုန်း၊ ပြီးတော့ကော ငါက သည့်ထက် ဘာပိုသိရအုံးမှာတုန်း'

'နတက်က နှစ်တိုင်း ရေမြုပ်တဲ့ရွာပါကွာ၊ မင်းပြောခဲ့ဘူးသလို၊ ဟို ဘုတ်အုပ်ထဲက ပြောသလို တနှံချင်း တတောင့်ချင်း တစေ့ချင်း ရွေးပြီး ထားဘို့ဆိုတာလဲ လက်တွေ့လွယ်သလားကွ၊ မင်းကိုယ် တိုင် ကော ရွေး ထား ခဲ့ လို့ လား၊ ပိုးလိုက်ကုန် တော့ကော ဘယ် သူက လာ ရော် မှာ တုန်း၊ အဲသည်ကျတော့ ဘယ်သူကကော ဝယ်အုံးမှာတုန်း၊လုပ်စား

ကိုင်စားရတာလဲ မင်းအသိပါကွာ၊ ဒို့ဆိုရင် ကြည့်စမ်း၊ဒို့အိမ်မှာ ဘယ်သူအနားနေရသလဲ၊ အလုပ်နဲ့လက် ပြတ်ရတယ်မှ မရှိတာဘဲ၊ သည်အထဲက တောင်ပြောမြောက်ပြောတော့မပြောနဲ့ကွာ၊မသိတဲ့လူကပြော၊ငါခံနိုင်ပါတယ်၊မင်းလိုကောင်ကတော့ မပြောနဲ့'

'အေးအဲဒါမင်းခက်နေတာ၊ မရှိလို့ မလှူ၊မလှူလို့ မရှိဆိုတာမျိုးလို ဖြစ်နေတော့မပေါ့ ချယ်ရ၊ မအားတာတော့ မအားတာဘဲပေါ့၊ ဒါပေသိ လုပ်ကြည့်ဘို့တော့ ကြိုးစားကြရမှာပေါ့ကွ၊ ငါလဲတတ်နိုင်သမျှတော့ လုပ်ရမှာပေါ့'

'ကဲကဲငါမေးမါအုံးမယ်၊မင်းမနှစ်က ဘာစိုက်ခဲ့လဲစွန်တာပြာမဟုတ်လား၊ ကဲသည်နှစ် တော့ကော မင်းဘာစိုက်သလဲ၊ စီမံကိန်းက ဆေးရွက်ဆိုလို့ ဆေးစိုက်တယ်မဟုတ်လား၊ သည်တော့မျိုးထားလို့ကော ဘာလုပ်မလဲ၊ အပိုဘဲပေါ့ကွ'

'မပိုပါဘူးမောင်ရာ၊ ငါလိုရမယ်ရထားတဲ့မျိုး၊ ဘကြီးအိမ်ကိုပေးလိုက်လို့၊ ဘကြီးအိမ်ကတောဇ် ငါ့ကိုတနေ့က ပြောသေးတယ်၊လက်ဖဝါးနှစ်ဖက်စလုံးလဲ့ထောင်ပြလိုက်သေးတယ်၊ အနည်းဆုံး ဆယ်တင်းနှုန်းတော့ ထွက်လိမ့်မယ် ထင်တယ်တဲ့၊ အဲဒါမျိုးကောင်းလို့ပေါ့ကွ'

'အို သူသူငယ်ပြန်လို့ ပြောတာဖြစ်မှာပေါ့ကွ၊ ဆယ်တင်းနှုန်းထွက်တယ်လို့ ဘယ်ကမ္ဘာက ကြားဘူးသလဲ၊ ငါ့ပြောစမ်းပါအုံး'

'ဒါကတော့ ကြည့်ပေါ့ကွာ၊ သူပြောတာ ငါက တဆင့် ပြန်ပြောရတာကို'

'အေးပါ၊ ကြည့်ပါ၊ ထွက်ရင် ငါ့လည်ပင်း လာဖြတ်လှဲ့ပါ တသက် မထွက်ဖူး မှတ်ပါ'

'မင်းလဲ ပဲဘဲစိုက်လိုက်ပါတော့လားကွ၊ မြေပဲက စျေးလဲ မရတော့ပါဘူးကွာ၊ မျိုးရဘို့ကလဲ မလွယ်လှပါဘူး၊ စျေးကလဲ မတန်တဆကြီးပေးမှကို ရမှာ'

'ဒါဖြင့် ငါ ဝါစိုက်မယ်ကွာ၊ ဘယ့်နှယ်လဲ၊ အဲဒါကော မင်း လုပ်ပေးမလား'

'ဒါလဲ လုပ်မယ်ဆို ပြောတော့ပြောကြည့်ရအုံးမှာဘဲ ချယ်ရ၊ ဝါကလဲ သိပ်တော့မဆိုးဘူးနော်၊ တန်ဆောင်မုန်း ရေမလျှံဘူးဆိုရင်တော့ မင်းပွမယ်၊ ကြည့်လဲလုပ်ပါကွာ၊ တော်နေကြာ တခုခုဖြစ်နေရင် ငါ့ပရောဂပါနေအုံးမယ်'

'ကဲ တော်ပြီဂျပန်၊ ငါ ဘာဆို ဘာမှကို မစိုက်တော့ဘူး၊ နှစ်ရှည် ငှက်ပျောခြံဘဲ လုပ်ပစ်လိုက်တော့မယ်'

'သေခြင်းဆိုး၊ အဲဒါမှ မြေအသိမ်းခံရမှာ၊ ဗဟိုကကို အဲဒါနဲ့ ပတ်သက်ပြီး ငှက်ပျောတိုးမစိုက်ရဘူးလို့ ဥပဒေ လုပ်ထားတာ၊ ငှက်ပျောရယ် ကြံရယ်ဗျ၊ အမယ်လေး ရာဇဝတ်အိုး သွားမထိုးပါနဲ့မောင်၊ ငါကလဲ အစီရင်ခံရမှာနဲ့'

'မင်း ပြောရော့မယ်၊ မိကျောင်းတက်က ဒေါ်မြစစ်ကျတော့ ဘယ့်နှယ်လုပ်မလဲ၊ သူ့အကွက် တကွက်လုံး ရာသီသီးနှံစိုက်ကနေ ငှက်ပျောခြံ ဖြစ်သွားတာမဟုတ်လား၊ ဘာကြာသေးလို့လဲ၊ မနှစ်ကမှ ပြောင်းပစ်တာ၊ အဲဒါကြည့်စမ်း၊သူများရွာက

## (၁၆၀) မောင်သာရရဲ့ စီးပလေစေ မောင်မသုတ်နဲ့

မြေယာကော်မီတီကတော့ အချင်းချင်း မသိချင်ယောင် ဆောင်နေတယ်၊ ဒို့ရွာကကောင် ကျတော့ သစ္စာရှိလိုက်တာမှဗျာ၊ အစီရင်ခံမယ်တဲ့'

'မင်းမသိရင်လဲ မပြောနဲ့ငချယ်၊ မင်းဘာနားလည်လဲ၊ ဟိုက မုဆိုးမ၊ လင်ကသေတော့ လုပ်မယ့်ကိုင်မယ့်လူ မရှိတော့ လို့ ဗဟိုကို လျှောက်တာဗျ၊ ဗဟိုက စိစစ်ပြီး ခွင့်ပြုလိုက်လို့ ခြံဖြစ်ရတာ၊ မင်း သိဖြင့်မသိဘဲနဲ့၊ စောက်ရမ်း တွန်းချည့်ပြောနေ'

'သည်လိုဆို ငါ မင်းတို့လို ဆေးဘဲလိုက်စိုက်မယ်ကွာ ဘယ့်နှယ့်လဲ'

'မင်းအတော်စိတ်ပျက်ဖို့ကောင်းတဲ့အကောင်ဘဲကွဟိုအစည်းအဝေးတုန်းက ခွဲတမ်းချတော့ အကြောက်အကန်ငြင်း၊ခုကျမှ စိုက်မယ်ပြော၊ ဘာလဲကွ'

'ဟေ့ဂျပန်၊ ဘာတွေ ငြင်းနေခုန်နေတာလဲဟ၊ မင်းတို့ နှစ်ယောက်ထဲကို ဆူလို့ညံလို့ပါလား၊ သည်လိုဆို ငါပါ ဝင်ပါလိုက်အုံးမှ ထင်တယ်'

'ဟာ ဘကြီးအိမ်တော့ အသက်ရှည်အုံးမယ်ဗျို၊ ခုဘဲ ဘကြီးအိမ့်အကြောင်း ပြောနေကြသေးတယ်၊ လာ လာ'

ဂျပန်သည် ဆင့်ကွပ်ပျစ်ပေါ်တွင် ထိုင်နေရာမှ အောက်သို့ဆင်း၍ရပ်လိုက်သည်။ သောက်လက်စ ရေနွေးကြမ်းကရားကိုလည်း ညောင်စောင်းနှစ်လုံးအကြားရှိ စပွဲခုံပေါ်သို့ ပြောင်း၍ တင်လိုက်သည်။

မြေကရားအိုးမဲမဲသည် ဂျပန့်လက်ထဲ၌ အတန်ငယ်ပေါ့နေပြီ။ အထဲမှာ ရေနွေးကြမ်းလက်ကျန် နည်းနေရော့မည်ထင့်။ ဂျပန်သည် အဖုံးကို ဖွင့်၍ကြည့်လိုက်သည်။

'ရှင်ထွေးရေ၊ ရေနွေးအိုးကလေး မီးဖိုပေါ် ထပ်တင်လိုက်ပါအုံးဟ၊ ဆူရင်လဲ ဖြည့်ပေးစမ်းပါအုံး၊ပြီးတော့ မြေပဲကလေးလဲ ဆီပူထိုးလိုက်ပါ၊ ဘကြီးအိမ်က သွားကောင်းပါတယ်'

ဂျပန်က မီးဖိုဆောင်ထဲမှာ ထမင်းစားနေသော သူ့မိန်းမကို လှမ်း၍ ပြောလိုက်သည်။

'အဲဒါက အရေးမကြီးပါဘူးဟ၊ မင့်ခွေး မင်းကြည့်စမ်းပါအုံး၊ မတော် ဆွဲနေမှဖြင့်ရင်'

'မကိုက်ပါဘူး ဘကြီးအိမ်ရဲ၊ လာသာ လာပါ၊ သူ့ကို ကြောက်ရွံ့ရွံ့သာ မလုပ်နဲ့'

ဘကြီးအိမ် အနားသို့ ရောက်လာသည်။

ငချယ်သည်လည်း ဂျပန် ပြောင်း၍ထိုင်သည့် ညောင်စောင်းရှည်တွင် လိုက်ပြောင်း၍ ထိုင်သည်။ ဘကြီးအိမ်ကမူ စပွဲ၏ တဖက်မှ မျက်နှာချင်းဆိုင် ညောင်စောင်းတွင် ဝင်ထိုင်သည်။

'ဘာတွေ ငြင်းနေခုန်နေကြတာလဲ မင်းတို့'

'ဟောသည် ငချယ်ပေါ့ ဘကြီးအိမ်၊ခုမှမြေပဲမျိုး လိုချင်လို့တဲ့၊ ကျုပ်က မျိုးကို ကိုယ်တိုင်ထားဘို့ပြောတာ မရဘူး၊ကပ်ဖိုးကပ်ဖဲ့ ပြောနေလို့ ငြင်းနေကြရတာ'

'ဟ....ဒါတော့လဲ ဟုတ်သားဘဲ ငချယ်ရ၊ မင်းတို့ လမ်းဟိုဘက်ကကောင်တွေ နေရာတကာ အငြင်းကို သန်တယ်'

## (၁၆၂) မောင်သာရရဲ့ စီးပလေစေ မောင်မသုတ်နဲ့

ဘကြီးအိမ်က အနောက်ခြမ်းကို လမ်း၏ဟိုဘက်မှဟု သုံးကာ ပုတ်ခတ်စကား ဆိုလိုက်သည်။ စင်စစ် ပုတ်ခတ်သည်ဆိုပေမည့် လည်း လေးလေးနက်နက်တော့ မဟုတ်လေ။ အဘယ့်ကြောင့် ဆိုသော် သိသာသည်။ ဘကြီးအိမ်၏မျက်နှာသည် ပြုံးရိပ်သန်း နေသည်။

ပြုံးလိုက်တော့ ဆေးရွက်ကြီးနှင့် ကွမ်း ဝါးလေ့ရှိသော ဘကြီးအိမ်၏ သွားညိုညိုမဲမဲတို့သည် မလှမပ ပေါ်၍လာကြ သည်။ ဘကြီးအိမ်၏ တွန့်လက်စ နဖူးရေပါးရေ တို့သည်လည်း လှိုင်းတွန့်များနှယ် ပို၍တွန့်ကာ လှုပ်ရှားလာကြသည်။

'မဟုတ်ဖူး ဘကြီးအိမ်ရ ကျုပ်ပြောတာက ကျုပ်တို့ထားတဲ့ မျိုး ဆိုတာက ဘယ်မှာ ကောင်းနိုင်သန့်နိုင်ပါ့မလဲ၊ တနှံချင်း တတောင့်ချင်းရွေးပြီး ထားရအောင်က ဘယ်မလဲ့အချိန်၊ရတယ် ဆိုရောင်းရတာ၊ ရွေးနေဘို့လဲ အချိန်မရှိဘူး၊ ရွေးလဲမရွေးအား ကြပါဘူး၊လက်တွေ့မှာ....ပြီးတော့ မျိုးထားဘို့ နေရာရယ်၊ထား ပုံထားနည်းရယ်ကလဲ ရှိသေးမဟုတ်လား၊ အဲဒါ ကျုပ်က ပြော နေတာ'

'အေး မင်းပြောတာလဲ မှန်တာဂဘဲ'

'ဟာ ဘကြီးအိမ်ကလဲ သည်ကောင်ပျင်းကို မြှောက်ပေး နေပြန်ပြီ'

'သည်လိုလေကွာ၊ တောင်သူဆိုတာကတော့ မျိုးရှိရမှာပေါ့ မျိုးမရှိ ဘာနဲ့သွားစိုက်မလဲ၊ ဟုတ်ဖူးလား၊ သည်တော့ မျိုးထား ရမယ်၊ ဝမ်းစာက ပထမ၊ မျိုးကဒုတိယ၊သည်နှစ်ခုကပိုမှရောင်း ရတာ၊ ငဒိုလဲ တသက်လုံး သည်လိုဘဲ ထားလာခဲ့တာဘဲ'

ဘကြီးအိမ်သည် ဂျပန် ငှဲထည့်ပေးထားသော အကြမ်းတပန်းကန်ကို ယူသောက်၍ နေပြန်သည်။ ပြီးမှ အာရှင်း၍ဆက်ပြောသည်။

'ဒါပေသိ ဂျပန်၊ မင်းပြောသလိုတော့လဲ ရွေးမထားနိုင်ဘူးကွ၊ မင်းပြောတဲ့ပုံစံက အစိုးရက ပြောတဲ့ပုံစံဘဲ၊မကောင်းလားဆိုတော့ ကောင်းတယ်၊ လုပ်နိုင်မယ်ဆိုရင် သိပ်ကောင်းမယ်၊ ဒါပေသိ တောင်သူဆိုတာက မင်းသိတဲ့ အတိုင်းဘဲ၊အလုပ်ကပြတ်ရတယ်မှ မရှိဘဲဘဲ၊နှစ်သီးလုပ်ဆိုတာ မလွယ်ပါဘူးကွာ သည်တော့မျိုးတော့ ထား၊ ရှာဘဲထား၊ ဒါ ငါကြားထဲက ပြောတာ၊ ဒါဖြစ်လဲ ဖြစ်နိုင်တာ ပြောတာ၊ မဟုတ်ဖူးလား'

ဂျပန်ကလည်း မဆက်တော့။ချေယ်ကလည်းငြိမ်တော့သည်။ ထွေးလှသည် သည်အခိုက်မှာ ရေနွေးလာဖြည့်သည်။

'မြေပဲဆံတော့ မရသေးဘူးနော်၊ခုမှ ဆီအိုး တင်တုန်းရယ်' ဟဲ့ နေပလေစေ၊ ငါ ခုဘဲ ထမင်းစားလာခဲ့တာဟဲ့ ငါ့ဘို ဆိုရင်တော့ လုပ်မနေနဲ့'

'ရပါတယ် ဘကြီးအိမ်ရဲ့၊ဖြေးဖြေးပေါ့၊အေးအေးဆေးဆေး ပြောနေကြအုံးပေါ့'

ဒါက အရေးမကြီးဘူးဂျပန်၊ ငါလာတာက မင့်ပြောမလို့၊ ဟိုကောင် ငမြို့ ဘာမှ စောက်မှန်းကန်းမှန်းမသိဘဲနဲ့ချိပြင်လိုက်တာလေ၊ ချိပြင်တာကတော့ ကြာပြီဆိုပါတော့၊ ငါကတော့ အဲသည်ဟာကြောင့် ဖြစ်တယ်ထင်တာဘဲ၊အခု ချိကကျိုးတော့မယ်၊ တဲတဲကလေးကျန်တော့တယ်၊ အဲသည် ကျိုးတဲ့နေရာမယ်

လဲ အသားထစ်တွေလို ဂေါ်ဖီပန်းပွင့်လိုဟာမျိုးတွေ ထွက်နေတယ်၊ ပုပ်စော်လဲ နံနေတယ်၊ အဲဒါ မင့်ဘကြီးရော သူတော်ရော ငါပြောပြတယ်၊ သူတို့လဲ တခါမှ မကြုံဘူးဘူးတဲ့၊ ဒါနဲ့ မင့်ဆီလျှောက်လာတာ’

ဘကြီးအိမ်သည် သူ့တယောက်ထဲသော မြေး ဖြစ်သည့် ငမြို့ကို အားကိုးသည်။ သာရတို့ နွားကိုင်ကျွမ်းသည်ကို ချီးမွမ်းပြောဆို၍ အတုယူစေသည်။

သည်တော့ ငမြို့ကလည်း သူ့နွားများကို လှသည်ထက်လှလာစိမ့်သောငှာ ချီပြင်၍ပေးသည်။ သို့သော် သာရက နားလည်သည်။ ငမြို့က မလေ့လာ၊ မလေ့လာလည်း မလေ့လာ၊ မညှာတာလည်း မညှာတာ၊ လှဘို့ ဘခုထဲကိုသာ ကြည့်၍ ဒါးနှင့် သင်၊ တံဇဉ်းနှင့်ပြင်၊သင်လွန်းပြင်လွန်း ပြန်တော့လည်း ဦးချိုခွ ပါးလာသည်။ သွေးစို့လာသည်။ ဤသည်ကို ငမြို့က ဆေးထည့်မပေးဘဲ ပေါ့ခဲ့တန်ရာသည်။

ယခုသော် အနာဖြစ်၊ ယင်ဥ၊ လောက်ကျနှင့် ချိုတို့သည် ကျိုးအံ့ဆဲဆဲ အခြေအနေသို့ ရောက်နေကြရပြီ။ သူကိုယ်တိုင်လည်း မတတ်နိုင်တော့။ ဘယ်သူမျှလည်း နားမလည်။ သည်ဝေဒနာမျိုးကို အတွေ့အကြုံလည်း မရှိကြ။

ကြာလျှင် ယခုထွက်နေသော အသားပိုတို့သည် ဦးခေါင်းအတွင်းသို့ ရောက်သွားကာ။ နွားသေမည်။ သည်တော့ ဘကြီးအိမ်သည်သူ့မြေးကို ဆိုဆဲကာ၊အကူအညီရလိုရငြား လျှောက်၍ တိုင်ပင်သည်။ ဂျပန့်ထံသို့လည်း ရောက်လာသည်။

'အဲဒါနဲ့ပတ်သက်လို့တော့ အကောင်းဆုံးနည်းလမ်းကို ညွှန်လိုက်မယ်၊ မြစ်ငယ်သွား၊ မြစ်ငယ်မှာ တိရစ္ဆာန်ဆေးကုဌာနဆိုတာရှိတယ်၊ သွားပြီးပြ၊ ဒါမှမဟုတ် သွားပြီး အကျိုးအကြောင်း ခုလိုပြောပြ၊ လိုအပ်တယ်ထင်ရင် သူတို့လိုက်လာကြည့်လိမ့်မယ်၊ အသယ်အပို့တော့ ကိုယ်က စီစဉ်ပေးရမှာပေါ့၊ ကဲ မလိုအပ်ဖူးဆိုရင်လဲ ဆေးပေးလိုက်လိမ့်မယ်။ အသေအချာမှတ်ပြီး လာခဲ့ပေါ့၊ ဒါအကောင်းဆုံးနည်းလမ်းဘဲ ဘကြီးအိမ်၊ ကျုပ်ကတော့ လမ်းညွှန်ရုံဘဲ တတ်နိုင်တယ်'

'ဒီရွာအထိ လိုက်ပါ့မလားဟ ဂျပန်ရ၊ လှည်းတတန် လှေတတန်နဲ့'

'ဒါသူတို့အလုပ်ပါ၊ ဒါ လုပ်ဖို့ကို အစိုးရက ခန့်ထားတာ၊ ကခုတော့ရှိသပေါ့၊နည်းနည်းပါးပါးတော့ ကြည့်လုပ်ရမှာပေါ့ လိုက်လာချင်အောင်က၊ ကိုယ်က နွားတကောင်လုံး ဆုံးရမှာ မဟုတ်လား။ နွားတကောင်ဆိုလဲ သည်ခေတ်မှာ နည်းတာ မဟုတ်ဖူး'

'မင်း မနက်ဖြင် အားပါ့မလားဘဲ'

'ကျုပ်ကတော့ ဘယ်လိုက်နိုင်လိမ့်မလဲ ဘကြီးအိမ်ရဲ့၊ဆေးက်က ခုနှစ်မှ စလုပ်ဖူးတာ မဟုတ်လား၊ ပြောင်းပြီးစိုက်ဖို့လုပ်န်းတွေကို တလှေကြီးကျန်သေးတယ်၊ ခုမှပျိုးဘောင်ထဲရှိသေး၊ က်ခင်းအတွက်ကလဲ ထွန်တစပ် လိုသေးတယ်၊ပြီးတော့ ဗြမ်းကုံးရိုက်ရအုံးမှာနဲ့၊ ကျင်းကလေးတွေ လုပ်ရအုံးမှာနဲ့၊ ဟာပ်ရတာက အကြောင်းမဟုတ်ဖူး၊ရင်ဖိုရတာနဲ့ကို မောနေတာ'

'အေး မင်းကလဲ ကိုယ်ခွဲမရှိ၊မြို့ကလဲ မင်းမလိုက်ရင် ဖြစ်မှာ မဟုတ်ဦး၊ မြို့ဆိုတဲ့ကောင်က ဘာမှ စောက်ဖြစ်ရှိတာမဟုတ်'

'ခိုင်းတော့ ခိုင်းနေလို့ ရတယ်မဟုတ်လား ဘကြီးအိမ်ရဲ့' ချယ်က ဝင်မေးသည်။

'နဖားကြိုးတောင်ဖြုတ်ထားရပြီ့ဟာ၊ ဘယ်ခိုင်းရမှာတုန်း'

'နေအုံး ဘကြီးအိမ်၊ သာရကော ပြောမပြဘူးလား၊ အဲ သည်ကောင်များ သိမလားဘဲ'

'အေ ငါလဲ တွေးမိတယ်၊ အဲသည် တဂျမ်းသားအငယ် ကောင်မဟုတ်လား- သည်ကောင်ကနွားကိုင်အတော်ကောင်းတဲ့ ကောင်'

'သည်လိုလုပ်၊ ချယ် မင်း သာရကို သွားခေါ်ချေကွာ၊ ငါက လွှတ်လိုက်တာလို့ပြော'

ချယ်သည် ရုတ်ခြည်းပင် ထပြေးသည်။

အပြန်တွင် ချယ်နှင့်အတူ သာရပါလာ၏။

စပွဲပေါ်တွင်လည်း မြေပဲကြော်ပန်းကန်နှင့် ဆားခွက်ပါ ရောက်ပြီ။

'မင်း အခေါ်လွှတ်ရတာက မင်းက နွားပါရဂူကိုးကွ'

သာရက ပြုံးသည်။ ခြသဲခန့်ရှိသော သူ့ရှေ့သွားကြီးနှစ်ချောင်းသည် အရင်းအထိ ပေါ်လာ၏။

'သည်လိုကွာ....ဘကြီးအိမ်က နွားတကောင်....

ဘကြီးအိမ် ဖြစ်ကြောင်းကုန်စင်ကို ပြန်၍ ပြောပြသည်။

'အဲဒါ ဦးချိုကင်ဆာရောဂါလို့ ခေါ်တယ်၊သေမှာဘဲ'

ဘကြီးအိမ်၏စကား ဆုံးသည်နှင့်တပြိုင်နက် သာရက မဆိုင်းမတွပင် မှတ်ချက်ချလိုက်သည်။

'အေးဟေ့ မင်းပြောလိုက်မှဘဲ စိတ်သက်သာရာ ရကြရတော့တယ်၊ ဟန့်ကျပါ့ သာရရာ'

'မရယ်နဲ့ ကိုဂျပန်၊ ကျုပ်ပြောနေတာက အမှန်တရား'

'ဟုတ်ပါပြီ၊ ဒါနဲ့ ပတ်သက်လို့ ငဒို သိချင်တာက ကဲ အခုမင်းပြောတဲ့ရောဂါဘဲ ထားပါတော့၊ ဘာဆေးနဲ့ ကုရမှာလဲ၊ ဆေးကိုကော မင်းသိသလား'

'ဗျာ....ကျုပ်က နွားဆရာဝန်မှ မဟုတ်ဖဲ၊ ဘယ် လာသိလိမ့်မလဲ၊ ဒါပေသိ ကျုပ်တခါတွေ့ဘူးတယ်၊ စာတိုး ဦးဖူးညိုဆိုတာရဲ့ နွားတကောင်လဲ အဲသည်လို ဖြစ်ဖူးတယ်၊ မ်ဓာ အငယ်ကောင် ကာကွယ်ဆေး ထိုးပေးဘို့ ရောက်တုန်း တွေ့ခဲ့တာ၊ အဲဒါ ချီကို သူတို့ ဖြတ်ကုတယ်၊ အရင်းကကို ဖြတ်ပစ်လိုက်တာဘဲ၊ ပုပ်စော်နံလိုက်တာကလဲ လွန်ရောဘဲ၊ အခု အည်ကောင်ကော မနံဘူးလား'

'အေးကွ နံတယ်'

'ဒါကြောင့် ပြောပါ့ကော၊ သေမှာဘဲလို့'

'ကူးရော ကူးတတ်သတဲ့လားဟ'

စောစောကတော့ ဘကြီးအိမ်၏ နွားဘက်က သနားခဲ့ကြသည်။ သာရက အထောက်အထားနှင့် ပြောပြီဆိုတော့လည်း ရောဂါကူးစက်ပြန့်ပွားမှာကို စိုးရွံ့လာကြ၏။ ကိုယ့်နွားအဘက် ကိုယ်ပူပန်လာကြသည်။ ထို့ကြောင့်လည်း ငချယ်က ကြားဖြတ်ဝင်မေးသည်။

'ဒါတော့ ကျုပ်မသိဘူး၊ အဲဟိုကောင်တော့ ဖြတ်ကုလဲ မရဘူး၊ တပတ်လောက်ကြာတော့ သေတာဘဲ'

'သည်လိုဆို ဖြစ်သေးမထင်ပါဘူးဘကြီးအိမ်ရယ်၊ မအားပေ သိလဲ့ နက်ဖြင် ကျူးပါ လိုက်ခဲ့အုံးမှ ဖြစ်မှာပါ။ ခုမှ ထွန်တုန့် ထယ်တုန်း နွားတွေ နာမကျန်းဖြစ်မှဖြင့် ဒုက္ခ'

'ငါလဲ ပြော မပြောချင်ပါဘူးကွာ၊ အဲသည် ငမြို့ဆိုတဲ့ ကောင်၊ စိတ်ရှိတိုင်းသာ တွယ်ပစ်လိုက်ရရင် သချေးယန္တရား လည်သွားပြီ'

ဘကြီးအိမ်သည် တစိမ့်စိမ့်တွေးရင်း သူ့မြေးကိုသူ ဒေါသ ထွက်နေ၏။

'ကဲပါ မြေပဲကြော်လဲ ရှပါပြီ၊ စားကြအုံး၊ သိပ်လဲ စိတ် မကောင်း ဖြစ်နေပါနဲ့ဘကြီးအိမ်'

'သည်ခေတ်မှာ သည်ကောင်မျိုး ငါးရာနဲ့မရဘူး ဂျပန်'

'လူ့ ဒဏ် ခံသွားရရှာတာ နေမှာပါဘကြီးအိမ်ရယ်၊ လူ့ ထက် ဘာက ပိုအဖိုးတန်ရအုံးမှာတုန်း'

# (၁၂)

ဟေး ရွာထဲက ဘယ်သူကြားလဲဟေ့၊ ကြားတဲ့လူ လာစမ်း
ါအုံး၊ သည်မှာ မြို့ကဧည့်သည်တွေ လာနေတယ်’

ဦးကြီးမြသည် သူ့အင်းတဲလေးထဲမှ ထွက်၍ ရွာဘက်သို့
မ်းအော်သည်။

မြို့မှလာကြသည့် ဧည့်သည်သုံးယောက်အနက်မှ တယောက်
ိုတော့ ကောင်စီအတွင်းရေးမှူးကလေးဖြစ်ကြောင်းသူကောင်း
သိသည်။ ကျန် နှစ်ယောက်ကိုတော့ သူမသိ။ မြင်ဘူးသည်
ျှတော့ ထင်သည်။ သို့သော် မမှတ်မိ။

## (၁၇၀) မောင်သာရရဲ့ စီးပလေစေ မောင်မသုတ်နဲ့

သည်ဧည့်သည်သုံးယောက်နှင့် အတူ တလင်းကြီးမှ ကိုရင်ချမ်းမြလည်း ပါလာသည်။ ကိုရင်ချမ်းမြသည် ကျေးရွာအုပ်စု မြေယာ ကော်မီတီဝင် ဖြစ်သည်။ သည်ခေတ်မှာ သူတွင်ကျယ်နေသည်။ ယခု ဧည့်သည်များကို သူ့လှည်းနှင့် သူကိုယ်တိုင်လိုက်ပို့သည်။ ထို့ကြောင့် ယခုလာသူများမှာ အကြောင်းထူးတခုခုနှင့် လာရိုးလာစဉ် မဟုတ်သော လာခြင်း ဖြစ်မည်ဟု ဦးကြီးမြဲ တွေးလိုက်သည်။

ထို့ကြောင့်လည်း သူ့တဲ့အဖီအောက်၌ ခေတ္တအပန်းဖြေရန် နေရာထိုင်ခင်း ပေးကာ၊ သူကိုယ်တိုင် ထွက်၍ လှေယူလာဘို့ အော်လိုက်သည်။

ရွာသူရွာသားတို့ တနေ့ အခါတရာမက ကူးချည်သန်းချည် လုပ်နေရာ၌မူ ဦးကြီးမြဲမှာ သည်သို့ တာဝန်မရှိ။ သူတို့ဖာသာ သူတို့ အော်ကြ ခေါ်ကြသည်။ ရံဖန် ရံခါ လက်ပံပင်ရိပ်တွင် အမောထိုင်ဖြေရင်း လှေကြုံကို စောင့်ကြသည်။ ကြုံမှ ကူးကြသည်။ ပေါင်း၍ကူးကြသည်။

ယခုမူ ဧည့်သည်သူစိမ်းတို့လည်း ဖြစ်ပြန်၊ မြို့ကလည်း ဖြစ်ပြန်ဆိုတော့ ဦးကြီးမြဲမှာ လှေခေါ်ပေးဘို့ တာဝန်ရှိလာသည်။

ပြီးတော့ ဦးကြီးမြဲ၏စိတ်ထဲမှာက ရွာထဲမှ လူများအနေနှင့် မြို့ကဧည့်ဘည်တို့ လာနေသည့်အကြောင်း ကြိုတင်၍ သိထားစေလိုသည်။ မောင်းခတ်လိုက်သည့်သဘော 'မြို့ကဧည့်သည်တွေ'ဟု ထည့်၍ပင် အော်ပြောလိုက်ဖြစ်သည်။

မှန်တော့လည်း မှန်သည်။ ဦးကြီးမြဲ အော်ခေါ်လိုက်သည့် စကားသည် ဧည့်သည်တို့အဖို့ ဘယ်လိုမျှ မထူးခြားပေမည့်၊

နတက်အဖွဲ့ကတော့ ထူးခြားသည်။ လှေနှင့်နီးသူက လှေကို လာပို့သည်။ ချစ်မျှားတို့ ဂျပန်တို့ ကိုရင်အောင်ဘတို့ အိမ်များ ကလည်း ပြင်ကြဆင်ကြသည်။ စပွဲကြမ်းကြီးကို ရေဝတ်နှင့် တိုက်သူက တိုက်သည်။ သင်ဖြူးလိပ်ကို ထုပ်ပေါ်မှ ဆွဲချသူက ချသည်။ လယ်ထဲ ယာထဲ ရောက်၍နေကြသည် ဆိုလျှင်လည်း ပြေးခေါ်သူက ပြေးခေါ်သည်။

ရွာမှာ လူကြီးလုပ်သူတို့၏ အိမ်သူအိမ်သားများ အဖို့တော့ သည်ဧည့်သည် လာချိန်သည် ဂုဏ်အရှိဆုံးအချိန် ဖြစ်ဘိသည်။ လူကြီးဖြစ်သည်ဆိုတော့ ဧည့်သည်တို့မည်သည် လူကြီးတို့၏ အိမ်သို့သာ လာကြသည်။ သည်တော့ ဘာအကြောင်းကိစ္စနှင့် လာသည်ဖြစ်စေ၊ ကိုယ်က အရင် သိရသည်။ သို့မဟုတ်လျှင် လူကြီးလုပ်သူ၏အိမ်အနား၊ ဧည့်သည်တို့အနားမှာ ရစ်သီရစ်သီ လုပ်၍ သတင်းမေးရသည်ကိုက အပန်းသား။ လူကြီးလုပ်သူ တို့ကလည်း ဧည့်သည်မျက်စိနောက်မည်စိုး၍ ဧည့်သည်အနား ဝိုင်းမလာစေချင်။

သို့သော် မရ။ အတန်တန် ပြောထားပါလျက်နှင့်လည်း နားမလည်နိုင်ကြ။

ယခု ကမ်းတဖက်မှ ဦးကြီးမြဲ၏အသံကို ကြားရခါမျှ ရှိသေး သည်။ ကျောက်ဒိုးပစ်နေကြသည့်ကလေးတို့ကလည်း အကစား ကို ပစ်ထားခဲ့ကြကာ လှေဆိပ်သို့ ပြေးကြပြီ။ ကြမ်းကုပ်နေသည့် ကောင်ကလည်း ကြိမ်ကို ရေအိုးထဲသို့ ပြန်၍ ခွေထည့်ကာ၊ ချိတ်ထားသည့်တဘက်ကို ဆွဲလေပြီ။ တရေးတမော ထမင်းလုံး

စီနေသည့် သက်ကြီးရွယ်အိုကလည်း ဝေါက်ကနဲ ထထိုင်ပြီ။ မီးဖိုထဲက မိန်းမကလည်း ထင်းမီးစတို့ကို ပြာပုံထဲ ထိုးသတ်၍ လမ်းမထက်သို့ ရောက်လေပြီ။

ချစ်မျှား၏မိန်းမကမူ မီးဖိုထဲ ပြေးဝင်၍၊ မီး အမြန်ပြန်မွေးသည်။ မြေပဲဆံ ကြော်မည် စိတ်ကူးသည်။ သကြားလည်း ရှိသေးသည်။ အဲ....ကိုယ့်အိမ်သို့ ရောက်လာမည်ဆိုလျှင်တော့ ငှက်ပျောသီးပေါ် ထပ်ကြော်မည်။

'ရှင်ငြိမ်းရေ၊ ညော့သည်တဲ့ဟဲ့၊ ရေနွေးအိုး တင်ထားပေး အုံးနော'

တဖက်အိမ်သို့ပါလှမ်း၍ အကူအညီ တောင်းလိုက်သည်။

ဂျပန့်မိန်းမ ထွေးလှကမူ မီးအဆင်သင့် ရှိနှင့်၍၊ ကင်ပွန်းသီးပြုတ်ထားသည့် အိုးကို ပြန်ချကာ၊ ရေနွေးအိုး တင်လိုက်သည်။ ခေါင်းလျှော်မည့်ဆဲဆဲမို့ ရင်လျားနှင့် ရှိသည်ကို သတိရကာ၊ ကဗျာကသီ အင်္ကျီ ပြန်ဝတ်ရသည်။ အိပ်နေသည့် သင်ဖြူးကို ပြန်လိပ်၍လည်း၊ အောက်ထပ်မှ ကွပ်ပျစ်တွင် ခင်းလိုက်သည်။ ပြီးတော့မှ ကျေးဘို့မွေးဘို့အတွက် စဉ်းစားမိတော့သည်။

ကိုရင်အောင်ဘ၏အိမ်သူ ဒေါ်သက်ရှည်ကမူသမီးကို မီးဖိုထဲ ခိုင်းလိုက်သည်။ သမီး နားလည်သည်။ သမီး ကြည့်လုပ်ပေလိမ့်မည်။ နောက် သားတို့ကို တံမြက်စည်း လှည်းခိုင်းသည်။ ဖို့အခါခိုင်းသည်။ သူကိုယ်တိုင်ကမူ ခါးပန်းမှာချိတ်ထားသည့် လက်ဆွဲခြင်းကို ဖြုတ်လိုက်သည်။ အထဲမှ ထန်းလျက်ထည့်ထားသည့်မုန့်သေတ္တာပုံးကို ထုတ်လိုက်သည်။ ထို့နောက်ထန်းလျက်များကို တခဲချင်း ပုရွက်ဆိတ် ခါ၍နေလေသည်။

အမှန်တော့ အိမ်သူတို့ဓမ္မတာ ပြင်၍သာပြင်ရသည်။ဘယ်သူ့ အိမ် ရောက်လိမ့်မည် မသိ။ ကြို့သူက ဘယ်သူ့အိမ် ပို့ခဲ့မည် မသိ။ ဧည့်သည်က နာမည်တပ်၍ မေးလျှင်တော့ မေးသည့် အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ပို့ပေမည်။ ကော်မီတီ တယောက် ယောက်၏အိမ်ဟု သာမန် ပြောလျှင်တော့ ကြို့သူက လမ်းကြုံ သည့်အိမ်သို့သာ ပို့ပေမည်။ နတက်ချောင်းမှာ ရေရှိနေလျှင် တော့ ဂျပန့်အိမ်က လမ်းကြုံသည်။နွေခါဆိုလျှင်တော့ ချစ်များ အိမ်က လမ်းကျသည်။

ယခုလည်း ကြို့လာသူ ကိုပီယက် ဂျပန့်အိမ်သို့ ဦးတည်သည်။ ဂျပန့်အိမ်မှာ ဂျပန်မရှိ။ဂျပန့်ကို ပြေးခေါ်သူက ပြေးခေါ်တုန်း ရှိသေးသည်။ရွာထဲမှာ ရှိနှင့်နေသည့် ကိုရင်အောင်ဘတယောက် သာဂျပန့်အိမ်သို့ ရောက်လာနှင့်ကာ၊ ဧည့်ခံဘို့ ပြင်ဆင်သည်။

'ဟဲ့ရှင်ထွေး၊ နင်တို့အိမ်မှာ ဆေးပေါ့လိပ်ရှိရဲ့လားဟဲ့'

'မရှိဘူးတော့'

'ဒါဖြင့် တယောက် ငါ့အိမ်ပြေးစမ်း၊သွားယူခဲ့စမ်း'

ကလေး သုံးလေးငါးယောက် ပြေးကြသည်။

'ဟာ ဘယ်သူတွေများလဲလို့၊ သူစိမ်းတွေမှ မဟုတ်ဖဲ၊ ကဲ ကဲ လာကြဗျာ လာကြ'

ကိုရင်အောင်ဘက ခရီးဦးကြို ပြုလိုက်သည်။

'ဦးဖေးအောင်ဘ နေကောင်းတယ်နော်'

'ကောင်းပါတယ် ကောင်းပါတယ်'

'ဦးချစ်များတို့၊ ဦးဂျပန်တို့လဲ ရှိကြရဲ့လား'

'လာကြပါလိမ့်မယ်ခင်ဗျ ဟဲ...ဟဲ ခုအချိန်က ထွန်ရတုန်း စိုက်ရတုန်းဆိုတော့ ကွင်းထဲ ရောက်နေကြလို့ပါ၊ လာကြပါ လိမ့်မယ်၊ လိုက်ခေါ်နေပါပြီ၊ ရှင်ထွေးရေ ဧည့်သည်တွေဘို့ ရေနွေးလေး ဘာလေး လုပ်ပါ့ကွယ်'

'ရပါပြီ ရပါပြီ အကြမ်းပန်းကန်ကလေးတွေ ဆေးနေ သေးလို့ပါ'

'သည်မယ်ဦးလေးအောင်ဘ၊ ကျွန်တော်တို့ဘို့ ဘာမှ ထူးထူး ထွေထွေ လုပ်ခိုင်းမနေနဲ့နော်၊ ကျွန်တော်တို့ ခုတင် တလင်း ကြီးက ထမင်းစားလာခဲ့ကြတာ၊ ဗိုက်ကို အင့်နေပြီ'

'ဟဲ့ ဘယ်ငေးနေတာလဲ၊ မြန်မြန်ယူလာလေ'

ကိုရင်အောင်ဘက ဆေးလိပ်ယူလာသည့်ကလေးကို့ ငေါက် လိုက်သည်။

'ချစ်များအိမ် တယောက် ပြေးစမ်းပါအုံးဟ၊ သည်မှာ ရောက်နေပြီပြော'

ကိုရင်အောင်ဘက အပြေးခိုင်းပြန်သည်။

စပွဲပေါ်သို့ကား ဆေးပေါ့လိပ်လည်း ရောက်လာပြီ။ ရေနွေး ကြမ်းလည်းရောက်လာပြီ။ ကိုရင်အောင်ဘ၏အိမ်မှ ထန်းလျက်ခဲ တပန်းကန်လည်း ရောက်လာပြီ။

ထို့နောက် ချစ်များ၏မိန်းမ ပေါ်လာသည်။ သကြား တပန်းကန်နှင့် မြေပဲဆံကြော် တပန်းကန်လည်း လက်ထဲမှာ ပါ လာသည်။ သို့သော် စပွဲပေါ်သို့ကား လာမချ။ ဧည့်သည်တို့ အနားသို့ မလာရဲ။ သည်တော့ အိမ့်ရှင်ထွေးလှထံ တဲဆင့်ကမ်း သည်။

'အမပွင့် တည်လိုက်ပါ၊ ကျုပ်က အောက်ခံအင်္ကျီ ပါတာ မဟုတ်ဖူး၊ ခေါင်းလျှော်ရေချိုးတော့မလို့ ရင်လျားထားတာဘဲ ကြည့်တော့'

ထွေးလှကလည်း ပြန်ငြင်းသည်။

စင်စစ် ထွေးလှကိုယ်တိုင်ကလည်း မချဉ်းကပ်ရဲ။

သည်တွင် လမ်းလျှောက်ရင်း တဘက်ကိုပေါင်း၍ ချစ်မျှား သည် အပြေးအလွှား ရောက်လာသည်။ ချစ်မျှားသည် သူ့မိန်းမ ၏လက်ထဲမှ ပန်းကန်ကိုယူ၍ စပွဲထက်သို့ တင်လိုက်သည်။

'အော အတွင်းရေးမှူးပါကော၊ သည်ဘက်မျှား မရောက် တာ နှစ်လတောင် မကတော့ဘူးထင်ပါ့၊ ကျုပ်တို့ကို မေ့နေ ပြီကို ထင်နေတာ'

ရယ်ရယ်ပြုံးပြုံးနှင့် ချစ်မျှားက စကားနာ ထိုးလိုက်သည်။

'မအားဘူး ဦးချစ်မျှား၊ အစည်းအဝေးတွေကလဲ ထပ်နေ တာ၊ မျက်နှာစုံညီအတွက်ကလဲ ပြင်ဆင်နေရသေး ဆိုတော့ မရောက်နိုင်တော့ဘူးပေါ့၊စိတ်ကတော့ အမြဲရောက်ပါတယ်ဗျာ၊ ဒါ ကျွန်တော့်ရွာဘဲဥစ္စာ၊ ကျွန်တော့်ကို တကယ် သားရင်း တယောက်လို ခင်တဲ့ရွာဘဲဗျ'

ချစ်မျှားကိုပြန်ဖြေ ရင်း အတွင်းရေးမှူးကလေးသည် သူနှင့် အတူ ပါလာသူများကို လှည့်ပြောလိုက်၏။

'ကျုပ်တို့ကတော့ တကယ်ခင်တာပါ၊ မြို့ကလူတွေလို ကွယ် ရင်မေ့၊ တွေ့သေမတတ်လွမ်းတတ်တာ မဟုတ်ဖူးနော်၊ဟဲဟဲဟဲ'

## (၁၇၆) မောင်သာရရဲ့ စီးပလေစေ မောင်မသုတ်နဲ့

'အဲဒါပြောတာပေါ့ဗျ၊ ကျေးရွာ ပြည်သူတွေဆီက သင်ရမယ်ဆိုတာ၊ ခုကြည့်စမ်း၊ ဗမာစကား ဘယ်လောက်လှသလဲ၊ ပြောသွားတာ'

အတွင်းရေးမှူးကလေးက သူ့အဖော်များကို လှည့်၍ပြောပြန်သည်။

'သည်လောက်လဲ မဟုတ်သေးပါဘူးလေ၊ ကျုပ်တို့က အရိုးခံနဲ့ ပြောတာပါ'

သည်အခိုက် ဂျပန်လည်း ရောက်လာသည်။

'ဟာ အကိုက ဒါတော့ မကောင်းဘူးဗျ၊ ကျွန်တော်က တခြားညှိသည်ဘဲ ထင်တာ၊ အကို လာလိမ့်မယ်လို့ လုံးဝကို မထင်ဘူး၊ ဘာမှလဲ အကြောင်းမကြား ဘာမကြားနဲ့၊ တယောက်ယောက် လှမ်းမှာလိုက်ရင် ကျွန်တော်တို့ လာကြိုမှာပေါ့'

ဂျပန်ကလည်း ရောက်မဆိုက် စေတနာစကား ပြောလိုက်သည်။

'အရေးမကြီးပါဘူးဗျာ၊ အမှန်က လာဘို့လဲ အစီအစဉ် မရှိသေးဘူး၊ ခု ဟောသည် မိတ်ဆွေတော့ သိမှာပေါ့၊ မြေစာရင်း ဌာနခွဲကလေ၊ ဟောဒါက ဦးသန်းမြင့်တဲ့၊ ဟောဒါက ဦးစိုးလွင်၊ သူတို့က နည်းနည်းပါးပါး လေ့လာချင်တယ် ဆိုတာနဲ့ မရည်ရွယ်ဘဲ လိုက်ပို့ရင်း ရောက်လာရတာ'

'ဟုတ်ကဲ့....'

'အရင်ကလဲ မြင်ဘူးတယ်မှတ်ပါ၊ သည်ရွာ ရောက်ဖူးရဲ့ မဟုတ်လား'

'လေ့လာပါခင်ဗျ၊လေ့လာပါ၊ ကျွန်တော်တို့ ရွာကတော့ တခြားရွာတွေနဲ့မတူပါဘူး၊ဘယ်တော့မှလဲမုသားမပြောတတ်တဲ့ ရွာပါ၊အစိုးရနဲ့ ကောင်စီရဲ့ အမာခံရွာဆိုပါတော့ခင်ဗျာ'

ချစ်မျှားက တခွန်း။ ကိုရင်အောင်ဘက တခွန်း။ နောက်ဆုံး စကားကိုတော့ ဂုပန်က ပြောလိုက်သည်။

'လေ့လာတာလဲ လေ့လာတာပေါ့ခင်ဗျား၊သုံးလဲသုံးဆောင် ကြပါအုံး၊အေးအေးဆေးဆေးပေါ့ ရောက်တဲ့အခါ၊ တခုတော့ ရှိတယ်၊မနက်စာကို တလင်းကြီးမှာ စားခဲ့ရင်၊ညစာကို သည်မှာ စားရမယ်၊ စားပြီးမှ ပြန်ရမယ်၊ မစားဘူးဆိုရင်တော့ ဟော့ ဂျင်န် ဘာမှကိုမဖြေကြနဲ့စို့လားကွာ'

သည်ချစ်မျှား၏စကားတွင် ညော့်သည်များပြုံးကြသည်။

'စိတ်တော့မရှိပါနဲ့ ဦးချစ်မျှားရယ်၊ အချိန်ကို မရလို့ပါ၊ သည်တခါတော့ခွင့်လွှတ်ပါ၊နောက်တခါကျတော့ တနပ်မဟုတ် ဖူး၊ နှစ်နပ်စားမယ်'

'ဟုတ်ပါတယ်၊ကျွန်တော်တို့က တာဝန်နဲ့ဆိုတော့ မလွှယ် လို့ပါ၊ သည်ကပြီးရင် မိကျောင်းတက် ဝင်ရပါအုံးမယ်၊ ပြီး ညောင်နီပင်တို့၊ညောင်ပင်စောက်တို့၊ လမ်းတလျှောက်လုံး ဝင် သွားရအုံးမှာမို့ပါ'

နတက်သားတို့ ဘာဆက်ပြောရမည် မသိတော့။

'ကဲပါလေ၊ ကျွန်တော်တို့ကူညီရမယ့်အကြောင်းသာ အမိန့်ရှိပါ၊ ပြီးတော့ ကျွန်တော်တို့ပြန်ပို့မှ ပြန်ရဖှာပါ။ နောက်ဆုံး သည်ဆရာတို့ ပြန်အုံး၊ အကိုကတော့ နေရစ်ခဲ့'

ပါးစပ် အဟောင်းသားနှင့် အနေကြသည်ကို ဂျပန်ကဝင်၍ ကယ်လိုက်သည်။ရမ်းပြီး ပြောလိုက်ပေမည့်လည်း ကံအားလျော်စွာ ပြေသွားသည်။

'သုံးဆောင်ကြပါအုံး ဆရာတို့ရဲ့'

သည်အခိုက် ငဘိုလည်း ရောက်လာ၍ ဝင်ထိုင်သည်။ ကိုရွှေအိုနှင့် ဘကြီးသက်၊ ဘကြီးစံပင်တို့လည်း နောက်က ကွပ်ပျစ်တွင်ထိုင်၍ နေကြ၏။

'သည်လိုပါ၊ ကျွန်တော်တို့က မြေပုံဆရာတွေဆိုပါတော့' အခု မြေယာ ကော်မီတီတွေဆီက ရထားတဲ့ စာရင်းအရတော့ ဘယ်သူ ဘယ်အကွက် လုပ်ကြတယ်ဆိုတာသိပါပြီ၊ စီမံကိန်းဝင် သီးနှံတွေရဲ့ အကွက်တွေလဲ ရထားမှတ်ထားပြီးပါပြီ၊ကျွန်တော်တို့ အခုလာကြတာက ဆောင်းသီးနှံ၊အထူးသဖြင့် ပဲမျိုးစုံပေါ့ ခင်ဗျာ၊ အဲဒါတွေကို သူ့အမျိုးနဲ့ သူ အကွက် လျောက်ဖြည့်ချင်ပါတယ်၊ အခုတခါထဲ ပြီးနိုင်ရင်လဲ ပြီးပေါ့လေ၊ မပြီးနိုင်ရင်လဲ စာရင်းကလေး လုပ်ပေးပါလို့ တောင်းပန်ချင်ပါတယ်၊နောက် အထွက်နှုန်းကိုလဲ လေ့လာချင်ပါတယ်၊ ရောင်းဘို့ ဝယ်ဘို့ မဟုတ်ပါဘူးခင်ဗျာ၊ ဘယ်လောက်နှုန်း ထွက်ကြတယ် ဆိုတာ သိရုံတင်ပါ၊ သိကြတဲ့အတိုင်းပါဘဲ၊ ကုန်သွယ်ရေးတစ် အဝယ်ဒိုင်ကို ရှစ်ဆယ်ရာခိုင်နှုန်းရောင်းပါလို့ မေတ္တာရပ်ခံရုံက

လဲ့လို့ ကျွန်တော်တို့ ဘာမှမပြောလိုပါဘူး၊ ဒါပါဘဲ၊ အခု လာကြတဲ့ကိစ္စက အထွက်နှုန်း သိဘို့တင်ပါဘဲ'

မြေစာရင်းဌာနခွဲမှ တယောက်က စ၍ပြောပြသည်။ သူ့ စကားဆုံးသောအခါ နောက်တယောက်က ဆက်ပြန်၏။

'ကျွန်တော်တို့ အစီအစဉ်က သည်လိုပါ၊ အခု သည်က လူကြီးတွေက သည်ရွာက ပဲစိုက်တဲ့တောင်သူ ဆယ်ရောက်ရဲ့ နာမယ်ကိုပေးပါ၊ ကျွန်တော်တို့ လိုက် ရေးထား ပါ့မယ်၊ ပြီးတော့ သူတို့အိမ်တိုင် ယာရောက် တအိမ်ဝင် တအိမ်ထွက် ကျွန်တော်တို့ သွားချင်ပါတယ်၊ တွေ့ပြီး တော့ မေး ချင် ပါတယ်၊ သည်က လူကြီးတွေအနေနဲ့ အကူ အညီ ပေး စေ ချင်တာကတော့ ခုနက စာရင်းပေးမယ့်ဦးကြီး ဆယ်ယောက် ကို ကျေးဇူးပြုပြီး လိုက်ပြောပေးပါ၊ ရောင်းဝယ်ဘို့ မဟုတ် ပါဘူး၊အထွက်နှုန်း သိရုံသက်သက်ပါ၊ဒါ့ကြောင့်အမှန်အတိုင်း ပြောကြပါလို့ မေတ္တာရပ်ခံပေးကြပါ၊ အခု ကျွန်တော်တင်ပြ တာနဲ့ပတ်သက်ပြီး သည်မှာလဲ နားမလည်ရင် မေးနိုင်ပါတယ် ခင်ဗျာ'

ငဘိုသည် နားစိုက်ထောင်နေရာမှ စကားချပ်သည်နှင့် တပြိုင် နက် ထ၍ထွက်သွားသည်။

'တခု မေးပါရစေ'

ပြောသူ ကိုရွှေအိုကို လှမ်း၍ကြည့်ကြသည်။

'အထွက်နှုန်း သိချင်တာ မဟုတ်လား သည်နေရာမှာတင် မေးသွားလဲ ရနိုင်တာဘဲ၊ဘာလုပ်ဖို့ လျှောက်မေးနေအုံးမှာ လဲ

ကျုပ်ကအလုပ်ပိုမယ် ထင်လို့ပါ၊ ပြီးတော့ ဆယ်ယောက်မေး ရင် ဆယ်မျိုးထွက်နေတော့မပေါ့'

'ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ဦးကြီးပြောတဲ့ အတိုင်းလဲ မှန်ပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့မေးမှာက တွက်ပြီးသား အထွက်နှုန်းမဟုတ်ပါဘူး၊ ဘယ်နှစ်ကွက်စိုက်တယ်၊ ဘယ်နှစ်ကွက် အောင်တယ်ဆိုတာ ကျွန်တော်တို့ဆီမှာ စာရင်းရှိပါတယ်၊ ဘယ် လောက်ထွက်ခဲ့တယ်ဆိုတာဘဲ မေးပါမယ်၊ ပြီးတော့မှ ကျွန် တော်တို့ဖာသာ ကျွန်တော်တို့ တွက်ပြီး ယူပါ့မယ်'

သည်တွင် ဘကြီးသက်က ငဘို့နေရာမှာ ဝင်ထိုင်သည်။ ပြီးတော့မှ စကားစလာသည်။

'ကျုပ်လဲမေးအုံးမယ်၊ အခုမေးမယ်ဆိုတာက မနှစ်က ထွက်ခဲ့တာ မေးမှာလား၊ သည်နှစ်ထွက်မယ့်ဟာ မေးမှာလား'

'ဘကြီးခင်ဗျာ၊ မနှစ်က ထွက်ခဲ့တာကို မေးမှာပါ၊ သည် နှစ်က ထွက်မှမထွက်သေးတာ ဘယ်မေးလို့ ရပါ့မလဲခင်ဗျာ'

အားလုံးကဝိုင်း၍ ရယ်ကြသည်။

'နို့ငါမှမရှင်းဘဲကွ၊ မေးရမှာပေါ့'

'ဟုတ်ပါတယ် မေးရပါတယ်၊ မရှင်းတာရှိရင် ခုလိုမေးတာ ကောင်းပါတယ် သိချင်တာရှိသေးရင်လဲမေးနိုင်ပါတယ်ခင်ဗျာ'

'မရှိကြတော့ပါဘူး'

ချစ်များက ပိတ်၍ ပြောလိုက်သည်။

'သည်လိုဆိုရင် ခုနကပြောတဲ့ ဆယ်ဦးရဲ့ နာမယ်တွေ ရပါရ စေခင်ဗျာ'

နာမည် ပေးကြရတော့မည်။ ဘယ်သူတို့ကို ပေးရပါမည် နည်း။ သိပ်လျှင်ပါးလွန်းသူကို ပေးချည်းလည်း ဖြစ်အံ့မထင်။ သိပ်ရိုးလွန်းသူကို ပေးပြန်တော့လည်း ခက်ဦးမည်။ သည်တွင် ချစ်များတို့ ဂျပန်တို့ ကိုရင်အောင်ဘတို့ခေါင်းချင်းရိုက်ကြသည်။

'ဟ ပဲစိုက်တဲ့ကောင်တွေ သည်လောက် အနုတက္ကမ ပေါ နေတာကို မင်းတို့က ဘာစဉ်းစားနေတာလဲ ငါ့နာမယ်လဲ ထည့်လိုက်'

အရေးထဲမှာ ဘကြီးသက်ကလည်း မှောင့်ပြန်သည်။

'မဟုတ်ပါဘူး မနှစ်ကစိုက်ခဲ့တဲ့လူတွေ ပြန်စိစစ်နေတာပါ'

မှန်သည်။မနှစ်က စိုက်ရုံ စိုက်ခဲ့သူကို စာရင်းပေးမိ၍မဖြစ်။ စိုက်လည်းစိုက်ခဲ့၍ အစိုးရဒိုင်သို့ ရောင်းခဲ့သူကိုသာစာရင်းပေး ဖို့အရေးကြီးသည်။ သည်တော့တိုင်ပင်ကြရသည်။ အမှတ်မဲ့ လုပ်လိုက်၍မဖြစ်။ရမ်းလိုက်၍ ကိုယ့်စာရင်းနှင့်ကိုယ် ပိတ်မိနေ လျှင်ကိုယ့်ရွာကတယောက် အချောင်နစ်နာရဦးမည်။ ဂျပန်တို့ ချင်များတို့ အသေအချာ ပြန်စဉ်းစားကြရသည်။

ပသို့ဆိုစေ၊နဖူးမှာ ချွေးစို့ လာကြတော့ နာမည်ဆယ်ခုံ ပြည့်လေပြီ။ထိုနာမည်ဆယ်ခုကို အတွင်းရေးမှူးကလေး၏လက် သို့အပ်လိုက်သည်။

မမှန်သည် မတရားသည်ကို လုပ်သည်တော့မဟုတ်။အစိုးရ ကိုလည်း မလိမ်လည်မလှည့်ဖြားချင်။ သို့သော် စာရင်းနှင့်တကွ ပေးရပြီဆိုတော့ ဂျပန့်ရင်ထဲမှာ ထိတ်နေသည်။ကိုယ့်မှတ်ဉာဏ်

ကိုယ် သိပ်ပြီးတော့ စိတ်မချ။ မတော်မှားသွား၍ ကိုယ့်ရွာက တယောက်ယောက်နှစ်နာရတော့မည် ဆိုလျှင် လူကြီးလုပ်မနေတော့ဘဲ နတက်ဝဲထဲသို့ ခုန်ချလိုက်ဖို့ဘဲကောင်းတော့သည်။

စင်စစ်ထိုဆယ်ယောက်ထဲမှ သာလှတို့သာရတို့ ညီအကိုကို သိပ်စိတ်မချ။ မသေချာဘူးထင်၍စာရင်းရေးစဥ်ကကန့်ကွက်ဖြစ်သေးသည်။ သို့သော် ကိုရင်အောင်ဘကရော ချစ်မျှားကပါ သေချာသည်ဟုဆို၍ စာရင်းထဲထည့်ပေးလိုက်ရသည်။ သာလှနှင့် တွေ့ရလျှင်တော့ အကြောင်းမဟုတ်။ သာရပါ အိမ်မှာ ရှိနေလျှင်တော့ ပြဿနာ ဖြစ်ကောင်းဖြစ်နိုင်သည်။

အစိုးရသည်ပဲမျိုးစုံကိုမဲနေသည်။ အထူးသဖြင့်ထောပတ်ပဲကို မဲနေသည်။ မနှစ်က ဒိုင်မှာ ဆယ်ပိဿာဈေး ပေးသည်။ အစိုးရ အနေနှင့်က ဘာကြောင့်ဈေးပိုပေး၍ ဝယ်နေသည်ကို သာရတို့ မသိကြ၊ အမှန်က နိုင်ငံခြားသို့ တင်ပို့ဘို့ဖြစ်သည်။

သို့သော်သာရသည် အစိမ်းကတည်းက အကြိမ်ကြိမ်ရိတ်၍ အကြိမ်ကြိမ်ရောင်းပစ်သည်။ ကုန်စိမ်းအဖြစ်ဖြင့် ထုတ်ပစ်သည်။ ပို၍ တွက်ခြေကိုက်သည်ဟူ၍ပင် လာပြောနေသေးသည်။

သည်တော့ သာရတို့အနေနှင့်အစိုးရဒိုင်သို့ ရောင်းမှရောင်းနိုင်ခဲ့ပါလေစ။ ဂျပန့်စိတ်ထဲမှာတော့ သံသယဖြစ်နေသည်။

သို့သော်တလောက သီးနှံဆယ့်နှစ်မျိုးကို ဈေးနှုန်းတိုးမြှင့်ပေး၍ ဝယ်ယူမည်ဟု အစိုးရကကျေညာသည်။ ထိုဆယ့်နှစ်မျိုး ထဲမှာ ထောပတ်ပဲလည်း ထိပ်တန်းကပါသည်။ သည်နှစ်ဆိုလျှင် ဆယ့်နှစ်ပိဿာဈေးအထိရတော့မည်။

သည့်ကျေညာချက်ကိုကြားရတော့ ဂျပန့်စိတ်ထဲက ဝမ်းသာသည်။သာရကိုပင်လျှင်လည်း ကျေးဇူးတင်မိဖြစ်သေးသည်။ အစိုးရအနေနှင့် အရနည်း၍သာ ဈေးနှုန်းပိုပေးခြင်း ဖြစ်ရာသည်ဟု တွေးမိသည်။ သာရတို့ကဲ့သို့သော အကောင်မျိုးက တပြည်လုံးမှာ ဘယ်မျှများလေသနည်းမှမသိ။

တထိတ်ထိတ်နှင့်ပင် တအိမ်ထွက်တအိမ်ဝင် လိုက်၍နေရသည်။ ဆယ်အိမ်အနက်မှ ငါးအိမ်တော့ပြီးသွားပြီ။ အားလုံးအဆင်ပြေပြေဖြေနိုင်၏။ ညှိမထားဘဲ ခြောက်တင်း ခုနစ်တင်းခန့်နှုန်းနှင့် တွက်၍ ဖြေကြသည်။ဂျပန်တို့ရင်တဝက်အေးရပြီ။

ထို့နောက် ခြောက်အိမ်မြောက်အဖြစ်ဖြင့် သာလှတို့ သာရတို့အိမ်သို့ဝင်ကြသည်။

'သာလှကောအရီးလေးဆယ်'

ဂျပန်က သူတွေ့လိုသည့်သူကိုသာစကားဦးသန်းလိုက်သည်။

'မရှိကြဘူးကွယ့်၊ကွင်းထဲမှာ'

'ဒါဖြင့်လဲ ကဲတယောက်ယောက် အခေါ်လွှတ်စမ်းပါအုံး၊ မသာခင် နောက်တအိမ် ကူးလိုက်ရအောင်'

ထိုအခိုက်သာရလာနေပြီ၊ရွာထိပ်ရောက်ပြီဟူသော သတင်းကိုဘစုံတယောက်ကပြောလိုက်သည်။

မှန်သည်။ထိုင်ရှုံရှိသေးသည်။သာရကို လှမ်းမြင်ရလေပြီ။

သာရကလည်း ရွာထဲမှာ မြို့ကဧည့်သည်ကို ပဲအထွက်နှုန်းစာရင်းကောက်နေသည်ဟုကြားသဖြင့်၊ ယာထဲမှ ပြန်လာခြင်းဖြစ်သည်။စောစောကတဖက်ခင်းမှ ဦးကြီးကြန်ကိုလည်း လာ၍ခေါ်သွားသည်မဟုတ်လော။ သို့သော် စောစောကတော့ ကိုယ့်

အလုပ် ကိုယ်လုပ်နေမည် ဆုံးဖြတ်၍ သာရမပြန်။ သာရမပြန်သဖြင့် သာလှက စိတ်မချ။ အိမ်မှာ အမတယောက်ထဲ ကျန်ရစ်သည်။ အမသည်မြို့ကလူများနှင့် စကားပြောတတ်မည် မဟုတ်။ ထို့ကြောင့် သာရကိုပြန်လွှတ်သည်။ သူသာလျှင် ပင်ထောင်တိုင်စိုက် ပေါင်းလိုက်၍နေရစ်မည်ဟုဆိုကာ အမမှပြန်ခိုင်းသည်။

ထင်သည့်အတိုင်းပင် အိမ်သို့ရောက်၍နေကြပြီ။

သာရသည် သူ့အိမ်မှာ ဧည့်သည်များ ရောက်နေသည်ကို မြင်သည်နှင့်တပြိုင်နက် လျှောက်ရာမှ အသော့နှင်လာသည်။

'လာဟေ့ အတော်ဘဲကွ၊ မင်းကိုတောင် အခေါ်လွှတ်မလို့'

သာရသည် လက်နှစ်ဖက်ကို ပေါင်ပေါ်ဖြန့်တင်၍ ခပ်ရို့ရို့ကလေး ဝင်ထိုင်သည်။ ဧည့်သည်တယောက်က သာရကို ရှင်းပြသည်။

'ကုန်ခဲ့တဲ့နှစ်က ပဲစိုက်တယ်ဆိုတော့ ဘာပဲတွေ စိုက်ခဲ့ပါလဲ'

'ထောပတ်ပဲ တမျိုးထဲပါ ခင်ဗျာ'

'ဘယ်လောက် ထွက်ခဲ့ပါသလဲ'

'အကုန်လုံးပေါင်းလိုက်တော့လား ခင်ဗျာ'

'ဟုတ်ပါတယ်'

'ဘာရှိမှာလဲ၊ ဒိုင်မှာရောင်းလိုက်တာ နှစ်ဆယ့်လေးတင်း၊ မျိုးချန်ထားတာက လေးတင်းနဲ့ စားဘို့လေးဘာလေနဲ့ ပေါင်းလိုက်တော့ အလွန်အကျွန် နှစ်ဆယ့်ကိုး သုံးဆယ်ပေါ့'

သွားပြီ။သွားပြီ။ သာရသည် ဘာမှ စဉ်းစဉ်းစားစား ပြော တတ်သည့်ကောင်မဟုတ်။နှစ်ဆယ့်လေးတင်းရောင်းသည်ဆိုသည့် အတွက် နည်းနည်းတော့ စိတ်သက်သာရ ရပါ၏။သို့သော် တွက် ကြည့်လျှင် ထွက်နှုန်းမှာတော့ ကျန် အဖြေများနှင့် ကိုးယိုး ကားယား ဖြစ်တော့မည်။

မနှစ်က သာရတို့ ခြောက်ကေကျော်ကျော်လုပ်သည်ကို ဂျပန် သိထားသည်။မြေစာရင်းဌာနခွဲကလည်း မြေပုံလိပ်ကြီးနှင့်လာ၍ မှတ်သွားသည်။ စင်စစ် စိုက်ကေသာမဟုတ်၊ အောင်ကေလည်း ခြောက်ကေကျော်ကျော်ဘဲဖြစ်သည်။ အားလုံးအောင်ခဲ့သည်။

ထို့ကြောင့် သူများတကာ၏ အဖြေမှ အထွက်နှုန်းနှင့် ချင့် ကြည့်လျှင် တင်းလေးဆယ်ခန့်ထွက်ရမည်။ ယခုတင်းသုံးဆယ်ဘဲ ဖြေထားသည်။ ဒုက္ခ။

ပသို့ဆိုစေ၊ ညီသည်များက ထပြန်တော့ ဂျပန်တို့လည်း ထ၍ လိုက်ရသည်။ဂျပန်သည် ဝင်းဝသို့အရောက်တွင်မူ လိုက်ပို့ သည့်သာရကို မျက်စောင်းခဲလိုက်သည်။

ညီ့သည်တို့လည်း ကိစ္စပြီး၍ ရွာမှပြန်ကြပြီ။

ဂျပန်သည် သာရ၏အဖြေနှင့်ပတ်သက်၍ လှေဆိပ်မှ ပြန် အတက်တွင်ပင် ချစ်များကို ပြောပြသည်။ ချစ်များကလည်း ဂျပန်ပြောပြမှ စိတ်ပူလာမိသည်။ သည်တွင် သာရတို့အိမ်သို့ နှစ် ယောက်သား ပြန်လှည့်၍ဝင်ကြသည်။

'မင်း လုပ်လိုက်မှဖြင့်လဲ အရမ်းကြီးပါဘဲလား သာရရ၊ မင်းအတော့်ကိုညံ့သေးတဲ့အကောင်ဘဲကွ၊လူက နက်ဖြန်သဘက် မိန်းမယူတော့မယ်၊ အတွက်က ခုထက်ထိ မတွက်တတ်သေးဘူး'

[(တတိယအကြိမ်)]

ရောက်လျှင် ရောက်ချင်း၊ နွားစာစင်းနေသော သာရကို ဂျပန်က ခါးထောက်၍ ဟောက်လိုက်သည်။ သာရမှာ ဘုမသိ ဘမသိနှင့် ငြိမ်၍သာနေရသည်။

'မင်း မနှစ်က စာရင်းပေးတော့ ခြောက်ကေကျော်ကျော်၊ အားလုံးလဲ အောင်တယ်၊ ခြောက်တင်းနှုန်းနဲ့ ထားတွက်အုံး၊သုံးဆယ့်ခြောက်တင်းကျော် ရရမယ်၊ ခုနကပြောလိုက်တော့ တင်းသုံးဆယ်၊မင်းဟာကမဟုတ်သေးပါဘူးကွာ၊ သူတို့မှာက စာရင်း အစုံရှိတယ်ကွ၊ မတော် ပြန်စစ်ကြည့်လိုက်ရင် မင်း အစိုရောင်းပစ်တာ မပေါ်ပေဘူးလား'

တထုံး ပြတ်သည်နှင့် သာရက အစင်းရပ်လိုက်သည်။ ပြီးမှ ထ၍ ပြန်ဖြေသည်။

'အစိုရောင်းတာ မရောင်းရဘူးလားဗျာ၊ကျုပ်မှောင်ခိုရောင်းပစ်တာမှ မဟုတ်ဖဲ၊ လူတွေစားဘို့ ရောင်းတဲ့ကိစ္စဘဲ၊ ကျုပ်မှာ ဘာအပြစ် ရှိနိုင်အုံးမှာလဲ'

'မဟုတ်ဖူးလေကွာ၊ ဒို့ရွာက ဖြေလိုက်တဲ့ အထွက်နှုန်းဟာ တခြားရွာတွေက ဖြေကြတာနဲ့ မတူချင် နေပသေ့စေ၊ ဒီအချင်းအချင်းတော့ တူဘို့လိုတယ် မဟုတ်လားလို့'

'နို့ စောစောက ပြောမှမထားဘဲ၊ အားလုံးက ဘယ်နှုန်းနဲ့ တွက်ဖြေလိုက်ကြလို့လဲ'

'ခြောက်တင်း ခုနစ်တင်းနှုန်းပေါ့ဟ'

'အမှန်ဓမ္မစစ်က သည်လောက်မှ မကာဘဲ'

'ဒါကတော့ သည်လို လျှော့ပြောရဘာပေါ့ဟ၊ အစိုးရ ဆိုတာ'

'သည့်လိုဆို ကျုပ်က လေးတင်း ငါးတင်းနှုန်း ကျသွားတာ
ပါ'

'အဲဒါပြောတာပေါ့၊ အတွက်မတတ်ဖူး၊ အရမ်းပြောလိုက်
ယ်ဆိုတာ'

'အမယ်လေး ကိုဂျပန်ရာ၊ ဒါလောက်လဲ ပူမနေစမ်းပါနဲ့၊
တို့မြို့ကလူတွေလဲ ဘယ်လောက်ထွက်တတ်တယ်ဆိုတာ အတိ
ကျမသိပါဘူး၊ ဒါမျိုးဆိုတာကလဲ အတိအကျပြောလို့ မရပါ
ဘူး၊ ရေမြေလိုက်လို့ပါ'

'မထင်နဲ့ သာရ၊မထင်နဲ့'

'သူတို့ကိုယ်တိုင် ကွင်းထဲဆင်းရိတ်ကြည့်၊ အစေ့ချွေကြည့်
ယ်ဆိုရင်တော့ သိမှာပေါ့လေ၊ ဒါပေသိ သည့်လိုလဲ ဘယ်
ပင်ပန်းခံ လုပ်လိမ့်မတုန်း'

'ဒါ အရင်တုန်းက ခေတ်မဟုတ်ဖူး သာရ၊ မြေတိုင်းစာရေး
ပြောနဲ့၊ ဝန်ထောက်တောင် ဆင်းနေရတဲ့ခေတ်၊ မင်းလဲသိသား
တနေ့ မလုပ်ဖူး မပြောနိုင်ဘူး'

'အဲဒါဖြင့် ဘာလို့ လျှော့ပြောနေကြဲသေးသလဲဗျ၊ ကျုပ်
ိုဘဲ အမှန်အတိုင်းပြောလိုက်ကြပါလား'

'ခက်ပါ့ကော သာရရာ၊ မင်းအတော် နားဝေးတဲ့ကောင်ဘဲ'

'ဘာဗျ'

'အမှန်အတိုင်း ပြောလိုက်ပြန်တော့လဲ တပြေလုံးနဲ့ ဒို့နဲ့က
ဲ့နေအုံးမှာကိုးကွ၊ သည်တော့ ဒို့ကဘဲလိမ်ပြောတယ် ထင်ခံရ
ုံးမယ်၊ ပြီးတော့ ဒို့ကို တောင်သူ့သစ္စာဖောက် အဖြစ်နဲ့ ရွာ
ကာက ငြိုငြင်လာကြမယ်'

(၁၈၈) မောင်သာရရဲ့ စီးပလေစေ မောင်မသုတ်နဲ့

'အိုဗျာ....ဂရုစိုက်လို့၊မြေကြီး ကိုယ့်ဖာသာကိုယ်နှိုက်မှ ကိုယ့်ဖာသာကိုစားရတာ'

'အေး....မင်းကတော့ ငယ်တုန်းကိုး'

သာရက တဖက်၊ ဂျပန်နှင့်ချစ်များကတဖက်၊ စကားနိုင်လု၍နေကြ၏။အရီးလေးဆယ့်စိတ်ထဲ၌မူ သူ့သားအငယ်ကိုချီးမွမ်း၍နေမိသည်။

# (၁၃)

ပြော၍ ကောင်းသည်လည်း ရှိသည်။ ပြော၍ မကောင်းသည်လည်း ရှိသည်။ ကိုယ်ကတော့ စေတနာ။ သို့သော်သူကဝေဒနာ ထင်လာလျှင် ခက်မည်။

စင်စစ် ဘကြီးစံဘသည် ဒုက္ခိတလည်း မဟုတ်။ အသက်ခြောက်ဆယ် ကျော်ပြီဆိုပေမည့် သန်သန်မာမာကြီးလည်း ရှိသေးသည်။

ပြီးတော့ သားတယောက်ရှိသည်။ အရွယ်လည်း ရောက်ပြီ။ သူတို့၏ရှောက်ခြံကို သားအဖနှစ်ယောက် လုပ်ကိုင်နေကြသည်။ အပ်ကို ဦးပဲ့ထမ်း၍ နေကြသည်။

ဘကြီးစံဘ၏ ရှောက်ခြံတွင် အပင် ခြောက်ရာကျော် ရှိသည်။ သုံးပုံတပုံခန့်က အသီးသီးကြဲပြီ။

ရှောက်ခြံဆိုသည်က စင်စစ် နှစ်ရှည်သီးနှံပင်။ ရာသီစိုက်သီးနှံကဲ့သို့ နေ့စဉ် ကြည့်ရှု စောင့်ရှောက် နေရသည် မဟုတ်။ ပင်ခြေရှင်းသည်တို့၊ အောက်လက် သင်သည်တို့၊ ပင်ခြေမြေဖို့ပေးသည်တို့၊ မြေသြဇာကျွေးသည်တို့၊ ပိုးသတ်ဆေးဖျန်းသည်တို့၊ ဆိုသည်က တနှစ်မှတခါ နှစ်ခါသာ လုပ်ပေးဘို့ လိုသည်။

ပြီးတော့ ဘကြီးစံဘသည် သူ့ရှောက်ခြံပတ်လည်မှာ ခါးဝက်ခန့် တာဖို့၍ထားသည်။ တော်ရုံတန်ရုံ ရေကြီးသည့်နှစ်ဆိုလျှင် ခြံထဲသို့ ရေမဝင်။ ရေပြန်ထုတ်စရာ အလုပ်မရှိ။ တာကိုကျော်သည့်ရေဆိုလျှင်လည်း ရေလွှဲပေါက် လုပ်ထားသည်။

ထို့ကြောင့်လည်း ဘကြီးစံဘတို့ သားအဖမှာ သူတကာနှယ် အလုပ်မများတတ်။ သည်အထဲ တယောက်နှင့် ပြီးနိုင်သည့် အလုပ်ကို သားအဖနှစ်ယောက် လုပ်ကြသည်။

အစကတော့ရှောက်ခြံသည်သုံးကေခန့်ဘဲရှိလိမ့်မည်ထင်သည်။ နောင်တော့ ဘကြီးစံဘသည် ခြံနှင့်ဆက်နေသော လယ်ကွက်တို့ကို ကြေးကြီးပေး၍ ဝယ်ခဲ့သည်။ အချို့ကိုလည်း သူပိုင်လယ်နှင့် လယ်ကွက်ချင်း အလိုက်ပေး၍လဲခဲ့သည်။ ဘကြီးစံဘ ကံကောင်း

သည်ဟု ဆိုနိုင်၏။ သည်တော်လှန်ရေး အစိုးရခေတ် မတိုင်မီ ကတည်းက လယ်မှသည် ခြံဖြစ်၍လာခဲ့သည်။ အလွဲအပြောင်း လုပ်ခဲ့သည်။

ယခုလည်း သူ့မှာကျန်နေသည့် ခြောက်ကေသာသာ လယ် ကွက်ကို ခြံအဖြစ် ပြောင်း၍စိုက်ချင်သည်။ သို့သော် ဥပဒေက ပြောင်းခွင့်မပြု။ မြေယာကော်မီတီက ပြောင်းခွင့်မပြု။

သည်တော့ ယခုမှ လူကြီးဖြစ်လာသည့် ချစ်များတို့ ဂျပန် တို့ကို ဘကြီးစံဘက ငြိုငြင်သည်။နားလည်မှုမရှိ၊အာဏာပြသည် ဟူ၍လည်း ကွယ်ရာမှာ အပြစ်ပြောလာသည်။

အစည်းအဝေးခေါ်သည်။ဘကြီးစံဘ ဘယ်ခါမျှမတက်လှာ။ ရပ်ရေးရွာရေး ဆွေးနွေးသည်။ တဦးတယောက်ချင်းအတွက်သာ ဆိုလျှင် ဘကြီးစံဘ ကူညီသည်။ ကော်မီတီလူ ပါလာလျှင် တော့ ဘကြီးစံဘ ခေါင်းခါမြဲ။

ထို့ကြောင့်လည်း သူ့လယ် ခြောက်ကေနှင့် ပတ်သက်၍ စိမ်ကိန်းဝင် သီးနှံစိုက်ပျိုးဘို့ကို ဘယ်တော့မျှ မပြောမရ။ တသီးဘဲစိုက်သည်။ လယ်ဘဲလုပ်သည်။

သားက သည်လယ်ကိုလုပ်သည်။ ဝမ်းစာအတွက်သာ လုပ် သည်။ ပို၍လည်း မလုပ်။ ရောင်းလည်း မရောင်း။

ဘဒွေးထွန်းအု သည် ငယ်စဉ်က ဘကြီးစံဘ၏ သူရင်းငှား။ ဘကြီးစံဘ၏အိမ်မှာဘဲ နေရသည်။ နောက် ကြီးပြင်း၍ အိမ် ထောင်နှင့် ဖြစ်လာတော့ အိမ်ခွဲသည်။ လယ်တကွက် လက်ဖွဲ့ သည်။ နွားကို စပါးပေးနှင့် ငှားသည်။

## (၁၉၂) မောင်သာရရဲ့ စီးပလေစေ မောင်မသုတ်နဲ့

ယခုထက်တိုင်လည်း ဘကြီးစံဘ၏ နှစ်ကေသာသာ လယ်တကွက်ကို သီးစားခနှင့် လုပ်ပေးနေရဆဲ ဖြစ်သည်။

သီးစားခသာဆိုသည်။ ထွက်သမျှ၏ ထက်ဝက်ကျော်ကျော်ကို ပေးအပ်နေရသည်။ သို့မှလည်း ကြည်ဖြူသည်။

လယ်လုပ်သူ လယ်လုပ်ပိုင်ခွင့် ရှိရမည်ဟု တော်လှန်ရေးအစိုးရက မူချသည်။ လက်ရှိလက်ငုတ် မပြုတ်စေရဟု ဥပဒေပြဋ္ဌာန်းပေးသည်။

'မှတ်ပုံတင်ကြ' ဆိုတော့ ဘဒွေးထွန်းအုံ သည်တော်တော်နှင့် မှတ်ပုံလာမတင်။ မှတ်ပုံတင်သည် ဆိုသည်က စင်စစ် ခက်ခဲသည် မဟုတ်။ ကိုရင်အောင်ဘ၏ အိမ်သို့ ဝင်လိုက်၍၊ လက်ရှိ လုပ်နေသည့် အကွက်တို့ကို နှုတ်နှင့် ပြောပြလိုက်ရုံဘဲ ဖြစ်သည်။

သို့တိုင် တော်တော်နှင့် မလာ။ ဘကြီးစံဘ၏ လယ်တကွက်ကို သူ့အထဲထည့်၍ မှတ်ပုံမတင်ချင်။ သည်လယ်ကွက်ကို လုပ်လာခဲ့သည်ကလည်း သူ့သား ငဆောင်း၏ တသက်ပင် ရှိရော့မည်။ ငဆောင်း၏ အသက်ပင်လျှင်လည်း နှစ်ဆယ်ထဲ ဝင်ခဲ့ပြီ။ သည်တော့ သူ့လက်ရှိလက်ငုတ်ဆိုသည်ကို ငြင်း၍မရနိုင်။

မြေယာကော်မီတီတို့နှင့် သူ အငြင်းမပွားချင်။ တဖက်က ဘကြီးစံဘအနေနှင့် ငြိုငြင်မှာကိုလည်း သူကြောက်သည်။

သူ့စိတ်ထဲမှာက ဘကြီးစံဘသည် သူ့မိဘ။ သူ့ကျေးဇူးရှင်။ ကျေးဇူးရှင်ကို ကျေးမစွပ်ကောင်း။ မိဘအပေါ် သစ္စာမပျက်ကောင်း။ သည်ဘဝမှာဆင်းရဲရပြီ။ မတတ်နိုင်။ နောင်ဘဝမှာ မဆင်းရဲရဘို့က အရေးကြီးသည်။ သည်ဘဝမှာ စိတ်ကောင်း

ရှိပါမှ၊ သစ္စာရှိပါမှ နောက်ဘဝ ကောင်းမည်ဟု သူယုံကြည်ထားသည်။

ခက်သည်က သီးစားခ မပေးလျှင် ညစ်သည်ဟု သူထင်၏။ ထို့ကြောင့် သူ့အနေနှင့်တော့ မညစ်ချင်။

ချစ်မျှားတို့ ဂျပန်တို့ ကိုရင်အောင်ဘတို့ ကိုရွှေအိုးတို့က သူ့အပေါ် ကောင်းကြသည်၊ စေတနာ ထားကြသည်ဟူ၍တော့ သူသိသည်။ သူတို့ကတဆင့် ပြောပြကြ၍လည်း သည်အစိုးရ၏စေတနာကို သူနားလည်ရသည်။ ကျေးဇူးလည်း တင်မိသည်။

သို့သော် အစိုးရကိုယ်တိုင်က ဆင်းရဲသားဘက်က လိုက်၍ညစ်ပေးနေသည်ဟု သူယုံကြည်ထားသည်။

အစိုးရအနေနှင့် ညစ်ချင်ညစ်၊ သူ မညစ်နိုင်။ အစိုးရက သံသရာကို မကြောက်သော်လည်း၊ သူကတော့ ကြောက်သည်။

'ဘဒွေးထွန်းအုံ အဲသလို လက်သိပ်ထိုးပြီး သီးစားခ ပေးနေတာ အပြစ်မရှိဘူးလို့များ ထင်နေသလား၊ အဲဒါ ဥပဒေကို ချိုးဖောက်နေတာ၊ အစိုးရရဲ့ ဥပဒေကို ပျက်စီးရာ ပျက်စီးကြောင်း လုပ်နေတာ၊ အဲဒါ အရေးယူလို့ ရတယ်ဗျ၊ ဘာမှတ်သလဲ'

တခါက ဂျပန်သည် ကရုဏာဒေါသောနှင့် ပြောပြခဲ့မိသည်။

သည်တော့လည်း ဘဒွေးထွန်းအုံ အကြောက်သား။ ဂျပန့်ကို တောင်းပန်သည်။ ကိုယ့်ထက်ငယ်သူကိုပင် ရှိခိုးမည်ကြံသေးသည်။ ပြီးတော့ ကိုရင်အောင်ဘထံ ချဉ်းကပ်၍၊

ဂျပန့်ကို ထိန်းပေးဘို့၊ မတိုင်ကြားဘို့၊ စိတ်မဆိုးဘို့ ပြောပေးပါရန် ပူဆာသည်။

ခက်တော့လည်း ခက်သည်။

ကိုယ့်အကြောင်း ကိုယ်သိ၏။ ကိုယ့်ရွာအကြောင်းကိုသိ၏။ ကိုယ့်ရွာသားတို့အကြောင်း ကိုယ်ပို၍သိသည်။

မလွယ်၊ ဘဒွေးထွန်းအုံကို ဘယ်ပုံ ဘယ်နည်းနှင့် ဘယ်သို့မျှ လှည့်ပြော၍ မရတော့။ ဘဒွေးထွန်းအုံသည် စကားကို နားလည်သည်။ အဓိပ္ပာယ်ကို နားလည်သည်။ စေတနာကိုလည်း နားလည်သည်။ သို့သော် သဘောတရားကိုကား နားမလည်နိုင်။ ဘဒွေးထွန်းအုံ၏ အစွဲသည် ဘယ်နည်းနှင့်ချွတ်ချွတ် မကျွတ်နိုင်တော့ပြီ။

သူလုပ်လာသော ဘကြီးစံဘ၏ လယ်တကွက်ကို သူ့လက်ရှိ လက်ငုတ်အဖြစ် မှတ်ပုံတင်ရတော့မည် ဆိုတော့၊ ဘဒွေးထွန်းအုံသည် ဘကြီးစံဘကို ပထမ သွား၍ပြောသေးသည်။ မြေယာကော်မီတီတို့က အတင်းအကြပ် တောင်းဆိုနေ၍သာ သူ့လုပ်ပိုင်ခွင့်အဖြစ် မှတ်ပုံတင်ရမည် ဖြစ်ကြောင်း တောင်းပန်၍ ပြောပြသည်။ နောက်ဆုံး ဘကြီးစံဘ ကိုယ်တိုင်က ခွင့်ပြုလိုက်တော့မှပင် သူလာ၍ မှတ်ပုံတင်ခဲ့သည်။

သို့သော် သီးစားခကိုမူ ပေးမြဲ ဆက်၍ ပေးပါမည်ဟူ၍ သူကတိပြုခဲ့သည်။ ပေးမြဲလည်း ဆက်ပေးခဲ့သည်။

ဘကြီးစံဘခွင့်ပြုလိုက်စဉ်ကကြည်ကြည်ဖြူဖြူ၊လွယ်လွယ်ကူကူ ရှိသည်နှင့် ပတ်သက်၍လည်း၊ ဘဒွေးထွန်းအုံသည် ပြောမဆုံး ဖြစ်ခဲ့သည်။ ဘကြီးစံဘသည် သူ့အပေါ်မှာ

ကောင်းခဲ့သည်၊ ရက်ရက်ရောရော ရှိခဲ့သည်၊ စိုးစဉ်းမျှ အနှမြော မရှိ၊ တရားပြည့်ဘိသည်၊ ဘုရားဆုပန် ရင့်မကြီး ဖြစ်ဘိသည် စသည် စသည်ဖြင့်ပင်လျှင် လူတကာကြုံတိုင်း ပြောပြသည်။

အမှန်က ဘကြီးစံဘသည် လည်သည်။ ဥပဒေကို မြင်သည်။ ဥပဒေကို ဆန့်ကျင်ဘက် မပြုရဲ။ သူက ခွင့်မပြုဘဲ ထားရုံလည်း မရ။ သည်လယ်တကွက်ကို ဘဒွေးထွန်းအို လုပ်လာခဲ့သည့်နှစ်ပေါင်းသည် သံမဏိ ရှည်လှပြီ။ထို့ကြောင့် ခွင့်မပြုနိုင်ဟု ငြင်းသည့်တိုင် သူ ပြန်ရလိမ့်မည် မဟုတ်။ ထို့ကြောင့် လာပြောသည်တွင် ကြည်ကြည်ဖြူဖြူ လွယ်လွယ် ကူကူ ပေးလိုက်သည်။

သည်အခြေအနေကို အပြည့်အစုံ ရှင်းပြပြန်တော့လည်း ဘဒွေးထွန်းအို နားမလည်။ခေါင်းတော့ ညိတ်ပါ၏။လက်မခံ။

ထို့ကြောင့်လည်း ဘယ်သူက တားတား သီးစားခကိုမူ ပေးမြဲပေးခဲ့သည်။

ထို့ကြောင့်လည်း သီးစားခပြဿနာနှင့် ပတ်သက်၍ စကားစပ်မိစပ်ရာ ပြောဆိုဆွေးနွေးဖြစ်ကြတိုင်း အဖေသည် ဘဒွေးထွန်းအိုကို သတိတရ နာမည်ဖော်၍ ပြောတတ်သည်။ ဘဒွေးထွန်းအိုအတွက် ညည်းတတ်နာတတ်သည်။

အဖေနှင့် ဘဒွေး ထွန်းအိုသည် ငယ်စဉ်ကလည်း တယောက်နှင့်တယောက် သာမန်ထက် ပို၍ ခင်တွယ်ရင်းနှီးခဲ့ကြဟန် ရှိသည်။ ရွယ်တူချင်း တရွာထဲသားချင်းမို့ သာမန် ခင်တွယ်ရင်းနှီးသည့် သဘောမျိုး မဟုတ်။ တယောက်နှင့်

## (၁၉၆) မောင်သာရရဲ့ စီးပလေစေ မောင်မသုတ်နဲ့

တယောက် နာမည်ခေါ်ကြသည်ကိုက ထွန်းအုံ့ဟု အောင်ဘဟု ခေါ်ကြသည် မဟုတ်။ အဖေကလည်း ဘဒွေးထွန်းအုံ့ကို 'ငအုံ့'ဟူ၍သာ ခေါ်သည်။ ဘဒွေးထွန်းအုံ့ကလည်း အဖေ့ကို 'ငဘ'သာ ခေါ်သည်။

ယခုလည်း ပြောမရနိုင်၍သာ ဥပေက္ခာပြုရသည်။ ဘဒွေးထွန်းအုံ့တို့ ကြပ်တည်းဆင်းရဲရသည်ကို အဖေ မကြည့်မမြင်ချင်။ သည့်အတွက် အဖေ စိတ်မကောင်း။

ယခု ငဆောင်းကလည်း လာပြန်ပြီ။

ငဆောင်းကလည်း သူ့အဖေ့နည်းတူ ဘကြီးစံဘ၏ ကျေးဇူးက သူတို့မိသားစုအပေါ်မှာ တောင်နှယ်မောက်နေသည်ဟု ဆိုလေပြီ။

မိုးသီ ငိုသာ ငိုပစ်လိုက်ချင်၏။ သို့မဟုတ် မိုးသီ ရယ်သာ ရယ်ပစ်လိုက်ချင်၏။

မိုးသီကတော့ စေတနာနှင့် ပြောရသည်။ ငဆောင်းတို့ မိသားစု ဆင်းရဲကြပ်တည်းရသည်ကို မိုးသီလည်း မကြည့်ရက်။ မကြည့်ချင်။ လွတ်မြောက်ရေးလမ်းစ မရှိတော့၍ သည်နှယ် ဆင်းရဲကြပ်တည်း ရသည်ဆိုလျှင် မိုးသီလည်း မပြောသာ။ မပြောပိုင်။

သို့သော် ယခုပြဿနာက အလွယ်ကလေးနှင့် ပြီးနိုင်သည်။ ငှက်ပျောသီးကို အခွံ့နွာရသည်မျှပင်လျှင် မခက်ခဲ။ အစိုးရနှင့် ဥပဒေကို လွှဲချလိုက်ရုံဘဲ။ ဘယ်သူကမှ သစ္စာမဲ့သည်၊ ကျေးဇူးကန်းသည်၊ မတရားလုပ်သည်ဟု ပြောကြမည် မဟုတ်။ ပြောသာမည် မဟုတ်။

သို့သော် ငဆောင်းကလည်း ဘကြီးစံဘ၏နွားအုပ်ကို ကျောင်းပေးရသည်နှင့်။ သောက်ရေဆိုင်းထမ်းကို ထမ်းပေးရသည်နှင့်။ မြို့ပေါ်မှပွဲရုံသို့ ရှောက်သီးပို့ သွားရာတွင်လည်း အကူလိုက်ပေးရသည်နှင့်။ ကျွန်ကဲ့သို့ လုပ်နေရသည်ကိုပင် ပျော်ရွှင်နေသည်လော မသိ။

ယခုလည်း မိုးသီ၏ မှိုကျင်းအနားသို့ ရောက်လာကာ၊ ပထမတော့ ရှာ၍ ခူးပေးသည်။ ထို့နောက် အရမျှားသည်ကို အကြောင်းပြု၍ သူ့ဘိုပါ တောင်းသည်။

'အမျှားကြီးရယ်နော်'

'အေး'

'ငါ့လဲ တဝက်လောက်တော့ ပေးအုံးဟယ်'

'အမယ် တဝက်ကြီးတောင်တော့ ပေးနိုင်ပေါင်၊ နင်တို့ စားဘို့ဘဲ ပေးမယ်'

'လုပ်ပါဟယ်၊ မိုးသီက လိမ္မာသားနဲ့'

'တဝက်လောက်တောင် အမျှားကြီး၊ နင် ဘာလုပ်ဖို့လဲ'

မှန်သည်။ ရသမျှမှို၏ တဝက်ခန့်ဆိုသည်ကိုက ပြည်တောင်းတတောင်းစာခန့် ရှိလိမ့်မည်။ တအိုးစာ တခါချက်အတွက်၊ သူထုံးစံ ကန်စွန်းရွက်နှင့် ရောချက်လျှင် ဆယ်ပွင့်သည် အနေတော်ရှိမည်။ သို့စဉ်လျက် အဘယ့်ကြောင့် ပိုတောင်းရသနည်း။

စင်စစ် ကောက်ကြီးတက်ကတည်းက ရိုက်ဖတ်ကျန် ကောက်ရိုးမှိုက်တို့ကို မိုးသီ စုံဆောင်းခဲ့ရသည်။ အပေက

ကောက်ဆွနှင့် ခါဆွ၍ တနေရာမှာ ပုံသည်။ စပါးရောင်းသွားလျှင် လှည်းပေါ်မှာ ခင်းရမည်။ နောင်နှစ်ခါ မိုးဦးကျမှာ လယ်ထဲချ၍ မီးရှို့ရမည်။ ကြက်သွန်စေ့ပျိုးနှင့် ပဲပျိုးအချို့၌ ပျိုးဘောင်မှာ ပျိုးစေ့ကာကွယ်ရေးအတွက် ဖြန့်၍ဖုံးရမည်။ အခိုက်အတန့်အားဖြင့်လည်း နွားကျွေး၍ ရသေးသည်။ သည်တော့ သည်ကောက်ရိုးမျှင် ကောက်ရိုးမှိုက်တို့သည် အလဟဿမဟုတ်။ အသုံးမကျသည် မဟုတ်။

သိပေမည့် မိုးသီနားလည်ထားသည်က သူလည်းဖျက်ဆီးပစ်နေသည် မဟုတ်။ အသုံးချနေခြင်း ဖြစ်သည်။ ထို့ပြင် အဖေက သူ့ကို ချစ်သည်၊ အလိုလိုက်သည်ဟု မိုးသီနားလည်သည်။သည်တော့အမှိုက်အမှုံကိုသာယူသယောင်ယောင်နှင့် တပွေ့ပြီးတပွေ့ သယ်ခဲ့သည်။ တပိုက်ပြီးတပိုက် သဲ့ခဲ့သည်။

အဖေက တလင်းစပ်မှာ ပုံသည်။ မိုးသီက စည်းရိုးထောင့်မှာ ဖြန့်ပြီးတော့ ရေဖျန်းသည်။ သို့နှင့် တနွေပစ်၍ထားလိုက်သည်။ ထို့နောက် မိုးသို့ ရောက်လာသည်။ တနှစ်နှင့်တော့ သိပ်မဖြစ်ချင်သေး။ နှစ်နှစ်ဆိုလျှင်တော့ဖြစ်ပြီ။ အလွှာကြား အချပ်ကြားမှ မှိုငုံမှိုပွင့်တို့ ပြူထွက်၍လာကြသည်။

ယခု နှစ်နှစ်သားမှိုကျင်းသည် အောင်လေပြီ။

မိုးသီသည် ဘယ်သူ့ကိုမှ မပြောသေး။ မပြသေး။ သူ့ဖာသာသူ စိတ်တိတ်ကလေး ခူးဦးမည်။ ပြီးမှ အမေ့ကို

ပြမည်။ ကိုယ်လုပ်ထားခဲ့သည့် မှုကျင်းမှ မှုရ၍ထက် အမေ သဘောကျကျေနပ်မည်ကို တွေးမိကာ မိုးသီပျော်မြူးသည်။

ထိုအခိုက် ဘာသားချော ရောက်လာသည်။

'မြင်လဲ မြင်တတ်ပါ့ဘော်၊ ဒါမျိုးကျတော့ ....' စိတ်ထဲက မျက်စောင်းခဲ့လိုက်သည်။

ဟော....ယခု တောင်းရှုပင် နေပြန်ပြီ။

တောင်းသည်ကလည်း နည်းနည်းမဟုတ်။ မြို့မှာသာ သွားရောင်းနိုင်မည်ဆိုလျှင် အနည်းဆုံး နှစ်ကျပ်ဖိုးခန့်တော့ ရှိမည်။ ထို့ကြောင့် သည်မျှတော့ မပေးချင်။ မိုးသီ နှမြော သည်။

သို့သော် စဉ်းစားကြည့်မိပြန်တော့လည်း မိုးသီ သနား သည် တအိုးစာ တခါချက်တော့ ဆုတ်၍ပေးလိုက်မည် စိတ်ကူးသည်။

'တခက်လောက်တောင် အများကြီး၊ နင် ဘာလုပ် ဖို့လဲ'

မှန်သည်။ မေးရပေလိမ့်မည်။ ပေးရမည့်သူအနေနှင့် မေးပိုင်ခွင့်တော့ ရှိရပေလိမ့်မည်။

အိမ်မှာ ချက်စားဘို့အတွက်ချည့် တောင်းသည်တော့ မဟုတ်တန်ရာ။ သူ ဘာလုပ်မည်နည်း။ အိမ်နားနီးချင်းကိုပင် ရောင်းမည် ကြံသည်လော။ သည်သို့လည်း မဖြစ်နိုင်။ သူ့မှာ ကျင်း မရှိ။ သည်အလုပ်က ယောကျ်ားကလေးတယောက်၏ အလုပ်လည်း မဟုတ်။ ဘယ်ကမှုကျင်း ခိုးခူးလာသည် မသိ ရှု၍ပင် သူခိုးရိုးခံရလိမ့်ဦးမည်။

သို့ဆိုလျှင် ဘာလုပ်ဖို့ သည်မျှမျှားမျှား တောင်းသနည်း။

သို့သော် ငဆောင်း မဖြေ။

မဖြေတတ်၍၊ မဖြေချင်၍တော့ မဟုတ်။ ဖြေလျှင်လည်း အပိုပင်ဖြစ်မည်ကို ငဆောင်း ကြိုသိသည်။ ကာရန်မသင့်လျှင် အဆဲပင် ခံချင်ခံရပေလိမ့်ဦးမည်။

အမှန်တော့ မိုးသီကလည်း သိသည်ပင်။

ကောင်းပေ့ ညွန့်ပေ့ ဆိုသည့် စားဦးစားဖျားသာဆိုလျှင် ငဆောင်း၏စိတ်ကလည်း ဘကြီးစံဘ၏အိမ်သို့ မျက်နှာလုပ်၍ ပို့ချင်သည်။ 'ငါ့မြေး ငဆောင်းက သိတတ်တယ်၊ တော်တယ်....'ဟု ချီးမွမ်းသည့်အသံမှာ ငဆောင်းသာယာသည်။

ငဆောင်း၏ နေရာက တွေးကြည့်ပြန်တော့လည်း ငဆောင်း မှန်သည်ပင်။ ကိုယ့်အိမ်မှာက ရံဖန်ရံခါ ဟင်းမရှိ။ ဆန်နှင့်ကုလားပဲခြမ်းကို ရောချက်ပြီး၊ ဆီပင် မဆမ်းရဘဲ ဆားနှင့်ချည့် ဆုပ်၍စားရသည် ကလည်း အကြိမ်ကြိမ်။ သည်သို့သောအခါမျိုးမှာ ဘကြီးစံဘ၏အိမ်က ဟင်းကြွင်းဟင်းကျန်သည် နတ်သုဒ္ဓါပင် ဖြစ်တော့သည်။ ဟင်းကြွင်းဟင်းကျန် စောင့်၍တောင်းရသည်။ ယုတ်စွအဆုံး၊ ဟင်းမကျန်တော့ဘူးဆိုသည့်တိုင် အိုးကိုလူး၍ စားခွင့်ပြုလျှင်ပင် မဆိုး။ ဆီကလေး၊ ပျားကလေး ဟင်းနံ့ဟင်းချေးကလေး ပါသေးသည်။

သည်တော့ ငဆောင်းအနေနှင့်ပေးချင်မည်ဆိုလျှင်လည်း ပေးချင်ပေလိမ့်မည်။

ဤသည်ကို မိုးသီကလည်း ရိပ်မိသည်။

သို့သော် ငဆောင်းတို့ကိုသာ မိုးသီသဒ္ဒါသည်။ ဘကြီးစံဘတို့ကိုတော့ မသဒ္ဒါ။သူ့ငွေးကို ကြေးပသည့် အဖြစ်သို့လည်း မရောက်ချင်။

သို့သော် ခက်သည်က ငဆောင်း။

ငဆောင်းနှင့် မိုးသီကလည်း အဖေချင်း ခင်သကဲ့သို့ သာမန်ထက် ပို၍ခင်ကြသည်။ ငယ်ကတည်းကလည်း ကစားဘက်။ ရန်ဖြစ်ဖက်။ မိုးသီ ငုံ့ကိုက်ထားခဲ့သည့် ငဆောင်း၏ ပခုံးစွန်းမှ ဒဏ်ရာသည် ယနေ့ထက်တိုင် အနာရွတ် ရှိသေးသည်။

ငဆောင်းသည် မိုးသီနှင့် ကစားရာ၌ အင်မတန် သည်းခံသည်။ ရံဖန်ရံခါ စိတ်ဆိုးပေမည့်လည်း ကြာရှည်ကြီး မခေါ်ဘဲမနေ။ မိုးသီက လွန်ပေမည့် သူက စ၍ပြန်ခေါ်သည်။

ပြီးတော့ ငယ်ငယ်တုန်းက နှစ်ယောက် ဖက်စပ် ထန်းပင်မြစ်စိုက်ခဲ့ကြဘူးသည်။ မိုးသီတို့အိမ်ဝင်းက ကျယ်တော့ တနေ့ရာတွင် ရိုင်လိပ်ဟောင်းကို နံရံလုပ်၍ မြေဖို့ခဲ့ကြသည်။ မြေကို ငဆောင်းက ပေါက်ပေးသည်။ မိုးသီက သယ်ဖို့သည်။ ထန်းပင်မြစ်တထောက်စာခန့် မောက်လာသည်အထိဖို့ ကြသည်။ ထို့နောက်ကောက်၍ စုထားခဲ့ကြသော ထန်းစေ့တို့ကိုအတန်းလိုက် မြှောက်စိုက်သည်။ ထို့နောက် မြေထပ်၍ ဖို့သည်။

(တတိယအကြိမ်)

## (၂၀၂) မောင်သာရရဲ့ စီးပလေစေ မောင်မသုတ်နဲ့

ထို့နောက် အပေါ်မြေသိပ် တရေလောင်း၍ စောင့်ဆိုင်း နေခဲ့သည်။

မိုး ကျော်လာပြီ။ ဆောင်းသို့ ရောက် လာ သည်။ ထန်းပင်မြစ်များကို ဘေးမှ ဖို၍ဖို၍ နုတ်ကြသည်။ သက်သက် သာသာနှင့် ထန်းပင်မြစ်တထောင်ခန့် ရခဲ့သည်။ ရောင်း၍ပင် ယူရသည်။

ထိုစဉ်ကလည်း တယောက်တဝက် ခွဲ၍ယူကြသည်။

မှန်သည်။ ပျော်ရတော့လည်း အတူတူ။ ငိုရတော့လည်း အတူတူ။

ဘာမျှ မကြာသေး။ ကုန်ခဲ့သည့် သုံးနှစ်က ဖြစ်သည်။ အရီးလေး ပန်းအိ၏ ကုလားပဲခင်းထဲမှ ကုလားပဲပင် တချို့ကို သူတို့နှစ်ယောက် ခိုး၍ နုတ်ကြသည်။ ပြီးတော့ ယာအစပ်မှာ ကောက်ရိုးမီးနှင့် အရွက်စိမ်းများ ကြွေသည်အထိမွှိုက်ကြသည်။ ပြီးတော့ ကုလားပဲစေ့ အကျက်များ ပဲလှော်ဆိုပြီးစားကြသည်။ အဖေက သည်တခါ ပြင်းပြင်းထန်ထန် ဆူပစ်သည်။ အမေ ကတော့ ထမ်းပိုးကြီးနှင့်ကို တင်ပါးကို တအား ရိုက်ပစ်သည်။ ခွေ၍ပင် လဲကျခဲ့ရသည်။

အစားကလည်း သူတို့နှစ်ယောက်က ပက်စက်ခဲ့သည်ပင်။ ငတ်စရာမရှိ ကြံဖန်ငတ်၍ ကြက်သွန်ဥကိုခိုးပြီး မီးဖုတ်စား လား စားကြသည်။ မန်ကျည်းစေ့ကိုပေမည့်လည်း အိုးကင်းပဲ့နှင့် ခိုးလှော်ကာ တတောက်တောက် ဝါးချင် ဝါးနေတတ် ကြသည်။

သူများတကာ ခြံထဲမှာ စဥ့်အိုးနှင့်မြုပ်၍အုပ်ထားသည့် ငှက်ပျောသီးကို ခိုးစားသည်ကတော့ သူတို့အဖို့ ရိုးလေပြီ။

ချောင်းရေ ကျချိန်တွင် ငဆောင်းက ငါးနှိုက်သည်။ ချောင်းစပ်မှာ ဗျိုင်းကဲ့သို့ လျှောက်၍ ချောင်ကပ်နေသည့် ငါးရံ့လုံး ကလေးများကို ငဆောင်းသည် လက်နှင့်ချည့် လိုက်ဖမ်းနိုင်စွမ်း ရှိခဲ့သည်။ တခါတခါ ဆယ်ကောင်ခန့်အထိ တသီကြီးမိ၍ လာတတ်သည်။

မိလာပြီ ဆိုလျှင်တော့ ငဆောင်းသည် မိုးသီထံ ရောက်လာသည်။ အိမ်သို့ပြန်လျှင်တော့ ဟင်းစာရသည်က အကြောင်းမဟုတ်။ချောင်းထဲဆင်းသည့်အတွက် အနှက်ခံရမည်။ ထို့ကြောင့် မိုးသီနှင့် ပေါင်းသည်။ မိုးသီက အကြေးထိုး၊ ဗိုက်ခွဲ၊ ချေးထုတ်၊ ခေါင်းခုတ်ပြီး သီတံနှင့် ကင်ပေးသည်။ ငါးကင်ကို ဝေ၍ စားကြသည်။

သည်အကြောင်းတို့ကို တွေးမိပြန်တော့လည်း ငဆောင်း အတွက် မိုးသီ့မှာ မတွန့်တိုမနှောမြောသာ။ငဆောင်းကိုတဝက် ဆိုလျှင်လည်း ပေးရတော့မည်သာ။

'ဘာလုပ်ဖို့လဲလို့ မေးနေတာတော့ မဖြေဘူး'

သိပေမည့်လည်း ထပ်၍တော့ မေးလိုက်ဖြစ်သေးသည်။

'ဘာလုပ် လုပ်ပေါ့ဟ၊ နင့်ဟာကျ နင်က ဖြစ်နေ လိုက်တာ'

'မဖြစ်ပါဘူးဟယ်....နင် ဟိုအိမ်ကြီး မျက်နှာသွားလုပ် မလို့မဟုတ်လား၊ ဒါ့ကြောင့် ငါမပေးချင်တာ'

(၂၀၄) မောင်သာရရဲ့ စီးပလေစေ မောင့်မသုတ်နဲ့

'မဟုတ်ပါဘူးဟာ၊ နှင့် မယုံရင် လိုက်ကြည့်၊ အိမ်ဘို
တင်ရယ်'

'နှင့် ဘုရားစူး'

'စူး'

'နှင့် မိုးကြိုးပစ်'

'ပစ်'

'ဒါဖြင့် ရော့၊တဝက်စီ ပုံ၊နှင်တပုံယူ၊ ငါ့တပုံပေးခဲ့'

# ( ၁၄ )

PDF Creator - nyeyadhamma@gmail.com

သည်မိုးကိုနတက်မကြိုက်ချင်။။

တဖွဲဖွဲနှင့် သည်မိုး စွေလာခဲ့သည်မှာ သည်နေ့ပါနှင့် ဆိုလျှင် သုံးရက်ပင် ရှိတော့မည်။

မိုး စရွာသည့်အချိန်က ညဲ။ ညသန်းကောင်ကျော်စ အချိန်မှာ စရွာသည်။ စရွာတော့ ရေအိုးထဲကရေကို သွန်ချလိုက်သကဲ့သို့ တအားရွာချသည်။

နေ့ခင်းတိုင်က ပူထားသမျှတို့သည် ရုတ်ချည်းလျော့ကျ အေးမြလာတော့သည်။ သည်တွင် အိပ်၍ကောင်းကြသည်။

သည်နှယ် သည်းသည်း မည်းမည်း ရွာချလိုက်သော မိုးမျိုးကို နတက် မကြောက်။ သည် မိုးမျိုးသည် ရေပါ

များသည့်တိုင်၊ မိုးလည်းတိတ်၊ ရေလည်း ပျောက်တော့သည်။
ပြီးတော့ သည်မိုးမျိုးသည် ခေါင်းပေါ်မှာ ရွာသည့်မိုး။ အဝေးမှာ ရွာသည့်မိုး မဟုတ်။ ဒုက္ခမပေးတတ်။ ဒုဋ္ဌာဝတီ မြစ်ရေ လျှံတက်လာစရာလည်း အကြောင်းမရှိ။ သည်တော့ စိတ်ချလက်ချ အိပ်ကြသည်။

သို့သော် အရုဏ်တက်တော့လည်း မိုးက မတိတ်သေး။ မိုး ထိန်ထိန်လင်းတော့လည်း မရပ်သေး။ မိုးရှိန် ကျပေမည့် ဖွဲဖွဲ ဖွဲဖွဲနှင့် ဆက်၍တော့ ရွာနေချေသေးသည်။

သည်ကတည်းက မတိတ်တော့သည့် မိုး။ ဖွဲဖွဲတလှည့် သည်းသည်းတခါနှင့် စဲမင် မစဲတော့။ နေကိုပင်လျှင်လည်း လုံးဝ မြင်ခွင့်မရတော့။ သည်နေ့ပါနှင့်ဆိုလျှင် သုံးရက်ပင် ရှိတော့မည်။

သည်တော့လည်း ဥတုက ဖောက်ပြန်လာတော့သည်။ တော်သလင်းနေ ပူဇွန်မသေတော့မူ၍ ချမ်းခိုက်ခိုက် တုန်လာသည်။ သက်ကြီးရွယ်အိုတို့ အိမ်ထဲမှာ မီးလှုင်းဖို ဖိုရပြီ။ ပြာသိုဆောင်းနှယ် အေးလာပြီ။

သည်နှယ် စွေလာပြီ စိမ့်လာပြီ ဆိုတော့လည်း ခေါင်းပေါ်မှာချည့် ရွာနေသည့်မိုး မဟုတ်တော့ တန့်ရာ။ အဝေးမှာလည်း ရွာ၍နေရမည်။ အခြားမှာလည်း ရွာ၍ နေရမည်။

လောကလေးကလည်း တသွေးသွေး။

သည် မုတ်သုန် လေသည် ရှမ်း ကုန်းမြေမြင့် သို့ပါ တက်တော့မည်။ ရှမ်းတောင်တန်းတို့ မှာသာ သည်နှယ် မိုး

ရက်ဆက် ရှာမည် ဆိုလျှင် ဒုဋ္ဌာဝတီ၏ အတွက်က စိုးရိမ်ရ တတ်သည်။

ထို့ကြောင့်လည်း တရက်က နှစ်ရက်၊နှစ်ရက်က သုံးရက် ဖြစ်လာတော့ နတက်သည် ပြင်ကြဆင်ကြရလေပြီ။

နတက်သားတို့သည် ကန်သင်းရိုးတို့ မကျိုးမပေါက်ရေး နှင့် မြေဆီဩဇာတို့ ရေထဲမှာ မျှောပါမသွားရေးတို့ အတွက် အင်အားရှိသမျှ၊ အချိန်ရှိသမျှဆောင်ရွက်ကြရသည်။အိမ်ထောင် ဦးစီး ယောကျ်ားကြီးမှ မဟုတ်။ ကလေးအရွယ် လွန်လာပြီ ဆိုသမျှ ကိုယ်နိုင်ရာနိုင်ရာဝန်ကို ထမ်းဆောင်ကြရသည်။ မိုးတဖွဲဖွဲအောက်မှာ ငန်းပြားတလက် ပေါက်ပြားတလက်နှင့် တူးလိုက် ဖို့လိုက် မံ့လိုက် ဆောင့်လိုက် လုပ်ကြရတော့သည်။

အိမ်များမှာလည်း ပိုးသူက ပိုး။ ထုပ်သူက ထုပ်။ ယုတ်စွ အဆုံး အိမ်မှာမွေးထားသည့် ကြက်တို့ကိုပင်လျှင် အုပ်ဆောင်း နှင့် အုပ်၍ အဆင်သင့် ထားရပြီ။

နွားဟူသမျှကတော့ မြောက်ဖက်ကုန်းပေါ်မှာ ရောက်၍ နေကြပြီ။ ရိုက်ဖတ်စင်တို့ တင်းကုတ်တို့ကိုလည်း ကြိုးအုပ်၍ ခေါင်ချုပ်ထားရပြီ။ အိမ်ခေါင်မိုးတို့ကိုလည်း ဝါးကြက်ခြေခတ် ခေါင်အုပ်၍၊ တံစက်မြိတ်မှာ အချင်တန်းတို့နှင့် ဖမ်းတုတ် ထားရပြီ။

နွားစာကျင်းတို့ကိုလည်း ရေထဲမျောပါ မသွားနိုင်စိမ့် သောငှာ နဖားဖောက် ကြိုးလျှို၍ ထိပ်ခတ်ထားရပြီ။ မျိုး၊ ဝမ်းစာ၊ စရိတ် စသည်တို့အတွက် သိုလှောင် ထားသမျှကိုလည်း အိမ်ပေါ် ထပ်ရှိရာသို့ ပြောင်းရွှေ့ထားရပြီ။

## (၂၀၈) မောင်သာရရဲ့ စီးပလေ့စေ မောင်မသုတ်နဲ့

ထုတ်တို့ ယက်မတို့မှာ ချည်တန်သည်တို့ကို ချည်၊ စွပ်တန်သည်တို့ကို စွပ်၊ ပတ်တန်သည်တို့ကို ပတ်။ တိုင်နှင့် ကပ်ပျစ်နှင့်တွဲ၍ချည်။ တိုင်ကို တိုင်ချင်း အတွင်းတဝါး အပြင်တဝါး ကြက်ခြေခတ်ရိုက်။

စားအိုးစားခွက်တို့က တောင်းနှင့်တတောင်း အဆင်သင့်အဝတ်တို့ အိပ်ရာတို့ကို စောင်နှင့်ထုပ်။ ပုဆိုးနှင့်ထုပ်။ တပတ်စာခန့် ဆန်၊ ဆီ၊ ဆား၊ ပဲ စသည်တို့ကိုလည်း အိတ်နှင့်ထည့်။ တောင်းနှင့်ထည့်။ အသင်းဆိုင်မှ ဝယ်ထားသည့် ပလပ်စတစ်စနှင့် အုပ်တန်သည်တို့ကိုအုပ်။

နတက်သည် အမှန်တော့ပြေးဘို့ ပြင်ရပြီ။

မြောက်ဖက်ကမ်း ကုန်းပေါ်မှာက နွားတို့ထားနေကျတင်းကုတ်တို့ ကောက်ရိုးစင်တို့ ရှိနှင့်ပြီ။ မရှိနှင့်သူတို့ကလည်း ထန်းရွက်ကလေး လေးငါးဆယ်မှ အစ သစ်ကလေး ဝါးကလေးအဆင်သင့် ပုံထားပြီ။ မတော် ပြောင်းရရွေ့ရလျှင် ယာယီတဲကလေးဖြစ်ဖြစ်တော့ ထိုးရဦးမည် မဟုတ်လော။

ဘဒွေးထွန်းအုံနှင့် ရွာသားတစုသည် ထန်းခေါက်လျှော်တို့ကို အမြန်ခုတ် အမြန်သင်၍ ကိုးလွန်းတင် လွန်းကြိုးကြိုးကျစ်ကြပြီ။ လက်ရှိ ချောင်းကူးသံကြိုးနှင့် အထက်အောက်ထား၍ နောက်ထပ်တကြိုး ပစ်ကြရဦးမည်။ ချောင်းကိုဖြတ်၍ကူးရာ၌ ရေစီးသန်လွန်း၍ လက်မမြဲသော်၊ အထက်ကြိုးလွတ်လျှင် အောက်ကြိုးကို လှမ်း၍ဆွဲရမည်။ ရွာထဲမှ အကုန်မပြောင်းမိသေးမီ တကြိုးပြတ်သော် တကြိုးကျန်ရစ်မည်။

တခါက အိမ်ပါကျွတ်၍ အမျောပါခံခဲ့ရဘူးသော သူကြီးဟောင်း ဦးအောင်ဖေကလည်း ဒုတိယနေ့ကတည်းက တရွာလုံး လိုရာသုံးကြဘို့အတွက် သူ့လှေကို ရေစိမ်း၍ ကမ်းစပ်မှာ လာထားသည်။ ရွာသားတို့သည် သူ့၌နေစရာ မရှိစဉ်က ဝိုင်းကူ၍အိမ်ဆောက်ပေးကြသည်။ထို့ကြောင့်လည်း သည်တခါ ကာလမျိုး၌ သူ့လှေသည် ပုဂ္ဂလိကပိုင် မဟုတ်တော့။

ရွာ့အရှေ့ထိပ်၊ ကျွန်း၏အရှေ့ထိပ်၊ ဦးကြီးမြဲ၏တဲ သည်သုံးနေရာမှာလည်း နေ့ညမပြတ် ကင်းစောင့်နေကြသည်။ ကင်းစောင့်သည် ဆိုပေမည့် ကင်းကို အလှည့်နှင့် တာဝန်နှင့် ချထားသည် မဟုတ်။ ချစ်မြဲတို့ ဂျပန်တို့ ကိုရွှေအိုတို့ ကိုရင်အောင်ဘတို့ကလည်း လှုံ့ဆော်တိုက်တွန်းခဲ့ရသည်မဟုတ်။ တယောက်နှင့်တယောက် ရေအကြောင်း မိုးအကြောင်းပြောကြဆိုကြရင်း၊ အခြေအနေသွား၍ ကြည့်ကြရင်းနှင့် ကင်းတဲတို့မှာ လူမပြတ်ဖဲ ဖြစ်လာသည်။ ကိုယ့်အသိနှင့်ကိုယ် စောင့်၍လာကြသည်။တအုပ် ရောက်လာမှ ရောက်နှင့်နေသည့် တအုပ်က ရွာထဲသို့ ပြန်သည်။ ရေသတင်း မေးချင်မြန်းသည် သိချင်ကြည့်ချင်သူတို့ကလည်း ကင်းတဲများသို့ မကြာခဏ ရောက်ကြသည်။

ကင်းတဲတို့မှာ အစဉ် သုံးလေးယောက်တော့ ရှိ၍နေတတ်သည်။ ဘယ်သူ ကင်းစောင့်နေသည်မသိရ။ ဘယ်သူ ဘယ်အချိန်ဆိုသည့် တာဝန်ခွဲဝေမှုမျိုးလည်း ဇင်စစ် မရှိ။

ဒုတိယနေ့၏ ညမှာပင် ရေက သိသိသာသာ တက်လာသည်။ မိုးမရွာမီကထက် နှစ်ပေခန့် မြင့်လာသည်။ သည်တွင် တုတ်မီးရှိသူတို့က ကင်းတဲများသို့ ငှားရသည်။ အသင်းဆိုင်ပိုင်

လက်ဖက်ခြောက်နှင့် ထန်းလျက်တို့ကိုလည်း ကင်းတဲများသို့ ပို့ရသည်။

နတက်သည် မအိပ်တော့။

အမှန်တော့ နတက်သည် မိုးတဖွဲဖွဲအောက်မှာ လှုပ်ရှား၍ နေသည်။ ခါတိုင်းထက် လှုပ်ရှားသည်။ ခါတိုင်းထက် တက်ကြွသည်။

သည်အချိန်မှာ ခါတိုင်းထက် ရဲရင့်သည်။ ခါတိုင်းထက် စည်းလုံးသည်။

မျှော်လင့်တုန်း မောင်ဘုန်း လာချေပြီ။

တတိယမြောက်ည။ ညသန်းကောင်မတိုင်မီကလေးမှာပင် ကျွန်း၏ အရှေ့ထိပ်ကင်းတဲမှ စ၍ သံချောင်း မြွတော့သည်။ ရွာ့ထိပ်ကင်းနှင့် ဘကြီးမြ၏တဲမှလည်း မရှေးမနှောင်း လိုက်၍ မြွကြသည်။ ရွာ့တောင်ဘက် ဘုန်းကြီးကျောင်းမှလည်း သေနတ်နှစ်ချက် ဖောက်လေပြီ။

တရွာလုံး ကလေးလူကြီး တယောက်မကျန် နိုးကြပြီ။

'ထကြပေ့ ထကြ ထကြ၊ ကမ်းပေါ် ရေတက်လာနေပြီ။

မတက်ဖဲ့ နေလျှင် စောင့်၍ နေရမည်။ စောင့်နေရသည်က စိတ်မောသည်။ ယခုနှယ် တက်လာလိုက်တော့ ပျော်သွားသည်။ လာမည့်ဘေး ပြေး၍တွေ့ချင်သည်။

တယောက်နှင့်တယောက်၊ တအိမ်နှင့်တအိမ် အော်၍ အော်၍ နှိုးကြသံတို့သည် ပျော်ရွှင်သံပါနေသည်။

မှန်သည်။ နတက်သည် ရေကြီးလာသည် ရေလျှံလာသည်ကို ပျော်သည်။ စိုက်ခင်းတို့ ရေမြုပ်ရမှာမို့ သိပ်တော့

စိတ်မချမ်းသာ။ သို့သော် ဤသည်က ဘာမျှမတတ်နိုင်။ မတတ်နိုင်သည့် အတူတူတော့ စိတ်ဆင်းရဲနေမည် ဆိုလျှင်လည်း အပိုပင်။

'မြန်မြန်လုပ်ကြဟေ့၊ သည်တခါ ရေတက်ကြမ်းသဟ'

ကင်းတဲမှ ပြန်ရောက်လာသူတို့က သတင်းပို့ကြသည်။

မှန်သည်။ ကြည့်ရင်းကြည့်ရင်းမှာပင် ရေက အအိအိ မြင့်လာသည်။ တနာရီခန့်မှာ တထွာသာသာခန့် တက်လိမ့်မည် ထင်ရသည်။

နတက်သည် မီးအိမ် တလက်လက်နှင့် ဖြစ်လာသည်။ နတက်သည် အစွမ်းပြရပေတော့မည်။

တလှုပ်လှုပ်တရွရွ ရှိသော်လည်း မပြေးမလွှားကြ။ နတက်သားမှန်သမျှသည် သည်ရေကို မကြောက်ကြ။

ရေသည် နှစ်စဉ်တက်နေကျ။

ရေတက်လာသည် ဆိုရာ၌လည်း လူ့တရပ်ခန့် ဝါးတပြန်ခန့် မြင့်မားသည့် လှိုင်းလုံးကြီးက လေမုန်တိုင်းနှင့် ရှပ်ခြည်း ရောက်လာသည် မဟုတ်။ တွေ့သမျှ လူ၊ ကျွဲသမျှ အရာဝတ္ထုတို့ကို သိမ်းရိုက်၍ ခေါ်သွားသည် မဟုတ်။ တအိအိ တတိတိနှင့် လျှိုတက်လာခြင်းသာ ဖြစ်ဘိသည်။

ထို့ကြောင့် ရေတက်ပြီဆိုသည့်တိုင် တယ် အရေးမစိုက်ချင်ကြသေး။ တရွာလုံးရေပြန့်ပြီ၊ ခြေမျက်စိ မြုပ်ပြီဆိုသည့်တိုင် ကိုယ့်အိမ်ကို မစွန့်ချင်ကြသေး။

'လူကြီးတွေ ကလေးတွေ ကူးကြတော့ဗျို့၊ နောက်လူတွေလဲ ရှိသေးတယ်၊ ပစ္စည်းတွေလဲ သယ်ရဦးမယ်'

## (၂၁၂) မောင်သာရရဲ့ စီးပလေစေ မောင်မသုတ်နဲ့

အစဉ်အမြဲ သူ့ဖာသာသူ တာဝန်ပေး၍ ကူးတို့သူကြီး လုပ်နေသည့် ကိုဖေကြီးသည် လှေဆိပ်မှ အော်လေပြီ။

'အဖိုးကြီးတွေ အမယ်ကြီးတွေ ကလေးတွေလာကြတော့ဗျို့၊ ဟိုဘက်ကမ်းမှာ လက်ပံပွင့် သွားကောက်မယ်'

အရေးထဲမှာ ကိုဖေကြီးက နောက်နေသည်။

သူသည် သည်မျှ အေးစိမ့်နေသော ရာသီဥတုမှာ ကိုယ်တုံးလုံးကျွတ်ကြီးနှင့် ဖြစ်သည်။ ခါး၏ အောက်မှာသာ လုံ၍၊ နောက်ကမလုံ။ ဖင်မဲကြီး နှစ်ဖက်သည် ခါးတောင်းကျိုက် ဘေးက ထွက်၍ပြောင်နေသည်။

ယခုတော့ သူချမ်းနေသည်။ အလုပ်ကမလုပ်ရသေးတော့ ချမ်းနေသည်။ ထို့ကြောင့်လည်း နွေးသွားအောင် ကူးတို့ တခေါက်နှစ်ခေါက်လောက် ပို့ချင်ပြီ။

'လာကြပါတော့ဆိုမှဗျာ၊ လာကြတော့ဗျို့ လူကြီးတွေ'

လှေဆိပ်ဆိုသည်ကလည်း ခါတိုင်းတော့ အောက်မှာ။ ယခုတော့ ရေတက်လာပြီမို့ ရွာထဲပင် ရောက်တော့မည်။ သည်တော့ ကိုဖေကြီး၏အသံကို ကြားကြသည်။

လှေဆိပ်သို့ အထုပ်ကလေးပိုက်၍၊ စောင်ကလေးခြုံ၍ တလှုပ်လှုပ်ရောက်လာကြတော့သည်။ လှေပေါ်မှာ ကိုဖေကြီး ပါနှင့် ဆယ့်ရှစ်ယောက် ဖြစ်နေပြီ။

'တယောက်တက်အုံး၊ တယောက် ထပ်တက်အုံး'

ကိုဖေကြီးသည် ရုတ်တရက် လှေမထွက်သေးဘဲ ထပ်၍ ခေါ်နေသည်။

'နေရာမရှိတော့ပါဘူးဟာ ဖေကြီးရ'

'အိုဘာမှန်းမသိ ညာမှန်းမသိနဲ့၊ဆယ့်ရှစ်ယောက်ကြီးဗျ သိလား၊ ပေါင်းလိုက်ရင် ကိုးဖြစ်နေတာ'

ကြေသမား ဖဲသမား ဆိုတော့လည်း ဂဏန်းက ကျွမ်းကျင်သည်။ ဆယ့်ရှစ်မှ တစ်နှင့်ရှစ်ကို ပေါင်းပြောခြင်း ဖြစ်သည်။

'ကိုင်း တယောက်ယောက် လာလိုက်စမ်းပါကွာ'

နောက်တယောက် ထပ်တက်မှ ကိုဖေကြီး စထွက်သည်။

ကိုဖေကြီးသည် ရေစီးသန်သန်ကို လှေဖြင့်ဖြတ်၍ကူးရာ၌ ကျင်လည်းကျင်လည်သည်။ သူ့ဗလနှင့် ဆိုတော့လည်း လှေသည် ပဲ့ပေးဘိုပင် သိပ်မလို။ လက်ကလည်း မြဲသည်။ ခြေကလည်း မြဲသည်။

လက်တို့သည် အခါတိုင်းနှယ် ခပ်ဖြေးဖြေး ဆွဲရသည် မဟုတ်။ တလက်မိ တလက်ပြောင်း တလက်မိတလက်ပြောင်းနှင့် အင်မတန် မြန်ရသည်။ ပြီးတော့ ဆွဲ၍လည်း ထားရလေ သေးသည်။

ခြေဖျားတို့ကလည်း လှေနံတန်းနှစ်ဖက်ကိုကားပြီးကန်၍ ထားရသည်။ ဒူးညွတ်၍မရ။ ကန်အားလျော့မရ။

လက်တလည်း အားကိုသုံးရသည်။ခြေကလည်း အားကို သုံးရသည်။ကိုဖေကြီးသည် စင်စစ် လှေဦးပေါ်မှာ လဲတော့မည့် တိုင်ကြီးနှယ် ယိုင်၍နေရသည်။ ခြေထောက်က ရှေ့သို့ ရောက် နေသည်။ လက်တို့က ကြိုးကို ခိုစီးနေသည်သို့ ရှိသည်။

ကျင့်ထားသည်တော့မဟုတ်။သို့သော် သည်ရေစီးမျိုးမှာ သည်ဝန်မျိုးနှင့် လှေတစင်းကို တယောက်ထဲနိုင်သည် ဆိုသည် ကတော့ အံ့ဩချီးမွမ်းစရာပင်။

သူကြီးဟောင်း၏ လှေသည် သည်လှေ့ထက်လည်း ငယ်သည်။ ဆယ်ယောက်ခန့်ဘဲ တင်နိုင်မည်။ သို့တိုင် ဦးတယောက် ပဲ့တယောက်၊နှစ်ယောက်ထိန်း၍ ကူးရသည်။

အပြန်မှာတော့ ဦးကြီးမြဲ၏တဲမှာ ကင်းစောင့်နေသည့် ငဘို ပြန်လိုက်၍လာသည်။

တခေါက်။

နှစ်ခေါက်။

သို့နှင့် ခြောက်ခေါက်သို့ ရောက်လာသည်။

ကိုဖေကြီး၏ ကိုယ်ခန္ဓာ၌ ချွေးသီးနှင့် မိုးပေါက်တို့ ရောလေပြီ။ ကလေးငယ်များနှင့် လူကြီးများမှာလည်း ကုန်ပြီ၊ ကလေးဆိုလျှင်လည်း အမေ့ရင်ခွင်မှ နို့စို့ဘဲကျန်တော့မည်။

'နေအုံးဟေ့ နေဉ်....ငါ့လှေ ဘယ်သူမှ မကိုင်ကြနဲ့၊ ရေတဒပါက်လောက် ပြေးသောက်လိုက်အုံးမယ်'

ကိုဖေကြီးသည် လှေကို အသေအချာ ချည်ထား၍၊ ကမ်းပေါ်သို့ ပြေးတက်သည်။

ကမ်းပေါ် ဆိုပေမည့်လည်း စင်စစ် ကမ်းမရှိတော့ပြီ။ ရွာထဲတွင် ရေက ခြေမျက်စိခန့်အထိ တက်နေပြီ။

'ပစ္စည်းတွေ တင်ကြဟေ့၊ ပစ္စည်းတွေတင်ကြ'

ကိုဖေကြီးသည် နီးရာအိမ်မှာ ရေဝင်သောက်၍၊ ပြန်ဆင်းလာရင်း ပြောလိုက်သည်။

သည်အချိန်မှာ လှေအငယ်လည်း ပြန်ဆိုက်လာသည်။ လှေအငယ်ကိုမူ ကံရနှင့် ငထိန်က တာဝန်ယူနေသည်။ သူတို့လည်း ခြောက်ခေါက်ရှိခဲ့ပြီ။

ပစ္စည်းများကို သည်ရလိမ့်ဦးမည်။

သည်တော့ ကိုယ့်ပစ္စည်းကိုယ်သည်ကြ။ ကိုယ့်ဖာသာ ကူးကြ။ ဤသည်က လမ်းမှန်သည်။

သို့သော် ကိုဖေကြီးကတော့ သူ့မိန်းမငွေဆယ်နှင့် သူ့ပစ္စည်းများ၊ သူ့ကြွက်များအတွက် သတိပင် ရပုံမရ။ သူ့လှေဟု သတ်မှတ်ထားသော လှေအကြီးပေါ် သို့သာ ပြန်တက်သည်။

ပစ္စည်းများ တင်ကြသည်။

'ဟေ့ကောင် သာရ၊ မင်းတင်တာ ဘယ်သူ့ ပစ္စည်းတွေတုန်း'

သာရအိမ်မှာက သာရရယ်၊ သာလှရရယ်၊ သူတို့ အမေ ရယ်၊ သုံးယောက်ပဲရှိသည်။ ဒုတိယ အခေါက်ကထင်ပါ။ သူတို့ အမေ အရီးဆယ် ပါသွားပြီ။ သူတို့ ညီအကိုနှစ်ယောက်သာ ကျန်တော့သည်။

သည် ယောကျ်ားနှစ်ယောက်ပင်လျှင် ရှိနေသည့် အိမ်က ဦးဦးဖျားဖျား ပစ္စည်းလာတင်သည်ဆိုတော့ နေရာမကျသေး။ မိန်းမများသည့်အိမ်၊ မိန်းမချည့်ရှိသည့်အိမ်က ပစ္စည်းကိုဦးစား ပေး၍ တင်သင့်သည်ဟု ကိုဖေကြီး ယူဆသည်။ သို့မှသာပစ္စည်း များနှင့်အတူ မိန်းမများ ပါမည်။ ပစ္စည်းနှင့် မိန်းမသည်တွဲ၍ နေရမည်။ သို့မှသာ သဘာဝကျမည်ဟု ထင်သည်။

ထို့ကြောင့်လည်း သာရကို လှမ်း၍ မေးလိုက်သည်။ သာရကလည်း မေးသည်နှင့် သဘော ပေါက်လိုက်သည်။

'ကျုပ်ပစ္စည်း မဟုတ်ပါဘူးဗျ၊ ကူတင်ပေးတာပါ'

'အေး ဟုတ်ပြီ၊ ဘယ်သူ့ဟာတွေလဲ၊ ငပြေ့တို့ဟာတွေမှ ဟုတ်ပါလေစ'

'အင်း ဟုတ်တယ်'

'မအေပေး၊ ဒါမျိုးလုပ်မှ လုပ်ပါ့မလားလို့'

'ဘာဖြစ်သေးလဲဗျ၊ အခုမလုပ်လဲ နောင်အခါကျ လုပ်ရမယ့် ကိစ္စဘဲ'

'မင်း ထမ်းလာတာ ထမီဖာထင်တယ်'

'ဘုန်းကတော့ အစကတဲကမှ မရှိတာဗျာ၊ ထပ်နိမ့်လဲ နိမ့်စမ်းပလေစေ'

သည်အခိုက် မိပြည့်တို့ ညီအမတသိုက်ရောက်လာသည်။ ထို့ကြောင့် ကိုဖေကြီး စကားရပ်လိုက်၏။

'အကို တခေါက် လိုက်ကူလှည့်ပါအုံး၊ အိမ်မှာ တခေါက်စာ ကျန်နေသေးလို့ပါ'

'ဟော့ကောင် လိုက် လိုက်သွားစမ်း၊ ငါ သည်တခေါက် ပို့နှင့်အုံးမယ်၊ ငမိတို့ ငရှိတို့ပါတယ် မဟုတ်လား၊ပစ္စည်းတွေနဲ့ နင်တို့နှစ်ယောက် လိုက်ခဲ့ကြပြီးတာဘဲ၊ စောင့်မနေနိုင်ဘူး'

အမှန်တော့ ကိုဖေကြီးက အကွက် ဖန်ပေးလိုက်ခြင်း ဖြစ်သည်။

သာရကလည်း သာရပင်။ အရေးထဲမှာ အိမ်ကိုတော့ မကပ်။မိပြည့်တို့အိမ်သို့ ရောက်နေသည်။ သာရသည် ပျော်နေသည်။ မိုးထဲမှာ မှောင်ထဲမှာ မိပြည့်ကို ဖက်နမ်းဘို့ ကြံနေသည်။

သို့နှင့် ပစ္စည်းများလည်းကုန်ပြီ။ ကြက်တို့ ခွေးတို့ကိုပင် လျှင်လည်း ပို့ပြီးပြီ။ရွာထဲမှာ မိန်းမ တယောက်မျှ မကျန်တော့။ ယောကျ်ားများထဲမှလည်း အချို့ ရောက်နှင့်ကုန်ကြပြီ။

ကိုဖေကြီး ဆယ်ငါးခေါက် ရှိပြီ။ ထို့ကြောင့်လည်း ပင်ပန်းပြီ။ ကိုဖေကြီး ခေတ္တနားချင်ပြီ။

'ဒီချည့်ကတော့ ဖြေးဖြေးပေါ့ကွာ'

ပြောသာ ပြောရသည်။ ရေက ဒူးဆစ်ပင် မြုပ်နေပြီ။

ထို့ကြောင့် မလွှဲမရှောင်သာ ကိုဖေကြီး အိမ်ပြန်သည်။ သူ့အိမ်ကို တံခါးစုံ ပိတ်မပိတ် လိုက်လံစစ်ဆေးသည်။ ပြီးတော့ နွားစားကျင်းထံသို့ လျှောက်ခဲ့သည်။

စောစောကတည်းက သူ့ပစ္စည်းပစ္စယ ဟူသမျှကို သည် နွားစားကျင်းထဲသို့ ထည့်ထားသည်။ အလယ်ပိုင်းမှာကျတော့ လေပေါက်ချန်၍ ပလပ်စတစ်နှင့် အုပ်ထားသည်။ ယခု သည် နွားစာကျင်းသည် အသာကလေး မ၍ချလိုက်ရုံနှင့် ရေပေါ်မှာ လှေကဲ့သို့ ရှိတော့မည်။

ကိုဖေကြီးသည် ရေထဲမှာ ခလုပ်တိုက်၍ လဲသည့်အသံကို ကြားသဖြင့် ပြန်လှည့်ကြည့်လိုက်သည်။ ထန်းခေါက်တောင်း တတောင်းကို ပြန်ထမ်းနေသည့် ငမြို့။

(တတိယအကြိမ်)

## (၂၁၈) မောင်သာရရဲ့ စီးပလေစေ မောင်မသုတ်နဲ့

‘ငမြို့ မဟုတ်လားဟေ့’

‘ဟုတ်သား’

‘လာစမ်းကွာ၊ ငါ့တဖက်လောက် ကူစမ်း’

ငမြို့သည် ဖြေးဖြေးချင်း စမ်း၍ လျှောက်လာသည်။ ထို့နောက် သူ့တောင်းကို ကွပ်ပျစ်ပေါ် ခကချ၍၊ နွားစားကျင်းကို ကူမသည်။ နွားစားကျင်းသည် ကုန်တင်လှေတစင်း ဖြစ်လေပြီ။

သည်ကုန်တင်လှေကို ကိုဖေကြီး ဆွဲလာ၏။

ဆိပ်ကမ်းမှာ လှေမရှိတော့၍ စောင့်ရသည်။

‘ချစ်များဆိုတဲ့ ဥက္ကဋ္ဌကောင်ကောကွ’

ဂျပန့်ကို လှေဆိပ်မှာ တွေ့သဖြင့် မေးလိုက်သည်။

‘ဟိုဘက်ကမ်းမှာ နေရာချထားဘို့ လိုက်သွားနှင့်ပြီ’

‘ဘာ နေရာချထားဘို့လဲ၊ ကိုယ့်တင်းကုတ် ကိုယ်သွား ကြတာများ ဘာလိုက်လုပ်ဖို့ လိုသလဲ’

‘သည်ဘက်မှာ ဘာလုပ်အုံးမှာတုန်းဗျ၊ ဟိုဘက်မှာကမှ လုပ်စရာ ရှိအုံးမယ်’

‘ရေက တကယ် အတက်ကြမ်းတယ်ကွ၊ သည်ရေမျိုး ဆိုရင် ဒို့အသင်းဆိုင် ရေလွတ်နိုင်ပါ့မလား’

မှန်သည်။ ချစ်များ၏ အိမ်ဘေးတွင် စုပေါင်း၍ ဆောက်ထားသည့် အသင်းဆိုင်သည် လူနေအိမ်တို့နှယ် နှစ်ထပ် မဟုတ်။ ဆင့်ခံ တလိုင်းအိမ်မျှသာ ဖြစ်ဘိသည်။ ဆင့်ကလည်း ရင်ခေါင်းခန့်သာ မြင့်လိမ့်မည်။ သည်တော့ ပူပန်မည်ဆိုလျှင် လည်း ပူပန်ထိုက်သည်သာ။

ရေစိုမခံမယ့် ပစ္စည်းတွေဆိုလို့ ဆားနဲ့လက်ဖက်ခြောက်လောက်ပဲ ရှိတာပါ၊ အဲ့ဒါတွေတော့ သူ့အိမ်ပေါ် ရွှေ့တင်ထားတယ် ပြောတာဘဲ'

'ဒါဖြင့်လဲ ပြီးပါရောမောင်ရာ'

'ကိုင်း ကူးကြစို့လား၊ လှေအငယ်တော့ လာနေပြီ'

ငမြို့က ပြောလိုက်သည်။

လှေပေါ်မှာ ကိုမြခက်နှင့် ကိုစောရွှေပါလာ၏။

'ဟိုဘက် တချို့ကွင်းတွေလဲ ရေတွေဖွေးနေပြီ'

တဖက်ကမ်း၏သတင်းကို ကိုစောရွှေက လှမ်းခပြောသည်။

'ဖြတ်ရေ ဖြစ်မှာပါကွာ၊ တင်ရေတော့ သည်လောက်နဲ့မဖြစ်နိုင်သေးပါဘူး'

သည်ဘက်ကမ်းမှာ ကိုညိုအိက ကိုယ်တိုင်ကိုယ်ကျ မမြင်ရသေးပါဘဲလျက်နှင့် စိတ်ဖြေစကား ဆိုနှင့်သည်။ သူများကိုနှစ်သိမ့်ရင်း ကိုယ့်စိတ်ကို ဖြေသည်လော၊ မပြောတတ်။

'ကိုင်း သည်ရေ ဘယ်လောက်အထိ တက်မတုန်း၊ အခု ဟောသည်တမာပင်မှာ ဒါးနဲ့ထစ်ခဲ့၊ ဘက်သူ လောင်းကြမလဲဟေ့'

ကိုဖေကြီးက ရေထဲမှာ အလောင်းအစား လုပ်၍နေပြန်သည်။

'လူ့တရပ်တော့ မြုပ်စေရဲ့ဗျာ'

ဦးသူတော်ကလည်း မနေနိုင်။ ပြန်၍လောင်းလိုက်သည်။

'ကျုပ်က မမြုပ်စေရဲ့၊ ကဲ ဘယ်လောက်ကြေးလဲ'

ကိုဖေကြီးက ကြေးခေါ်သည်။

## (၂၂၀) မောင်သာရရဲ့ စီးပလေစေ မောင်မသုတ်နဲ့

'ဟာဗျာ လုပ်ကရော့မယ်၊ မကြီးမငယ်နဲ့'

ဂျပန်က ဝင်ဟန့်သည်။

'ဘာလဲ၊မင်းက မြေယာကော်မီတီလူကြီးဆိုပြီး အာဏာပြတာလားဟေ့'

'လောင်းမယ့်လောင်းလဲနှစ်ယောက်ထဲတော့ လောင်းခွင့်မပြုနိုင်ဘူးဗျာ၊ တကယ်.... ကျုပ် လူကြီးတယောက် အနေနဲ့ ပြောတာ၊ ဟောသည်နားမှာရှိတဲ့လူတွေအားလုံးကို ကြက်သားဟင်းနဲ့ ထမင်းအဝ ကျွေးကြေး လောင်းကြ'

'အမယ်မယ်၊ ဒါတော့ မထိကြပါနဲ့မောင်ရာ၊ ရှင်ငွေတက်သေနေပါ့မယ်'

သည်တွင် အများက ရယ်ကြသည်။

'ဟေ့ မကူးကြသေးဘူးလား'

'ငါတော့ လှေကြီးစောင့်ရမယ်၊ ငါ့ပစ္စည်း ဆွဲဘို့က အကြီးနဲ့မှုဖြစ်မှာ'

'ဖြေးဖြေးပေါ့ဗျာ ကိုညိုအိကလဲ၊ ဟိုဘက်ကွင်းလဲ ရေတွေဖွေးနေပြီဆိုတာနဲ့ သွားချင်လှပြီလား'

'ပြောရင်းဆိုရင်းနဲ့ ပေါင်လယ်ရောက်လာပြီဟ'

'နစ် မသေနိုင်ပါဘူးဗျာ၊ အခင်းတွေ ရေမြုပ်ကုန်တော့လဲ ကိုယ် ဘာတတ်နိုင်တာ မှတ်လို့ဘဲ'

'ဒါတော့ ဒါပေါ့ကွာ၊ ဒါပေမယ့်....'

'ကဲကဲ သွားချင်တဲ့ လူက သွားချင်လှပြီ၊ ကူးနှင့်ကြ ကူးနှင့်ကြ'

လှေငယ်နှင့် အချို့ကူးကြသည်။

'ဟေ့ ဂျပန် သံချောင်းမှေ့အုံးကွာ၊ ဖေကြီးတာလဲ ရွာထဲမှာ လူကျန်သေးသလား အော်ကွာ'

'အော်ဗျာ အော်'

'ရွာထဲမှာ ဘယ်သူ ကျန်သေးသလဲဟေ့'

'သည်အချိန်အထိတော့ ကျန်မယ် မထင်တော့ဘူး'

'သံချောင်းမှေ့ပါကွာ၊ အနောက်ခြမ်းကလဲ ကြားရတာပေါ့'

'နေအုံးကွ၊ ဟို ကျောင်းကြီးစောင့် နှစ်ယောက်ကော ဟိုဘက်ပါသွားပြီလားဟ၊ မတော် ကျန်ရစ်ခဲ့လို့ ရွာ အမှုပတ်နေပါ့မယ်ကွာ'

'အမယ်လေး၊ ရဲသာဆိုတာ၊ အစောကြီးကထဲက မိန်းမတွေနဲ့ ပါသွားတာ'

'အတော်ဘဲ....လှေကြီးလဲ လာပြီ'

'ဗျို့ သည် ဘက် မှာ က လေး တ ယောက် များ ကျန်သလား'

လှေကြီးပေါ်မှ ငဘိုက လှေမဆိုက်ခင် လှမ်းမေးသည်။

'အဲ အဲဒါမှ ဒုက္ခဘဲ၊ ဘယ်သူ့ ကလေးတဲ့လဲ'

'မသိဘူး၊ဟိုဘက်မှာ ကလေးတယောက် ပျောက်လို့တဲ့၊ ဆူနေကြသံ ကြားခဲ့လို့'

'သည်ဘက်မှာတော့ မကျန်နိုင်ပါဘူးကွာ'

'မကျန်နိုင်ဘူး မလုပ်နဲ့လေ.... သည်လိုလုပ်၊ ဂျပန် မင်းနေ့ရစ်ခဲ့အုံး၊ငါနဲ့ ငါ့ပစ္စည်းတွေနဲ့ တခေါက်သွားလိုက်မယ်၊ ပြီး အသေအချာ မေးကြည့်ပြီး ပြန်ခဲ့မယ်၊ ဟုတ်ပလား'

'အင်း'

ကိုဖေကြီးနှင့် သုံးယောက် ကူးသွားသည်။

ရွာဘက်ကမ်းမှာ ကျန်ရစ်ခဲ့သူတို့သည် ဆယ့်ငါးယောက် ပင် မပြည့်တော့။ လှေအကြီးတခေါက်ထဲနှင့် ရနိုင်သည်။

ခဏအကြာတွင် ကိုဖေကြီး တယောက်ထဲ ပြန်လာ၏။

'တွေ့ပြီကွ၊ ကိုရင်မှန်းရဲ့သား ကောင်းမြင့်ဆိုတဲ့ကလေး အိပ်ချင်တော့ ကြုံရာကောက်ရိုးပုံထဲ ထိုးအိပ်နေတာတဲ့'

'ကဲ တခါလောက် သံချောင်းမှုအုံးဟေ့၊ ကူးကြမယ်၊ ဆက်နေလို့လဲ မရတော့ဘူး၊ ရေက ခါးရောက်တော့မယ်'

မှန်သည်။ စ၍ တက်သည့်အချိန်မှ ယခု အချိန်အထိ နှစ်နာရီခန့်ဘဲ ရှိဦးမည်။ ရေက ခါးသို့ရောက်တော့မည်။

× × ×

မှန်သည်။အရှေ့ဖက်ရောက်တော့ နတက်ရွာထဲမှာ လူတရပ်ခန့် ရှိရော့မည်။ လှမ်း၍ မြင်ရသမျှဆိုလျှင်ပင် အချို့အိမ်တို့ အပေါ် ထပ်ပါ ရေဝင်ကုန်ကြပြီ။ ရေကမူ တက်ဆဲ။

နံနက် သွမ်းခံထွက်ချိန်ခန့်ကျမှ ရေအတက် ရပ်တော့ သည်။ နတက်တရွာလုံးသည် ရေအောက်သို့ရောက်လေပြီ။

သည်အချိန်တွင် နိမ့်သည့်အိမ်တို့က ခေါင်မိုး ဘဲ ပေါ်တော့သည်။ မြင့်သည့်အိမ်တို့ကတော့ ပြတင်းအထက် နှုတ်ခမ်းမှစ၍ ပေါ်ကြသည်။

မဆိုး မရှူးစရာကား မရှိ။

ကွင်းထဲမှာကျတော့လည်း ညက ကြားရသည့်သတင်း သည် မှန်နေသည်။ ဆည်မရေ၊ နုတက်ဆည်ရေနှင့် ကွင်းတပြင် လုံးသည် တဆက်ထဲ ဖြစ်နေပြီ။ သစ်ပင်တို့သာ မရှိလျှင် ပင်လယ်နှင့် ရေပြင်ကျယ်ကျယ်သည် မျက်စိတဆုံးရှိတော့သည်။

ညက ကိုညိုအိမ် ဘေးပူသည်ဆိုလျှင်လည်း ပူစရာ။

ခက်သည်က မြစ်မ (ဧရာဝတီ) သည်လည်း ရေလျှံ၍ နေသည်။ တောင်သမန်အင်းသည်လည်း ရေအပြည့်။ မန္တလေး စစ်ကိုင်း မော်တော်ကားလမ်း နုဖူးကိုလည်း ရေဦးတိုက်နေပြီ။ ဧရာဝတီမှာက ရေမဝင်သာ။

သည်တော့ ဒုဋ္ဌာဝတီ၏ရေသည် ထွက်ပေါက်မရ။ မြစ်မထဲသို့ အဝင်တွင် အံ၍ တန့်ရလေတော့သည်။

ထိုအခါ ကွင်းထဲမှာ လျှံသမျှရေတို့သည် ဖြတ်ရေ မဟုတ်ကြတော့ဘဲ၊ တင်ရေ ဖြစ်ကြရတော့သည်။ ဖြတ်၍ စီးသွားသည့် ရေ မဟုတ်တော့ဘဲ၊ အံ၍ ဝပ်နေသည်။

တင်ရေသည် သာမန်အချိန် မစိုက်မပျိုးချိန်မှာသာ ဆိုလျှင်တော့ အင်မတန် အဖိုးတန်ပေမည်။ တောတလျှောက် တောင်တလျှောက်မှ သယ်ယူလာခဲ့သမျှသော အပေါ်လွှာ မြေဩဇာဟုသမျှတို့ကို သည်နေရာမှာ ချတော့မည်။ တင်ရေ သည် အံ၍ငြိမ်နေတော့ အနယ်ကျရသည်။ သည်အနယ်တို့သည် သဘာဝ မြေဩဇာများ ဖြစ်ကြသည်။ အဖိုးတန်လှသည်။

သို့သော် သည်အချိန်က စိုက်ထား ပျိုးထားချိန်။ ရေအောက်မှာက စိုက်ခင်းတို့ ရှိသည်။ အပင်တို့ ရှိသည်။ အပေါ်မှ အလေးချိန်သည် ခဏ ဖြတ်သွားရုံ ဖြတ်သွားသည်နှင့်

ကြာရှည် ရပ်နေသည်က မတူ။ ကြာရှည်ရပ်နေတော့ ပိုလေးသည်။ ပိုဖိသည်။

စိုက်ခင်းတို့ နာမည်။

နှစ်ရက် သုံးရက်မျှသာဆိုလျှင် အရေး မဟုတ်သေး။ ဆက်လက်ရှင်သန်နိုင်ဘို့ အခွင့်အလမ်းရှိသေးသည်။ လေးရက် ငါးရက်ကသာ ကျော်လာမည်ဆိုလျှင်တော့၊ လေးငါးရက်အထိ ရေမကြီးလျှင်တော့ အပျက်စီးကြီး ပျက်စီးရတော့မည်။

ဘုရား၊ ဘုရား မြတ်စွာဘုရား။

နတက်သားတို့ ဘုရား တကြရလေပြီ။

ရွာထဲမှ အဆုံးရှုံးသည် ဝမ်းစာဆုံး၊ မျိုးဆုံး၊ စရိတ်ဆုံးရုံသာ ဖြစ်သည်။ ရွာထဲမှအဆုံးအရှုံးသည် သည်နှစ်ငတ်ဘို့သာ ဖြစ်သည်။

အဲ....ကွင်းထဲမှ အဆုံးအရှုံးကတော့ နောက်တနှစ်ပါ ဆက်ငတ်ဖို့ဖြစ်သည်။

ပဿိဆိုစေ သည်နှစ်ငတ်မည် နောက်နှစ်ဆက်ငတ်မည်က အရေးမကြီး။ ယခု ခုနစ်ရက်တပတ်စာခန့်တော့ စားစရာ ရှိသေးသည်။

သည့်ပြင် ဝမ်းသာစရာတခုလည်း ရှိသေး၏။ မိုးတိတ်ပြီ။ ညနေဘက်တွင် နေထွက်၍ လာပြီ။

သုံးရက်ခွဲခန့် ခွဲခွာသွားသောနေကို ပြန်၍မြင်ရတော့ နတက်သားတို့ အားတက်ဝမ်းသာကြရသည်။ နေကို မမြင်ဘူးသည့်နှယ် မော့၍ ကြည့်ကြသည်။ မျှော်လင့်ချက်နှင့် ကြည့်ကြသည်။ အားကိုးတကြီးနှင့် ကြည့်ကြသည်။

မလာ မနေရ။ အထက်အမိန့်နှင့် နတက်သို့ လာကို လာရမည်။

သည်နှယ် ဒုဋ္ဌာဝတီ ရေလျှံပြီ၊ ရွာအချို့နှင့် စိုက်ခင်း ပျိုးခင်းတို့ ရေအောက်သို့ ရောက်ရပြီဆိုလျှင် ကြိမ်စကြာ တို့လိုက်သည့်နှယ် မြို့ပေါ်က သက်ဆိုင်ရာ အရာရှိတို့သည် လာကိုလာရမည်။ မလာ၍မရ။

သို့သော် အခြားအခြားသော ရွာများသို့မူ သက်ဆိုင်ရာ တို့ အရောက်ဧာကြသည်။ လမ်းပန်းခရီးက ဆိုးသည့်တိုင် အခြား အခြားသော ရွာများသို့ မူကား ကြိုးစား ကြဖန်၍ ချဉ်းကပ်လျှင် ရောက်လာနိုင်သေးသည်။

နတက်တာလျှင် ခက်ရသည်။

နတက်တရွာလုံးကလည်းရေအောက်သို့ ရောက်နေသည်၊ ကျွန်းတကျွန်းလုံးကလည်း ပျောက်နေသည် ဆိုတော့ ဘယ်သို့ ရောက်နိုင်ပါမည်နည်း။ ပြီးတော့ နတက်သားတို့ ယာယီ နေကြသည့် ကုန်းမြင့်ဘက်သို့ ရောက်လာဘို့ ဆိုသည်ကလည်း စင်စစ် မဖြစ်နိုင်။ ဆည်နှစ်ဆည်က ဆက်နေပြီ။ ရေပြင် ကျယ်ကြီးက ဆီးနေပြီ။

လျှံသည့်ရေ ပြန်မကျမီမှာတော့ အဆက်အသွယ် ရဘို့ ကား မလွယ်။ လျှံသည့်ရေ ပြန်၍ ကျပြီဆိုမှသာ သက်ဆိုင်ရာ တို့နှင့် အဆက်အသွယ် ရနိုင်တတ်တော့သည်။

ထို့ကြောင့်လည်း ရေလျှံစမှာတော့ နတက်မမျှော်လင့်၊

လာမည်ဆိုသည်ကို မြေကြီးလက်ခတ်မလွဲ သိထားသည်။ ယုံလယ်းယုံကြည်သည်။ သို့သော် ရေပြန်၍ မကျသေးလျှင်တော့ လာဦးမည် မထင်။ လာနိုင်လိမ့်ဦးမည် မထင်။

သည်နှစ်ကတော့ သူတို့အပြော တိုင်းမှူးဆိုသည့်ပုဂ္ဂိုလ် ပြောင်းသည်ဟု သိရသည်။

ရေကတော့ ထုံးစံပင်။ သည်နှစ်ရေသည် မနှစ်တနှစ်က ရေတို့ထက် မြင့်သည်ကား မှန်သည်။ သို့သော် အတိအကျသာ မမှတ်မိသည်။ လေးနှစ်လျှင် တခါခန့်ထင့်။ သည်သို့ ရေမြင့်လေ့ ရှိသည်။

မှတ်မှတ်ရရ ပြောရလျှင် ထောင့်သုံးရာ ဆယ့်သုံးခုနှစ်က လျှံသည့် ရေသည် အမြင့်ဆုံး ဖြစ်သည်။ ရွာထဲမှာ အမြင့်ဆုံး ဆိုသည့် ကိုရင်စံဘ၏ အိမ်ပင်လျှင် ခေါင်အထိ မြုပ်သည်။

သစ်ပင်ဖျားတို့သည် ပင်လယ်ပြင်မှာ မျောနေသည့် ဒိုက်ကလေးများကဲ့သို့ ထင်ရသည်။

ထိုစဉ်က တိုင်းပြည်ကလည်း မငြိမ်မသက်။ စပါးဈေးပဲဈေးကလည်း စည်းမရှိ ကမ်းမရှိ။ ဒုက္ခရောက်လိုက်သည့်ဘဝ၊ ပြောစရာ မရှိတော့။ရေကလည်း ရှစ်ရက်ခန့်အထိ တန့်နေသည်။ အကုန်ပျက်။ အကုန်ပြုတ်။ အကုန်ပြို။

အစိုးရထံမှ အမတော်ကြေးလည်း တပြားမျှ ချေးမရ။

နတက်သားတို့ သူတောင်းစား တပိုင်း ဖြစ်ခဲ့ကြရသည်။ မြို့တက်ပြီး ပွဲရုံတကာမှာ ပုခုံးထမ်းအလုပ် လုပ်ရသည်။ လှည်းတိုက်သူ တိုက်ရသည်။ ထင်းရောင်းသူ ရောင်းရသည်။ သားငယ်သမီးငယ် သားပျို သမီးပျိုတို့ ဆိုလျှင်လည်း မြို့ပေါ်က အိမ်တကာမှာ ကျွန်အဖြစ် ပို့၍ ထားရသည်။ မိဘတို့က အငတ်နေနိုင်ကြသည့်တိုင်၊ သားတို့သမီးတို့ မပူမပန် စားရပါစေတော့။

သည်နှစ် ရေမြင့်သည် ဆိုသည်က ၁၃၁၃ ခုနှင့်စာလျှင်တော့ အိပ်နေသကဲ့သို့သာ ရှိသေးသည်။

သည်နှစ် ရေသည် ငါးရက်မြောက်သည့်နေ့တွင် ပြန်ကျသည်။ ကံကောင်း ထောက်မလျှင်တော့ စိုက်ခင်းအချို့ ပြန်၍ ရနိုင်သည်။ စိတ်အထင်ပြောရလျှင်တော့ သုံးပုံတပုံခန့် ပြန်ရနိုင်ဘွယ်ရာ ရှိသည်။

ပြီးတော့ သည်နှစ်မှာ စောသည်။ ပြန်လုပ်ရဦးမည်ဆိုဦးတော့၊ အချိန် ရသေးသည်။

ထို့ကြောင့် နတက်သည် သိပ် မပူပန်။

ပြီးတော့ သည်ခေတ်က လယ်သမားတို့ခေတ်။ စိုက်ပျိုးစရိတ် ချေးငွေလည်း ရနိုင်သည်။ အိမ်တိုင်ယာရောက် မျိုးလည်း ရောက်၍လာနိုင်သည်။ ယခုလည်း သက်ဆိုင်ရာတို့ လာဦးမည်။

နေ ထွက်လာပြီ။

ရေ ပြန်ကျပြီ။

ရွာထဲသို့ ပြန်၍ ပြောင်းကြပြီ။

နောက်တရက်တွင် ပဲ့ချိတ်စက်တပ် စစ်သုံးရေယာဉ်ငယ်နှစ်စင်းသည် ဒုဋ္ဌာဝတီကို ဆန်တက်လာကြသည်။

ရွာနှင့် တမိုင်ခန့် အလိုကတည်းကပင် ပဲ့ချိတ်စက်သံတို့သည် ညံနေပြီ။ ရွာထဲမှကလေးအားလုံးသည် ကမ်းပါးထိပ်သို့ ရောက်၍နေကြပြီ။

မှန်သည်။ မမြင်ဘူးကြ။ အခါတိုင်းမှာက လာရိုးလာစဉ် လှည်းတတန် လှေတတန်ဖြင့်သာ ရောက်လာမြဲဖြစ်သည်။ သည်တခါကမူ ပဲ့ချိတ်စက်တပ် ရေယာဉ်နှင့်။ ပြီးတော့လည်း နှစ်စင်း။

ဒုဋ္ဌာဝတီ မြစ်ထဲမှာ စက်တပ်ရေယာဉ် မောင်းနှင်ခြင်းသည် သည်တကြိမ် ပထမဆုံး ဖြစ်တော့သည်။

မှန်သည်။ စက်တစ်ရေယာဉ်ကလည်း ဆန်းပါဘိသနှင့် နတက်ကမ်းသို့ ထိုး၍ ဆိုက်ကြသည်။ အင်မတန် သန်သော ရေစီးနှင့် အင်မတန် ကြမ်းသော နတက်ဝဲတို့ကို စိုးစဉ်းမျှ ဂရုမစိုက်၊ ပုဆိုးတပတ်ခန့်ရှိသော သစ်တုံးကိုပင် ရိုက်လိုက်သည့် ကျီးသားဆံကဲ့သို့ ချာရပတ်လည်စေ၍ ဆွဲစုပ်နှစ်မြှုပ်ပစ်ကာ၊ အခြား အောက်ဖက်တနေရာသို့ ငါးပျံနှယ် ထောင်ပစ်လိုက်

နိုင်စွမ်းရှိသော နတက်ဝဲသည် သည်ရေယာဉ် နှစ်စင်းကိုတော့ ဘာမျှမတတ်နိုင်။

စိုးရိမ်စွာ ကြည့်နေသော နတက်သားတို့သည် အံ့သြကြရသည်။

ကမ်းသို့ ဆိုက်မိကြ ပြန်တော့လည်း ပါလာသည့် တပ်မတော်သားတို့သည် လျှင်မြန်ကျွမ်းကျင်သည်။ ဦးပိုင်းက တယောက်သည် ခုန်ချ၍ ကိုင်ထားသည်။ အရာရှိများ ဆင်းကြသည်။ ပြီးသည်နှင့်တပြိုင်နက် နောက်တစင်းနှင့်အပြည့် ပါလာ သော တပ်မတော်သားတို့က ပဲ့ချိတ်စက် များကို ဖြုတ်ကြသည်။ ပဲ့ချိတ်စက်တလုံးကို တယောက်က ထမ်းသည်။ လှေခွက်ကို ကမ်းပေါ်တို့ဆွဲတင်သည်။ မှောက်သည်။ ပြီးတော့ နှစ်ယောက်က မယူသည်။ ခြေရာလက်ရာ မကျန်ရစ်။

ရေယာဉ်သည် ပလပ်စတစ် အထူစားနှင့် လုပ်ထားသည်ဟု ဆိုသည်။ လူနှစ်ဆယ် တင်နိုင်သည်ဟု ပြောသည်။ စက် က လည်း မြင်းကောင်ရေ နှစ်ဆယ့်လေးကောင်အား ရှိသည်ဟု သိရသည်။

မြို့ပေါ်မှ နလကဉက္ကဋ္ဌ စစ်ပိုလ်လည်း ပါသည်။ မြို့နယ် ပါတီယူနစ် ဥက္ကဋ္ဌလည်း ပါလာသည်။ ကုန်သွယ်ရေး မန်နေဂျာဆိုသူလည်း ပါသည်။ မြို့နယ် စိုက်ပျိုးရေးအရာရှိနှင့် ပြည် သူ့ အဏ် လက် ထောက် မန်နေဂျာ ဆို သူ တို့ လည်း ပါလာသည်။

သူတို့က ကျေးရွာ ကော်မီတီနှင့်တကွ လူကြီးလုပ်သူ အားလုံးကို ခေါ်တွေ့သည်။ မကြာမီတွင် တိုင်းမှူးကိုယ်တိုင် ရဟတ်ယာဉ်နှင့် ကောင်းကင်မှလာမည်ဟု ကြိုပြောသည်။

သည်အချိန်တွင် တပ်မတော်သား နှစ်ဆယ်ခန့်ကလည်း ရွာ့ပတ်ဝန်းကျင်တွင် သေနတ် အသင့်ပြင်လျက် ရပ်စောင့်နေကြသည်။ သူတို့ကို ဗိုလ်တယောက်က အုပ်ချုပ်ကွပ်ကဲသည်။

သည်တခါ ရွာသို့ ရောက်လာသောသူတို့သည် မြန်မာနိုင်ငံ မှာတော့ အကြီးဆုံး ပုဂ္ဂိုလ်များ ဖြစ်ရာသည်။ လာနေကျ ကောင်စီအတွင်းရေးမှူးကလေးတို့၊ မြေစာရင်းဌာနခွဲ ဝန်ထမ်းတို့သည် လှုပ်ပင် ကောင်းစွာမလှုပ်ဝံ့ လေကြ။နောက်နားကသာ ရပ်နေကြရသည်။ပြုံးရွှင်နှုတ်ဆက်သည်ကိုကပင် အသက်သိပ်မပါ။

မှန်သည်။ နိဂာလိတို့ ဘုန်းတန်ခိုးကြီးလေပြီ။

ချစ်များတို့အိမ်အောက်မှ ဆွေးနွေးပွဲမှာ လူစုံသည်။ ဘကြီးအိမ်သည်ပင်လျှင် လာခေါ်ကြ၍ ရောက်နေရတော့သည်။

ချစ်များ၏အိမ်က စပွဲပေါ်တွင်လည်း အခါတိုင်းကဲ့သို့ မဟုတ်။ ပလပ်စတစ် အပြာစကြီး ခင်း ထား သည်။ ငှက်ပျောသီးကြော်၊ မြေပဲကြော်၊ ငါးကြော်၊ ကြက်ဥကြော်၊ သကြား၊ ထန်းလျက်၊ လက်ဖက် စသည်ဖြင့် ပွဲပေါင်းလည်း စုံစွာ တည်ထားသည်။

မကြာမီ ရဟတ်ယာဉ်သံ ကြားရသည်။ တိုင်းမှူးကို ကြိုဆိုဘို့အတွက် ထိုင်နေကြသူအားလုံး ရွာ့ပြင် ထွက်ခဲ့ကြရသည်။

ရဟတ်ယာဉ်သည် ဘုန်းကြီးကျောင်း မြောက်ဖက် အစတွင် ဆင်းသည်။ တိုင်းမှူးဆိုသူ အပွင့်ကြီး သုံးပွင့်နှင့် စစ်ဗိုလ်ကြီး ဆင်းလာသည်။ နောက်မှာ ခရိုင်ဝန်၊ တိုင်းစိုက်ပျိုးရေးဝန်၊ ခရိုင်ဆရာဝန်ကြီး စသည်ဖြင့် ဝန်ကြီးများလည်း ပါလာသည်။

ရွာထဲသို့ ဦးဆောင်၍ ကြွဆိုခဲ့ကြသည်။

တိုင်းမှူးသည် ရွာထဲသို့ လျှောက်ကြည့်သည်။ နှတက်ချောင်းကိုလည်း ကျွန်းအရှေ့ထိပ်မှ နှတက်ဝဲအထိ လျှောက်ကြည့်သည်။ မြောက်ဖက်ကုန်းမြင့်ကိုလည်း မှန်ဘီလူးနှင့် လှမ်းကြည့်သည်။

ပြီးတော့ စိုက်ပျိုးရေး အခြေအနေ၊ ကျန်းမာရေးအခြေအနေ၊ စီးပွားရေး အခြေအနေ တို့ကိုလည်း မေးမြန်းသည်။

ရွာကသည်း ဖြေကြသည်၊ မြို့နယ်ဆိုင်ရာ ပုဂ္ဂိုလ်များကလည်း သူတို့သိသမျှ ဖြေကြသည်။

တိုင်းမှူးသည် မထိုင်။ ချစ်များ၏ အိမ်သို့ပင် မဝင်။ ဘာတခုမျှလည်း မသုံးဆောင်။

တနာရီခွဲခန့် မေးမြန်းချင်း လျှောက်၊ လျှောက်ချင်း မေးမြန်းပြီး၊ ရဟတ်ယာဉ်ရှိရာသို့ ပြန်သည်။

သူမေးသမျှနှင့် ဖြေကြသမျှတို့ကို အားလုံးက လိုက်၍ မှတ်ကြ ရေးကြသည်။ နောက်ဆုံး တိုင်းမှူးကရွာလူကြီးများကို အလေးပြု၍ နှုတ်ဆက်သည်။ သူ့လက်အောက်မှ မြို့နယ်ဆိုင်ရာ ပုဂ္ဂိုလ်များကိုတော့ အစီရင်ခံစာကို မနက်ဖန် အရောက် တင်ကြရန် ခပ်မာမာ အမိန့်ပေးသွားသည်။

တိုင်းမှူး ပြန်သွားပြီ။

လေမုန်တိုင်းစဲသွားသော် လွှပ်ရှားဆူညံလာကြသကဲ့သို့ တိုင်းမှူးနှင့်အဖွဲ့ ပြန်သွားပြီဆိုမှ မြို့နယ်ဆိုင်ရာ ပုဂ္ဂိုလ်များရော ရွာခံပုဂ္ဂိုလ်များပါ အသံကျယ်၍ လာကြသည်။ မျက်နှာများမှာ အပြုံးရိပ်သန်းကြသည်။

တိုင်းမှူး မသုံးဆောင်ခဲ့သမျှကို တပ်မတော်သား များအား ဖိတ်၍ ကျွေးရသည်။ တိုင်းမှူးတယောက်စာ ပြင်ဆင် ထားသမျှ တို့သည် တပ်မတော်သား နှစ်ဆယ်ခန့် စား၍ မကုန်ကြ။

သူတို့လည်း စားပြီးသည်နှင့် ပြန်ကြသည်။

ဤသည်က ရေကြီးစဉ်ကာလက အဖြစ်အပျက်။

ယခုမူ ကောက်ကြီးတက်ပြီ။ ရိတ်သိမ်း ပြီးကြပြီ။ နယ်သူ နယ်၍ ရောင်းသူ ရောင်းစ ပြုကြပြီ။

နတက်သည် ပုံမှန်အခြေအနေသို့ ရောက်နေလေပြီ။

သည်အချိန်တွင် မမျှော်မလင့် မြို့နယ်ဆိုင်ရာ တာဝန်ခံ ပုဂ္ဂိုလ်များသည် နတက်သို့ ရောက်၍လာကြသည်။

အထက်အာဏာပိုင်အဖွဲ့ကနတက်ရွာကိုမြောက်ဖက်ကုန်း ပေါ်သို့ ပြောင်း၍ တည်ရန် အဆေးနွေးခိုင်း၍ ရောက်လာ ကြရသည်ဟု ပြောသည်။ နတက်အပေါ်မှာ စေတနာထား၍ သည်သို့လာရောက် ဆွေးနွေးရကြောင်းဖြင့်လည်း တင်ပြသည်။

နတက် ဘာ ပြောရမည်နည်း။ ဘာ ဖြေရမည်နည်း။

× × × ×

ညက ရွာလုံးကျွတ် အစည်းအဝေး ခေါ်ရသည်။

အခြေအနေကို အားလုံးသို့ တင်ပြသည်။

သည်တွင် ရွာ၏ သဘောထားကို လွတ်လွတ် လပ်လပ် ဆွေးနွေးခဲ့ကြသည်။

'ဆင်းရဲသား ဆင်းရဲတာ ဆန်းသမှတ်လို့ကွာ'

ဘကြီးအိမ်ကမှ သူ့အယူအဆကို မလျှော့။

'သည်နေရာဟာ ဒို့ချက်မြှုပ်၊ သည်နေရာဟာ ဒို့ မိဘ ခေါင်းချခဲ့တဲ့ နေရာ'

တယောက်က ဝင်ပြောသည်။

'အခု ကျုပ်အိမ်ကလေးကို ကျုပ်အဖေကိုယ်တိုင် ဆောက်ခဲ့တာ၊ မဖျက်နိုင်ဘူး။ သဘာဝတရားက ဖျက်လို့ ပျက်တာတော့ မတတ်နိုင်ဘူးပေါ့၊ လူတောင်သေရသေးတာဘဲ၊ ဒါပေမဲ့ လူ့အဖျက်တော့ မခံနိုင်ဘူး'

'အို ဘာဘဲပြောပြောတော်၊ ကျုပ်တော့ ကျုပ်လင့် သင်းချိုင်းနားမှာဘဲ နေရစ်မယ်၊ မြစ်ကူးချောင်းခြား မနေဘူး'

'ရွာဖျက်လိုက်ရင် ဘာဖြစ်မလဲ၊ စိုက်ခင်းဖြစ်မယ်၊ ခြံဖြစ်မယ်၊ တနေ့ ခရိုင်နှစ်ခုကြားမှာ မြေနုကျွန်းပြဿနာ ဖြစ်မလာဘူးလို့ ဘယ်သူ အာမခံမလဲ'

'ကျုပ်အိမ်သူဟာ အများသိတယ်၊ ချောင်းဝင်းက ဆိုတာကို၊ ချောင်းဝင်းရွာကို ဆည်မကြီး အနောက်ဖက် ပြောင်းပြီး တည်ပေးတယ်၊ နောက်တော့ ဘယ်သူမှ ဆည်မကြီး
-15 ရဲ့ အရှေ့ဘက် ကူးခွင့်မရတော့ဘူး'

'လူတွေ အိမ်တွေ ရွှေ့တာကတော့ ဟုတ်ပါရဲ့၊ အရိပ်ရနေတဲ့ သစ်ပင်တွေကိုကျတော့ ဘယ်သူက ရွှေ့ပေးမလဲ'

'သိကြသားနဲ့ဗျာ၊ အခု ခေါင်မိုးက သက်ကယ်ပျစ်တွေကို ခွာလိုက်၊ ပြီးရင် ပြန်မိုးလို့ ရအုံးမှာတဲ့လား'

'သသုံးလုံး ရမယ်ဆိုတာက ဝယ်လို့ရမှာကိုပြောတာဗျ၊ ဘယ်သူက အလကားပေးမှာလဲ'

'နေပါအုံး၊ ရွာပြောင်းတာနဲ့ ဘာဆိုင်သလဲကွ၊ အရေးကြီးတာက စိုက်ခင်းတွေကို ရေမမြုပ်အောင် ဘယ်လိုလုပ်မလဲဆိုတာ စဉ်းစားရမှာ၊ အဲဒါက အဆုံးအဖြတ်ပေးနေတာ၊ လူတွေအနေနဲ့ ခဏတဖြုတ် ရေကြီးတုန်း ပြောင်းနေရတာက ဘာအရေးလဲ'

'မှိုကျင်းကို ဘယ်သူ အခြေအနေမပျက် ရွှေ့ပေးမလဲ၊ကဲ...ပြောစမ်း'

'ချစ်များ၊မင်းကလဲ နေရာတကာ ငေါ်နွတ်ပိတ် လုပ်နေဘို့ မကောင်းဘူး၊ မပြောင်းနိုင်ဘူး ပြောလိုက်၊ တခွန်းထဲရယ်'

'ဟုတ်ပါတယ်၊ စေတနာဆိုတာလဲ ဗိုသိပါတယ်၊ ဒါပေမယ့် သူတို့သိတာက နည်းနည်းရယ်၊ ဘယ်သူဖြစ်ဖြစ် ကိုယ့်ရွာကိုယ် ချစ်တာပေါ့ကွ'

'အေး ဘာကိုချစ်တာလဲလို့ မေးမယ်၊ ဒါတော့ ငါလဲ မဖြေတတ်ဖူး၊ အကုန် ချစ်တာဘဲ၊ သည်လို နေရတာကလေးကိုလဲ ချစ်တာဘဲ၊ လေနဲ့ ကူးနေရတာကိုက တမျိုးအရသာကွ၊ ဘာမှန်းလဲတော့ မသိဘူး'

‘ကျုပ် အခု မျက်စိမမြင်ဘူး၊ ဒါပေမယ့် ကျုပ်ရွာကို ကျုပ်မြော်လို့ ရတယ်၊ ဘယ်သူ့အိမ် ဘယ်နားရှိတယ်ဆိုတာ ကျုပ်သိတယ်၊ ကျုပ် မြင်ခဲ့တုန်းက ရွာကလေးဟာ အခုထက်ထိ ကျုပ်စိတ်ထဲမှာ ရှိနေတယ်၊ ဒါကြောင့် ကိုအောင်ပေက အာဏာမရှိတော့လို့ မပြောချင်ပေမယ့် ကျုပ်က ပြောရမယ်’

‘မှန်တာ ပြောရရင် ကျုပ်တို့ရွာက ဟို ဘာမဟုတ်တဲ့ ကိစ္စကလေးနဲ့ မသင့်မမြတ် ဖြစ်ခဲ့ကြရတာ ရှိတယ်၊ အရှေ့ခြမ်းရယ် အနောက်ခြမ်းရယ်နဲ့၊ မဟုတ်ဖူးလား၊ ဒါပေမယ့် ကျုပ်တို့ မျက်မြင်ဘဲ၊ ဒုက္ခရောက်ကြရတဲ့ အချိန်မှာ ဘယ်မလဲ အရှေ့ခြမ်း အနောက်ခြမ်းစိတ်၊ ညီညွတ်လိုက်သမှ တသွေးထဲ တသားထဲ၊ အဲတော့ ကျုပ်ကတော့ မှန်တာကိုပြောရရင် ရေကြီးလို့ ဒုက္ခရောက်ရတဲ့အချိန်ဟာ ရွာ့အဖို့ တန်ဘိုးအရှိဆုံး အချိန်ဘဲ’

‘သည်မယ် မင်းတို့ လူကြီးလုပ်နေတဲ့ကောင်တွေ မပြောရဲရင် နောက်ဆုတ်နေကြ၊ နောက် ဘယ်နေ့ ပြန်လာမယ်ပြောတယ်၊ အဲသည် ပြန်လာတဲ့ နေ့ကျရင် ဘကြီးအိမ်နဲ့ တွေ့ပေးလိုက်၊ ဘကြီးအိမ် ပြောပြလိုက်လိမ့်မယ်’

‘ဟ ငါ့ဖမ်းသွားရင် ဘယ့်နှယ် လုပ်မလဲ’

‘သည်အစိုးရက လယ်သမား ဖမ်းပါ့မလားဗျ’

× × ×

နွားတက် လော။ နောက်တက် လော။ ဘယ်သူမှ မသိ။ ဘယ်တုန်းက ဘယ်သူက စပြီး သည် နေရာ မှာ ရှာတည် နေထိုင်လာခဲ့သည် ဆိုသည်ကိုလည်း ဘယ်သူမှ မသိ။

သို့သော် ကိုယ့်ရွာက လူတို့၏ စိတ်သဘော ကိုတော့ အကုန်သိကြသည်။

ဆင်းရဲသည်လည်း မှန်ပါ၏။ ဒုက္ခရောက်ရသည်ကိုလည်း သိပါ၏။ သို့သော် သည်မှာဘဲ မွေးခဲ့သူအဖို့ သည်မှာဘဲ နေချင်သည်။ သည်မှာဘဲ သေချင်သည်။

ခါးပုံကို မောင်ဖြုတ်လို့၊
ခရေ့ သုတ်တော့ပေး။
စီးပလေစေ မောင်မသုတ်နဲ့၊
တုတ်တုတ်ကျ ချွေး။ ။

မောင်သာရ

ရာဇာကို သိတယ်မှတ်လား၊

## ပန်းချီကျော်ကျော်

ရဲ့

(ရာဇဝင်တဲ့)

# အာ ထင် မ ကြီး ပေါ် ဘူး

( ရုပ်ပြ )

ဂ–မဖောင်၊ တအုပ်လုံး အော့ဖ်စက်ဖြင့် ရိုက်ထားတယ်၊
အပြတ်သားနားတယ်။

တန်ဘိုး( ဂိ )၊ လူ့မိတ်ဆွေစာပေ

မကြာမီလာမည်

နေနွယ်ဇင်မြင့်

# ပုလဲရဆိုသော
# မိန်းခလေး

အမျိုးသမီး ကလောင်ရှင်တဦး၏ တတိယမြောက်
အထူးခြားဆုံး လက်ရာ

လူ့မိတ်ဆွေ စာပေမှ ဖြန့်မည်။

(လူ့မိတ်ဆွေ စာပေတိုက်၏ အထူးခြားဆုံး စာအုပ်)

"မင်းကျော်၊ ဟန်မြင့်၊ ဦးမိုး(အင်လျား)၊ မောင်သိန်းဆိုင်၊ ငြိမ်းကျော်၊ မောင်ခက်ပန်၊ မစန္ဒာ၊ နိုင်ဝင်းဆွေ၊ မောင်မောင်မြင့်လွင်၊ ခင်ဆွေဦး၊ မောင်သာရ" စသူတို့ရဲ့ ဝတ္ထုများ

ဝေဖန်ရေး ဩဇာရှိတဲ့
ဝေဖန်ရေး သိက္ခာရှိတဲ့
မှန်ကန်ထက်မြက်တဲ့ ဝေဖန်ရေး အမြင်တွေနဲ့
လေးလေးနက်နက်၊ပယ်ပယ်နယ်နယ်၊ပြတ်ပြတ်သားသား
ပျစ်ပျစ်နှစ်နှစ်၊ ပိုင်းဆစ်ဝေဖန်ထားတဲ့

# လောက၏ စာမျက်နှာသစ်

(စာပေဝေဖန်ရေး ရှင်းတမ်း)

အောင်ရဲ၊မောင်မြတ်ငြိမ်း၊မောင်သန်းလှိုင်၊ပေသီး၊
မောင်တင်ဆင့်၊မောင်ပိုက်ခြုံ၊မြတ်လွန်း၊

ထူးထူးခြားခြား၊ သားသားနားနား၊ထွက်ပေါ်
လာတော့မည်။

လူ့မိတ်ဆွေ စာပေမှ မကြာမီထွက်မည်

အမျိုးသမီး စာဆုရသူလေး

# တက္ကသိုလ်-ခင်သီတာထွန်း

၏

# "ချစ်ရတာရက် လွမ်းရက်တရှာ"

(ဘဝမေတ္တာဇာတ်ခွဲ ခံစားချက်တွေ)

● သူသည်အလုပ်သမားထုထဲ၌ နှစ်ပေါင်းများစွာ ရှိနေခဲ့၏၊ အလုပ်သမားများ၏ ဘဝထဲ၌ နက်ရှိုင်းစွာတိုးဝင်ပေါင်းစည်းနေခဲ့၏။ အလုပ်သမားအပေါင်း၏ ဝေဒနာခံစားချက်များသည် သူ့ဝေဒနာ သူ့ခံစားချက်၊ ထိုကာလများအတွင်းက သူပိုင်ဆိုင်ခဲ့သော ကလောင်ကို မေ့လျော့နေခဲ့ဟန်တူ၏။

● သို့သော် ........

"ကျုပ်ရင်ထဲက အစဉ်တစိုက် ဘေးမှတ် ရေးမှတ်နေခဲ့မိတဲ့ ဝေဒနာအဖွဲ့ ဝတ္ထုရှည်ကြီးတပုဒ်တော့ တကယ်လက်တွေ့ ချရေးခဲ့ပြီးပြီကွဲ့"

# မောင်မြတ်ငြိမ်း

## ပွင့်ဦးရွှေကြာတော့မယ်

● ပြိုးမြည်သံစုံသူတို့အတွက် အလျှံပယ်ကြွယ်ဝသော မနေ့ငွေကြေးနှင့် ပိုလျှံနေသောအချိန်တို့ရှိ၏၊ လောက၏ သက်ရှိအက်မဲ့ အရာအားလုံးသည် သူတို့အတွက်စိမ်းပြည့်ပြည်များသာဖြစ် ပြောင်းလဲသွားကြကုန်၏။

● ချွေးစေးများပေကျံနေသော ပွင့်ဦးလက်မှ ပွင့်ဖူးပေါ်သို့ ငယ်သူတို့အဝသည်ကား........၊ လူ့မိတ်ဆွေစာပေတိုက်၏ ဂုဏ်ယူဖော်ဆောင်အပ သဘာဝလုံးချင်းဝတ္ထု အဖြစ် အထူးဂုဏ်ယူစွာ နှိုးနှီးပါတော့မည်။

ရောင်းဈေး ၈၂




PDF Creator - nyeyadhamma@gmail.com